
ရင်ပြုတ်နိုး
စည်းတစ်ပက်ခြား၍ရှိသောအချစ်ဝေါသံ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရင်မြတ်နိုး

စည်းတစ်ဘက်ခြား၌ရှိသောအချစ်ခေါ်သံ

စိုးမိုး - တပေ

စာမူခွင့်ပြုချက်အမှတ်	-	၅၀၂၀၅၉၁၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	-	၅၀၀ဝ၈၇၀၁၀၉
အဖုံးဒီဇိုင်း	-	သိန်းရွှေကြည်
ထုတ်ဝေသူ	-	ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ	-	ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင်	-	ဦးထွန်းဆိုင်
စာအုပ်ချုပ်	-	ကိုသန်းဋွေး
ပုံနှိပ်ခြင်း	-	၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ။
အုပ်ရေ	-	၅၀၀
တန်ဖိုး	-	၁၅၀ ကျပ်

၈၉၅ ・ ၈၃

ရှင်မြတ်နိုး

စည်းတစ်ဘက်ခြား၍ရှိသောအချစ်ခေါ်သံ/ရှင်မြတ်နိုး ။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၉

၂၇၉ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) စည်းတစ်ဘက်ခြား၍ရှိသောအချစ်ခေါ်သံ

အခန်း (၁)

မေစိမ့်သူရဲ့ မျက်ဝန်းလေးတွေထဲမှာ အလိုမကျမှုတွေနှင့် ရောယှက်သမ်းကာ ဒေါသရောင်တွေ လက်လက်ထနေသည်။ စိမ့်ရဲ့ ဆင်းရဲနွမ်းပါးတဲ့ ဘဝကနေ လွတ်မြောက်စေရန် ကြိုးစားချင်သော ဆန္ဒတွေက ပြင်းပြစွာရှိနေပေမယ့် မိဘတွေက ဆင်းရဲတော့ ဖြစ်နိုင်ဖို့လမ်းစက ပျောက်နေသလို ခံစားနေရ၏။

မေစိမ့်သူ ဒီလိုဘဝမျိုးနဲ့တော့ လူ့လောကကြီးထဲမှာ အသက်မရှင်ချင်ပါဘူး။ စိမ့်လိုလားတောင်းတနေမိတာက သူငယ်ချင်းရတနာတို့လို ချမ်းသာကြွယ်ဝတဲ့ဘဝ။ ဟင့်အင်း…အဲဒီဘဝကတော့ စိမ့် ဒီတစ်သက် မရနိုင်ပါဘူး။ ဖေဖေက အရက်မသောက် လောင်းကစားတွေ မလုပ်ပေမဲ့ အလုပ်လုပ်တဲ့နေရာမှာတော့ ကြီးပွား

တိုးတက်အောင် မလုပ်တတ်။ မိထွေးက သဘောထားမဆိုးပေမယ့် ကုန်စုံဆိုင်လေး ချောက်တိချောက်ချက်ဖွင့်ပြီး တစ်နေ့စာရရင် ကျေနပ်နေသူ။ ဒေါ်လေးချိုကရော ဟိုစပ်ဒီစပ်နဲ့ ပွဲစားယောင်ယောင် ဒေါ်လေးသားမိုးထိက ဘဝင်သမား။ အလုပ်မလုပ်ချင်ဘဲ အမေ ရှာစာကို ထိုင်စားပြီး အဆိုတော် လုပ်ချင်နေသည်။ အဘွားက အိုနေပြီ။ စကားကို ကျယ်ကျယ်လောင်လောင်ပြောပြီး ဒေါ်လေးချို နဲ့ပဲ ရန်ဖြစ်ချင်ဖြစ်နေ၏။ စိမ့် ဒီလိုအသိုင်းအဝိုင်းတွေကြားထဲမှာ မွေးဖွားကြီးပြင်းလာတာကိုပဲ အလိုမကျနိုင်ဘဲ စိမ့်ဘဝကို စိမ့် ခါးသီးစွာ မုန်းတီးနေမိသည်။

စိမ့် ကြိုးစားရမယ်။ ဒီလိုအသိုင်းအဝိုင်းထဲကနေ ရုန်းထွက်ဖို့ ကြိုးစားမယ်။ စိမ့် ဆယ်တန်းမှာ ဂုဏ်ထူးတွေနှင့် အောင်ထားသည်။ တက္ကသိုလ်တက်ရမယ်။ ဘွဲ့တစ်ခုရရမယ်။ အခုတောင် စိမ့် ကွန်ပျူတာကို တတ်ကျွမ်းအောင် သင်တန်းတက်နေတယ်။ အခမဲ့ပညာရေးဌာန သင်တန်းတွေမှာပါလေ။ ပိုက်ဆံမှမရှိတာ။ ဖေဖေက ရိုးသားတာပဲရှိသည်။ မိထွေးရှာဖွေကျွေးတာကို ထိုင်စား နေရသည်။ စိမ့်လည်း နိုင်ငံခြားကို ထွက်သွားနိုင်အောင် ကြိုးပွား ချမ်းသာအောင် စိမ့် အစွမ်းကုန်ကြိုးစားနေတယ်။ ဖြစ်နိုင်ရင်

ဒီအသိုင်းအဝိုင်းကနေ ထွက်သွားချင်မိနေသည်။

"မမစိမ့်"

"ဟင်…မွှေး"

မေစိမ့်သူနှင့် အဖေတူအမေကွဲညီမ သိမ်မွှေးသူ အပြင်က ပြန်လာပြီ· အထုတ်ကလေးတစ်ထုပ် ကိုင်လာပြီး မမစိမ့်စားမလား ဟု မေးနေသည်။ ဒီကောင်မလေး ဒီနှစ်ဆယ်တန်းပဲ။ အေးအေး ငြိမ်သက်သူ။ ရှိတာနှင့် ရောင့်ရဲတင်းတိမ်တတ်တဲ့ မွှေးကိုလည်း စိမ့်က သဘောမကျပါ။ ဖေဖေ နောက်မိန်းမနှင့် မွေးထားကဲ့သူဆို ပြီး စိမ့် မချစ်ပေ။ ခပ်စိမ်းစိမ်းပဲနေဖြစ်သည်။

"စားမလားဟင်…ခေါက်ဆွဲသုပ်ပါ"

"မစားဘူး၊ ငါဘယ်တုန်းက လမ်းဘေးက ခေါက်ဆွဲ သုပ်တွေ စားဘူးလို့လဲ၊ မွှေး နင်ပဲစား"

ဟုတ်တယ်၊ စိမ့် ငယ်ငယ်လေးက မရှိဆင်းရဲပေမယ့် သွေးကြီးသူပါ။ ကော်ဖီနဲ့ ပေါင်မုန့်ပဲစားတယ်။ လမ်းပေါ်မှာ ရောင်းတဲ့ မုန့်ဟင်းခါးတွေ၊ အသုပ်တွေ မစားပါဘူး။ စိမ့်အကျင့်ပဲ။ မိသားစုနဲ့လည်း စိမ့် အရောတဝင် မနေခဲ့။ စိမ့်က ဆင်းရဲတာကို မုန်းတယ်။ မနေချင်ဘူး။ လွတ်မြောက်ချင်တယ်။ သိမ်မွှေးသူက

အထုပ်လေးဆွဲပြီး အိမ်ထဲဝင်သွားသည်။

"မွေ့ရယ်…အဘွား ခေါက်ဆွဲသုပ်စားချင်နေတာဟဲ့၊ သုပ်စမ်း ထမင်းကြမ်းနဲ့စားမယ်ဟဲ့၊ ငမောင် နင်ရောလာစားလေ၊ ဒီလိုပဲ ဝေမျှစားသောက်ကြရတာပေါ့လေ"

ခေါက်ဆွဲသုပ်တစ်ပွဲကို တစ်အိမ်လုံး ဝေမျှစားသောက်နေကြတာကိုပင် သူတို့တွေက ပျော်ရွှင်ကျေနပ်နေကြသည်။ စိမ့်မုန်းလိုက်တာ။ မေမေတို့ ဆင်းရဲနေကြတာ။ ဆင်းရဲတာကို သဘောကျကျေနပ်နေကြလို့ပဲ။ စိမ့် သင်တန်းသွားဖို့ ပြင်ဆင်နေသည်။ ဒီအိမ်ထဲကနေ အမြန်ဆုံးထွက်သွားမှ စိမ့်စိတ်တွေ မွန်းကြပ်နေမှုက လွတ်မြောက်သွားရသလိုပဲ စိမ့်အလုပ်ရရင်တော့ ဖေဖေတို့နဲ့ မနေတော့ဘူး။

"မွေ့"

"ရှင် အဘွား"

"ထမင်းကြမ်းထည့်လေ၊ ညည်းရောစားမှာမဟုတ်လား"

"အဘွားတို့ပဲစားပါ၊ မွေ့ စားခဲ့ပြီးပြီ"

"ဟင်…ညည်းက ဘယ်ကနေ ပိုက်ဆံရနေလို့ သုံးနိုင်ဖြုန်းနိုင်နေရတာလဲ၊ ခေါက်ဆွဲသုပ်ကို ညည်းတစ်ယောက်တည်း

တစ်ပွဲသပ်သပ်စားခဲ့ရအောင်"

"အလကားပါ အမေရာ ဒီကောင်မလေးလား စားခဲ့ရမှာ၊ အငတ်ခံတာ"

မိထွေးရဲ့ မကျေမနပ် စကားသံက စူးအောင့်အောင့် ထွက်ပေါ်လာသည်။ မွေ့ကသာ မိသားစုအပေါ် အနစ်နာခံသူဟု သတ်မှတ်ထားပြီး စိမ့်က တစ်ကိုယ်ကောင်းဆန်တယ်တဲ့။ မိသားစုအပေါ် အဖက်မတန်သလို ဆက်ဆံတယ်တဲ့။ စိမ့်ကတော့ အဆင့်အတန်းနဲ့ နေချင်တာပါ။ ပြောချင်တာပြော ဆိုချင်တာဆို ဖြစ်သလိုနေတဲ့ဘဝကို လုံးဝမနှစ်သက်ဆုံးပဲ။ ဖေဖေ နောက်မိန်းမထပ်ယူတော့ စိမ့်အကြီးအကျယ် ကန့်ကွက်ခဲ့ပါသည်။ ဖေဖေက သမီးရဲ့အနာဂတ်ကို ဖျက်စီးပစ်လိုက်တာပဲဟု ထင်မှတ်မိနေသည်။ မိထွေးက စိမ့်အပေါ် မနိုပ်စက်ပေမယ့် အဆင့်အတန်းမရှိဘူးဟုပဲ စိမ့်က သတ်မှတ်ထားခဲ့၏။ မိသားစုတွေနဲ့ ခပ်ကင်းကင်းနေတာကမှ စိမ့်စိတ်တွေ သက်သာရာရနေသလိုပင်။ အသုပ်လေးတစ်ထုပ် ဝယ်လာကျွေးတာပင် မိသားစုဝင်အားလုံး သောသောညံအောင် ပြောဆိုနေကြသည်။

"စိမ့်"

"ရှင် ဖေဖေ"

"ရှေ့လေ လမ်းစရိတ်ငါးရာပဲယူ"

"ပေးပါ"

"သမီးကြီး စိမ့်"

"ရှင်"

"ဝင်ငွေရှာဦး၊ သင်တန်းတွေပဲ တက်နေလို့မဖြစ်ဘူးလေ၊ ဖေဖေတို့ ကုန်စုံဆိုင်က ရောင်းမကောင်းဘူးလို့ မညိုက ညည်းနေတယ်၊ သမီးကြီးက အလုပ်လုပ်သင့်နေပြီ"

"လောလောဆယ်တော့ စိမ့်ဘာမှ မလုပ်နိုင်သေးဘူး ဖေဖေ၊ တက်စရာရှိတဲ့ သင်တန်းတွေကို တက်ရဦးမယ်၊ အလုပ်တစ်ဖက်နဲ့ဆိုရင် အောင်မြင်အောင် ကြိုးစားလို့ မရနိုင်လို့ပါ"

စိမ့် သင်တန်းတွေ ပလင်အောင်တက်ပြီးမှ အကောင်းဆုံး အလုပ်တစ်ခုကို ရှာမယ်။ စိမ့်ဘဝကို အစုတ်အနုတ်သူများခိုင်းဘက် လိုမျိုးတော့ မလုပ်နိုင်ပါဘူး။ သင်တန်းတွေမှာလည်း စိမ့် အပင်ပန်းခံပြီး ကြိုးစားသင်ယူနေတာပဲလေ။

"စိမ့် ကြိုးစားနေတာပဲ ဖေဖေ၊ အလုပ်ကလုပ်မှာပါ၊ မပူပါနဲ့၊ တစ်ခုတော့ရှိတယ်နော် တက်လမ်းမရှိတဲ့ အစုတ်အနုတ် အဆင့်အတန်းမရှိတဲ့ အလုပ်မျိုးတော့ မလုပ်ဘူး"

"သမီးကြီးစိမ့် ကိုယ့်ဘဝကိုမမေ့နဲ့၊ ကြီးကြီးကျယ်ကျယ် တွေလည်း စိတ်ကူးယဉ်မနေစမ်းနဲ့၊ ကိုယ်ဖြစ်ချင်တာက ဖြစ်လာချင်မှ ဖြစ်လာနိုင်မှာနော်"

"စိမ့်က ကိုယ့်ဘဝကို မေ့ပစ်ချင်တာပါ ဖေဖေ၊ မေ့ပစ်ရမယ်၊ မေ့ပစ်သင့်တယ်၊ ဒီဘဝကို ခါးသီးလွန်းလို့ဖက်တွယ်မနေချင်ပါဘူး ဖေဖေ"

"မေစိမ့်သူ"

"စိမ့်က ဘဝသစ်ကို စချင်တာ၊ ကျန်တဲ့လူတွေပဲ ကိုယ့်ဘဝကို မမေ့ကြနဲ့၊ စိမ့်တော့မေ့ပစ်ရမှာပဲ"

စိမ့်ပြောပြီး အိတ်ကိုစလွယ်သိုင်းလိုက်ပြီး ထွက်လာခဲ့သည်။

"ရှင့်သမီးကိုက အတ္တကြီးလွန်းတာပါ၊ ဒုက္ခရောက်လိမ့်မယ် ကြည့်နေ"

"စိုး...မင်းအသာနေပါကွာ၊ ငါ့သမီး မိတဆိုးလေး ငယ်စဉ်လေးထဲက မျှော်လင့်ချက်၊ ရည်မှန်းချက်တွေကြီးတဲ့ မိန်းကလေးကွ"

"ရှင့်ပြောရင် ဒီအတိုင်းပဲ၊ စိုးက လင်ပါသမီးဆိုပြီး

အပြစ်မြင်ချင်တာ မဟုတ်ပါဘူးတော်၊ စိမ့်က ဘုံထိပ်ဖျားထိရောက် လွှန်းနေတော့ ဒုက္ခတွေ့မှာစိတ်ပူလို့ပါ''

''ထားလိုက်ပါကွာ''

''ပြောလို့ပြောတာမဟုတ်ပါဘူးတော် ကျွန်မသမီးလေး မွေ့ကမှ တကယ့်ကို ယဉ်ကျေးသိမ်မွေ့ပြီး စိတ်သဘောထားပြည့်ဝ တာပဲ''

မွေ့ကတော့ ကိုယ့်ဘဝကို အကောင်းဆုံးဖြစ်စေချင်ပေမယ့် လည်း မမှန်ကန်တဲ့ နည်းလမ်းတွေနဲ့ မိသားစုဝင်ကို အထင်သေး အမြင်သေးနဲ့ မတူမတန်သလို ဆက်ဆံပြောဆိုတာမျိုးတွေ မလုပ် ချင်ပေ။ မမစိမ့်က မွေ့ကိုပင် ညီမလေးတစ်ယောက်အဖြစ် အသိ အမှတ်မပြုချင်ပေ။ အဘွားနှင့် ဒေါ်လေးချိုရော မောင်လေးမိုးထိ ရော စကားသံကျယ်ကျယ်တွေနဲ့ ပြဿနာဖြစ်တတ်ကြပေမယ့် စိတ် သဘောထား ဖြူစင်ရိုးသားကြသူတွေဟုပဲ မွေ့တော့ထင်နေမိသည်။

''မွေ့''

''ရှင် မေမေ''

''သမီးလေးလည်း ကြိုးစားနော်၊ မစိမ့်သူလို ဖြစ်အောင် ကြိုးစား၊ ဒါပေမယ့် အတ္တကြီးပြီး ကိုယ့်ဘဝကိုယ် မကျေမနပ်ဖြစ်

နေတာ ဘာအကျိုးမှမရှိဘူး၊ မစိမ့်သူကတော့ လွန်တယ်၊ အမြင် ကတ်လိုက်တာ''

''မေမေ''

''ဟင်''

''မမစိမ့်ကိစ္စတွေမှာ ဝင်မပြောတာ အကောင်းဆုံးပါပဲ နော်၊ မွေ့တို့ညီအစ်မနှစ်ယောက်ပဲရှိတာပါ''

''အင်းလေ…မေမေရော မွေ့ရောက သွေးသားဆိုပြီး ချစ်ခင်သံယောဇဉ် တွယ်ချင်ပေမယ့် စိမ့်က ဘဝင်လေဟပ်နေတာ လေ''

''ဘာပဲဖြစ်ဖြစ်ပေါ့ မေမေက မိထွေးလေ၊ အမေအရင်းမှ မဟုတ်တာပဲ၊ ဘာမှဝင်မပြောတာ အကောင်းဆုံးပါပဲ၊ မွေ့ကမွေ့ပဲ လေ''

''ဟုတ်ပါတယ်လေ၊ အဓိကတော့ မေမေ့သမီးလေး သိမ်မွေ့သူဘဝပါပဲ၊ ချစ်သူတွေဘာတွေ မထားပါနဲ့နော်၊ မေမေ့မှာ မွေ့ပဲအားကိုးစရာရှိတာပါ''

မွေ့လည်း မမစိမ့်လိုကြီး ကိုယ့်ဘဝကိုယ် မကျေနပ်ပြီး မဖြစ်လာတဲ့ဘဝတစ်ခုကို လိုချင်တောင်းတနေတာမျိုး သဘောမကျ

ပါဘူး။ ကြိုးစားရမှာပဲလေ၊ ဖြစ်လာအောင်တော့ ရည်ရွယ်ချက်တွေထားသင့်ပါတယ်။ မမစိမ့်က လွှန်လွှန်းနေသည်။ မမစိမ့်က မွှေ့ကိုလည်း မချစ်ဘူး။ မေမေကပြောတာတော့ မွှေ့က သူ့ထက်ပိုချောလို့တဲ့။ လူတွေကလည်း ညီအစ်မနှစ်ယောက်မှာ မွှေ့ကပိုချောသည်တဲ့။ ကျက်သရေရှိပြီး ကြည့်မဝရှုမပအောင် ချောမောအိစက်နေတာတဲ့။ မမစိမ့်လည်း ချောမောလှပသည်။ ဖေဖေက လူချောပဲ။ အရပ်မြင့်မြင့်၊ အသားဖြူနုနေ၏။ မွှေ့မေမေလည်း ချောသည်။ မွှေ့က မမထက် အသားအရည်ဖြူဝင်းကာ အရပ်ရှည်သည်။ မမစိမ့်နှင့် မွှေ့ တစ်အိမ်ထဲနေပေမယ့် တစ်ယောက်ကိုတစ်ယောက် ရင်းနှီးခင်မင်မှုမရှိကြ။ မမစိမ့်ကြောင့်ပါပဲ။ မွှေ့ကတော့ ဘာမှမပြောပေ။ မိသားစုအပေါ် ချစ်ခင်ကြင်နာမိနေသည်။ ကူညီစောင့်ရှောက်ချင်နေ၏။ မမစိမ့်လို မဟုတ်ပါဘူး။ မွှေ့ ငြိမ်ငြိမ်သက်သက်လေးနေတာကို သဘောကျနှစ်သက်မိနေသည်။

"မွှေ့"

"ရှင် ဒေါ်လေးချို"

"ဒေါ်လေးချို ဆိုင်လေးတစ်ဆိုင်တည်မလို့လေ၊ မွှေ့ထိုင်ပေးမလား"

"ဘာဆိုင်လဲဟင် ဒေါ်လေး"

"စာအုပ်အငှားဆိုင်လေးပါအေ"

"မောင်လေးမိုးထိ ရှိသားပဲလေ"

"ညည်းလေးက ရုပ်ချောတယ်လေ၊ ဒါမှ ဒေါ်လေးတို့ဆိုင်မှာ ငှားဖတ်မယ့် မိတ်ဆွေတိုးမှာပေါ့"

"မွှေ့မှမအားတာ၊ ကျောင်းကလည်းရှိသေးတယ်လေ"

"ဟဲ့…နှင်စာမေးပွဲပြီးမှပေါ့၊ ဒေါ်လေးချိုကလည်း ငွေစုဆောင်းရဦးမှာ"

"အင်းလေ…မွှေ့အားရင်တော့ ကူညီမှာပေါ့"

"မွှေ့က အရမ်းလိမ္မာတာပဲကွယ်၊ ဟိုဟာမလေးစိမ့်နဲ့တခြားစီပဲ၊ တို့တွေကိုများ မတူမှတန်သလိုနဲ့"

ဒေါ်လေးချိုတို့ သားအမိကိုလည်း မမစိမ့်က အဖက်မတန်သလို ဆက်ဆံတတ်လေသည်။ တစ်မိသားစုလုံးကို မမစိမ့်စိတ်ကမှာ အဆင့်အတန်းမရှိဘူးဟု သတ်မှတ်ထား၍ဖြစ်၏။ မွှေ့လည်း စာမေးပွဲဖြေဖို့ နီးကပ်နေ၍ စာပဲကြိုးစားနေရသည်။

"မွှေ့လေးက မိသားစုကိုလည်း ကူညီချင်တယ်၊ စေတနာလည်းထားတယ်"

"ဒေါ်လေးချို"

"ဟင်"

"မွေ့ကို မမစိမ့်နဲ့နှိုင်းယှဉ်ပြီး ချီးမွမ်းမနေပါနဲ့၊ မမစိမ့် မကျေနပ်တာလည်း ဖေဖေက နောက်မိန်းမထပ်ယူလိုက်တော့"

"အလကားပါအေ အတွက်ကြီးတာပါ၊ တစ်ကိုယ်ကောင်း သမားပဲ၊ ဘဝမေ့နေတာ"

ဒေါ်လေးချိုကို မွေ့ ဘာမှတုံ့ပြန်ပြောဆိုမနေတော့ဘဲ မွေ့ အိပ်ခန်းလေးထဲဝင်လာကာ စာပဲကျက်နေမိသည်။

❊ ❊ ❊

အခန်း (၂)

"ညည်းဟာ တော်တော်အသုံးမကျတဲ့ ကောင်မပဲချိုချို၊ ကြည့်စမ်း အဝတ်တွေလျှော်ပြီး ဘယ်တော့မှမလှန်းဘူး၊ လက်ကြော မတင်းတဲ့ကောင်မ"

"အမေက ချိုကိုအပြစ်ပြောဖို့ပဲ စဉ်းစားနေတယ်၊ တစ်အိမ် လုံးအဝတ်တွေ ချိုပဲလျှော်နေရတာ၊ အဝတ်တော့မလှန်းနိုင်ဘူး"

"ဟဲ့…ဟိုမှာ ညည်းအစ်ကိုမိန်းမတော်က ဆိုင်တစ်ဖက် နဲ့လေ၊ ညည်းတို့သားအမိလည်း ထိုင်စားနေတာပဲဟာ"

"အမေနော်"

"ဟဲ့…ကောင်မ မအော်နဲ့၊ အသံကပြဲပြဲနဲ့"

"အမေဘာဖြစ်လို့ မတရားပြောတာလဲ၊ မိချို အခုအလုပ်

တွေလုပ်ဖို့ စီစဉ်နေတာပဲလေ"

အပြင်မှပြန်လာသော စိမ့်ခြေလှမ်းတွေ နှေးကွေးလေးလံသွားရသည်။ အသံတွေက ဆူညံနေသဖြင့် စိမ့်ကတော့ အဆင့်အတန်းမရှိဘူးဟု ထင်မှတ်နေမိ၏။ စိမ့်က ဒီလိုအသိုင်းအဝန်းတွေကြားထဲကနေ လွတ်မြောက်စေရန် ကြိုးစားချင်မိနေသည်။ ကြိုးစားနေ၏။ စိမ့်ဘဝလွတ်မြောက်စေရမယ်။ ပညာတတ်ကြီးတစ်ယောက်ဖြစ်စေရမယ်။ စိမ့်ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းမှာပဲနေမယ်။ စိမ့်လက်ထပ်မယ့်သူက ချမ်းသာကြွယ်ဝသူပဲဖြစ်စေရမယ်။ စိမ့်မျက်နှာထားတင်းတင်းလေးနှင့် အိမ်ထဲဝင်လာခဲ့သည်။

"မမစိမ့် ပြန်လာပြီလား၊ ရေချိုးလိုက်လေ၊ မွေ့ ညစာပြင်ထားပေးမယ်"

"မလုပ်နဲ့"

"ဟင်"

"နှင့်ဟာနှင်နေစမ်းပါ မွေ့၊ ငါ့ကိစ္စတွေ ဘာမှဝင်လုပ်ပေးစရာမလိုဘူး၊ ငါစားချင်တဲ့ အချိန်ကျရင် ထွက်စားမယ်"

"ဟုတ်ကဲ့"

မွေ့နှင့်သူမက ဖအေတူ အမေကွဲ ညီအစ်မတွေ။ မွေ့ကို

စိမ့် အဖက်မတန်သလို နေမိသည်။ မွေ့က စိမ့်ထက် လှပချောမောပြီး မိသားစုဝင်တွေက မွေ့မှမွေ့ ဖြစ်နေကြတာအမုန်းဆုံးပဲ။ မွေ့က လိမ္မာသည်တဲ့။ တစ်ကိုယ်ကောင်းမဆန်ဘူးတဲ့။ စိမ့်ထက်လည်း ပိုလှပြီး မိသားစုအပေါ် သံယောဇဉ်ကြီးတယ်တဲ့။ စိမ့်ကွယ်ရာမှာ ပြောကြပေမယ့် စိမ့်ကြားလိုက်ရသည်။ ဟုတ်တယ်။ စိမ့်ကတော့ အတ္တကြီးရမှာပဲ။ စိမ့် ငယ်ငယ်လေးထဲက သီးသန့်နေတတ်တာ အဆင့်အတန်းရှိရှိပဲ နေထိုင်ပြုမူတတ်သည်။ ဘဝမှာ ရည်မှန်းချက်တွေ ကြီးကြီးမားမားထားတာ စိမ့်အမှားလား။ အတ္တကြီးတော့ရော ဘာဖြစ်လဲ။ စိမ့်အခန်းထဲ ဝင်လာခဲ့သည်။ စိမ့်က သီးသန့်နေထိုင်တတ်သဖြင့် အခန်းလေးတစ်ခု သီးသန့်လေးထား၏။ မွေ့က အဘွားနှင့်တစ်ခန်း။ ဒေါ်လေးတို့သားအမိက မီးဖိုချောင်မှာပါ။ အဖေနှင့်မိထွေးကတစ်ခန်း။ စိမ့် စိတ်အပျက်ဆုံးက အခန်းကျဉ်းကျဉ်းလေးပဲ။ စိမ့်မနေချင်ပေ။ ဘဝမှာ ဘာတစ်ခုမှ ဖြစ်မလာသေးဘူး။ စိမ့်တောင် အလုပ်မရှိသေး။ ကုမ္ပဏီတစ်ခုခုမှာ မန်နေဂျာအဆင့်လောက်မှန်းထားတဲ့ စိမ့်အတွက် လိုအပ်တဲ့ပညာရပ်တွေကို အခမဲ့သင်တန်းတွေ ရှာဖွေတက်ရင်း တတ်မြောက်အောင် သင်ကြားနေဆဲဖြစ်သည်။

"စိမ့်"

"ရှင် အဘွား"

အဘွားကိုတော့ စိမ့် နည်းနည်းသံယောဇဉ်ရှိသည်။ အမေနောက် မိန်းမယူပြီးကတည်းက စိမ့်ကို နားလည်စွာ ချော့မော့နှစ်သိမ့်ပြုစုစောင့်ရှောက်လာခဲ့၏။ အဘွားက အသံကျယ်ကျယ်ကျယ်ကျယ်နဲ့ ပြောတတ်ပေမဲ့ စိမ့် တစ်အိမ်လုံးမှာ စကားပြောချင်တာအဘွားတစ်ယောက်ပဲ ရှိသည်။

"ညစာမစားသေးဘူးလား မြေးလေး"

"မဆာသေးလို့ပါ အဘွား"

"ရော့"

"ဟင် အဘွား"

"ပိုက်ဆံလေး အဘွားစုထားတာပါ၊ မြေးလေးက သင်တန်းတွေ တက်နေရတော့ ပိုက်ဆံကလိုမယ်လေ"

အဘွားလက်ထဲမှ တစ်ထောင်တန်နှစ်ရွက်ကို စိမ့် စိတ်ပျက်စွာ ကြည့်နေမိသည်။ အဘွားက မကြာခဏတော့ လာလာပေးတတ်၏။ အဘွားသာ ငွေကြေးချမ်းသာပြည့်စုံတဲ့လူဆိုရင် ဘယ်လောက်များ ကောင်းလိုက်လေမလဲ။ မယူချင်ပါဘူး။

ဒါပေမယ့် စိမ့်မယူလို့လည်း မဖြစ်ပေ။ လမ်းစရိတ်တွေက ရှိသေးတယ်။ စိမ့်တက်တာက အခမဲ့ပညာရေးဒါနကျောင်းတွေမှာဆိုပေမယ့် လမ်းစရိတ်ကရှိသေးတယ်။

"ယူပါမြေးရယ်၊ ညည်းက ရည်မှန်းချက်ကြီးတာပဲလေဖြစ်မှာပါ၊ ငါ့မြေးက သူဌေးနဲ့ပဲညားမှာ၊ ရုပ်ကလေးကချောတယ်၊ ရည်မှန်းချက်လည်းကြီးတယ်လေ၊ ကြည့်စမ်း ပညာတတ်လေးကြိုးစားနေလိုက်တာ၊ ဘာသာစကားတွေရော တော်တော်လေးတတ်မြောက်နေပြီလား ,စိမ့်လေး"

"ဟုတ်ကဲ့ မကြာခင် စိမ့်အရ ပ်ဝင်တော့မှာပါ၊ တတ်သင့်တတ်ထိုက်တဲ့ ပညာတွေတတ်အောင်တော့ အစွမ်းကုန် ကြိုးစားထားပါတယ်လေ"

"အောင်မြင်မှာပါ၊ ငါ့မြေးလေး မုချအောင်မြင်ရမယ်၊ တစ်နေ့ကျရင် ကြီးကျယ်ခမ်းနားတဲ့ မိန်းကလေးပဲ ဖြစ်စေရမယ်"

စိမ့် မျှော်လင့်ချက်တွေ အမြဲတမ်း ရှင်သန်နေစေရမယ်၊ စိမ့် စိတ်ကို နိုင်နိုင်မာမာ ထားမိသည်။

"အမေ"

"ဟင်"

''ဒီကောင်မလေးကို ဘာတွေလာမြှောက်ပေးနေပြန်ပြီလဲ''

''ဟဲ့ ငါ့မြေးလေးက ဘဝကို [illegible] ဖြတ်သန်းချင်တာမဟုတ်ဘူးလေ၊ အမေ အားပေးနေတာ''

''ဒိုးက အရောင်းအဝယ်မကောင်းဘူးအမေ၊ သမီးကြီးစိမ့်ရဲ့ ရည်မှန်းချက်တွေ ကြီးမားတာတော့ မှန်ပေမယ့် ငွေကြေးထောက်ပံ့ဖို့ကျတော့ခက်တယ်အမေ၊ ကျွန်တော်ကလည်း အစွမ်းအစမရှိဘူး''

''ဟဲ့ နင့်ကိုယ်နင် အစွမ်းအစမရှိဘူးလို့ ပြောနေတာကောင်းတယ်ထင်လို့လား မောင်မောင်''

''မကောင်းတာတော့သိတာပေါ့ အမေရာ၊ ဒါပေမယ့် ကျွန်တော်က ကျန်းမာရေးမကောင်းဘူးလေ''

''ငါ့မြေးလေး အလုပ်ဝင်တော့မှာပါ၊ မင်းတို့စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်မိစေနဲ့''

''အမေ သမီးကြီးက''

''တော်စမ်းမောင်မောင် မင်းသွားတော့၊ ငါ့မြေးက မကြာခင် အလုပ်ဝင်တော့မှာ၊ မန်နေဂျာအဆင့်လောက်နဲ့ စဝင်မှာ

သိလား''

စိမ့်ကတော့ မျက်နှာထားတည်တည်လေးနှင့် စာအုပ်ကိုပဲ သဲသဲမဲမဲဖတ်နေလိုက်သည်။ အဖေက မိန်းမကိုကြောက်ရသူဖြစ်နေ၏။ အလုပ်လည်း ဟုတ်တိပတ်တိ မလုပ်ပေ။ စိမ့်မကြိုက်ဆုံးပဲ။ ဒီတွေးကတော့ အလုပ်လုပ်ပါတယ်။ စိမ့်က သမီးအရင်းမှ မဟုတ်တာပဲ။ မွေးအပေါ်ပဲ စေတနာမေတ္တာတွေ ရှိမှာပေါ့။ စိမ့် မကြာခင် ဒီအိမ်ကနေ ထွက်သွားမှာပါအဖေ။ မန်နေဂျာရာထူး မဟုတ်ရင်တောင် အတွင်းရေးမှူးလေး တစ်ယောက်အဖြစ်ပဲ အလုပ်တာဝန်ထမ်းဆောင်မှာပါ။ အသေးအမွှားအလုပ်တွေကို စိမ့်မလုပ်ဘူး။ စိမ့် စာပဲဖတ်နေသဖြင့် အဘွားရောအဖေပါ ပြန်ထွက်သွားလေသည်။

''စိမ့် ရှင်က ပညာတတ်တယ်၊ အရမ်းလည်းကြိုးစားတယ်၊ ကျုပ်အစ်ကိုက အရမ်းပဲစိတ်ဝင်စားနေတယ်လေ သိလား''

သူငယ်ချင်းအယ်နီရဲ့အစ်ကို ဝမ်းကွဲ ဆန်နီက စိမ့်ကို စိတ်ဝင်စားနေကြောင်း ပြောလိုက်တဲ့ စကားတွေကို စိမ့်ပြန်၍ ကြားယောင်နေမိသည်။ အယ်နီအစ်ကိုဝမ်းကွဲ ဆန်နီက ဘယ်လိုလူမျိုးလဲ။ စိမ့်အချစ်တွေ ဘာတွေကို သိပ်ပြီးစဉ်းစားချင်တာ မဟုတ်

ဘူး။ စိမ့်ဘဝကို ဘယ်လိုပြောင်းလဲပေးနိုင်မလဲဆိုတာပဲ စဉ်းစားချင်တာပါလေ။ လောလောဆယ် စိမ့်အတွေးတွေထဲသို့ ဆန်နီဆိုတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အကြောင်းတွေပဲ ဖြစ်သည်။

“ကိုဆန်နီက လုပ်ငန်းကြီးကြီးတွေပဲ လုပ်တတ်တယ်၊ စိမ့် ထောတော့ထောတယ်နော်”

စိမ့် ဒီမှာမနေချင်ပါဘူး။ ဆင်းရဲတာကို အရှမ်းမုန်းတာပဲ ရှက်လည်းရှက်တယ်၊ စိမ့်ဘဝကို ပြောင်းလဲပေးနိုင်မယ်ဆိုရင်တော့ စိမ့်ရွေးချယ်မယ်။

“မနက်ဖြန် ကိုဆန်နီ့မွေးနေ့လေ၊ စိမ့်ကိုဖိတ်တယ်နော်၊ စိမ့်လိုက်ခဲ့”

“စိမ့်မလိုက်ချင်ပါဘူး၊ စိမ့်နဲ့လည်းမသိဘူး၊ ပြီးတော့ စိမ့်မှာလည်း ဝတ်စရာ အဝတ်အစားမရှိဘူး အယ်နီရာ”

“အယ်နီအင်္ကျီတွေ ယူသွားလေ၊ စိမ့်နဲ့အတော်ပဲဟာ”

“အင်း”

စိမ့်စိတ်ထဲမှာ ကိုဆန်နီနှင့် ဆုံတွေ့ချင်နေမိသည်။ အားကိုးရာ ရှာချင်လာမိ၏။ စိမ့်ဘဝကို စိမ့်မကျေနပ်မိ။ အယ်နီတို့လို ချမ်းသာကြွယ်ဝမှုတွေနဲ့ အထက်တန်းကျကျလေး စိမ့် နေထိုင်ချင်မိ

သည်။ စိမ့် စောစောအိပ်ရာဝင်ပြီး မနက်စောစောထပြီး အလှတွေပြင်နေမိ၏။ အယ်နီက အလှပြင်ပစ္စည်းတွေရော အဝတ်အစားတွေပါ ပေးလိုက်သည်။

“မမစိမ့်”

“ဟင်”

“မနက်စာ ကော်ဖီနှင့်မုန့် မွေ့လာပို့ပေးတာပါ”

“မွေ့”

“ငါလာစားချင်စားမယ်လို့ ပြောထားပြီးပြီမဟုတ်လား၊ နင့်ဟာနင် နေစမ်းပါ”

“မမစိမ့် မအားဘူးလားလို့ပါ၊ ညကလည်း မမစိမ့် ညစာလာမစားလို့လေ”

“ရတယ်၊ ငါအပြင်ကစားလာလို့”

“ဟုတ်ကဲ့”

မွေ့ကတော့ အစ်မအပေါ် သံယောဇဉ်တွယ်တာမိသည်။ ဝတ္ထုရားအရ စိမ့်က အစ်မအပေါ် စားသောက်စရာလေးတွေ လုပ်ကိုင်ပေးပေမယ့် မမကလက်မခံပေ။ မွေ့အမေက မမအမေ အရင်းမဟုတ်တော့လည်း မမအပေါ် မွေ့ ကိုယ်ချင်းစာနေမိသည်။

"မွေ့"

"ရှင်"

"နင်နောက်တစ်ခါ ငါ့အခန်းထဲ ဝင်ဝင်မလာနဲ့နော်၊ လမ်းမှာတွေ့ရင်တောင် နှုတ်ဆက်စရာမလိုဘူးလို့ ပြောထားပြီးသား မဟုတ်လား"

"မမစိမ့်"

"မွေ့ နင့်ကို ငါ ညီမအဖြစ် လုံးဝအသိအမှတ်မပြုဘူး နော်"

"မွေ့က မမညီမပါ၊ မမဘက်က ဘယ်လိုပဲသဘောထား ပါစေ မွေ့ကတော့ မမကမမပါပဲနော်"

"နင်အပိုတွေလာလုပ်မနေစမ်းနဲ့ မွေ့၊ ငါ နင့်အမေရော နင့်ကိုရော အထင်မကြီးဘူး၊ မိသားစုလို့လည်း မသတ်မှတ်ဘူး၊ နောက်တစ်ခါ ငါ့ဆီဘယ်တော့မှ အရောတဝင်လာမလုပ်ပါနဲ့"

"မမ"

"နင်ထွက်သွားစမ်း၊ အရေးမပါတာတွေလာမလုပ်နဲ့ မွေ့၊ နင်တို့နဲ့ သွေးသားမတော်ဘူးလို့ပဲ ငါကသတ်မှတ်ထားတာ၊ သွားတော့"

မွေ့ နင့်ကိုလည်း ငါက ညီမအဖြစ် အသိအမှတ်မပြုနိုင်ဘူး၊ နင် ငါ့ထက် ဘာဖြစ်လို့လှနေရတာလဲ၊ နင့်ကို မိသားစုဝင်တွေက အလိမ္မာလေးလို့ ပြောဆိုနေကြတာ ငါအရမ်းမုန်းတာပဲ၊ ငါကတော့ ဘယ်တော့မှ နင့်ကို ညီမအဖြစ် အသိအမှတ်ပြုမှာမဟုတ်ဘူး၊ နင့်အမေကို ငါအရမ်းမုန်းတယ်၊ နင်က ရိုးသားချင်ယောင်ဆောင်ပြီး ငါ့ထက်သာအောင် ကြိတ်ကြိုးစားနေတာမဟုတ်လား။ မွေ့ ရောက်ရောက်လာတိုင်း စိမ့်စိတ်တွေ အနှောင့်အယှက်ဖြစ်ရသည်။ မုန်းလိုက်တာ။ စိမ့် ဒီအသိုင်းအဝန်းကနေ ထွက်သွားချင်နေမိ၏။ စိမ့် မျက်ဝန်းတွေက အလိုမကျစွာ တင်းမာခက်ထန်နေသည်။

❊ ❊ ❊

အခန်း (၃)

"သူက မေစိမ့်သူပဲကိုကို၊ စိမ့်တဲ့၊ အယ်နီသူငယ်ချင်းလေ၊ မချောဘူးလားဟင်"

"အင်း ချောတယ်၊ အရမ်းကိုစွဲဆောင်မှုကောင်းပြီး ချောတယ်ကွာ၊ စိမ့် ကိုယ့်ကို အရင်းနှီးဆုံးမိတ်ဆွေတစ်ယောက်လိုပဲ ခင်မင်ပါနော်"

"အင်း"

အယ်နီ့ကိုကိုက လူချောပဲ။ ပိုက်ဆံလည်း ချမ်းသာပုံပင်။ စိမ့်စိတ်တွေ မငြိမ်သက်တော့။ ကိုဆန်နီက စိမ့်အနားသို့ တပူးတွဲတွဲကပ်နေသလို စိမ့်ကလည်း ချိုမြိန်သော မာယာမျက်ဝန်းလေးများဖြင့် အငေးသားကြည့်မိနေသည်။ ရှင်က စိမ့်ဘဝကို ပြောင်းလဲပစ်

နိုင်မယ့် ယောကျ်ားတစ်ယောက်လားဟင်။ စိမ့် အရမ်းပဲ ချမ်းသာချင်တယ်။ အဆင့်အတန်းမရှိဘဲ ပြောချင်ရာပြော ဆိုချင်ရာဆိုနေတဲ့ မိသားစုအသိုင်းအဝိုင်းတွေထဲက ထွက်ပြေးလွတ်မြောက်ချင်တယ်။ ကိုဆန်နီ ကူညီနိုင်မလားဟင်။ ကိုဆန်နီနဲ့ စိမ့် မထင်မှတ်ဘဲ အလွန်အမင်း ရင်းနှီးခင်မင်သွားရသည်။

"စိမ့်"

"ဟင်"

"ကိုယ် စိမ့်ကိုလက်ထပ်ချင်တယ်"

"လက်ထပ်ဖို့အထိတော့ စိမ့် မစဉ်းစားချင်သေးဘူးလေ၊ စိမ့်က ရည်မှန်းချက်တွေအများကြီးရှိနေတာလေ"

"စိမ့် ဘာဖြစ်ချင်တာလဲ၊ ကိုယ်အားလုံး ဖြည့်စွမ်းပေးနိုင်ပါတယ်နော်"

"အဟင်း…ဟင်း"

"စိမ့်ရယ်"

စိမ့် လိုချင်တာတွေက အများကြီးပဲလေ။ တိုက်ရယ်၊ ကားရယ်၊ လက်ကိုင်ဖုန်းရယ်၊ ငွေတွေရယ်၊ အဝတ်အစားအသုံးအဆောင်တွေရယ်၊ သူမမျက်ဝန်းလေးတွေကို သူက စူးစိုက်ကြည့်နေ

သည်။

"စိမ့် ဘာလိုချင်လဲဆိုတာ ကိုယ်သိပါတယ်၊ ဖြစ်စေရမယ်လေစိမ့်၊ ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ဆန္ဒက ကိုယ့်ဆန္ဒပဲလေ"

"ဟင်း...အဟင်း...ဟင်း"

ကိုဆန်နီလို ယောကျ်ားတစ်ယောက်ကို တွေ့တုန်း စိမ့် အမိအရ ပိုင်ဆိုင်နိုင်ဖို့ ကြိုးစားရမည်ဖြစ်သည်။ အချစ်ဆိုတာကို စိမ့် မစဉ်းစားချင်ပါဘူး။ မိန်းကလေးတစ်ယောက်အတွက် အချစ်ထက် ငွေကြေးဥစ္စာနေရေး လိုအပ်သည်ဟုပဲ ထင်မှတ်မိနေသည်။

"ကိုယ်တို့လက်ထပ်ကြရအောင်နော် စိမ့်၊ လက်ခံသဘောတူပေးပါစိမ့်ရယ်"

သူက စိမ့်ကိုယ်လုံးလေးကို တင်းကြပ်စွာ ပွေ့ဖက်ထားသည်။ စိမ့်ချစ်သူလည်း မထားဘူးခဲ့၊ ယောကျ်ားတွေနှင့်လည်း နီးနီးကပ်ကပ်ပင် မနေထိုင်ဘူးခဲ့။ ကိုဆန်နီ့အပြုအမူတွေက စိမ့်ရင်တွေကို တဆတ်ဆတ်တုန်ရီနေပြီး ရုန်းကန်ဖယ်ရှားဖို့ အင်အားတွေ ကင်းမဲ့သွားရတော့သည်။ စိမ့်က အချစ်ကို မစဉ်းစားချင်ပါဘူး။ အဓိက စိမ့်ဘဝကို လုံးဝယခုလက်ရှိအခြေအနေတွေနဲ့ ပြောင်းလဲပစ်

နိုင်ရင် စိမ့် ရွေးချယ်ရမှာပဲ။ ကိုဆန်နီ့အား စိမ့် မငြင်းဆန်မိ။ လက်ထပ်ဖို့ကိစ္စကိုလည်း စိမ့် သဘောတူမိသည်။

"စိမ့်မိဘတွေကို အသိပေးစရာမလိုပါဘူး ကိုကိုရယ်၊ စိမ့်က မိထွေးနဲ့နေရတာပါ၊ စိမ့် ကိုယ့်သဘောဆန္ဒနဲ့ပဲ လက်ထပ်လို့ရပါတယ်"

"ဟုတ်တယ် စိမ့်၊ ကိုယ်လည်း မိဘတွေကို အသိမပေးတော့ဘူး၊ ကိုယ်တို့ နှစ်ဦးသဘောတူလက်ထပ်ကြမယ်၊ ပြီးတော့ ဒီတိုက်ခန်းမှာပဲနေကြမယ်၊ ဘယ်လိုလဲကွာ ကိုယ့်မိဘတွေကိုပြောရင်လည်း စိမ့်ကဆင်းရဲတော့ သဘောတူမှာမဟုတ်ဘူးလေ၊ လောလောဆယ်တော့ ကိုယ်လက်ထပ်တာကို ဖွင့်မပြောသေးဘူး၊ နောက်မှပဲ ပြောမယ်လေ"

"စိမ့်ကတော့ ဘာမှမသိတော့ပါဘူးကွယ်၊ ကိုယ်စီစဉ်ပါနော်၊ စိမ့်လက်ခံပါတယ်"

လုပ်ငန်းတွေနှင့် စည်းစိမ်ဥစ္စာတွေ ပြည့်စုံနေတဲ့ ယောကျ်ားတစ်ယောက်နှင့် တွေ့ဆုံတုန်း စိမ့် ရယူပိုင်ဆိုင်နိုင်အောင် ကြိုးစားရမည်။ အခွင့်အရေးကို လက်လွှတ်ခံလို့မဖြစ်ပေ။ ဖြစ်ချင်ရာဖြစ် စိမ့်လက်ခံလိုက်ဖို့ပဲ ဆုံးဖြတ်လိုက်မိသည်။

“ဒါဆို မနက်ဖြန်ပဲ ကိုယ်တို့တရားရုံးမှာ လက်ထပ်ကြမယ်၊ စိမ့် လောလောဆယ်တော့ ဘယ်သူ့မှ အသိမပေးသေးဘူးလေ၊ စိတ်မပူပါနဲ့ စိမ့်ရယ်၊ ကိုယ့်ဒက်ဒီနဲ့ မာမီက ကိုယ့်ဆန္ဒမပါဘဲ စိမ့်ကို လက်ခံမှာပါ၊ နောက်ဆို ဝင်ဒါမီယာမှာ ရှိနေတဲ့ခြံနဲ့တိုက်ကို ပြောင်းနေကြမယ်၊ ခဏလေးပဲ စိမ့် တိုက်ခန်းလေးနဲ့နေရမှာပါကွာ”

စိမ့် ကျေနပ်သဘောကျစွာ ကြိတ်၍ ပြုံးပစ်လိုက်မိသည်။ စိမ့် လိုလားတောင်းတနေမိတဲ့ ဘဝလေးပဲ။ ကြီးကျယ်ခမ်းနားတဲ့ဘဝ၊ မပူပင်မကြောင့်ကြ ဝတ်စားသုံးဖြုန်းနေရမယ့် ဘဝပဲ။ စိမ့်ရဲ့ပညာမတတ် ဘာမတတ် ဆင်းရဲနွမ်းပါးတဲ့ အသိုင်းအဝိုင်း မိဘတွေနဲ့ ကိုဆန်နီကို မိတ်ဆက်ပေးလို့ မဖြစ်ပါဘူး။ ကိုဆန်နီ အထင်သေးသွားနိုင်တယ်။ စိမ့် မျက်ဝန်းလေးတွေက တင်းတင်းလေးဖြစ်နေသည်။

“စိမ့်”

“ဟင်”

“ချစ်လား”

“ဟင်”

“ကိုယ့်ကိုချစ်လား”

“မသိဘူး”

“တကယ်မသိဘူးလား”

“သိအောင်”

“အို”

သူမခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲရောက်သွားပြီး သူမခန္ဓာကိုယ်လေးထဲက သွေးလှည့်ပတ်မှုတွေ ရုတ်ချည်းပူနွေးလောင်မြိုက်စွာ အသိကင်းမဲ့သွားရသည်။ စိမ့် အချစ်ဆိုတာကို မသိချင်ပါဘူး။ စိမ့် နှုတ်ခမ်းသားလေးတွေ တင်းကြပ်စွာ နာကျင်လာရ၏။ မုန်းလိုက်တာ။ အရာအားလုံးကို စိမ့် မုန်းတီးခါးသီးနေသည်။

“စိမ့်”

“ဟင်”

“အချစ်ဆိုတာကို သိပြီလားကွာ”

“အင်း”

“မနက်ဖြန် ကိုယ်ဒီကပဲစောင့်နေမယ်၊ ဒီတိုက်ခန်းက စိမ့်အတွက်ပဲ၊ ရော့ လက်ကိုင်ဖုန်းလေး ကိုယ်ဆက်သွယ်လို့ရအောင်”

"ဟင်"

စိမ့် မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရပြီး အံ့သြ တုန်လှုပ်စွာ ကိုဆန်နီအား ကြည့်မိနေသည်။ စိမ့် အမြဲတမ်း ရယူ ပိုင်ဆိုင်လိုခဲ့သော လက်ကိုင်ဖုန်း အဖြူရောင်လေးက စိမ့်ရင်ကို ဆတ်ခါတုန်ရီသွားစေသည်။ ပျော်ရွှင်ပီတိတွေလည်း ခန္ဓာကိုယ်အနှံ့ တိုးဝင်စီးဆင်းကာ စိမ့် ထရှပ်ပင် ခုန်ပစ်ချင်လာရ၏။ ပြီးတော့ စိမ့် သုံးချင်တာသုံးဆိုပြီး တစ်ထောင်တန်တစ်အုပ် ပေးခဲ့သည်။

"မနက်ဖြန်ကျရင် ကိုယ်တို့တရားရုံးမှာသွားပြီး လက်ထပ် ကြမယ်လေ စိမ့်၊ ကိုယ့်ကို ယုံတယ်မဟုတ်လားကွာ"

စိမ့် နှုတ်ခမ်း ထူထူအမ်းအမ်းလေးတွေက ပြုံးယောင်သမ်း သွားရသည်။ တောက်ပလင်းလက်သော မျက်ဝန်းလေးတွေဖြင့်မော့ ကြည့်ပြီး စိမ့် ကျေးဇူးတင်လွန်းတဲ့ အရိပ်အငွေ့တွေ ယှက်သန်းနေ ခဲ့၏။ ကိုဆန်နီ့ကို စိမ့် အားကိုးတကြီး ဖြစ်သွားရသည်။ အိမ်ပြန် လာတော့ စိမ့်ခြေလှမ်းတွေက မြေပင်မထိချင်။ စိမ့်ဘဝလေးကို ပြောင်းပစ်ရမယ်။ မိသားစုတွေနဲ့ အဝေးဆုံးမှာ စိမ့် နေမယ်။ အသွားကိုတော့ စိမ့် ထောက်ပံ့မှာပါ။ မွေ့ ငါဖြစ်ချင်တဲ့ဘဝတစ်ခု ကို ပိုင်ဆိုင်ရပြီ။ ငါအမြဲတမ်း အမြင့်မားဆုံးနေရာတစ်ခုမှာပဲ ရှိနေ

စေရမယ်။ စိမ့်ခြေလှမ်းလေးတွေက ပေါ့ပါးသွက်လက်နေသည်။

"စိမ့် ပြန်လာပြီလား၊ သမီးကြီးအတွက် အဖေအလုပ် တစ်ခုရှာထားတယ်"

"စိမ့်ကို ဒီလောက်တောင်ပဲ အလုပ်လုပ်စေချင်နေလား အဖေ"

"လုပ်ရမယ်လေ သမီးကြီး၊ လုပ်သင့်နေပြီပဲ၊ ဘဝမှာ ဒီလိုနေလို့မရဘူး၊ တာဝန်ဆိုတာရှိသေးတယ်"

အဖေကရော ဘယ်သူ့အပေါ်မှာ တာဝန်ကျေခဲ့လို့လဲ၊ စိမ့် အရွယ်မရောက်ခင်မှာပဲ နောက်မိန်းမယူလိုက်တာ၊ စိမ့်နဲ့ ယှဉ်ပြိုင် ဘက် သမီးတစ်ယောက်မွေးပြီး စိမ့်ကို အရေးမပေးဘဲ မိထွေး မျက်နှာကို စိမ့် ကြည့်ပြီးမရဲတရဲနေရအောင် ဖန်တီးလုပ်ဆောင်ခဲ့ တာပဲလေ။ စိမ့် ငယ်ငယ်တုန်းက အဖေနဲ့မိထွေး မွေ့ကို ကြည်ကြည် နူးနူးနဲ့ ကလူကြည်စယ်နေကြရင် စိမ့် ချောင်မှာကပ်ပြီး တိတ်တ ဆိတ်ငိုကျွေးနေရတာရော အဖေသိရဲ့လားဟင်။ အဖေက အလုပ် မှ မလုပ်တာပဲ။ မိထွေးက ဈေးရောင်းကျွေးရတယ်လေ။ စိမ့်အပေါ် မိထွေးက မနှိပ်စက်ပေမယ့် အဖေက မိထွေးမျက်နှာကို သာယာစေ ချင်နေတာမဟုတ်လား။ စိမ့် အခန်းထဲပဲ ဝင်လာခဲ့သည်။

"စိမ့် မနက်ဖြန် လူကြီးနဲ့သွားတွေ့ရမယ်နော်၊ အဖေ့သူငယ်ချင်းက ရှာပေးတာ"

အခန်းထဲရောက်တော့ ပိုက်ဆံကို အိပ်ရာပေါ်ပစ်ချလိုက်သည်။ မနက်ဖြန် ဘယ်အရာရှိနဲ့မှ သွားတွေ့စရာမလိုတော့ဘူး အဖေ။ စိမ့် ယောကျ်ားယူတော့မှာ။ စိမ့်ဘဝကို ပြောင်းလဲပစ်ရတော့မယ်။ စိမ့်တာဝန်တွေကို အဖေနဲ့မိထွေး မယူရဘူးဆိုရင် အေးပြီပဲ။ ကိုဆန်နီပေးထားတဲ့ လက်ကိုင်ဖုန်းအဖြူရောင်လေးကို ပွတ်သပ်ကိုင်တွယ် ကြည့်မိသည်။ စိမ့်အလိုချင်ဆုံး ဖုန်းလေးပဲ။ လက်ကိုင်ဖုန်းလေးကို ကိုင်ပြီး စတိုင်လ်ကျကျသွားရတာပင် ဘယ်လောက်များ ပျော်ရွှင်ကျေနပ်ရမလဲ။ စိမ့် ဒီမိသားစု အသိုင်းအဝိုင်းကနေ ထွက်သွားရမယ်။ စိမ့်ဘဝကို အမြင့်ဆုံးဖြစ်အောင် ကြိုးစားရမယ်။ ကိုဆန်နီဆီက ဖုန်းဆက်သည်။ အချစ်ရေ နေလို့မှကောင်းရဲ့လား၊ အိပ်လို့ပျော်ပါစေဆိုတဲ့ တီးလုံးလေးက ကိုဆန်နီလက်ဆောင်ပေးထားတဲ့ လက်ကိုင်ဖုန်းလေးက မြည်လာ၏။ စိမ့်ဖွင့်ပြီး နားထောင်လိုက်သည်။

"ဟဲ့…မြေးမလေး စိမ့်၊ မြေးအခန်းထဲက တီးလုံးသံတွေကြားနေရတယ်၊ ညည်းအခန်းထဲမှာ ကက်ဆက်လည်းမရှိပါဘူး

အဘွားကြားလိုက်တာ ဟုတ်ပါရဲ့နော်"

"ဘာမှမဟုတ်ပါဘူး အဘွား၊ သူငယ်ချင်းဆီက ဖုန်းတစ်လုံး ငှားလာလို့ပါ"

"ဟင်…ဟုတ်လား"

"အဘွားမသိပါဘူး အိပ်တော့နော်၊ စိမ့်လည်း အနားယူချင်နေပြီ"

"အေး…အေး"

အဲဒါတွေ စိမ့် စိတ်ပျက်ရလေသည်။ မိသားစုဝင်တွေအားလုံး ဘာပစ္စည်းအကြောင်းမှမသိဘဲ ရိုးအလွန်းနေကြပြီး ကိုယ်နှင့်မဆိုင်လည်း စပ်စုမေးမြန်းချင်နေကြသည်။ အဘွားအသံတိတ်သွားမှ စိတ်အေးလက်အေး ကိုဆန်နီနှင့် စကားပြောရ၏။ အချစ်ဆိုတဲ့ စကားလုံးလေးက သူ့စကားလုံးတွေထဲမှာ အများဆုံးဖြစ်နေသည်။

"အချစ် အိပ်လို့ပျော်ရဲ့လားကွာ၊ ကိုယ် မနက်ဖြန်အတွက်ရင်တွေအရမ်းခုန်နေပြီ၊ ကိုယ်တို့လက်ထပ်ကြမယ်၊ အတူတူနေကြမယ်၊ လူကြီးတွေကိုတော့ အသိမပေးနဲ့ဦးနော်"

"အင်း"

စိမ့်ကလည်း အသိမပေးချင်ပါဘူး။ အရမ်းစပ်စုပြီး လူမှုရေးတွေလည်း နားလည်ကြတာမဟုတ်ခဲ့။ စိမ့်တစ်ယောက်တည်းပဲ ဘဝကို ရုန်းထွက်ချင်သည်။

"စိမ့်"

"ဟင်"

"အိပ်တော့နော်၊ စိမ့် ပျော်ရွှင်ပါစေ"

"ကိုဆန်နီလည်း ပျော်ရွှင်ပါစေ"

"ကိုဆန်နီတဲ့လား၊ ကိုယ်လေ စိမ့်ရဲ့ မနက်ဖြန်ကျရင်ပဲ စိမ့်ခင်ပွန်းဖြစ်တော့မှာပဲဟာ"

"အဟင်း…ဟင်း စိမ့်ရှက်တယ်၊ အရမ်းရှက်တာပဲ၊ စိမ့်အရမ်းကို စိတ်လှုပ်ရှားနေတယ်၊ အို စိတ်တွေအမှားအယွင်းတွေများ လုပ်မိနေပြီလားလို့"

စိမ့်အသံလေးက တုန်ရီလှိုက်ခါနေပြီး ကိုဆန်နီက စိမ့်ကို ငွေမက်တဲ့မိန်းကလေးတစ်ယောက်ဟု မထင်မှတ်သွားစေရန်လည်း ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်နေဟန် မာယာများပြရသေးသည်။ မနက်ဖြန်ဆိုတဲ့ အချိန်လေးဆီ အမြန်ဆုံးပြေးလွှားကျော်ဖြတ် သွားချင်နေမိသည်။ စိမ့် မကြောက်ပါဘူး၊ စိမ့် စိတ်ကူးယဉ် အိပ်မက်လေး

ထဲမှာ တမ်းတနေခဲ့ရတဲ့ ဘဝလေးပဲ။ အိမ်ကမိသားစုတွေ ရိပ်စားမိသွားမှာစိုးပြီး ဖုန်းလေးကို ပိတ်ပစ်လိုက်သည်။

❋ ❋ ❋

အခန်း (၄)

မမစိမ့်ဆီမှာ လက်ကိုင်ဖုန်းလေး တစ်လုံးရှိနေကြောင်း မွေ့ သိလိုက်သည်။ မွေ့သိတာပေါ့၊ လက်ကိုင်ဖုန်းမြည်တဲ့အသံပဲ။ မမစိမ့် ဘာတွေလုပ်နေလဲ။ မွေ့ စိတ်ပူလိုက်တာ။ မမစိမ့်က လက်ရှိဘဝကို မကျေမနပ်ဖြစ်ပြီး မိသားစုနှင့်ဝေးအောင် ခွန့်ခွာသွားချင်နေသူဖြစ်သည်။ မမစိမ့် ဖုန်းတွေပြောနေ၏။ ဘယ်သူနှင့်လဲ။ ဒီလိုအခြေအနေတွေဖြစ်အောင် ဖန်တီးယူနိုင်တာ ရိုးသားဖြူစင်မှုတော့ မရှိနိုင်ပါဘူး။ ဖေဖေ့ကိုပြောပြလိုက်ရင် ကောင်းမလားပဲ။ မမစိမ့်က ထူးချွန်ထက်မြက်သူပါ။ ပညာလည်းကြိုးစားတယ်၊ ရည်မှန်းချက်တွေလည်း ကြီးမားသည်။ လမ်းမှားပေါ်ရောက်သွားမှာ မမစိမ့်ဘဝပျက်သွားမှာ မွေ့ စိုးရိမ်ပူပင်မိနေလေသည်။

"မွေ့"

"ဟင် ဖေဖေ"

"ဘာတွေလုပ်နေတာလဲ၊ မွေ့လေးကို ကြည့်ရတာ အတွေးတွေနဲ့ ငေးငေးငိုင်ငိုင်ဖြစ်နေသလားလို့"

မေမေ့ကိုလည်း မမစိမ့်အကြောင်းတွေ မပြောပြချင်ပေ။ မိတွေးဆိုပြီး မေမေ့ကို မုန်းတီးနေသည်။ မွေ့ကိုပင် ညီမတစ်ယောက်အဖြစ် အသိအမှတ်မပြုခဲ့။ မွေ့ကတော့ မမစိမ့်အပေါ် သံယောဇဉ်တွယ်မိခဲ့၏။ လက်ကိုင်ဖုန်းပင် ကိုင်နိုင်နေသော မမစိမ့် ရိုးရိုးသားသား ဖြူဖြူစင်စင်တော့ မဖြစ်နိုင်ဟု ထင်မိသည်။ စိတ်တွေပူလိုက်တာ။ မေမေ့ကို ဘာမှမပြောဘဲ မွေ့ထွက်လာခဲ့သည်။

"မွေ့နော် စာကြိုးစား၊ အမေက သမီးစာကျက်ဖို့ သူများအမေတွေလို အနားကနေပြီး မကြီးကြပ်နိုင်ဘူးလေ၊ စီးပွားရေးကလုပ်ရသေးတယ်၊ မွေ့ကိုတော့ မေမေက ဖြစ်စေချင်တယ်၊ ဟိုဟာမလေး စိမ့်က ကြီးကျယ်နေတာလေ၊ သူ့ကို မေမေဘယ်တုန်းက မိတွေးဆိုပြီး နှိပ်စက်ညှင်းပမ်းခဲ့လို့လဲ၊ မေမေ ရှာဖွေကျွေးမွေးခဲ့တာပဲလေ၊ အလကားဟာမလေး၊ အခြောက်တိုက် ဘဝင်မြင့်နေတာ၊ တစ်နေ့တော့ ဒုက္ခကောင်းကောင်းတွေ့လိမ့်မယ်"

မေမေ့ အသံတွေနှင့်ဝေးကွာသော နေရာသို့ မွေ့ ထွက်လာခဲ့မိသည်။ မိသားစုကို အဲဒီလိုကြီး စိမ်းစိမ်းကားကား ကင်းကင်းရှင်းရှင်း နေတာကြီးကိုလည်း မွေ့ မနှစ်သက်မိ။ မရှိအတူ ရှိအတူပဲ သဘောကျတယ်။ မမစိမ့် ဘက်ကကြည့်တော့လည်း ဖေဖေ့အပေါ် ရက်စက်သည့် ဖခင်တစ်ယောက်အဖြစ် မြင်တွေ့နေမှာပါပဲ။ မိထွေးဆိုတာကို ဘယ်သူက လက်ခံသဘောတူမှာလဲ။ မေမေကတော့ မမစိမ့်ကိုချစ်ပါတယ်၊ ကျွေးမွေးစောင့်ရှောက်ခဲ့တာပဲ။ မမကိုက ခပ်စိမ်းစိမ်းနေခဲ့တာပါ။ မွေ့ ကိုယ့်အခန်းလေးဆီ ပြန်ဝင်လာခဲ့သည်။

"မွေ့"

"ရှင် အဘွား"

"မြေးကြီး မေစိမ့်သူ့ဆီမှာ ဖုန်းဆိုလား၊ ဘာလားသူငယ်ချင်းဆီက ငှားလာတာတဲ့၊ ဘာလဲဟင် မွေ့သိလား"

အဘွားနှင့်မွေ့က တစ်ခန်းတည်း အတူတူအိပ်ရသည်။ မမဆီမှာရှိနေတာက လက်ကိုင်ဖုန်းပါဟု ပြောရင်လည်း အတော်လေးပဲ နားလည်အောင် ရှင်းပြရမည်ဖြစ်၏။ မမစိမ့်နဲ့ အဘွားနဲ့ကတော့ သင့်သင့်မြတ်မြတ်ရှိကြတာပဲ။ မမစိမ့် မဟုတ်တာတွေ

လျှောက်လုပ်နေပြီဟု ပြောပြလိုက်ချင်သည်။

"နင်နဲ့ဘာဆိုင်လို့လဲမွေ့၊ ငါက ဘယ်သူ့စကားမှ နားထောင်မှာမဟုတ်ဘူးနော်၊ နင့်ကို ငါနဲ့ ကင်းကင်းရှင်းရှင်းနေဖို့ ပြောထားတယ်မဟုတ်လား၊ အဲတို့အထောင် လာလုပ်မနေနဲ့"

မမစိမ့် ဒေါသတကြီးပြောဆိုမည့် စကားတွေကို မွေ့သိထားပြီးသားဖြစ်သည်။ မပြောတော့ပါဘူးလေ၊ အဘွားကိုတော့ မွေ့ဘာမှမသိဘူးဟု ပြောလိုက်သည်။

"ဟဲ့...မွေ့လေး"

"ရှင် အဘွား"

"အဘွားမေးနေတယ်လေ"

"မသိပါဘူး အဘွားရယ်၊ မမစိမ့်က မွေ့ကိုတောင် ညီမတစ်ယောက်အနေနဲ့ အသိအမှတ်ပြုကာမှ မဟုတ်တာပဲ"

"အဲဒါ ငါ့မြေးကြီး မေစိမ့်သူ့မှာ အပြစ်မရှိဘူးနော်၊ အဖေက ငါ့မြေးကြီးအပေါ် နှစ်ဆတိုးပြီး ချစ်ခင်ယုယရမယ့်အစား နောက်မိန်းမထပ်ယူပြီး သမီးတစ်ယောက်မွေးတော့ ငါ့မြေးကြီးမှာ ခံစားချက်ရှိမှာပဲလေ"

အဘွားကတော့ မမစိမ့်ဘက်ကပဲ အမြဲတမ်း ရပ်တည်နေ

သူပါ။ မွေ့ကတော့ မနာလိုမဖြစ်ပါဘူးလေ။ မမစိမ့်အပေါ် အစ်မတစ်ယောက်အဖြစ် သံယောဇဉ်တွယ်ခဲ့တာပါပဲ။ မွေ့ စာအုပ်ဖွင့်ပြီး စာကျက်နေမိသည်။ မေမေက မွေ့ကို ဖြစ်စေချင်တယ်။ သမီးလေး ဆေးတက္ကသိုလ်တက်လို့ရမယ့် အမှတ်မိရင်တော့ မေမေ မရမက ထားပေးမယ်တဲ့။ မေစိမ့်သူလို ကြိုးစားစမ်းပါတဲ့။ မွေ့ ကြိုးစားမှာပါ။ ရိုးသားဖြူစင်စွာနဲ့ပဲ ဘဝမှာ အောင်မြင်မှုတွေ ရအောင် ကြိုးစားဖို့ ဆုံးဖြတ်ထားသည်။

"အမေ…အမေ…ဒုန်း…ဒုန်း"

"ဟဲ့…ဘာလဲ မွေ့လေး တံခါးဖွင့်ပေးလိုက်စမ်း၊ မိချို ဘာဖြစ်လာလဲမသိပါဘူး"

အခန်းအပြင်ဘက်မှ တံခါးခေါက်သံကြောင့် အဘွားက မွေ့ကို တံခါးဖွင့်နိုင်းသဖြင့် ထပြီးဖွင့်ပေးလိုက်သည်။

"ဟဲ့…မိချို ဘာဖြစ်လာတာလဲ၊ အိပ်တဲ့လူတွေက အိပ်ကုန်ပြီနော်"

"အမေ"

"ပြော"

"ဟို…ဟို အမေ့မြေး စိမ့် ရူးနေပြီလားမသိဘူး၊

တစ်ယောက်တည်း စကားပြောနေတယ်၊ အမေသွားကြည့်ပါဦး၊ တွတ်တွတ် တွတ်တွတ်နဲ့ ပြောနေသံ မချိုကြားလို့ပါ"

"ဟင်…ဟုတ်လား၊ ဒီကောင်မလေးက ဖြစ်ချင်တာတွေ များနေတယ်၊ စိတ်လောကြီးနေတယ်၊ အမလေး ငါ့မြေးမကြီး ရူးသွားပြီလားတော်၊ မဖြစ်ပါဘူး မဖြစ်ပါဘူး မောင်မောင့်ကို ခေါ်ပြီး သွားကြည့်ဦးမှပါ"

"ဘာမှမဟုတ်ပါဘူး အဘွား၊ မမစိမ့်စိတ်တွေ အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့၊ မမစိမ့်က ဒီလောက်ပညာတတ်ပြီး ဦးနှောက်ကောင်းတာ ဘယ်လိုလုပ် ရူးရမှာလဲ"

မမစိမ့် လက်ကိုင်ဖုန်းနှင့် စကားပြောနေကြောင်း မွေ့သိနေသည်။ ဒေါ်လေးနှင့်လည်း မမစိမ့် မသင့်မြတ်။ ကျွယ်လောင်ကျွယ်လောင်နှင့် စကားပြောဆိုတတ်ပြီး စပ်စုလွန်းနေတာပဲ။ မမစိမ့်က အဆင့်အတန်းမရှိဘူးဟု သတ်မှတ်ထားသည်။

"ဟဲ့…မွေ့လေး မိစိမ့်က အတွေအရမ်းကြီးတာဟဲ့၊ လောဘကလည်း အရမ်းကြီးလွန်းတယ်လေ၊ တစ်ယောက်တည်း စကားတွေပြောနေတာ ဒေါ်လေးချိုကိုယ်တိုင် ကြားရတာ တိုးတိုး တိုးတိုးနဲ့လေ"

မွေ့ မပြောချင်တော့ပေ။ ဒေါ်လေးချိုက အော်ကျယ်ဟစ်ကျယ်ပြောနေသဖြင့် ဖေဖေနှင့်မေမေပါ ရောက်လာသည်။

"မချို ဘာပြောတယ်၊ ငါ့သမီးကြီး ရူးသွားပြီဟုတ်လား"

"ထင်တာပဲလေ၊ တစ်ယောက်တည်း စကားတွေပြောနေတာ မချိုကြားရတာပဲ၊ အခန်းထဲမှာ သူတစ်ယောက်တည်းရှိတာလေ"

"ဟုတ်တယ်၊ ရှင့်သမီး ရူးသွားပြီလားမသိဘူး၊ ရှင့်သမီးက ဘဝင်မြင့်လွန်း"

"နေစမ်းပါကွာ၊ သမီးကြီးဆီ ငါသွားမေးပါ့မယ်"

"အစ့်မေလည်းလိုက်မယ်၊ အမလေး မြေးမကြီးက ဒီလောက်ပညာတတ်တာပဲ ရင်ကျိုးပါပြီတော်"

အိမ်ထဲမှာ ဆူဆူညံညံအသံတွေကြောင့် စိမ့် ဒေါသတကြီးနှင့် အပြင်သို့ထွက်လာခဲ့သည်။ စိမ့်ကို ရူးနေပြီလို့ ဒေါ်လေးချိုက ပြောနေ၏။ ဒေါသဖြစ်လိုက်တာ ဘာမှလည်းမသိဘဲနဲ့ စိမ့်စိတ်တိုတိုနှင့် အဘွားအခန်းရှေ့ ရောက်သွား၏။ ဒေါ်လေးချိုအားတင်းမာတဲ့မျက်ဝန်းတွေနှင့် ကြည့်မိသည်။

"စိမ့် မရူးဘူး၊ ဘာဖြစ်လို့ရူးရမှာလဲ၊ ဒေါ်လေးချို မသိဘဲနဲ့ ဘာတွေမဟုတ်မဟုတ် သတင်းလွှင့်နေရတာလဲ၊ စိမ့် မရူးဘူး၊ တမင်သက်သက် နှိမ့်ချပြောနေတာ မဟုတ်လား"

စိမ့် အရူးတစ်ယောက်ကဲ့သို့ပင် ဒေါသတကြီး အော်ပစ်လိုက်မိသည်။ ဒါကြောင့် စိမ့် ဒီမိသားစုအသိုင်းအဝိုင်းထဲမှာ မနေချင်တာ။ လူမှုရေးလည်း မသိဘူး။ ဗဟုသုတလည်း မရှိဘူး။ မုန်းလိုက်တာ။ အဘွားနှင့်ဖေဖေကလည်း စိုးရိမ်ပူပန်မှုတွေနှင့်ကြည့်နေသည်။

"ဟဲ့...ညည်းဘာဖြစ်လို့ အခန်းထဲမှာ တစ်ယောက်တည်း စကားပြောနေရတာလဲ၊ တိုးတိုး တိုးတိုးနဲ့ ငါ အခန်းအပြင်ဘက်ကနေ ဖြတ်သွားတော့ သေသေချာချာကြားရတာလေ့"

စိမ့် စိတ်ပျက်လိုက်တာ။ လက်ကိုင်ဖုန်းနှင့် စကားပြောတာပါလို့ ပြောရင်လည်း စပ်စပ်စုစုနဲ့ အာပေါက်အောင် ရှင်းပြရဦးမည်။ ပြီးတော့ ဘယ်ကရလာတာလဲလို့ မေးမြန်းကြဦးမည်။ စိမ့်မရှင်းပြချင်ပေ။ မွေ့ နှင့်မျက်လုံးတွေက ငါ့ကိုသနားကြင်နာပြီး သက်ာမကင်းဖြစ်နေတဲ့ အကြည့်တွေမဟုတ်လား။ ငါ့လက်ကိုင်ဖုန်းကနေ စကားပြောနေတာ နင်သိမှာပါ။ နင်က ငါ့ကို စေတနာ

မေတ္တာတွေနဲ့ တားဆီးပိတ်ပင်ချင်နေသလိုပဲ၊ ငါ့ကို ဘယ်သူမှ ဆရာလာလုပ်စရာမလိုဘူးနော်၊ ငါ့လမ်းငါလျှောက်မှာပဲ။ နင့်ကိုရော ငါက အထင်ကြီးမယ်ထင်နေလား။ စိမ့် နှုတ်ခမ်းသားလေးတွေက တင်းတင်းလေးစေ့ကပ်ပြီး မျက်ဝန်းတွေထဲမှာ အလိုမကျမှုတွေ အထင်သေးမှုတွေ နာကြည်းမုန်းတီးမှုတွေ ပြည့်နှက်ကာ မာထန်နေ သည်။

""သမီးကြီး စိတ်ကိုထိန်းပါကွယ်၊ လောကကြီးက သမီး ကြီး ဖြစ်ချင်တိုင်းမှ မဖြစ်နိုင်တာပဲ ကံစီမံရာပဲလေ""

စိမ့်အကြည့်တွေက ဖေဖေ့ဆီ ဆတ်ခနဲရောက်သွားသည်။ ဘာကံစီမံလဲ။ အရာအားလုံးက လူတွေဖန်တီးလုပ်ဆောင်နေကြတာ ပါ။ မဖြစ်နိုင်ဘူးဆိုတာ မရှိဘူးဖြစ်ရမယ်။ ဖြစ်ကိုဖြစ်ရမယ်။ ဖေဖေစောင့်ကြည့်ထားပါ။ စိမ့် ဘယ်လိုဘဝမှာ ရပ်တည်နေထိုင် မလဲဆိုတာလေ ဖေဖေက စိုးရိမ်ပူပင်စွာ စိမ့်ကို ကြည့်နေသည်။

""သမီးကြီး စိတ်ကိုထိန်းပါကွယ်၊ သမီးကြီးဖြစ်ချင်တာ တွေ ဖြည်းဖြည်းတော့ ဖြစ်မှာပါ၊ သမီးကကြိုးစားနေတာပဲ၊ ဖြစ်မှာ ပါ""

""ဖေဖေ""

""ဟင်""

""စိမ့် ဘာမှမဖြစ်ဘူး၊ ဖေဖေတို့အားလုံး ဦးနှောက်သုံးကြ ပါဦး""

""ဘာ…ညည်းကများ ငါတို့ကို ဦးနှောက်မရှိဘူးလို့ ပြောချင်တာလား၊ မိစိမ့် ညည်းတစ်ယောက်တည်း စကားတွေပြော နေတာ ငါကြားသားပဲ မဟုတ်လို့လား""

""မိချို ငါ့သမီးကြီးနဲ့ အတိုက်အခံမပြောစမ်းပါနဲ့ဟာ""

""အစ်ကို့သမီးက လူတွေကို အထင်သေးလွန်းတယ်၊ လူကြီးမှန်းလည်းမသိဘူး၊ ကိုယ့်အဒေါ်တစ်ယောက်ကိုတောင် မတူ မတန်သလိုနဲ့"".

""ဟဲ့…မိချို ညည်းကရော ဘာအထင်ကြီးစရာရှိလို့လဲ အေ့၊ ကျုပ်မြေးမကြီးက ပညာတတ်၊ ဘဝမှာ အအောင်မြင်ဆုံးဖြစ် အောင် ထိပ်ဆုံးရောက်အောင် ကြိုးစားနေတာ""

""အမေ ဘက်မလိုက်နဲ့၊ မွေးလေးက လိမ္မာယဉ်ကျေးပြီး မိသားစုအပေါ် သိတတ်တာတောင် အမေက မိစိမ့်မှ မိစိမ့်၊ မိချိုကို တော့ လာစမ်းလို့မရဘူးနော်""

""ဟဲ့…ဟဲ့""

စိမ့် ဒေါသတွေကြောင့် အသားတွေပင် ဆတ်ဆတ်တုန်လာကာ သူမအိပ်ခန်းလေးသို့ ချာခနဲလှည့်ထွက်လာခဲ့သည်။

❋ ❋ ❋

အခန်း (၅)

စိမ့် အစောကြီးထပြီး အထုပ်အပိုးတွေ ပြင်ဆင်ကာ ထွက်လာတော့ မိထွေးဖြစ်သူ ဒေါ်ခင်ခင်သွယ်နှင့် ဆုံသည်။ နှုတ်မဆက်ဘဲ ဆက်ပြီးထွက်လာခဲ့၏။ စိမ့်က ဒီအသိုင်းအဝိုင်းတွေနှင့် ဝေးရာမှာ နေချင်တာပါ။ အခုတော့ စိမ့်ဆန္ဒတွေ ပြည့်ဝလာတော့မည်ဖြစ်သည်။

"စိမ့်"

"ဟင်"

"ဘယ်လဲ"

"စိမ့်ကိစ္စပါ"

"ညည်း အဲဒီလို တဇွတ်ထိုးလုပ်ချင်တာတွေ မလုပ်နဲ့

လေ၊ အိမ်ကနေ ထွက်သွားမလို့လား စိမ့်''

ဒေါခင်ခင်သွယ်ကတော့ လင်ပါသမီးရဲ့ အချိုးကို သဘောမကျမိပေမယ့် လမ်းမှားပေါ်ရောက်သွားမှာတော့ စိတ်ပူမိ သည်။ မေစိမ့်သူက မိမိအား အဖက်မတန်သလို ဆက်ဆံနေတာ ထားပါဦး သွေးသားတော်စပ်တဲ့ မွေ့လေးကိုပင် ညီမတစ်ယောက် လို အသိအမှတ်မပြုခဲ့ပေ။ ယခုလည်း အထုပ်အပိုးတွေနှင့် စိမ့် ဒီကနေထွက်သွားမည်ကိုပင် မျက်ဝန်းအကြည့်တွေက မာဆန်နေ သည်။

''မေစိမ့်သူ''

''ဒီမှာအန်တီသွယ်…ကိုယ်နဲ့မဆိုင်တဲ့ကိစ္စမှာ ဝင်မပါပါနဲ့ ဘယ်သူပဲတားတား ကျွန်မသွားမှာပဲ၊ ကျေးဇူးပြုပြီး အတို့အထောင် မလုပ်ပါနဲ့၊ ကျွန်မဘဝကို ကျွန်မ မြင့်လာအောင်၊ တိုးတက်လာ အောင် လုပ်ရမယ်၊ ပြောင်းလဲပစ်ရမယ်၊ သွားပြီ''

''မေစိမ့်သူ''

အိမ်ကလူတွေ ပြောချင်ရာပြောပဲ စိမ့် ဂရုမစိုက်ပါဘူး။ ကိုဆန်နီက စိမ့်ဘဝကို ပြောင်းလဲပစ်နိုင်တာပဲ။ စိမ့် အိတ်ကလေး ဆွဲပြီး အငှားကားလေးနှင့် ထွက်လာခဲ့သည်။ အခုလောက်ဆို

အမေရော၊ ဘွားဘွားရော၊ ဒေါ်လေးချိုရော ပြဿနာတွေ တက်နေ ကြမှာပဲ၊ စကားကို အထိန်းအကွပ်ကင်းမဲ့စွာ အော်ဟစ်ပြောဆိုနေ ကြတာ စိမ့် အမုန်းဆုံးပဲ။ မွေ့ကတော့ အေးဆေးပြီး ယဉ်ကျေးသိမ် မွေ့ပါတယ်။ ဒါပေမယ့်လည်း စိမ့် မုန်းတယ်။ စိမ့်နဲ့ ယှဉ်ပြိုင်ဘက် လို့ပဲ သဘောထားတယ်။ မွေ့ထက်လည်း အမြဲတမ်းသာနေချင် တယ်။ ကိုဆန်နီရဲ့အခန်းရောက်ရောက်ချင်းပဲ ကိုဆန်နီက နွေးထွေး သောသမှုတွေနှင့် ဆီးကြိုပြီး နှစ်ဦးသဘောတူလက်ထပ်ရန် တရားရုံး တော်သို့ ထွက်လာခဲ့သည်။

''စိမ့်''

''ဟင်''

''ပျော်ရဲ့လားကွာ''

''အင်း''

''စိမ့်လေးရယ်''

ကိုဆန်နီနှင့် စိမ့် လက်ထပ်ကြသည်။ အသက်အရွယ်တွေ ကလည်း ပြည့်နေသဖြင့် အခက်အခဲမရှိပေ။ ကိုဆန်နီဝယ်ထားသော တိုက်ခန်းသို့ ပြန်လာကြသည်။ စိမ့်ဘဝလေး ပြောင်းလဲသွားပြီပဲ။ ကျယ်ဝန်းသော တိုက်ခန်းတွင် အိမ်ထောင်ပရိဘောဂတွေက အပြည့်

ပဲ။ စိမ့်အတွက် ချစ်သက်လက်ဆောင်အဖြစ် လက်ဝတ်ရတနာတွေ ဆင်ပေး၏။ စိမ့် ပျော်လိုက်တာ။ မိုးမမြင် လေမမြင်ပဲ။ စိမ့်ဖြစ်ချင်တဲ့ ဘဝလေးပဲ။ စိမ့် ယခင်က ပူပင်သောကလောင်မြိုက်မှုတွေ ကင်းစင်သွားသည်။ စိမ့် မပတ်သက်ချင်သော သူတွေနှင့်လည်း ကင်းကင်းရှင်းရှင်းနေရပြီဖြစ်၏။ ကိုဆန်နီက စိမ့်အား သူ့ဒက်ဒီ ကုမ္ပဏီမှာ မန်နေဂျာအဖြစ် ဝင်လုပ်ရမယ်တဲ့။ အချိန်နည်းနည်းပဲ စောင့်ပေးပါတဲ့။ ကိုဆန်နီ့ရင်ခွင်မှာ မှီတွယ်ခိုနားရင်း စိမ့် တစ်လောကလုံးကို မေ့ပစ်ချင်လာရသည်။

"အခုလောလောဆယ်တော့ လူကြီးတွေကို ဖွင့်ပြီးအသိမပေးချင်သေးဘူး စိမ့်ရယ်၊ သဘောတူကြမှာလည်း မဟုတ်ဘူး၊ တစ်လနှစ်လလောက်ပါပဲကွာနော်"

"ရပါတယ်ကိုရယ်၊ ဒီလောက်တခန်းတနားနှင့် စိမ့်ကို ထားပေးတာပဲ ကျေးဇူးတင်လှပါပြီနော်၊ ကိုယ့်ကို စိမ့် အရမ်းပဲချစ်တယ်၊ စိမ့်ကို တစ်ယောက်တည်းပစ်မသွားပါနဲ့နော် ကိုရယ်"

ကို့အနမ်းတွေက သူမအတွက် နွေးထွေးချိုမြိန်နေခဲ့သည်။ ကို့ရင်ခွင်မှာ ကို့အချစ်တွေ အယုအယတွေကို ခံယူရင်း လွန့်လွန့်လူးကာ စိမ့် ပျော်ရွှင်ပီတိတွေ ဖြာနေရသည်။ လက်ထပ်ပြီး တစ်လ

ကျော်ကြာတော့မှ ပြဿနာက စတင်တော့သည်။

"မင်းက ဆန်နီရဲ့အတူနေချစ်သူ မေစိမ့်သူလား"

"ရှင် ဟုတ်ပါတယ်"

"မင်းတို့လို မိန်းကလေးမျိုးတွေက ငွေကြေးစည်းစိမ်ဥစ္စာတွေ ဘမ်းပြလိုက်ရင် အဲဒီယောက်ျားကို ယုံကြည်တော့တာပဲလေ"

"ရှင်"

"မင်းအလိမ်ခံလိုက်ရပြီ မေစိမ့်သူ"

"ရှင်"

"ဆန်နီက ကိုယ်ညီဝမ်းကွဲပဲ၊ အရမ်းကို ဆိုးသွမ်းပေတေပြီး ရှုပ်ပွေတဲ့ကောင်ပဲလေ"

"ရှင်"

လင်မယားနှစ်ယောက် စိမ့်အခန်းကိုရောက်လာပြီး ကိုဆန်နီနှင့် ပတ်သက်တဲ့ အကြောင်းတွေပြောပြတော့ စိမ့် မယုံနိုင်စွာ အံ့သြတုန်လှုပ်သွားရလေသည်။

"မင်းနေတဲ့တိုက်ခန်းက ငါတို့တိုက်ခန်းပဲ၊ လက်ကိုင်ဖုန်းရောပဲ၊ သူ့ကိုခဏအပ်ထားခဲ့တာလေ၊ ဆန်နီက ရှုပ်ပွေတယ်၊ စိတ်မကောင်းပါဘူး မေစိမ့်သူ၊ အခု ဆန်နီတောင် ဘယ်ရောက်နေမှန်း

မသိတော့ဘူး”

“ရှင်”

စိမ့် အံ့ဩတုန်လှုပ်လွန်းသဖြင့် မျက်ဝန်းလေးတွေပင် ပြူးကျယ်ဝိုင်းစက်သွားရသည်။ ဒါက ဘယ်လိုဖြစ်ရတာလဲ။ ကိုဆန်နီက လူလိမ်တစ်ယောက်တဲ့။ စိမ့်နှင့် တရားဝင်လက်ထပ်ထားကြသည်။ စိမ့် ဘာဆက်လုပ်ရမလဲဟင်။ စိမ့်ကိုပေးထားတဲ့ လက်ကိုင်ဖုန်းကလည်း သူတို့အပ်ထားတာတဲ့လေ။ စိမ့် မောပန်းနွမ်းလျှသွားရ၏။ အိမ်ကို ဘယ်လိုပြန်ရမလဲ။ ဖေဖေက စိမ့်ကို လိုက်လံရှာဖွေသတင်းမေးတာ သိသော်လည်း စိမ့် ကင်းကင်းရှင်းရှင်းပဲ နေခဲ့သည်။

“စိတ်မကောင်းပါဘူး မေစိမ့်သူ၊ မင်းကို အယ်နီမိတ်ဆက်ပေးတာမဟုတ်လား၊ သူငယ်ချင်းက သစ္စာဖောက်တာပဲ၊ အခု ဆန်နီ နိုင်ငံခြားကို ပြန်ထွက်သွားပြီ၊ မင်းကိုအပျော်ယူတာပဲ”

“ရှင်”

“လက်ထပ်တယ်ဆိုတာ သူ့အတွက်တော့ လုပ်နေကြလေ၊ ဆန်နီက ဒီကိစ္စကို အလေးအနက်ထားတာမဟုတ်ဘူး၊ မင်းညံ့တာပဲ၊ မိန်းကလေးတစ်ယောက်အနေနဲ့ လေ့လာစုံစမ်းသင့်တယ်

လေ”

“ရှင်”

“မေစိမ့်သူ မင်းဆီက လက်ကိုင်ဖုန်းပေးလေ”

“မပေးဘူး၊ ဘာဖြစ်လို့ပေးရမှာလဲ၊ ကိုဆန်နီက ကျွန်မကို ပေးထားတာပဲ၊ မယုံဘူး၊ ရှင်ပြောတိုင်းပေးရမှာလား ကိုဆန်နီနဲ့ တွေ့မယ်”

“ဆန်နီ ဒီနေ့မနက်ပဲ နိုင်ငံခြားကိုထွက်သွားပြီကွ၊ မင်းနဲ့လည်း ဘယ်တော့မှ အတွေ့ခံမှာမဟုတ်ဘူး၊ တို့မှာက ဒီဖုန်းနဲ့ ဆက်သက်တဲ့ ပိုင်ဆိုင်မှု စာရွက်စာတမ်းတွေရှိတယ်၊ မင်းတရားရုံး အထိ တက်ချင်တာလား”

“ရှင်”

“အေးအေးဆေးဆေးမပေးရင် ရဲစခန်းကို သွားတိုင်ရလိမ့်မယ်၊ မင်းဖြေရှင်းနိုင်လို့လား၊ မင်းထွက်သွားတော့၊ မင်း ဒီအခန်းမှာ ဆက်နေစရာအကြောင်းမရှိတော့ဘူး”

နောက်ဆုံးတော့ စိမ့် ဖုန်းလည်းပြန်ပေးလိုက်ရပြီး တိုက်ခန်းပေါ်ကလည်း ဆင်းလာခဲ့ရသည်။ ဘယ်ကိုသွားရမလဲ။ ပြန်စရာက သူမငယ်စဉ်လေးထဲက နေထိုင်လာတဲ့ ဖေဖေ့အိမ်ပဲရှိ

သည်။ ကိုဆန်နီဆင်ထားသော လက်ဝတ်လက်စားတွေကလည်း အတုတွေပဲ။ စိမ့် အိတ်တစ်လုံးနှင့် ဘယ်ကိုသွားလို့ သွားရမှန်းပင် မသိတော့။ အိမ်ပြန်ရင်လည်း အနိမ်ခံရတော့မည်။ စိမ့်အတွက် နေထိုင်စရာလည်း မရှိသေးပေ။ ကိုဆန်နီ လူယုတ်မာ။ မိန်းကလေး တစ်ယောက်ကို အယုံသွင်းပြီး စော်ကားလိုက်တာပဲ။ စိမ့် ညံ့ဖျင်း တာလား။ စိမ့်ကိုယ်တိုင် လောဘရမ္မက်ကြီးပြီး ယောကျ်ား တစ်ယောက်ကို အလွယ်တကူ လက်ထပ်ယူခဲ့တာ စိမ့် ညံ့ဖျင်းတာ ပဲ။ စိမ့် ဖေဖေနဲ့မေမေ နှစ်ယောက်အတူနေခဲ့တဲ့ အိမ်ပဲ စိမ့်ပြန်မယ်။ သူမစိတ်တွေကို တင်းပစ်လိုက်သည်။ ဘာမှစိတ်အားငယ်စရာမလို ပါဘူး ပြန်မယ်။ ကိုယ်နေခွင့်ရှိတဲ့အိမ်ပဲ။ စိမ့်ဘဝမှာ နစ်နာဆုံးရှုံး မှုတွေ ဖြစ်သွားရသည်။ မိသားစုဝင်တွေ မသိကြလို့တော်သေး၏။ စိမ့်ပြန်မယ်။ အိမ်ပဲပြန်မယ်။ စိမ့် အရှုံးတွေနဲ့ ရင်ဆိုင်လိုက်ရပေ မယ့် ဟန်မပျက်ဘဲနေမယ်။ စိမ့် ဆုံးဖြတ်လိုက်ပြီး အိမ်ပဲပြန်လာခဲ့ သည်။

“ဟင်…မေစိမ့်သူ၊ ညည်းဘာဖြစ်လို့ ပြန်လာရတာလဲ၊ ဘယ်ကိုထွက်သွားပြီး ဘယ်ကနေပြန်လာတာလဲဟင်”

အိမ်ရောက်ရောက်ချင်း မိထွေး ဒေါ်ခင်ခင်သွယ်နှင့် ဆုံမိ

သည်။ စိမ့် ဂရုမစိုက်ပါဘူး။ ဒီအိမ်က စိမ့်မိဘတွေရဲ့အိမ်ပဲဟာ။ ဘာမှတုံ့ပြန်ပြောမနေတော့ဘဲ အိမ်လေးထဲ ဝင်လာခဲ့၏။ မိထွေး အသံကြောင့် ဖေဖေနှင့်ဒေါ်လေးချိုတို့ပါ နိုးလာသည်။

“သမီးကြီးစိမ့် ဘယ်သွားနေတာလဲကွယ်၊ သမီးအလုပ် ရလို့လား၊ အခုဘယ်ကနေ ပြန်လာတာလဲကွယ်”

ဖေဖေကတော့ စိမ့်ကို ပူပင်သောက မျက်ဝန်းတွေနှင့် ကြည့်ပြီး မေးနေသည်။

“ဟဲ့…မေစိမ့်သူ ညည်းက လူကြီးတွေကို အရေးမစိုက် သလိုနဲ့ ဘယ်သွားပြီးဘယ်ကနေ အခြေအနေမကောင်းလို့ ပြန်လာ ရတာလဲ”

“ဒေါ်လေးစကားပြောတာ ကြည့်ပြောနော်၊ စိမ့်ကိစ္စတွေ မှာ ဝင်မပါနဲ့ မကြိုက်ဘူး”

“ဘာအေ့…ညည်းက အဒေါ်တစ်ယောက်ကိုတောင် ဒီလိုပဲပြောရလား၊ နင်တော်တော်ရိုင်းပါလား မေစိမ့်သူ”

“မိချို အသာနေစမ်း၊ ညည်းဝင်မပြောနဲ့၊ ညည်းက သူများအိမ်မှာလည်း ကပ်နေသေးတယ်၊ စကားကျောကလည်း ရှည်လွန်းတယ်အေ”

"အမေ…ဒီကောင်မလေး ရောင့်တက်နေတာ အမေအလို လိုက်ပြီး ကာဆီးကာဆီးလုပ်နေလို့နော်"

"ဟဲ့…ညည်းကများ"

အသွားက တုတ်ဆွဲပြီးရိုက်တော့ ဒေါ်လေးချို့ အော်ဟစ် သောင်းကြမ်းကာ ထွက်သွားသည်။ စိမ့် မနှစ်သက်တာ ဒီလိုအနေ အထိုင် အပြုအမူတွေပဲ။ စိမ့် မလွှဲသာမရှောင်သာလို့ အိမ်ပြန်လာရ ပေမယ့် နေချင်လို့တော့မဟုတ်ပေ။ အခန်းထဲဝင်လာခဲ့သည်။

"မိချိုရယ် ငါ့သမီးကြီးပြန်လာပြီပဲ၊ နင်ထပ်ပြီးပြဿနာ မရှာနဲ့တော့၊ သမီးကြီး နေချင်သလိုနေပါစေ"

"အစ်ကို့သမီးက ရိုင်းလွန်းတယ်၊ လူတွေကို အဖက်မတန် သလိုနဲ့ မချိုက အဒေါ်လေ"

"တိတ်စမ်း"

ဒေါ်လေးအော်သံက သူမအခန်းထဲအထိ စူးရှစွာဝင်လာ သဖြင့် စိမ့် နားတွေကို ပိတ်ထားပစ်လိုက်မိသည်။ မကြားချင်တော့ ဘူး။ စိမ့်ဘာဖြစ်လို့များ ကျရှုံးရတာလဲ။ ကံဆိုးလွန်းနေရတာလဲဟင် ကိုဆန်နီ။ ရှင်တော်တော်ယုတ်မာတာပဲ။ ကျွန်မကို ဖြားယောင်း သွေးဆောင်လက်ထပ်ပြီး ကျွန်မရဲ့ အပျိုစင်ဘဝလေးကို ဖျက်စီးပစ်

လိုက်တာပဲ။ မုန်းတယ်။ လောကကြီးထဲမှာ စိမ့်ပဲကံဆိုးနေတာပါ။ ဘဝမှာ အောင်မြင်မှုတွေရအောင် စိမ့် ထပ်ပြီးကြိုးစားမယ်။ အောင်မြင်မှုတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်မိအောင် စိမ့် ထပ်၊ ဘ ထပ်ကာ ကြိုးစားမယ်။ မျက်ရည်တွေက သူမမျက်ဝန်းလေးတွေထဲ မှ လိမ့်ဆင်းကျလာလေသည်။

❁ ❁ ❁

အခန်း (၆)

မမစိမ့် ယောကျ်ားတစ်ယောက်နှင့် လက်ထပ်လိုက်သည်ဟု မွှေ့ကြားခဲ့ရသည်။ အခုအိမ်ပြန်ရောက်လာပြီတဲ့။ တစ်လလောက်ကြာပြီးတော့မှ မမ အိမ်ပြန်လာခဲ့သည်။ မမစိမ့်အကြောင်းတွေ မွှေ့ ဘယ်သူ့ကိုမှ ပြောမပြတော့။ မမစိမ့်က ပို၍မုန်းတီးသွားမှာ စိုး၍ဖြစ်သည်။ ဘာပဲဖြစ်နေဖြစ်နေ မမစိမ့်က မွှေ့အစ်မပါပဲ။ မွှေ့ချစ်ရတဲ့ မမပါ။ မွှေ့ အိမ်ထဲမှာပဲနေမိသည်။

“ဟဲ့…မွှေ့”

“ဟင် ဒေါ်လေးချို”

“စိမ့် အိမ်ပြန်ရောက်လာတာ သိပြီးပြီလား”

“ဟုတ်ကဲ့”

“မသက်ဘူး”

“ရှင်”

“နေချင်သလိုနေ၊ သွားချင်ရာသွားပြီး ပြန်လာတာ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာမှ ရှိသေးရဲ့လား”

“ဒေါ်လေးရယ်၊ မမစိမ့်အကြောင်း ပြောမနေပါနဲ့တော့နော်၊ ဒေါ်လေးတူမပဲဟာ”

“ဟင်း…ဘာတူမလဲ၊ ရှိင်းလိုက်တာ”

“ဒေါ်လေးရယ်”

မမစိမ့်အကြောင်း မွှေ့ မပြောလိုပေ။ မမစိမ့်ရဲ့ ခံစားချက်တွေကိုလည်း မွှေ့နားလည်နေမိသည်။ ဒေါ်လေးချိုက စရိုက်ကြမ်းပေမယ့် စိတ်သဘောထားတော့ ဖြူစင်သည်။ မမစိမ့်စိတ်တွေဖြူစင်ငြိမ်းချမ်းသွားစေချင်လိုက်တာ။ ဖေဖေကလည်း အလုပ်မလုပ်ပေမယ့် မွှေ့ဖေဖေပဲ မိဘကိုလည်း မွှေ့ ချမ်းချမ်းသာသာနှင့် အေးဆေးစွာ နေထိုင်စေလိုသည်။ မွှေ့ ကြိုးစားရမယ်။ ဒေါ်လေးချိုပြန်ထွက်သွား၏။ မမစိမ့်အပေါ် အတော်လေးမကျေမနပ်ဖြစ်နေပုံပင်။ ကြားထဲကနေ မွှေ့မပါချင်ဘူး။ မွှေ့လုပ်ငန်းခွင်ထဲဝင်ဖို့ပဲ မွှေ့ အလုပ်တစ်ခုခုရဖို့ပဲ ကြိုးစားနေမိသည်။

''မွေ့''

''ရှင် မေမေ''

''သမီးလေးဘဝ တိုးတက်ရေးအတွက် သင်တန်းတွေ တက်လေ၊ စိမ့်ထက်တော့ မလျော့စေနဲ့''

''မေမေ''

''ပြော''

''မမစိမ့်နဲ့ နှိုင်းယှဉ်ပြီး မပြောပါနဲ့လား၊ မွေ့အလုပ်လုပ်တော့မယ်၊ မွေ့ဝင်ငွေနဲ့ပဲ မွေ့ သင်တန်းတွေတက်မှာပါ''

''မေမေတစ်ယောက်လုံးရှိပါတယ် မွေ့ရယ်၊ ညည်း ဘာအလုပ်မှ လုပ်စရာမလိုပါဘူး၊ တက္ကသိုလ်ပဲ တက်စမ်းပါ၊ မိစိမ့်ထက်တော့ သမီးလေး အောက်မကျစေနဲ့''

''မေမေရယ် မမစိမ့်စိတ်တွေ အားငယ်ပြီး လူတွေကို မတရားဘူးလို့ မထင်စေချင်ဘူး၊ မွေ့နဲ့မမစိမ့်က ညီအစ်မတွေပဲ သာတယ်နာတယ်မတွေးပါနဲ့''

''မေမေ့သမီးလေးမွေ့က ဘာဖြစ်လို့များ ဒီလောက်အထိ စိတ်သဘောထား ပြည့်ဝနေရတာလဲကွယ်၊ မေမေက မိစိမ့်အချိုး မပြေလွန်းလို့ပါ၊ အခုလည်း မိသားစုအပေါ် ရန်လုပ်ပြီး ထွက်သွား

လိုက်တာ အခုမှပြန်လာတယ်၊ ဘာတွေလုပ်ပြီး ပြန်လာရတာလဲ၊ ပတ်ဝန်းကျင်ကရော ဘာပြောမလဲ''

''ဘာပဲပြောပြောပါအမေ မမစိမ့်ကိစ္စတွေ ဝင်ပြီးမပတ်သက်တာ အကောင်းဆုံးပဲလေ''

''အင်းလေ မေမေကမိတွေးပဲ၊ အမြင်တော့စောင်းမှာပဲ၊ ထားလိုက်ပါ၊ မပြောတာအကောင်းဆုံးပါပဲ''

အိမ်သားတွေက မမစိမ့်နှင့် ပတ်သက်တာတွေ ပြစ်တင်ပြောဆိုနေကြသည်။ မွေ့ မကြားချင်ပါဘူး။ မွေ့ အလုပ်ရှာဖို့အတွက် အပြင်သို့ထွက်လာခဲ့သည်။ ကုမ္ပဏီတွေ တစ်ခုပြီးတစ်ခု မွေ့ အလုပ်ရှာနေမိ၏။ အလုပ်ရပြီးမှ မွေ့ လိုအပ်တဲ့သင်တန်းတွေကို မွေ့ဝင်ငွေနှင့်မွေ့ တက်မယ်။ မေမေက ပေးမယ်ဆိုပေမယ့် မမစိမ့်က ရှိသေးသည်။ မွေ့အပေါ် အမြင်မစောင်းစေချင်တော့ပေ။ မွေ့ ကိုယ့်ခွန်အားနဲ့ပဲ ကိုယ်ကြိုးစားဖို့ ဆုံးဖြတ်ထားမိသည်။

''သိမ်မွေ့သူနော်''

''ဟုတ်ပါတယ်ရှင်''

''မင်းက ဆယ်တန်းပဲအောင်ထားပြီး ကျန်တဲ့ကွန်ပျူတာတို့ ဘာသာစကားတွေတော့ ဘာမှမတတ်ဘူးပေါ့''

"ဟုတ်ကဲ့ပါ၊ မွေ့နဲ့ထိုက်တန်တဲ့ အလုပ်ပဲပေးပါရှင်၊ မွေ့ ဝင်ငွေရှိလာမှ လိုအပ်တဲ့သင်တန်းတွေ ထပ်တက်ပါ့မယ်"

"ကောင်းပြီလေ မင်းကို ဝန်ထမ်းအကူပဲ ခန့်မယ်၊ မင်းလုပ်နိုင်ရင် လုပ်ပါ သိမ်မွေ့သူ"

"ဟုတ်ကဲ့ပါ၊ ဘယ်အလုပ်မဆို လုပ်ပါ့မယ်၊ ကျေးဇူးအများကြီးတင်ပါတယ်ရှင်"

"မင်းကို တစ်လအစမ်းခန့်မယ်၊ မနက်ဖြန်ပဲ အလုပ်စဝင်တော့နော်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

မွေ့ အလုပ်ရပြီဆိုသဖြင့် ထခုန်မတတ် ပျော်ရွှင်ဝမ်းသာသွားရသည်။ မွေ့ အိမ်မှာ အခန့်သားထိုင်စားနေရင် မမစိမ့်စိတ်ထဲမှာ ပိုပြီးအမြင်စောင်းစရာ ဖြစ်လာနိုင်၏။ ထို့ကြောင့်ပင် မွေ့ အလုပ်ရှာတာပါ။ မေမေက လက်မခံချင်ပေမယ့် မွေ့ကိုယ်တိုင်က အလုပ်ကို ထွက်ရှာနေခဲ့သည်။ မမစိမ့်ကြောင့်ပါ။ မွေ့ကို ညီမတစ်ယောက်ဟုပင် မသတ်မှတ်ထားတဲ့ မမစိတ်တွေ အမြင်ကြည်လင်စေချင်၍ ဖြစ်၏။ အိမ်ရောက်မှ မွေ့ အလုပ်ဆင်းရတော့မည့်အကြောင်း မိသားစုဝင်တွေကို ပြောပြလိုက်သည်။

"ဟဲ့ မွေ့ ညည်းလေး ဒေါ်လေးချိုနှင့် စာအုပ်ဆိုင်မှာ ထိုင်ပေးမယ်ဆို၊ ညည်းအားကိုးနဲ့ ငှားရမှာလေ"

"အင်းပါ ဒေါ်လေးရဲ့၊ မွေ့ ညဘက်တွေမှာ ထိုင်ပေးပါ့မယ်"

"ဟဲ့...မိချို ငါ့သမီးလေးကို နိုင်းချင်တိုင်းမခိုင်းနဲ့လေ၊ အလုပ်လည်းလုပ်ရဦးမယ်၊ နင့်ဆိုင်လည်း ထိုင်ပေးရဦးမှာလား"

"အစ်ကိုကလည်း မိသားစုစီးပွားရေးပဲဟာ မိချိုလည်း အိမ်စရိတ်တွေ ပေးတယ်လေ"

"ဖေဖေကလည်း မွေ့ မပင်ပန်းပါဘူးနော်၊ ဒေါ်လေးချိုလည်း ကူညီရမှာပဲလေ"

"မွေ့နော် မေမေက ပညာပဲသင်စေချင်တာ၊ ညည်းလေးက ဟိုလူ့ငွေ့ညှာ ဒီလူ့ငွေ့ညှာနဲ့ ညည်းလေးအပေါ်တော့ ဘယ်သူမှ ငဲ့ညှာမှာမဟုတ်ဘူးနော်"

ဟိုဟာမလေး မေစိမ့်သူက မျက်နှာကျောကို တင်းနေတာပဲလေ။ မွေ့ကိုလည်း ရန်သူလိုသတ်မှတ်နေတာ။ ဒေါ်ခင်ခင်သွယ်က မိထွေးဆိုတော့လည်း မပြောချင်ပေ။ စိတ်ကောင်းနှလုံးကောင်းထားပေမယ့် တစ်ခါတလေကျတော့လည်း မေစိမ့်သူက ရိုင်းစိုင်း

လွန်းသည်ဟု ထင်မိသည်။ ကိုမောင်မောင်ကလည်း သူ့သမီးကြီးမှ သူ့သမီးကြီး။ ခင်ခင်သွယ်တို့က ယောက်ျားအိမ်မှာ ကပ်နေရသဖြင့် တချို့ကိစ္စတွေ သည်းခံပြီး မသိချင်ယောင်ဆောင်နေရတာပဲဖြစ်သည်။

“မေမေ”

“ဟင်”

“မွေ့ တမင်ပဲ အလုပ်လုပ်ချင်လို့ပါနော်၊ ဘွဲ့တစ်ခုခုရအောင်လည်း မွေ့ကြိုးစားမှာပါ၊ မွေ့ ကိုယ့်ဝင်ငွေလေးနဲ့ ကိုယ်ပဲ ရပ်တည်ချင်တယ်၊ မေမေလည်း ဝင်ငွေမှ မကောင်းတော့တာပဲ၊ အလုပ်တစ်ခုက စောစောဝင်ထားတော့ လုပ်သက်လည်း ပိုရတယ်လေ”

“မေမေကတော့ မွေ့သဘောပါပဲ၊ မေမေ့သမီးလေးကို မျက်နှာမငယ်စေချင်တာပါပဲ”

“ဟဲ့…မိသွယ် နင့်သမီး ဘာများမျက်နှာငယ်ရလို့လဲ၊ အားလုံးက မြှောက်စားထားတဲ့ဟာပဲ၊ ဟိုအမိမဲ့နေတဲ့ ငါ့မြေးကြီးထက် သာချင်နေတာလားအေ့”

“မဟုတ်ပါဘူးအမေ၊ ကိုယ့်သားသမီးအပေါ်မှာ မိခင်

တစ်ယောက်ထားတဲ့ စေတနာမေတ္တာပါနော်”

မေစိမ့်သူကို နည်းနည်းလေးထိတာနှင့် ယောက္ခမကြီးက ဝင်ရောက်ပြောဆိုတတ်သည်။ မြေးချင်းအတူတူတောင် လိမ္မာရေးခြားရှိတဲ့ မြေးအငယ်ထက် ရိုင်းစိုင်းခက်ထန်လွန်းတဲ့ မြေးအကြီးကိုမှ ဦးစားပေးချစ်နေကြသည်။

“သွယ်”

“ရှင်”

“မင်းဆိုင်ဖွင့်ဖို့လုပ်တော့လေ၊ သမီးကြီးနဲ့ပတ်သက်ပြီး ဘာမှမပြောစမ်းပါနဲ့ကွာ၊ ပညာသင်ယူနေတုန်းမို့ပါကွာ”

“ဟင်း အနံ့ကြီးကွင်းကျယ်တွေ”

“သွယ်”

“လာပါမေမေရာ၊ မွေ့လည်း ဆိုင်လိုက်ဖွင့်ပေးမယ်လေ”

“တော်ပြီ ညည်းနေရာတကာဝင်ပါပြီး အနစ်နာခံလိမ္မာပြမနေနဲ့၊ စိတ်ပျက်တယ်မွေ့ရယ်၊ ညည်းကတော့လေ”

မေမေ မကျေမနပ်နှင့် ပွစိပွစိပြောဆိုပြီး ထွက်သွားသည်။ မွေ့အဘွားနှင့် ဖေဖေ့ကိုလည်း ချော့ရသေးသည်။ မွေ့လိမ္မာပြနေတာ မဟုတ်ပါဘူး။ မွေ့က ယဉ်ကျေးသိမ်မွေ့နေတာကပဲ မမစိမ့်ရဲ့

နှိုင်းနှိုင်းဆိုသွမ်းမှုတွေ ပေါ်လွင်နေတာလား။ မွေ့ကတော့ မမစိမ့် အမြင်တွေ မစောင်းစေချင်တာပါပဲ။ အဘွားက မိထွေးပီပီ ကျုပ် မြေးမကြီးကို ကြည့်မရဘူး။ အပြစ်ပဲပြောချင်နေတယ်ဟု ဆူဆူဆောင့် ဆောင့်နေတော့လည်း ဖေဖေက မခံချင်ပေ။ သွယ်က တာဝန်ကျေ တဲ့ မိန်းမပါတဲ့။ သွယ့်ဝင်ငွေနဲ့ပဲ အားလုံးစားသောက်နေကြတာပဲ အမေရယ်ဟု ပြောသည်။

"နင် မိန်းမကို ကြောက်ပြမနေနဲ့နော်၊ ပိုရောင့်တက်မယ်၊ ဒီအိမ်က မြေးမကြီး မေစိမ့်သူရဲ့ အမေနဲ့ပဲဆိုင်တဲ့အိမ်"

"အမေရာ"

ဖေဖေက မေမေ့ရှေ့မှာသာ မျက်နှာသာမပေးတာပါ ကွယ်ရာမှာတော့ မေမေ့အကြောင်း အကောင်းတွေပဲ ပြောဆိုတတ် သည်။ အဘွားကလည်း အမေမဲ့နေတဲ့ မမစိမ့်အပေါ် အကြင်နာပိုခဲ့ တာ မွေ့နားလည်ပါတယ်လေ။ မွေ့ကိုလည်း မမုန်းပါဘူး။ မိသားစု ဝင်တွေအားလုံး စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် နေကြရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ မွေ့ အခန်းလေးထဲ ပြေးဝင် လာခဲ့သည်။ အဘွားနှင့် နှစ်ယောက်နေရတာဆိုတော့ အဘွားပါ မွေ့နှင့် အခန်းလေးထဲဝင်လာခဲ့သည်။

"မြေးမလေး"

"ရှင်အဘွား"

"အဘွားကို နားလည်ပေးစမ်းပါအေ၊ မြေးကြီး မေစိမ့်သူ က မိထွေးနဲ့နေရတယ်ဆိုတဲ့ စိတ်ကြီးနဲ့ အားလုံးကို အမြင်စောင်း နေတာပါကွယ်၊ အဘွားပဲ အားပေးနှစ်သိမ့်ရမယ်လေနော်"

"ဟုတ်ကဲ့ပါအဘွား"

"မြေးကိုလည်း အဘွားချစ်ပါတယ်၊ လိမ္မာလွန်းလို့လေ"

"မွေ့က မိသားစုဝင်တွေ တစ်ယောက်ကိုတစ်ယောက် ချစ်ချစ်ခင်ခင် နေစေချင်တာပါအဘွားရယ်၊ မမစိမ့်ကိုလည်း အစ်မ တစ်ယောက်လို သံယောဇဉ်ရှိနေရပါတယ်လေ၊ တကယ်တော့ မွေ့ အစ်မပါပဲ"

"လိမ္မာလိုက်တဲ့မြေးလေး၊ နားလည်သိတတ်လိုက်တာ ကွယ်"

မွေ့ အလုပ်ဝင်ရတော့မည်ဆိုတော့လည်း စိတ်တွေ လွင့်လွှားနေသလိုပင်။ မွေ့က ရတဲ့အလုပ် လုပ်ချင်သည်။ မမစိမ့်က တော်ရုံတန်ရုံအလုပ်ကို မလုပ်လိုပေ။ ရာထူးကြီးတဲ့ အလုပ်တွေပဲ ရှာနေတော့ အလုပ်က အဆင်မပြေဖြစ်နေရသည်။ ဟိုတလော

က မမစိမ့်မှာ လက်ကိုင်ဖုန်းတွေ ဘာတွေကိုင်ပြီး ယခုတော့ ဘာမှမရှိတော့ပေ။ မမစိမ့်အကြောင်း တွေးမိရင် စိတ်ပူစရာပဲလေ။ မွှေ့က မမစိမ့်ဆန္ဒတွေကို ဖြည့်ဆည်းပေးချင်လိုက်တာ။ မွှေ့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပင် ပြည့်ဝိုင်းလာရသည်။

❈ ❈ ❈

အခန်း (၇)

အလုပ်စဝင်သောနေ့သည် မွှေ့အတွက် အတော်လေး စိတ်လှုပ်ရှားနေပြီး ရင်ထဲမှာ တဒိန်းဒိန်းနှင့် နှလုံးခုန်သံတွေ မြန်နေသည်။ မဖြစ်ပါဘူး မွှေ့ဘာကြောက်နေရတာလဲ။ မွှေ့က ဉာဏ်လည်းထက်တယ်။ သွက်လည်းသွက်တယ်။ ကုမ္ပဏီပိုင်ရှင်တွေက သဘောကျမှာပါလေ။ မွှေ့ ကြိုးစားပြရမယ်။ မွှေ့ ဘာပဲလုပ်ရလုပ်ရပါ။ ကြိုးစားရမယ်။ တကယ်တမ်းကျတော့ မွှေ့လည်း ကုမ္ပဏီပိုင်ရှင်မကြီးတောင် ဖြစ်ချင်တာပါ။ ရည်ရွယ်ချက်တွေကြီးမားတဲ့ မမစိမ့် စိတ်ဆန္ဒတွေကိုလည်း မွှေ့ နားလည်နေမိသည်။ မွှေ့ လှေကားထစ်တွေအတိုင်း ခပ်သွက်သွက်လေး တက်နေမိ၏။ မွှေ့က မန်နေဂျာရဲ့ ကုမ္ပဏီအကူဝန်ထမ်းဖြစ်၍လည်း စောစောစီး

ရောက်စေရန် အပေါ်သို့ အလောတကြီး တက်နေမိသည်။

“အို”

“အင့်”

“ဟာ”

“အမလေး”

လှေကားအကွေ့တစ်ခုတွင် မမျှော်လင့်ဘဲ လူတစ်ယောက်နှင့် ဝင်တိုးမိလေသည်။ မွေ့ခန္ဓာကိုယ်လေးက မထိန်းနိုင်တော့ပဲ ယိုင်ခွေပြိုလဲကျသွားလေရာ တစ်စုံတစ်ယောက်က သူမခန္ဓာကိုယ်လေးအား လက်တွေနှင့် ဖမ်းယူဆီးပွေ့ထားလိုက်၏။ သူမမျက်နှာလေးက လူတစ်ယောက်ရဲ့ ရင်ခွင်မှာ မျက်နှာအပ်သွား၍ ကိုယ်ကိုပြန်မတ်ကာ ထိုသူကို မော့ကြည့်မိတော့ ချောမောခန့်ညားလွန်းသော ယောက်ျားတစ်ယောက် မျက်ဝန်းတွေနှင့် ဆုံမိသွားသည်။

“အမလေး…တောင်းပန်ပါတယ်နော်၊ မွေ့ဘက်က မှားတာပါ၊ မွေ့ နမော်နမဲ့ နိုင်သွားတာပါ”

သူ့ရင်ခွင်ထဲကနေ မွေ့ အထိတ်တလန့်နှင့် ရုန်းထွက်ပစ်လိုက်မိစဉ် ပြန်၍ခွေယိုင်လဲကျတော့မလို ပြန်ဖြစ်သွား၍ မွေ့ကို သူ့လက်တွေနှင့် ပြန်လည်ရစ်သိုင်းပွေ့ဖက်ထားရပြန်သည်။

အမလေး မွေ့ဘာဖြစ်နေရတာလဲ။ အပေါ်ကို အလောတကြီးနှင့် တက်မိသဖြင့် လူတစ်ယောက် ဆင်းလာတာကိုပင် မမြင်ဘဲ ဝင်တိုက်မိခြင်းဖြစ်၏။ မွေ့အမှားပါပဲ။ မွေ့ခန္ဓာကိုယ်လေး ကြောက်စိတ်တွေကြောင့် တုန်ရီလာကာ သူ့ရင်ခွင်ထဲကနေ ရုန်းဖယ်ပစ်ဖို့ပင် အင်အားတွေ ကင်းမဲ့နေရသည်။

“ဟေး…မင်းဘာတွေဖြစ်နေရတာလဲ၊ ဘာဖြစ်လို့ လှေကားကို အလောတကြီး တက်နေရတာလဲအမိ”

“ရှင်”

“ဒုက္ခပါပဲကွာ”

သူမစိတ်တွေကို ထိန်းချုပ်လိုက်ပြီး သူ့ရင်ခွင်မှ ရုန်းဖယ်ပစ်လိုက်မိသည်။ ကြောက်စိတ်တွေနှင့် ဒူးလေးတွေပင် တဆတ်ဆတ်တုန်ရီလာရ၏။ သူ့ကိုမော့မကြည့်ရဲတော့။ ရှက်လိုက်တာ မွေ့ရယ်။ အလုပ်စဝင်ရတဲ့နေ့ဖြစ်နေလို့ စိတ်တွေလှုပ်ရှားနေရတဲ့ အထဲမှာ အမှားအယွင်းတွေနှင့် စတင်ခဲ့သည်။

“ဟော့…မင်းက မနေ့က အင်တာဗျူးဖြေရပြီး ကုမ္ပဏီ ဝန်ထမ်းအကူအဖြစ် ခန့်လိုက်တဲ့ ကောင်မလေးမဟုတ်လား၊ မင်းနာမည် သိမ်မွေ့သူလေ”

"ရှင်"

"မင်းကိုယ့်ကိုမသိဘူးလား၊ မင်းကိုအလုပ်ခန့်ဖို့ အင်တာဗျူးလုပ်တဲ့ အဖွဲ့ထဲမှာ ကိုယ်လည်းပါတာပဲ"

"ဟင့်အင်း ကျွန်မလုံးဝမမှတ်မိဘူး၊ အဲဒီနေ့ ကျွန်မ ကြောက်ပြီး လူတွေကိုတောင် သတိမထားမိလိုက်ဘူး"

"မင်းက တော်တော်ရုပ်ပလာနိုင်တဲ့ ကောင်မလေးပဲ၊ သွားတော့"

"ဟုတ်ကဲ့"

သူထွက်သွားသည်။ မွေ့က ကျန်ရစ်ခဲ့ပြီး ရုတ်တရက် ခြေလှမ်းတွေက လှေကားထစ်တွေကို လှမ်းတက်လို့မရသေးဘဲ တုန်ရီချွေယိုင်ချင်နေရ၏။ သူဘယ်သူလဲ ကုမ္ပဏီပိုင်ရှင်များလား။ ဘုရားရေ အလုပ်ခန့်မည့် လူတွေကို စစ်ဆေးမေးမြန်းတဲ့အဖွဲ့မှာ ပါတယ်ဆိုတော့ ဟုတ်သားပဲ သူကအဖွဲ့ဝင်တွေထဲမှာ ငယ်ရွယ်နုပျိုပြီး လူချောလူခန့်တစ်ယောက်ပဲဟု မွေ့တောင်တွေးမိနေသေးတယ်။ ဒါပေမယ့် နောက်ပိုင်းစိတ်တွေလှုပ်ရှားလွန်းပြီး အရာအားလုံးကို မေ့သွားရတာပါ။ သူမ လှေကားထစ်တွေအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့မိသည်။

"မင်း သိမ်မွေ့သူလား"

"ဟုတ်...ဟုတ်ပါတယ်"

"မင်းဘာလို့ ကြောက်နေတာလဲ၊ မင်းကိုကြည့်ရတာ အသားတွေတောင် တုန်ရီနေသလိုပဲ"

"ရှင်"

"ထိုင်"

"ဟုတ်ကဲ့"

"မင်းအကူလုပ်ရမယ်၊ မင်းအထက်က မန်နေဂျာမက အလုပ်ထွက်သွားတယ်လေ"

"ရှင်"

"ဒီမနက်မှ ရုတ်တရက် ထွက်စာတင်တာ၊ လောလော ဆယ်တော့ မင်း ဒီစားပွဲမှာပဲထိုင်ရမယ်၊ အခန်းထဲမှာရှိနေတဲ့ ကုမ္ပဏီ ပိုင်ရှင်က မင်းကိုခိုင်းရင် လုပ်ပေးရမယ်"

"ဟုတ်ကဲ့"

"အခုတော့ ကုမ္ပဏီပိုင်ရှင်က အောက်ခဏဆင်းသွား တယ်၊ မင်း ဒီစားပွဲမှာပဲထိုင်နေ"

"ဟုတ်ကဲ့"

“မင်းမှာ မန်နေဂျာတစ်ယောက်မှာ ရှိသင့်တဲ့ အရည်အချင်းတွေရှိနေရင် တကယ်ကောင်းမှာပဲ၊ ရုပ်ရည်က ချောလွန်းတယ်လေ”

“ရှင်”

အလုပ်သမားနေရာ ချထားရေးက လက်ထောက်မန်နေဂျာမကြီးက ပြောပြီးထွက်သွားသည်။ သူမတစ်ယောက်တည်း ထိုင်နေမိ၏။ ကုမ္ပဏီပိုင်ရှင်က ဘယ်လိုလူမျိုးလဲ။ သဘောအရမ်းကောင်းရဲ့လားမသိပါဘူး။ ကုမ္ပဏီပိုင်ရှင်သူဌေးဆိုတာ ဟိုလူများလား။ အမလေး ဒုက္ခပါပဲ။ မွေ့ကို တော်တော်ရုပ်ပလာနိုင်တဲ့ ကောင်မလေးပဲလို့ ပြောသွားတာ သူမစားပွဲမှာ ကျောက်ရုပ်လေးတစ်ရုပ်ကဲ့သို့ ထိုင်နေမိသည်။ မွေ့ ကြောက်ရွံ့နေပြီး ပတ်ဝန်းကျင်မှာလည်း လူကမရှိ။ အလုပ်ရှင်သူဌေး ပြန်ဝင်လာမှာကိုလည်း ရင်တွေထိတ်ပြီး ခေါင်းလေးငုံ့ကာ ကြမ်းပြင်ဆီပဲ စိုက်ကြည့်မိနေသည်။

“ကလင်”

“အမေ့”

“ကလင်…ကလင်”

ဒီအသံက အတွင်းခန်းတွင်းမှ လူခေါ်ဘဲလ်သံဖြစ်သည်။ စောစောက လက်ထောက်မန်နေဂျာမကြီးက လူခေါ်ဘဲလ်သံမြည်တာနှင့် အခန်းထဲဝင်ရမယ်တဲ့။ မွေ့ ခေါင်းထောင်ထပြီး အခန်းထဲမှာမှ လူမရှိတာပဲ။ အလုပ်ရှင်သူဌေးက အပြင်ထွက်သွားသည်တဲ့ ပြန်ဝင်လာတာလည်း မတွေ့သေးပါဘူး။ ဘယ်လိုဖြစ်ရတာလဲ။ လူမရှိတဲ့အခန်းထဲ လူခေါ်ဘဲလ်သံမြည်နေသည်။

“ကလင်…ကလင်”

“ကလင်”

သရဲပဲခြောက်တာလား။ လူမရှိတဲ့အခန်းထဲကနေ ဘယ်သူက လူခေါ်ဘဲလ်ကို နှိပ်နေတာလဲ။ စောစောကပဲ အထဲမှာလူမရှိသေးဘူး။ ကုမ္ပဏီပိုင်ရှင် အပြင်ထွက်သွားသည်တဲ့ မင်းဒီမှာပဲထိုင်နေပါ။ သူပြန်ဝင်လာလိမ့်မယ်တဲ့။ မတွေ့ပါဘူး။ ဘယ်သူမှ အခန်းထဲပြန်မဝင်လာသေးဘူး။ ဘယ်လိုဖြစ်ရတာလဲ။ သရဲခြောက်တာပဲနေမှာပါ။ လူခေါ်ဘဲလ်သံက ပီပီသသကြီး ကြားလိုက်ရတာပဲဖြစ်သည်။

“ကလင်…ကလင်”

“ကလင်…ကလင်”

"ဟင်"

အသံက ပို၍ပင် ကျယ်လောင်လာတော့သည်။ မွေ့ဆတ်ခနဲထလိုက်မိ၏။ အတွင်းမှာ လူမရှိဘဲနှင့် လူခေါ်ဘဲလ်က ဘာဖြစ်လို့ မြည်နေရတာလဲ။ သူမအပြင်ဘက်ကို ထွက်ပြေးဖို့ စဉ်းစားမိသွားရသည်။

"ဟော့"

"အမလေး…သရဲ"

"တိတ်စမ်း ဘာဖြစ်လို့ အသံပြဲကြီးနဲ့ အော်နေရတာလဲ၊ ပတ်ဝန်းကျင်ကလူတွေကြားပြီး အထိတ်တလန့်ဝင်လာကြဦးမယ်"

ကောင်မလေး ထွက်ပြေးတော့မည့်ဟန် မြင်တွေ့လိုက်ရတဲ့ မိုးတိမ်စံလက်တွေက ကောင်မလေးအား ဖမ်းဆွဲထားမိပြီး ပါးစပ်ကို ပိတ်ထားလိုက်သည်။ သူမက ကြောက်ရွံ့တုန်လှုပ်စွာ မျက်လုံးပြူးလေးနှင့် ကြည့်နေ၏။ ခန္ဓာကိုယ်လေးက တဆတ်ဆတ်တုန်ရီနေဆဲပင်။ အတော်ကြာမှ ကောင်မလေးအား သူလွှတ်ပေးလိုက်မိသည်။

"ဟော့…မင်းက ကိုယ့်ရဲ့မန်နေဂျာကို ကူညီဖို့ ကုမ္ပဏီအကူဝန်ထမ်း မဟုတ်လား"

"ဟုတ်…ဟုတ်ပါတယ်"

"ဒီမှာ လူခေါ်ဘဲလ်ကို အဆက်မပြတ်တီးနေတာတောင် မင်းဘာဖြစ်လို့ ဝင်မလာရတာလဲ"

"သရဲခြောက်တယ်ထင်လို့ပါ"

"ဘာကွ"

"ဟို…ဟိုလေ စောစောက ကျွန်မကို ဒီမှာလာထားတဲ့ ကုမ္ပဏီလက်ထောက် မန်နေဂျာမကြီးက အထဲမှာ ပိုင်ရှင်သူဌေး မရှိသေးဘူးတဲ့၊ အဲဒါ လူခေါ်ဘဲလ်သံမြည်လာတော့ လူမရှိဘဲ မြည်လာတယ်ဆိုပြီး သူရဲခြောက်တာလို့ ထင်မိလို့ပါ"

"ဒုက္ခပါပဲကွာ ဒီအခန်းထဲကို ကိုယ်ဝင်သွားတာ မင်းမသိဘူးမဟုတ်လား၊ ခေါင်းကြီးအောက်ငုံ့ပြီး ဘာတွေစဉ်းစားနေမှန်းမသိတာ၊ မင်းတော်တော် တာဝန်မကျေပွန်တဲ့ ကောင်မလေးပဲ၊ အလုပ်ရှင်ဝင်သွားတာတောင် မသိဘူး"

"ရှင်"

"စောစောကပဲ ကိုယ် မင်းရှေ့ကဖြတ်ပြီး ဒီအခန်းထဲဝင်သွားတာလေ"

"ဟင်"

မွေ့ ခေါင်းငုံ့ပြီး အတွေးချော်နေတာပဲ။ စောစောက လောကားအတက်မှာ တိုက်မိတဲ့သူအကြောင်း စဉ်းစားပြီး အတွေး နက်သွားတာပဲ။ သူမနှင့် မွေ့ ထင်ထားဟဲ့အတိုင်းပဲ သူမနှင့် လောကားအကွေ့တွင် ဝင်တိုက်မိသူဖြစ်နေသည်။ မွေ့ ဘာတွေဖြစ် နေရတာလဲ။ အလုပ်စဝင်ဝင်ချင်းပဲ အလွဲလွဲအမှားမှားတွေပဲ ဖြစ်နေ သည်။

"ဟော့"

"ရှင်"

"မင်းစိတ်တွေ ပုံမှန်ဖြစ်ပြီလား၊ အင်တာဗျူးမှာ မင်းကို သွက်လက်ချက်ချာပြီး တာဝန်ကိုကျေကျေပွန်ပွန် ထမ်းဆောင်နိုင် မယ့် ကောင်မလေးလို့ ထင်ထားတာ၊ အခုတော့"

"ဟို…ဟို ကျွန်မ တောင်းပန်ပါတယ်နော်၊ နောက် ဒီလိုမဖြစ်စေရပါဘူး၊ ကျွန်မတာဝန်ကို ကျေပွန်အောင် ထမ်းဆောင် ပါ့မယ်၊ ခိုင်းကြည့်ပါဦးနော်"

မွေ့ ကပျာကယာနှင့် အလုပ်ရှင်ကို တောင်းပန်နေမိသည်။ သူ့မျက်နှာက အလိုမကျသလို ရှုတင်းတင်းကြီး ဖြစ်နေသေး၏။ မွေ့ ဒီနေ့ပဲ အလုပ်စဝင်တာ ဒီနေ့ပဲ အထုတ်ခံရမယ်ဆိုတာ မဟုတ်

သေးပါဘူး။ မွေ့ အံနှုးအညွတ် တောင်းပန်နေမိသည်။

"ကောင်းပြီလေ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ် သိမ်မွေ့သူ၊ မင်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါ၊ ကော်ဖီ တစ်ခွက်ဖျော်ခဲ့ပါ"

"ဟုတ်ကဲ့"

သူပြန်ဝင်သွားမှ မွေ့ အသက်ကို ရဲရဲရှူရှိုက်တော့သည်။ ဖြစ်မှဖြစ်ရလေ မွေ့ရယ်။ ဟုတ်ပါတယ်လေ မွေ့ဟာ ကြောက်စရာ ဘာရှိလို့လဲ။ မွေ့ကို ခဏအစမ်းခန့်ထားတာဆိုတော့ အလုပ်ရှင် သဘောကျစေရန် မွေ့ကြိုးစားရမည်ဟု သူမကိုယ်သူမ အားပေး နေရလေသည်။

❊ ❊ ❊

အခန်း (၈)

"ကော်ဖီပါရှင်"

"ထားခဲ့"

"ဟုတ်ကဲ့"

မျက်နှာကျောကြီးတင်းနေတဲ့ ဦးမိုးတိမ်စံကို မွှေ့လည်း အမြင်ကတ်နေမိလေသည်။ မလွဲသာမရှောင်သာလို့သာ အလုပ်လုပ်နေရတာပါ။ မွှေ့လည်းတာဝန်ကျေအောင် လုပ်ရမယ်။ မွှေ့ ဆေးတက္ကသိုလ် တက်ချင်တာပါ။ မေမေက ထားပေးမယ်ဆိုပေမဲ့ ခက်ခဲကြမ်းတမ်းမယ်ဆိုတာ မွှေ့သိသည်။ မေမေ့ဆိုင်ရဲ့ဝင်ငွေ ဘာရှိတာမို့လို့လဲ။ မိသားစု စားဝတ်နေရေးပင် အနိုင်နိုင်။ မွှေ့က ဒီတော့ မေမေစိတ်ပင်ပန်းမှာစိုး၍ သူမစိတ်ဆန္ဒတွေကို မဖော်ပြဘဲ

နေခဲ့သည်။

"မေမေ့သမီးလေးက လိမ္မာပြီး စာလည်းတော်တယ်၊ ကြိုးလည်းကြိုးစားတယ်၊ သမီးလေးအဓိကပဲ၊ သင်းတို့တွေအားလုံး ကိုယ့်အားကိုယ်ကိုး ရှာစားကြပေါ့၊ အလုပ်မလုပ်တဲ့ ယောကျ်ားကို လည်း ကွာရှင်းသင့်ရင် ကွာရှင်းမှာပဲလေ"

"မေမေ"

"မွှေ့ ညည်းဆေးတက္ကသိုလ်ပဲတက်၊ အမှတ်တွေ ကောင်းတယ်လေ၊ ဘယ်သူ့အတွက်မှ အနစ်နာမခံစမ်းပါနဲ့အေ"

မေမေ့ကို အလုပ်လုပ်ဖို့ပင် အတော်လေးပြောယူရသည်။ မွှေ့ ကျောင်းမဖွင့်ခင်အထိ အလုပ်လုပ်ပါရစေဆို၍ မေမေက ပြောဆိုတားဆီး၍ မရသည့်အဆုံး ခွင့်ပြုလိုက်ရခြင်းဖြစ်၏။ မွှေ့က အကူဝန်ထမ်းဟု မပြောဘဲ လက်ထောက် မန်နေဂျာရာထူးဟု ပြောထား၍ မေမေက လက်ခံလိုက်ခြင်းဖြစ်သည်။

"ကလင် ကလင်"

"ကလင်"

သူမ အပြေးအလွှားနှင့် ကုမ္ပဏီဥက္ကဋ္ဌ အခန်းထဲ ဝင်သွားသည်။

"မင်းဖျော်လာတဲ့ ကော်ဖီကို မင်းပြန်သောက်ကြည့်စမ်း သိမ်မွေ့သူ"

"ရှင်"

"အရမ်းချိုရဲနေတာပဲ၊ မင်းသောက်ကြည့်ပါဦး"

"ဟုတ်ကဲ့၊ ကျွန်မ ပြန်ပြီးဖျော်ပေးပါ့မယ် ဆရာ"

"ပြန်ယူသွား၊ ထပ်လည်းမဖျော်နဲ့တော့၊ မင်း တော်တော် အသုံးမကျတဲ့ ကောင်မလေးပဲ"

"ဟုတ်ကဲ့"

"ဘာဟုတ်ကဲ့လဲ"

"ရှင်"

"ဘာရှင်လဲ"

"အောင်မလေး"

"ဘာဖြစ်တာလဲ"

"ဘယ်လိုပြောရမှန်းမသိလို့ အော်လိုက်တာ"

"သွားတော့"

"ဟုတ်ကဲ့"

သူမ ကော်ဖီခွက်လေးကို လှမ်းယူဖို့ကြည့်လိုက်တော့

ကော်ဖီခွက်ထဲမှာ ကော်ဖီက တစ်စက်လေးတောင် မရှိတော့ပေ။ သူ သောက်လိုက်တာပဲ။ ဒါနဲ့များ အပြစ်မရှိ အပြစ်ရှာချင်တယ်။ မေ့လည်း ကံဆိုးပါတယ်။ ဤမျှ သိက္ခာကြီးကြီးနဲ့ နေထိုင်တတ်တဲ့ မေ့တစ်ယောက် ကုမ္ပဏီဥက္ကဋ္ဌနှင့် ဝင်တိုးမိသွားရတယ်လို့။ ရုပ်ပလာမလေးလို့ထင်ပြီး မေ့အပေါ် အမြင်မကြည်လင်နေတာများလား။ မေ့ အလုပ်လုပ်ချင်တယ်။ ဝင်ငွေရှိချင်တယ်။ ဆေးတက္ကသိုလ်လည်း တက်နိုင်တဲ့ အမှတ်မီပေမယ့် မေ့ ကိုယ်တိုင် လည်း တက်ချင်တဲ့ဆန္ဒတွေရှိပေမယ့် မတက်နိုင်တော့လည်း တက်ဖို့ဘဲ ဆုံးဖြတ်ထားလိုက်သည်။

"ကလင် ကလင်"

"ကလင်"

"အမလေး ခေါ်ပြန်ပြီ၊ ဘာတွေများ ပြဿနာရှာဦးမလဲ ...ပါဘူး"

မေ့ ဘုရားတရားတပြီး အခန်းထဲ ဝင်လာခဲ့မိသည်။ ... မေ့ကိုမကြည့်ဘဲ စာတွေဖတ်နေ၏။ မေ့လည်း ဘာပြဿနာ ...လဲဆိုပြီး ငြိမ်သက်စွာ ရပ်နေမိသည်။ အချိန်ကြာသွား၏။ ... အသံပြုလိုက်ရင် ကောင်းမလားပဲ။ သူ့အလုပ်ကိစ္စတွေမှာ

စိတ်ဝင်စားနေတာထင်တယ်။ မွေ့ အသံမပြုရဲသေးဘဲ သူ့ ဆတ်ခနဲမော့ကြည့်ပြီး မွေ့ ရပ်နေတာ မြင်လိုက်တော့ မျက်လုံးပြူးပြီး ငြိမ်ကြည့်နေ၏။ မွေ့ပင် အထိတ်တလန့် ဖြစ်သွားရသည်။

"ဟော့ မင်း ဘာရပ်လုပ်နေတာလဲ၊ အသံမပေး ဘာမပေးနဲ့၊ ဘာကိစ္စ ဒီရှေ့မှာ လာရပ်နေတာလဲ"

"ရှင်"

"ဘာရှင်လဲ"

"ဟို ဟို ဆရာပဲ ကျွန်မကို ဝင်လာဖို့ လူခေါ်ဘဲလ်ကို နှိပ်လိုက်တာပဲ မဟုတ်လား"

"မခေါ်ဘူး"

"ရှင်"

"မင်းကို ငါ မခေါ်ဘူး၊ အလုပ်မရှိဘဲ မင်းကို ကိုယ်က ဘာဖြစ်လို့ခေါ်ရမှာလဲကွ၊ မင်း အကူပဲ၊ ကော်ဖီဖျော်၊ ဟိုနားဒီနားခိုင်း၊ သန့်ရှင်းရေးပဲ လုပ်လို့ရမယ်"

သူပဲ လူခေါ်ဘဲလ်တီးပြီး ခေါ်လိုက်တာ မွေ့နားနဲ့ ဆတ်ဆတ်ကြားလိုက်တာပဲ၊ မွေ့ပဲ နားကြားလွဲတာလား၊ မဖြစ်နိုင်ပါဘူး။ သူပဲ လူခေါ်ဘဲလ်တီးလိုက်ပြီးတော့ မွေ့ကို အပြစ်မရှိ

အပြစ်ရှာနေတာပဲထင်တယ်။ မွေ့လည်း သူနဲ့မျက်နှာချင်း မဆိုင်ချင်ပါဘူး။ သူ့ရင်ခွင်ထဲမှာ ပွေ့ဖက်ခံထားရတဲ့အဖြစ်ကို မွေ့ တွေးပင်မတွေးရဲ။ အခုလည်း မွေ့ကို သူ့အခန်းထဲ တမင်အကြောင်းရှာလာသည်ဟု ထင်မှာစိုး၍ မွေ့ ရှင်းပြရမည်ဖြစ်သည်။

"ဆရာ"

"ဘာလဲ"

"ကျွန်မ တကယ်ပဲ ဆရာ့အခန်းထဲက လူခေါ်ဘဲလ်သံ ကြားလာလို့ အထဲဝင်လာတာပါ"

"မင်းကို ဘယ်သူက ရှင်းပြခိုင်းလို့လဲ"

"မဟုတ်ပါဘူး၊ ကျွန်မ တမင်အကြောင်းရှာပြီး ဝင်လာတာ မဟုတ်ကြောင်း ရှင်းပြတာပါ"

"သွားတော့"

"ဆရာ တကယ်ပဲ လူခေါ်ဘဲလ်ကို တီးလိုက်တာပါ"

"သိမ်မွေ့သူ"

"ရှင်"

"မင်းက တော်တော်ယဉ်ကျေးမှုမရှိတဲ့ ကောင်မလေးပဲ၊ ကိုယ်နဲ့ ဘာဖြစ်လို့များ ယှဉ်ပြိုင်ချင်နေရတာလဲ၊ ကိုယ်က မှားပြီး

တီးလိုက်တယ်၊ မင်း ကျေနပ်ပြီလား''

''ရှင်''

''သွားတော့''

''ဟုတ်ကဲ့''

သိမ်မွေ့သူ ထွက်သွားတာကို သူ နောက်မှကြည့်နေမိသည်။ သူ့စိတ်တွေ ဘာဖြစ်နေရတာလဲ မသိတော့ဘူး။ သူ့ရင်ခွင်ထဲ ပြိုလဲကျလာတဲ့ ကိုယ်လုံးအိအိလေးကို သူ့လက်တွေနှင့် ပွေ့ဖက်ထိန်းထားလိုက်မိတဲ့အဖြစ်အပျက်တွေကို မေ့ပစ်လို့မရပေ။ သတိရနေသည်။ သူ ဒေါသဖြစ်နေရ၏။ ဘာဖြစ်လို့ ဒီလိုကောင်မလေးမျိုးနဲ့မှ လာဆုံနေရတာလဲ။ သိမ်မွေ့သူရဲ့ မျက်နှာလေးနှင့် သူ့မျက်နှာ နီးကပ်စွာ အပ်မိသွားသည်။ မျက်ဝန်းတောက်တောက်လေး။ သူ ဘယ်တော့မှ မိန်းကလေးတွေနဲ့ ပတ်ပတ်သက်သက် မရှိခဲ့ဘူးလေ။ သိမ်မွေ့သူရဲ့ မျက်နှာလေးကိုမှ သူ ဘာဖြစ်လို့များ မေ့ပစ်လို့မရ ဖြစ်သွားရတာလဲ။ စောစောကလည်း သူ ကယောင်ကတမ်းနှင့် လူခေါ်ဘဲလ်ကို တီးမိလိုက်သည်။ ရိုးသားဖြူစင်တဲ့ မာနမျက်ဝန်းလေး။ ဒီကောင်မလေးကို သတိမရချင်ပါဘူး။ သူက သူ့ဂုဏ်သိက္ခာနဲ့ သူ ကိုယ်ကျင့်တရား

ကို တန်ဖိုးထား ထိန်းသိမ်းတတ်သူပဲ။ သူ့စိတ်အာရုံထဲမှာ လွှမ်းမိုးနေတဲ့ သိမ်မွေ့သူဆိုတဲ့ ကောင်မလေးအား ဖယ်ထုတ်ပစ်လိုက်သည်။

''ဥက္ကဋ္ဌ''

''ဟင်''

''အတွင်းရေးမှူးခန့်ထားဖို့ အင်တာဗျူးရှိပါတယ်''

''ဟုတ်လား''

''မနေ့ကတည်းက ကျွန်တော် အသိပေးထားပါတယ်''

''ကောင်းပြီလေ၊ အခု စတော့မှာလား''

''ဟုတ်ကဲ့''

''ကိုယ် လာခဲ့ပါ့မယ်''

လက်ထောက်မန်နေဂျာ သတိလာပေးမှ သူ့အတွင်းရေးမှူးရာထူးအတွက် အင်တာဗျူးဖြေဖို့ သူ လူတွေ့စစ်ဆေးရမှာ သတိရလာသည်။ သူ အခုတလော အရာရာကို သတိမေ့ချင်နေ၏။ ဒီကောင်မလေးကြောင့်ပဲ။ သိမ်မွေ့သူနှင့် ဝင်တိုးမိတဲ့ အဖြစ်အပျက်တွေပဲ။ သူ့စိတ်ကို လွှမ်းမိုးနေခဲ့သည်။ မေ့ပစ်ရမယ်။ ကိုယ့်လက်အောက်ငယ်သား နိမ့်ကျတဲ့ ကောင်မလေးတစ်ယောက်ကို ဒီလောက်အထိ သတိတရဖြစ်နေစရာ အကြောင်းမှမရှိတာပဲ။ သူ

အပြင်ထွက်လာခဲ့သည်။ သူ့ကိုမြင်တော့ သိမ်မွေ့သူက ကပျာကယာ မတ်တတ်လေး ထရပ်လိုက်တော့ ခုံကိုတိုက်မိပြီး ခုံက ဝုန်းခနဲ ပြိုကျသွားတော့သည်။

“ဝုန်း”

“အမလေး”

သိမ်မွေ့သူ လဲပြိုသွားမလိုဖြစ်တော့ သူ လှည့်၍ပင် မကြည့်တော့ဘဲ ရှေ့ဆက်လျှောက်လာခဲ့သည်။

“အား ကျွတ် ကျွတ်”

ညည်းတွားသံလေးကို ကြားလိုက်ရတော့ သူ့စိတ်တွေက ပူပင်သွားရသည်။ ပြန်လှည့်ကြည့်ဖို့ စဉ်းစားမိသေးသည်။ မကြည့်တော့ပါဘူး။ ဒီလိုကောင်မလေးမျိုးကို အရာရာ အစစ အရောတဝင် မနေတာ အကောင်းဆုံးပါပဲလေ။ လုံးဝ မပတ်သက်မိအောင် နေရမယ်။ နိမ့်ကျလွန်းတဲ့ ကောင်မလေးက သူ့အပေါ်လွှမ်းမိုးနေတာမျိုး အဖြစ်မခံနိုင်ပေ။ အစကတည်းက ခပ်ပြတ်ပြတ် အရောတဝင် မနေတာဘဲ အကောင်းဆုံးဟု ဆုံးဖြတ်ပြီး အင်တာဗျူး စစ်ဆေးမည့် အခန်းထဲဝင်လာခဲ့မိသည်။

“သိမ်မွေ့သူ ထနိုင်ရဲ့လား၊ ဘယ်လိုဖြစ်ရတာလဲဟယ်”

“ဟို ဟို ဥက္ကဋ္ဌထွက်လာလို့ အရိုအသေပေးမလို့ပါနော်၊

ထလိုက်တာ၊ ခုံနဲ့တိုက်မိပြီး လဲသွားတာပါ”

“ထနိုင်ရဲ့လား”

“နည်းနည်းတော့ နာသွားတယ်၊ ရပါတယ်၊ ဒုက္ခပါပဲနော်၊ မွေ့ ဘယ်လိုဖြစ်ပြီးများ ဥက္ကဋ္ဌရှေ့မှာ အလွဲလွဲအချော်ချော်တွေ ဖြစ်နေရတာလဲ”

လက်ထောက်မန်နေဂျာက မွေ့ကို လာရောက်ထူပေးသည်။ တောတော်လေး နာသွားတာပဲ။ ရုတ်တရက်ပင် မထနိုင်။ ဥက္ကဋ္ဌက မာနတွေကြီးလိုက်တာ။ မွေ့ကို လှည့်ပင်မကြည့်။ အင်းလေ မွေ့က ဆင်းရဲနွမ်းပါးပြီး နိမ့်ကျတဲ့ မိန်းကလေးပဲ။ မွေ့ကလည်း မွေ့ပဲ။ ဘာဖြစ်လို့များ သူ့ရှေ့ရောက်မှ အလွဲလွဲအချော်ချော် ဖြစ်နေရတာလဲ။ မွေ့ ဣန္ဒြေသိက္ခာမရှိတဲ့ မိန်းကလေးဖြစ်နေရသည်။ သူ့အကြည့်တွေက အဖက်မတန်သလို အထင်သေးတဲ့ မျက်ဝန်းအကြည့်တွေပါပဲ။ မဖြစ်ဘူး၊ နောက်ဆို မွေ့ ဆင်ဆင်ခြင်ခြင် နေမှဖြစ်မယ်။ မွေ့ အလုပ်ကနေ ထွက်ရလို့ မဖြစ်သေးပါဘူး။ မမစိမ့်က မွေ့အပေါ် အမြင်စောင်းနေတာမျိုးတွေ မဖြစ်စေချင်ပေ။ မွေ့ ထိုင်စားနေမယ်၊ ဆေးတက္ကသိုလ်တက်မယ်ဆိုရင် မမစိမ့်က ပိုပြီးအမြင်စောင်းမည်ဖြစ်သည်။

''သိမ်မွေ့သူ''

''ရှင်''

''ရရဲ့လား''

''ဟုတ်ကဲ့''

''တော်သေးတာပေါ့အေ''

''ရပါပြီ မမရယ်၊ ကျေးဇူးတင်ပါတယ်နော်''

မွေ့ ငိုချင်စိတ်တွေပင် ဖြစ်ပေါ်နေရသည်။ မျက်ဝန်းလေးထဲမှာ မျက်ရည်တွေ ပြည့်ဝိုင်းလာရ၏။ မွေ့ ဘာဖြစ်လို့များ ဒီလိုအဖြစ်မျိုးတွေနဲ့ ကြုံတွေ့နေရတာလဲ။ မွေ့ နည်းနည်းတော့ နာကျင်သွားပြီး ထိုင်ခုံမှာ ထိုင်ရတာပင် နာကျင်နေသည်။

''မင်းဟာ တော်တော် နမော်နမဲ့နိုင်တာပဲ''

မွေ့က ကုမ္ပဏီမှာ အစမ်းခန့်ထားတဲ့ ဝန်ထမ်းပါ။ မွေ့ အမှားမှား အယွင်းယွင်းတွေပဲ ဖြစ်နေရသည်။ အလုပ်ရှင်က မကြိုက် ရင် ဒုက္ခပါပဲ။ မမစိမ့် အမြင်ရှင်းအောင် ကျေနပ်အောင် မွေ့ အလုပ်လုပ်နေမှ ဖြစ်မှာပါ။ မွေ့ ရင်ထဲမှာလည်း နာကျင်စူးရှ ရပါသည်။

❊ ❊ ❊

အခန်း (၉)

''မင်းနာမည်က မေစိမ့်သူနော်''

''ဟုတ်ပါတယ်''

မေစိမ့်သူ တဲ့။ သူ့အကူဝန်ထမ်း သိမ်မွေ့သူနှင့် နာမည်က တူနေတာပါလား။ ရုပ်ကလည်း ဆင်တူနေသည်။ ဒါပေမဲ့ မေစိမ့်သူက ပညာတတ် ဂုဏ်သရေရှိ အသိုင်းအဝိုင်းကပဲ ဖြစ်နေသည်။ နိုင်ငံခြား ဘာသာစကားကို တတ်ကျွမ်း၏။ ရုပ်ရည်ရော မေစိမ့်သူမှာ အပြစ်ပြောစရာမရှိပေ။ သွက်လက်ချက်ချာပြီး ထက် မြက်မည့် မိန်းကလေးတစ်ယောက်ပဲ။ သူမရဲ့ကိုယ်ရေးရာဇဝင်ကို သူ သေသေချာချာ လေ့လာနေမိသည်။

''မင်းက နယ်ကနော်''

"ဟုတ်ကဲ့ပါ"

"ဒီမှာ"

"စိမ့်က သူငယ်ချင်းတွေနဲ့အတူတူ တိုက်ခန်းတစ်ခန်း ငှားနေပါတယ်"

"မင်းမိဘတွေက ငွေကြေးပြည့်စုံသားပဲ၊ ဘာဖြစ်လို့ ဒီအလုပ်ကို ဝင်လုပ်ချင်ရတာလဲ မေစိမ့်သူ၊ တကယ်ဆို မင်းက ကုမ္ပဏီပိုင်ရှင်ဖြစ်သင့်တယ်လေ"

"စိမ့် လေ့လာချင်လို့ပါ ပညာသင်ချင်တာပါ၊ အောက်ခြေကနေ စလုပ်ချင်တဲ့သဘောပါ"

"ဒီလိုမျိုးလား"

ကြိုးစားချင်တဲ့သူတွေကို မိုးတိမ်စံက အကူအညီပေးချင်မိသည်။ မေစိမ့်သူကို ရွေးချယ်ဖို့ ဆုံးဖြတ်လိုက်၏။ အဖွဲ့ဝင်တွေကလည်း မေစိမ့်သူအား ရွေးချယ်ဖို့ ဆုံးဖြတ်ကြသည်။

"မေစိမ့်သူ"

"ရှင်"

"မင်းကို ရွေးချယ်တယ်"

"ရှင်"

"မနက်ဖြန် အလုပ်ဆင်းလို့ရပြီလေ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်နော်"

မေစိမ့်သူ ထခုန်ပစ်လိုက်ချင်အောင် ဝမ်းသာမိပေမယ့် အိုက်တင်အပြည့်နှင့် နှုတ်ခမ်းသားပေါ်မှာ အပြုံးလေးပဲရှိနေသည်။ သူမရဲ့ကိုယ်ရေးရာဇဝင်မှာ မိဘတွေက ဂုဏ်ဒြပ်ရှိသော လူချမ်းသာတွေဟုပဲ ဖြည့်ထားခဲ့သည်။ နယ်မှာ ချမ်းသာကြွယ်ဝစွာ နေထိုင်ကြသူတွေအဖြစ် ထည့်သွင်းထား၏။ ဘာဖြစ်လဲ စိမ့်လိုချင်တဲ့ အတွင်းရေးမှူးရာထူးပဲ။ ကိုယ်ရေးရာဇဝင်ထဲမှာ သူမကို အထင်ကြီးစေရန် ဖြည့်ထားခဲ့သည်။ စိမ့်ဘဝကိုတော့ အမြင့်မားဆုံးဘဝရောက်အောင် မမှန်တဲ့နည်းလမ်းနဲ့ပဲဖြစ်စေ၊ မမှန်တဲ့နည်းလမ်းပဲဖြစ်စေ လုပ်ယူရမှာပဲလေ။ ပြီးတော့ စိမ့်ဖြစ်ချင်တဲ့ ဆန္ဒတွေပဲ။ ကုမ္ပဏီပိုင်ရှင် ဥက္ကဋ္ဌက ချောမောခန့်ညားလွန်းသည့် ယောက်ျားတစ်ယောက် ဖြစ်နေသည်။ စိမ့် အဖြစ်ချင်ဆုံး အခြေအနေပဲလေ။

စိမ့်က ငယ်ငယ်လေးကတည်းက အဆင့်အတန်းမြင့်မြင့် နေထိုင်တတ်သည်။ မွေ့ နင့်ထက် ငါသာနေစေရမယ်။ နင့်လို နိမ့်ကျတဲ့ဘဝကို ငါ ဖက်တွယ်နေမှာ မဟုတ်ဘူးနော်။ စိမ့်ဘဝမှာ ယောက်ျားတစ်ယောက်ကို အားကိုးတကြီး လက်ထပ်ရမယ်။ ဒါ

ငါ့ရဲ့မျှော်မှန်းချက်ပဲ။ အိမ်မှာ မနေချင်ပေ။ ဒေါ်လေးကိုယ်တိုင်က စိမ့်ကို အပြစ်ပြောချင်နေသည်။ မိထွေးနဲ့လည်း မနေချင်ပါဘူး။ စိမ့် ကံကောင်းပြီပဲ။ ဦးမိုးတိမ်စံလို ကုမ္ပဏီပိုင်ရှင်တစ်ယောက်ရဲ့ အနားမှာ အတွင်းရေးမှူးမလေးဆိုတာ စိမ့် ကံကောင်းခြင်းပဲ။ စိမ့် ကျေနပ်ပျော်ရွှင်လို့မဆုံးပေ။ စိမ့် အခန်းတစ်ခန်းငှားနေဖို့လည်း စီစဉ်ထားသည်။ ကိုဆန်နီ ဆင်ပေးတဲ့ရွှေတွေရောင်းပြီး တိုက်ခန်းငှားရမယ်။ စိမ့် ကိုယ့်အတွေးနှင့် ပီတိတွေဖြစ်နေသည်။

"ဖေဖေ"

"ဟင်"

"စိမ့် အလုပ်ရပြီ"

"ဟုတ်လား သမီးကြီး၊ ဝမ်းသာလိုက်တာကွယ်၊ အဖေ့ သမီးကြီး အလုပ်ရပြီပဲ"

"သမီး အခန်းငှားနေမယ်၊ ဖေဖေတို့ လာပြီးမပတ်သက်ကြဖို့ ပြောချင်တာပါ"

"ဟင်"

"စိမ့် ဒီမိသားစုနဲ့ မပတ်သက်ချင်ဘူး၊ လောလောဆယ် စိမ့် မထောက်ပံ့နိုင်သေးဘူးနော်၊ ဘဝကို တိုးတက်အောင် ကြိုး

စားရဦးမှာဆိုတော့ စိမ့်ကိုလာပြီးမနှောင့်ယှက်ကြဖို့ ပြောချင်တာပါ"

"သမီး စိမ့်"

"စိမ့် အဆင့်အတန်းမြင့်မြင့်ပဲ နေချင်တယ်၊ အဖေ ဘာမှမလုပ်ပေးနိုင်ဘူး မဟုတ်လား၊ စိမ့်ကိုယ်တိုင် အခက်အခဲ အမျိုးမျိုးတွေကြားထဲကနေ ကြိုးစားလာရတာပဲလေ၊ စိမ့် သီးသန့် နေမယ်၊ နေချင်တယ်၊ မနှောင့်ယှက်ကြဖို့ပဲ အဖေ့ပြောထားပါ"

"သမီးကြီး အရင်ကလည်း တစ်လလောက် မိဘအိမ် ကနေ ထွက်သွားပြီး ဒုက္ခအခက်အခဲတွေရောက်လို့ ပြန်လာနေရ တာ မဟုတ်လား"

"အရင်ကအကြောင်းတွေ မပြောပါနဲ့ အဖေ၊ အခု စိမ့် ဘဝ တိုးတက်မြင့်မားဖို့ပဲ ရှိပါတယ်၊ ဒါကြောင့် အဖေပဲ တားဆီး ပေးပါ၊ စိမ့် ဒီအိမ်ကို ဘယ်တော့မှ ပြန်မလာတော့ပါဘူး"

"အပြောမကြီးပါနဲ့ သမီးရယ်၊ အဖေက သမီးအတွက် စိတ်ပူလို့ပြောတာပါ၊ သမီးက မိထွေးနဲ့နေရတာလေ"

"ဒီအိမ်က ဘယ်သူ့အိမ်လဲ ဖေဖေ၊ မိထွေးကို စိမ့်က ရှိုက်ရမှာလား၊ စိမ့်မေမေအိမ်မှာ စိမ့်နေတာလေ၊ အဘွားက

တော့ ထားပါတော့၊ ဒေါ်လေးတို့သားအမိကလည်း သူများအိမ်မှာ ကပ်နေကြပြီး စိမ့်ကို ဘာဖြစ်လို့ ရန်လိုနေကြတာလဲ"

"စိမ့် သမီးကြီး နားလည်ပါကွယ်၊ ပညာတတ် တစ်ယောက်ဖြစ်ပြီး မမိုက်မဲပါနဲ့ကွယ်"

"စိမ့်ဘဝကို တိုးတက်ကြီးပွားဖို့ စိမ့် ကြိုးစားရမှာပဲလေ၊ အဖေတို့ လာပြီးမနှောင့်ယှက်ကြပါနဲ့၊ စိမ့် အခန်းလည်း ငှားဖို့ စီစဉ်ပြီးပြီ၊ စိမ့်အတွက် အဖေ စိတ်မပူပါနဲ့၊ အဖေတို့မှာ သမီး အလိမ္မာလေး သိမ်မွေ့သူ ရှိနေတာပဲ"

"မေစိမ့်သူ"

"ကျေးဇူးပြုပြီး စိမ့်ဆီမှာလာပြီး မနှောင့်ယှက်ကြဖို့ပဲ အဖေ တားဆီးပေးထားပါ"

စိမ့် အဝတ်အစားတွေထည့်ပြီး ထွက်သွားဖို့ပြင်လိုက် သည်။ စိမ့် အခန်းငှားနေဖို့လည်း စီစဉ်ပြီးသွားပြီ။ ကိုဆန်နီကျေးဇူးနဲ့ ရွှေတွေတော့ ကျန်သေးသည်။ အဲဒါတွေ စိမ့်ရောင်းရမယ်။ တိုက်ခန်းငှားမယ်။ စိမ့်ဘဝအတွက် ကံကောင်းခြင်းလမ်းစ တွေ့နေရပြီလေ။ စိမ့် ရဲရဲကြီး လျှောက်လှမ်းရမှာပဲ။ မတွေဝေပါ ဘူး။ စိမ့်ဘဝကို တိုးတက်ကြီးပွားခြင်း လမ်းစပေါ်မှာ လျှောက်

ရမယ်။ စိမ့် အပြင်သို့ ပြန်ထွက်လာခဲ့သည်။

"မမစိမ့် ဘယ်သွားမလို့လဲဟင်"

"ညည်းနဲ့ဘာဆိုင်လဲ မွေ့၊ ငါ့ဟာငါ ဘယ်ပဲသွားသွား နင် ငါ့ကိုလာပြီး အစ်မ အတင်းတော်မနေနဲ့၊ နင့်ကို ငါ ဘယ်တော့မှ ညီမအဖြစ် အသိအမှတ်မပြုဘူးနော်၊ မှတ်ထား၊ စွဲစွဲမြဲမြဲကို မှတ်ထားနော်"

မမစိမ့် အိမ်ကနေထွက်သွားဖို့ ကြိုးစားနေပြန်ပြီ။ ဟိုတလောက ထွက်သွားတာ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ် လိုက်ပြီး ကွာရှင်းပြန်လာခဲ့သည်။ မမစိမ့် အမှားအယွင်းတွေ ထပ်လုပ်မိမှာပဲ မွေ့ စိုးရိမ်နေမိ၏။ တားဆီးလို့လည်း မရမှန်း မွေ့ သိထားပြီးသားပါ။ ဒေါ်လေးချိုလည်း ရောက်လာပြီး မမကို စိမ်းစိမ်းကြည့်သည်။

"ဟဲ့ ညည်း ဘယ်သွားဦးမလို့လဲ၊ အရင်တစ်ခါက လည်း ညည်း ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ပြီး ညည်းကို စွန့်ပစ်လိုက်လို့ ပြန်လာတာမဟုတ်လား"

"ဘာ ဘာပြောတယ် ဒေါ်လေး၊ စိမ့်ကို မဟုတ်တာ တွေ ဘာဖြစ်လို့လာပြောရတာလဲ။ ဘယ်ယောကျ်ားကိုမှ စိမ့်

လက်မထပ်ဘူး''

စိမ့် ဒေါသတကြီးနှင့် ပေါက်ကွဲစွာအော်ပစ်လိုက်သည်။ ကြည့်စမ်း ဒေါ်လေး ဘယ်လိုလုပ်သိသွားရတာလဲ။ မွေ့ရှေ့မှာ စိမ့် လျှို့ဝှက်ထားတဲ့ကိစ္စပဲ။ စိမ့်ခန္ဓာကိုယ်လေး တုန်ရီလှုပ်ခတ်လာရသည်။

''ဟဲ့ မဟုတ်တဲ့ကိစ္စက ဖုံးဖိထားလို့ရမယ်ထင်လား မစိမ့်သူ၊ နင့်ကို ဟိုက လိမ်ညာလက်ထပ်ပြီး ပစ်ထားခဲ့တာလေ၊ ငါလည်းသိတယ်၊ မွေ့လည်း သိတယ်''

''ဘာ မွေ့ နင်ပြောလိုက်တာလား၊ နင် ငါ့အကြောင်းတွေ မဟုတ်တာတွေ နင်လိုက်ပြောနေတာလား မွေ့''

''မဟုတ်ပါဘူး မမစိမ့်၊ ဒေါ်လေးကို ပြောတာမဟုတ်ပါဘူး၊ မွေ့ ဘာမှလည်း မပြောပါဘူး''

''နင် နင် တော်တော်ယုတ်မာတာပဲ မွေ့၊ နင့်ကိုကြည့်လိုက်ရင် ရိုးအသလိုလိုနဲ့ ငါ့ကို နောက်ကျောကို ဓားနဲ့ထိုးတာပေါ့လေ''

''မမစိမ့် မမစိမ့် မွေ့ကို အထင်မလွဲပါနဲ့၊ မွေ့ မပြောဘူး၊ မမစိမ့် ဂုဏ်သိက္ခာကျစေမယ့် စကားတွေကို မွေ့ မပြော

ပါဘူး၊ ဒေါ်လေး မမကို ရှင်းပြပေးပါ၊ မွေ့ပြောတာမဟုတ်ဘူးလို့ ရှင်းပေးပါနော်''

မမစိမ့်က ထွက်သွားတော့သည်။ အငှားကားက အဆင်သင့်ရှိနေ၍ မမစိမ့် အငှားကားပေါ် တက်သွား၏။ မွေ့ကို မမစိမ့် အထင်လွဲသွားပြီ။ မွေ့ ဘယ်လိုရှင်းပြရမလဲ။ ဒေါ်လေးချို မျက်လုံးတွေက ဒေါသတွေနှင့် တင်းမာနေသည်။

''မွေ့''

''ဒေါ်လေး''

''ဘာမှရှင်းပြနေစရာမလိုဘူး၊ နေပစေ၊ တော်တော် မောက်မာရိုင်းစိုင်းတဲ့ဟာမလေး၊ တစ်နေ့ ဒုက္ခကောင်းကောင်းတွေ့မှာပဲ''

''ဒေါ်လေးရယ်''

မမစိမ့် ဘယ်လောက်ပဲ မွေ့ကို အဖက်မတန်သလို မဲ့စိမ်းစိမ်း ဆက်ဆံပါစေ မွေ့အစ်မပဲ။ မမစိမ့်က မွေ့ကို အထင်လွဲသွားပြီ။ မမစိမ့်ကိစ္စတွေ ဒေါ်လေး ဘယ်ကနေကြားလာခဲ့တာလဲ။ မွေ့ ဘာတစ်ခုမှမပြောကာတော့ အမှန်ပဲ။

''မွေ့''

"မေမေ"

"ညည်းလေး ဘာဖြစ်လို့ အကြောင်းနာတရားမရှိတဲ့ ဟာမလေးအပေါ် သံယောဇဉ်တွယ်ပြီး စိတ်သောကရောက်နေရတာလဲ မွေ့၊ ထားလိုက် မချို မမှားဘူး"

"မေမေ မမစိမ့်က မေမေ့သမီးအရင်း မဟုတ်လို့လား ဟင်"

"တော်စမ်း"

မမစိမ့် သူ့ကို မိထွေးပီပီ ရက်စက်တာမဟုတ်ပေ။ ဒေါ်ခင်ခင်သွယ် အပေါ်မှာသာ မေစိမ့်သူက အမေလို မသတ်မှတ်ခဲ့တာပါ။ ရိုင်းစိုင်းလွန်းပြီး မိသားစုဝင်တွေအပေါ် အထင်သေးပြီး စိမ်းကား စော်ကားလွန်းနေသည်။ သမီးသိမ်မွေ့သူက အစ်မအဖြစ် သံယောဇဉ်ကြီးပြနေတာတောင် အသိအမှတ်မပြုချင်တဲ့ ဟာမလေးပဲ။ နေချင်သလိုနေ သွားချင်သလိုသွား ဒေါ်ခင်ခင်သွယ်က ယောကျ်ားအိမ်မှာ ကပ်နေရတော့လည်း ပြောပိုင်ခွင့်က ရှိမ[illegible]ပေ။ အလိုလိုက်လို့ အမိုက်စော်ကားနေတဲ့ ဟာမလေးပဲ။ သ[illegible] မွေ့ကတော့ အစ်မဖြစ်၍ သံယောဇဉ် တွယ်နေသည်။

"မွေ့ ညည်းလည်း အလုပ်မလုပ်နဲ့တော့၊ တက္ကသို[illegible]

တက်၊ မေမေ တာဝန်ယူပါတယ်၊ မေမေ ကြိုးစားရှန်းရှာပြီး သမီးလေးဘဝကို တင့်တယ်စေရမယ်"

မေစိမ့်သူထက် မိမိသမီးလေး သိမ်မွေ့သူရဲ့ဘဝကို သာလွန်တင့်တယ်စေချင်မိသည်။

"မွေ့ အလုပ်လုပ်ပြီးမှ တက္ကသိုလ်တက်ဖို့ စဉ်းစားမယ် မေမေ၊ ဆေးတက္ကသိုလ်တက်ဖို့အတွက် မေမေ စိတ်ကူးမယဉ်ပါနဲ့၊ မွေ့ မမစိမ့်ထက် မသာချင်ဘူး"

"သိမ်မွေ့သူ"

"မေမေကို မွေ့ ပြောထားပြီးပြီပဲ၊ မွေ့ အလုပ်လုပ်မယ်၊ ငွေစုမယ်၊ မွေ့ ဘွဲ့တစ်ခုခုကိုတော့ ရအောင်ယူမယ်၊ မွေ့ ဆုံးဖြတ်ချက်ပဲ၊ မပြင်ဘူး မေမေ"

"ညည်းကလည်း ဟိုဟာမလေး ခြေရာနင်းပြီး လူကြီး[illegible]တွေကို စော်ကားချင်နေပြီလား သိမ်မွေ့သူ၊ အလုပ်ကထွက်၊ ညည်းရမှတ်တွေ ကောင်းတာပဲ"

"မွေ့ ဆုံးဖြတ်ချက်ကိုတော့ မပြင်နိုင်ဘူး မေမေ၊ မပြင်[illegible] မပြင်နိုင်လို့ပါနော်"

မွေ့ မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံကျ

လာပြီး ပါးပြင်လေးပေါ် တပေါက်ပေါက်လိမ့်ဆင်းကျလာသည်။ မွေ့ တသိမ့်သိမ့် ရှိုက်ငိုပစ်လိုက်မိ၏။ မေမေက ဘာမှမပြော တော့ဘဲ မွေ့အနားမှ ချာခနဲ လှည့်ထွက်သွားလေသည်။

❋ ❋ ❋

အခန်း (၁၀)

မမစိမ့်က မွေ့ သူမထက်သာတာကို မလိုလားနိုင်သေးကြောင်း မွေ့ မမစိမ့်ကို အသာပဲပေးထားချင်သည်။ မမစိမ့်အောက်မှာပဲ မွေ့ နေချင်ပါတယ်။ မမစိမ့်ကြောင့် မွေ့ အလုပ်လုပ်နေခြင်းဖြစ်၏။ မနက်စောစောထပြီး မွေ့ အလုပ်သွားဖို့ ပြင်ဆင်နေမိသည်။

"မွေ့"

"ရှင် ဒေါ်လေး"

"ညနေကျရင် ဒေါ်လေး စာအုပ်ဆိုင်ဖွင့်မယ်၊ တူမလေး လာကူဦးနော်"

"ဟုတ်ကဲ့"

"မွေ့လေးသာ စာအုပ်ဆိုင်မှာ ကိုင်ပေးရင် ဒေါ်လေး ဆိုင် အရမ်းငွားရမှာပဲ"

"မွေ့ အလုပ်အားတဲ့အချိန်မှာတော့ စာအုပ်ဆိုင် ထိုင်ပေး မယ်နော်"

မွေ့ အလုပ်သွားရဦးမည်ဖြစ်၍ အပြင်ထွက်လာခဲ့မိသည်။ ကုမ္ပဏီမှာလည်း မွေ့ပြဿနာ ရှိနေ၏။ ကုမ္ပဏီပိုင်ရှင်က လည်း မွေ့ကို အထင်သေးနေတာလား။ မွေ့ကလည်း ရတဲ့အလုပ် လေးကို ကုတ်ကပ်လုပ်နေရသည်။ ဒီလိုပဲ အပြောအဆိုခံပြီး လုပ် နေရမှာပဲ။ မွေ့ ကျောင်းတက်ဖို့ကိစ္စ မွေ့ပိုက်ဆံနှင့်ပဲ ဆက်ပြီး တက်ချင်တယ်။ မွေ့ ကုမ္ပဏီကို ရောက်လာခဲ့မိသည်။

"သိမ်မွေ့သူ"

"ရှင်"

"ဥက္ကဋ္ဌရဲ့ အတွင်းရေးမှူး ရောက်နေပြီ"

"ဟုတ်လား"

"မိန်းမချောလေးပဲ၊ ပညာလည်း အရမ်းတတ်တယ် သိလား"

လက်ထောက်မန်နေဂျာမကြီးက မွေ့ကို ဆီးကြိုပြောနေ

သည်။ မွေ့ ကိုယ့်စားပွဲလေးမှာပဲ ထိုင်နေ၏။ အတွင်းရေးမှူးမ ရောက်နေပြီပဲ။ ဘယ်လိုမိန်းကလေးမျိုးလဲ။ မွေ့ကတော့ အောက်ကျ နောက်ကျခံပြီး လုပ်ကိုင်ပေးရမှာပဲလေ။ မွေ့ စောစောရောက်လာ ပြီး သန့်ရှင်းရေးတွေ လုပ်နေမိသည်။ အတွင်းရေးမှူးမလေး ရောက်လာပြီဆိုတော့ ဥက္ကဋ္ဌတာဝန်တွေလည်း မွေ့ ယူစရာမလို တော့ဘူးပေါ့။ ကောင်းလိုက်တာ။ အတွင်းရေးမှူးမလေးက မိန်းကလေးဆိုတော့ မွေ့နဲ့ အဆင်ပြေမှာပါလေ။ မွေ့နှုတ်ခမ်းလေးက ပွစိပွစိနှင့် ဘုရားစာတွေ ရွတ်နေမိသည်။

"မွေ့"

"ရှင်"

"အတွင်းရေးမှူးမလေးက သူဌေးသမီးလေးတဲ့၊ ဒီကုမ္ပဏီ မှာ အလုပ်သင်အဖြစ် ဝင်လုပ်တာတဲ့၊ နယ်မှာ မိဘတွေက ချမ်းသာ တယ်တဲ့"

"ဟုတ်လား"

"အေး၊ ဥက္ကဋ္ဌကလည်း လူပျိုဆိုတော့ အရမ်းလိုက်ဖက် တယ်လေ"

အဲဒီလိုမိန်းကလေးမျိုးကို မမစိမ့် ဖြစ်စေချင်လိုက်တာနော်။

မွေ့မမဖြစ်ချင်တဲ့ ဆန္ဒတွေပဲမဟုတ်လား။ အတွင်းရေးမှူးမလေးကို တွေ့ချင်နေမိသည်။

"အတွင်းရေးမှူးမလေးက အရမ်းလည်း စမတ်ကျတယ်၊ ဒါပေမဲ့ သိမ်မွေ့သူလောက်တော့ မလှဘူးထင်တာပဲ"

"မမကတော့ လုပ်ပြီ"

မွေ့ စားပွဲလေးမှာ ငုတ်တုတ်လေး ထိုင်နေမိသည်။

"ဒေါက် ဒေါက်"

"ဒေါက်"

"ဒေါက်"

စည်းချက်ညီညီ ရှိလှသော ခွာမြင့်ဖိနပ်သံကြောင့် အတွင်းရေးမှူးမလေး လာပြီဆိုတာ သိလိုက်သည်။ မွေ့ ဆီးကြို ရန် မတ်တတ်ရပ်လိုက်၏။ ရင်တွေက တထိတ်ထိတ်ခုန်လာရ၏။ ကြီးကျယ်ခမ်းနားတဲ့ မိန်းကလေးတစ်ယောက် မဟုတ်လား။ မွေ့ အရာရာ အမှားအယွင်းမရှိစေရန် သတိထားနေရသည်။

"ဒေါက်"

"ဒေါက်"

"ဒေါက်"

"ဟင်"

အာမေဋိတ်သံတစ်ခုကြောင့် မွေ့ မော့ကြည့်လိုက်တော့ မွေ့ မျက်လုံးတွေကိုတောင် မွေ့ မယုံနိုင်အောင် ဖြစ်သွားရသည်။ မွေ့ မျက်ဝန်းလေးတွေ ပြူးကျယ်ဝိုင်းစက်သွားရ၏။ မမစိမ့်ပဲ။ ဘုရားရေ ဘယ်လိုဖြစ်ရတာလဲ။ နယ်ကနေ ချမ်းသာတဲ့သူဌေး သမီးတဲ့။ မမစိမ့်ရဲ့မျက်ဝန်းတွေက တင်းမာခက်ထန်သွားပြီး မွေ့ကို တုံ့ပြန်ပြောမနေတော့ဘဲ ဆက်ပြီး ခြေလှမ်းတွေလှမ်းကာ အခန်း ထဲဝင်သွားသည်။ ပြဿနာပဲ။ မွေ့ ဘယ်လိုလုပ်ရမလဲ။ မမစိမ့် ဘဝမှန်ကို ဖုံးကွယ်လိမ်ညာပြီး အလုပ်ဝင်ခဲ့တာပဲ။ မမစိမ့်က ဘဝမှာ မျှော်လင့်ချက်တွေကြီးမား၍ ဖြစ်ချင်တဲ့ဘဝကို ရရှိရန် စာတော့ ကြိုးစားခဲ့လေသည်။ အခမဲ့ သင်ကြားပေးသော ကျောင်းတွေမှာ ကြိုးစားသင်ကြားရင်း ဘာသာစကားတွေ တတ်ကျွမ်းအောင် သင်ကြားခဲ့လေသည်။ မွေ့ ထိတ်လန့်တုန်လှုပ်နေရ၏။ အလုပ် ကနေ ထွက်မှဖြစ်တော့မှာ။ မဖြစ်ဘူး။ မမစိမ့်ရဲ့ မျက်ဝန်းတွေက ဒေါသတွေနှင့် မီးဝင်းဝင်းတောက်နေသည်။ မွေ့ ကြောက်ကြောက် လန့်လန့်နှင့် ပစ္စည်းတွေကိုသိမ်းပြီး ပြန်သွားဖို့ ပြင်လိုက်သည်။

"ဟေ့ မင်း ဘာလုပ်နေတာလဲ၊ ရုပ်ပလာ ရုပ်ပလာနဲ့

ဘာတွေဖြစ်နေရတာလဲ''

''ဟို ဟို ကျွန်မ ပြန်တော့မလို့ပါ''

''ဘာ''

''အလုပ်က ထွက်တော့မယ်လေ''

''ဘာဖြစ်လို့လဲ''

''ရှင်''

''မင်းနဲ့ ကုမ္ပဏီ စာချုပ် ချုပ်ထားတယ်လေ၊ မင်း အလုပ်ကထွက်မယ်ဆိုရင် လျော်ကြေးပေးရမယ်''

''ရှင်''

ဟုတ်သားပဲ။ ကုမ္ပဏီနှင့်မွေ့ စာချုပ်ချုပ်ထားတာ။ လျော်ကြေးပေးရမှာပဲ။ မွေ့ မျက်ဝန်းပြူးပြူးလေးများနှင့် မော့ ကြည့်မိသည်။

''မင်းတို့လို ကောင်မလေးမျိုးတွေက အလုပ်ကို ခွဲခဲ့ မြဲမြဲ မလုပ်ချင်ကြဘူး၊ ဒီလို ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက် လို့ ဘယ်ရမလဲကွ၊ တို့ကုမ္ပဏီမှာ နစ်နာတယ်၊ မင်းထွက်ချင်ရင် တော့ လျော်ကြေးပေးရမယ်''

''ဟို ဟို ကျွန်မက ကုမ္ပဏီမှာ အသုံးမကျတဲ့

ကောင်မလေးပါ၊ ဒါကြောင့်''

''မရဘူး၊ ကုမ္ပဏီရဲ့စည်းကမ်းအတိုင်းပဲ မင်းကို ထွက်ခွင့်ပေးမယ်''

ဒီကောင်မလေး အလုပ်က ထွက်မယ်ဆိုတော့လည်း မိုးတိမ်စံစိတ်က မထွက်စေချင်ပေ။ သူ သိမ်မွေ့သူအား သတိတရ ရှိနေခဲ့သည်။ ဒီကောင်မလေး အလုပ်က ထွက်သွားမှာကို သူ အားဆီးချင်နေမိသည်။ ဘာဖြစ်လို့လဲ။ သူ့စိတ်တွေ ဘာတွေဖြစ် နေပြီလဲဆိုတာ စဉ်းစား၍ပင်မရ။ အခန်းထဲ ဝင်လာခဲ့သည်။

''ဦးမိုးတိမ်စံ စိမ့် ကော်ဖီဖျော်ပေးထားပါတယ်၊ သောက် ကြည့်ပါနော်၊ ဦးမိုးတိမ်စံရဲ့ အကြိုက်ကို မသိသေးတော့ အကြိုက် တွေ့ပါ့မလားဘဲ''

ကုမ္ပဏီပိုင်ရှင်က စိမ့်နှင့် တစ်နှစ်လောက်ပဲ ကြီးမည် ဖြစ်၍ စိမ့် တမင် အိုက်တင်အပြည့်နှင့် ဂုဏ်ဒြပ်တူသလိုလို ပြောလိုက်သည်။ သူ့ကို အထင်ကြီးလာအောင် စိမ့် ဖြားယောင်း သွေးဆောင်ရမည်ဖြစ်၏။ မွေ့ နင်က ဒီမှာ အလုပ်လုပ်နေတာ ကိုး။ သူမအတွက် ကံဆိုးတာပဲ။ မွေ့ကို မယုံဘူး။ ဒေါ်လေးကို လည်း စိမ့် လက်ထပ်ထားတဲ့အကြောင်း သွားပြောခဲ့တယ်။ စိမ့်

ဟန်ဆောင်နေရပေမယ့် စိတ်ကတော့ မီးတောက်နေသည်။

"ကော်ဖီက ကိုယ့်အကြိုက်ပါပဲ မေစိမ့်သူ၊ ကောင်းပါ
တယ်၊ ကိုယ် ကြိုက်ပါတယ်"

"တော်ပါသေးရဲ့၊ စိမ့် စိတ်ပူနေတာ၊ ဦးမိုးတိမ်စံရဲ့
အကြိုက်က စိမ့်အကြိုက်နဲ့ ထပ်တူဖြစ်နေလို့လေ"

"မေစိမ့်သူ"

"ရှင်"

"ကိုမိုးတိမ်စံ ဆိုရင် ရပါပြီ ကိုယ်က ဦးတပ်ခေါ်ရ
လောက်အောင် အသက်မကြီးသေးပါဘူး"

"မလေးစားရာ ရောက်သွားမှာစိုးလို့ပါ"

"ကိုယ်တို့ တရင်းတနှီး လုပ်ကိုင်ကြရမယ့်သူတွေပဲ
ကိုမိုးတိမ်စံဆိုရင် ရပါပြီ"

"ဟုတ်ကဲ့"

မေစိမ့်သူက မဆိုးပါဘူး။ ရုပ်ရည်ရော၊ ပညာရော၊ မိ
ဂုဏ်ဒြပ်ရော ပြည့်စုံနေသည်။ သူ့အနားမှာ ဒီလိုမိန်းကလေး
ကိုပဲ မာမီက ထားချင်သည်။ သူ့အတွင်းရေးမှူးမလေးကို မာ
ဆန္ဒနှင့် ရွေးချယ်တာပါ။ မေစိမ့်သူနှင့် အလုပ်ကိစ္စတွေ ဆွေးနွေ

ကြသည်။ ဒါပေမဲ့ သူ့စိတ်တွေက အခန်းအပြင်ဘက်မှာ စားပွဲ
လေးနှင့်ထိုင်နေသော ရုံးအကူမလေး သိမ်မွေ့သူကိုပဲ သတိရနေ
မိသည်။ သူ ပထမဆုံးအကြိမ် တွေ့ဆုံမိတဲ့ မိန်းကလေးပဲ။
မျက်ဝန်း ဝိုင်းဝိုင်းနက်နက်လေးတွေက သူ့ရင်ကို လှိုက်ခနဲ ခုန်
တက်သွားစေခဲ့သော်။ ဒီကောင်မလေး အလုပ်ကနေ ထွက်မည်
ဆိုတော့ သူ အထိတ်တလန့် တားမိ၏။ သူ သတိရနေမိတာက
သိမ်မွေ့သူပဲ။ မဖြစ်သေးပါဘူး။ သိမ်မွေ့သူလို မိန်းကလေး
တစ်ယောက်ကို သတိရမနေသင့်ဘူး။ အလုပ်ထဲမှာပဲ သူ့စိတ်တွေ
ကို နှစ်ထားမိသည်။

"ကိုယ် ညနေ နိုင်ငံခြားသားတွေကို ဧည့်ခံဖို့ရှိတယ်၊
အဖွဲ့က နှစ်ဖွဲ့ဆိုတော့ မေစိမ့်သူက တစ်ဖွဲ့ကို တာဝန်ယူပါ"

"စိတ်ချပါ ကိုမိုးတိမ်စံ၊ စိမ့် တာဝန်ထားပါ၊ ဟိုလေ
နောက်ကိုလည်း မေစိမ့်သူလို့ အရှည်ကြီးခေါ်နေမယ့်အစား စိမ့်လို့ပဲ
ခေါ်ပါ"

"ကောင်းပြီလေ စိမ့်၊ ကိုယ်တို့က ပူးပေါင်းအလုပ်လုပ်
ရမယ့် လူတွေပဲ၊ စိမ့်ကို သိသင့်သိထိုက်တာတွေ သင်ပေးရဦး
မယ်"

"ဟုတ်ကဲ့"

ကိုမိုးတိမ်စံက စိမ့်အပေါ် အထင်တကြီးနှင့် ပြောဆို ဆက်ဆံတာ စိမ့် ပျော်ရွှင်ကျေနပ်မိသည်။ မွေ့ နင်က ငါ့ထက် လှပချောမောနေပေမယ့် နင့်လို နုံနုံအအ ကောင်မလေးတစ်ယောက်ကို ကိုမိုးတိမ်စံလို ယောကျ်ားမျိုးက အထင်ကြီးလိမ့်မယ် မထင်နဲ့နော်။ ငါကတော့ ဘာကိုမှ ဂရုမစိုက်ဘူး။ ငါဖြစ်ချင်နေတဲ့ အခြေအနေရောက်အောင်တော့ ငါ ကြိုးစားရမှာပဲလေ။ မွေ့က ကိုမိုးတိမ်စံကိုများ စိမ့်အကြောင်းတွေ ပြောလိုက်မလား။ တားဆီးရမယ်။ ဘယ်နည်းနဲ့မဆို တားဆီးရမှာပဲ။ မွေ့ နင် ငါ့ဘဝ တားဆီးလို့ကတော့ နင်လည်း ဘဝပျက်စေရမယ်။ မွေ့ကိုတော့ တော့ စိမ့် တော်တော်ထိတ်လန့်သွားခဲ့ပေမယ့် မသိချင်ယောင် ဆောင်ပြီး မွေ့ကို ကျောခိုင်းထွက်လာခဲ့သည်။ စိမ့် နှုတ်ခမ်းသား လေးတွေ ပြုံးနေပေမယ့် ရင်ထဲမှာတော့ မီးတောက်နေရ၏။ မွေ့ နဲ့မှ ဘာဖြစ်လို့ လာဆုံနေရတာလဲ။ ဒေါသဖြစ်လိုက်တာ။ မွေ့ကို တွေ့တော့ ဒေါသတွေ ပေါက်ကွဲတော့မတတ် ဖြစ်သွား... စိတ်တွေကို ထိန်းလိုက်ရသည်။ ရုံးဆင်းတော့ စိမ့်နှင့် ကိုမိုးတိမ်... တို့ တွဲပြီး ရုံးဆင်းကြ၏။ မွေ့က မကြည့်ဘဲ ရုံးဆင်းရန် ပြင်...

...တွေ သိမ်းနေသည်။

"စိမ့်"

"ရှင်"

"မိတ်ဆက်ပေးရဦးမယ်၊ သူက စိမ့်ရဲ့အကူပဲ၊ လိုအပ်တာတွေ ညွှန်ကြားပါ၊ သူ့ကိုလည်း ပညာတွေသင်ပေးရမယ်"

"ဟုတ်ကဲ့"

"သိမ်မွေ့သူ သူက ကိုယ့်ရဲ့အတွင်းရေးမှူး မစိမ့်သူတဲ့၊ မင်းရဲ့အထက်အရာရှိပဲ"

"ဟုတ်ကဲ့"

"မင်း သေသေချာချာ အလုပ်လုပ်ပါ သိမ်မွေ့သူ၊ မင်း အလုပ်ကို ကလေးကစားသလို မလုပ်နဲ့၊ လေးလေးနက်နက် လုပ်ပါ"

"ဟုတ်ကဲ့"

မမစိမ့်ကို မွေ့ မကြည့်ရဲတော့ပေ။ အလုပ်ကနေ ထွက်မယ်ဆိုတော့လည်း ထွက်ခွင့်မရှိဘူးတဲ့။ ဦးမိုးတိမ်စံက မွေ့ကို အောင်ဒုက္ခရောက်အောင် လုပ်နေတာပါပဲ။ မမစိမ့် အကြည့်တွေက ရှုလွန်းနေပြီး ဒေါသတွေနှင့် တင်းမာခက်ထန်နေသည်။

❊ ❊ ❊

အခန်း (၁၁)

''မွေ့''

''ရှင်''

''နင် ဒီအလုပ်ကနေ ထွက်လိုက်တော့''

''ရှင်''

''ဘာရှင်လဲ၊ ဒီအလုပ်ကနေ ထွက်လိုက်တော့လို့ ပြော နေတာ''

ရုံးဆင်းတော့ မွေ့ အိမ်ပြန်ရောက်ပြီး အကြာကြီးနေမှ မမစိမ့် ရောက်လာသည်။ မမစိမ့်ရဲ့အကြည့်တွေက ကျားရဲ တစ်ကောင်လို မာန်ဖီနေ၏။ မွေ့ကို ဒေါသမျက်ဝန်းတွေနှင့် မာထန်စွာ ကြည့်နေသည်။

''မွေ့ အလုပ်ကနေ ထွက်ဖို့ပါပဲ မမစိမ့်ရယ်၊ ကုမ္ပဏီ နဲ့က သုံးနှစ်စာချုပ် ချုပ်ထားတော့ ကုမ္ပဏီပိုင်ရှင်က လျော်ကြေး ပေးမှ ထွက်ခွင့်ရှိမယ်တဲ့၊ ညည်းကမ်းပဲတဲ့လေ၊ မွေ့မှာ လျော်ကြေး ပေးစရာမှမရှိတာ''

''နင် အပိုတွေလျှောက်ပြောမနေစမ်းနဲ့ မွေ့၊ ငါ နင့်ကို ထွက်ခွင့်ပေးအောင် ကုမ္ပဏီပိုင်ရှင်ကို ပြောပေးမယ်၊ နင် ထွက် လိုက်''

''ဟုတ်ကဲ့''

''ဟဲ့ မွေ့''

''ရှင်''

''ငါ့ဘဝအတွက် ဘယ်လိုပဲ ကြိုးပမ်းပါစေ၊ နင် အတို့ အဆောင်လုပ်ပြီး ချောက်တွန်းစရာ မလိုဘူးနော်''

''မမစိမ့်''

''ဘာလဲ နင် ငါ့ကို ဆရာ မလုပ်နဲ့ မွေ့၊ ငါ့ဘာသာ ဘာပဲလုပ်လုပ် ငါကတော့ ကမ္ဘာမီးလောင် သားကောင်ချနင်းရ မှာပဲလေ။ ငါ့အကြောင်း လျှောက်မပြောနဲ့နော်၊ ငါလျှောက်မယ့် ဆီးလမ်းမှာ နင် လာပြီး ဟန့်တားဖျက်ဆီးဖို့ မကြိုးစားနဲ့''

"မွေ့ သိပါတယ်၊ မမစိမ့်အတွက် မွေ့ ဘယ်တော့မှ အနှောင့်အယှက် အဟန့်အတား မဖြစ်စေရပါဘူး၊ မမစိမ့်ပဲ ပြဿနာတွေဖြစ်မှာ"

"နင် မပြောရင် ဘယ်သူမှ သိစရာအကြောင်းမရှိဘူး နော် မွေ့၊ ဟုတ်တယ်၊ နယ်ကနေ တက်လာတဲ့ သူဌေးသမီး ဟန်ဆောင်ခဲ့တယ်၊ ဘာဖြစ်လို့ ငါ ဒီရာထူးလိုချင်တာလဲ၊ ဒါက ငါ့ရဲ့အစွမ်းအစရော မိဘအသိုင်းအဝိုင်းရဲ့ အခြေခံမှုရော လိုအပ် လို့လေ"

မမစိမ့်ကို ပြောနေလို့လည်း အပိုပဲ။ ငယ်ငယ်လေး ကတည်းက တစ်ကိုယ်ကောင်းဆန်လွန်းပြီး မွေ့တို့မိသားစုအပေါ် အထင်သေးလွန်းတဲ့ မမစိမ့်က လုပ်ချင် လုပ်တော့မည်ဖြစ်သည်။ ဖေဖေနှင့်မေမေလည်း မရှိပေ။ ဒေါ်လေးတို့ သားအမိလည်း မရှိ။ မွေ့ကို စားတော့ ဝါးတော့မတတ် တင်းမာခက်ထန်စွာ ကြည့် နေသည်။

"ဟဲ့"

"မွေ့ နားလည်ပါပြီ မမစိမ့်"

"နင် ဘာနားလည်တာလဲ မွေ့၊ ရိုးသလိုလို အသလိုလို

နဲ့ မယုတ်မာနဲ့နော်"

"မွေ့ မမစိမ့်အပေါ် ဘယ်တုန်းကမှ မယုတ်မာပါဘူး နော်၊ စိတ်ချပါ၊ မွေ့ မမစိမ့်အပေါ် ဘယ်တုန်းကမှ မယုတ်မာ ခဲ့ပါဘူး"

"အေး ကောင်းပြီ၊ နင့်ကိုငါ အလုပ်ကထွက်လို့ရအောင် စီစဉ်ပေးမယ်၊ နင် နှုတ်လုံပါစေ၊ နင်နဲ့ငါ တစ်ရုံးတည်း အလုပ် လုပ်နေရတယ်လို့ ဒေါ်လေးကို လုံးဝမပြောနဲ့နော်၊ ကြားလား"

"ဟုတ်ကဲ့ပါ"

"ဘာဟုတ်ကဲ့ပါလဲ၊ နင် ပြီးတော့ မဟုတ်မဟတ်တွေ ပြောတာပဲမဟုတ်လား"

"မွေ့ မပြောပါဘူး၊ မမစိမ့် စိတ်ချပါနော်"

မမစိမ့် မျက်လုံးတွေက ကြောက်စရာကောင်းလောက် အောင် တင်းမာခက်ထန်နေသည်။ မွေ့ကို ရန်သူတစ်ယောက်ကဲ့ သို့ တင်းမာစွာ ဆက်ဆံနေ၏။

မွေ့ ဘာမှတုံ့ပြန်မပြောလိုတော့ပေ။ အလုပ်ကနေ ထွက် ပစ်ချင်ပါတယ်။ ဟိုကုမ္ပဏီပိုင်ရှင်က လျော်ကြေးတောင်းနေတော့ ခက်နေသည်။ မွေ့က မမစိမ့်ပြဿနာတွေ တက်မှာပဲ စိတ်ပူနေ

မိတာပါ။ အစ်မတစ်ယောက်အတွက် မွေ့ ပူပင်နေမိတာပါ။ မမစိမ့် ပြောပေးလို့ အလုပ်ကနေ ထွက်ရရင်လည်း အလုပ်ကနေထွက်ဖို့ ပဲ ဆုံးဖြတ်ထားမိသည်။

"ဟဲ့ နှင် ဘာလာလုပ်တာလဲ၊ ဒီကို ဘာလာလုပ်တာ လဲ၊ တို့တွေနဲ့ မပတ်သက်ချင်ဘူးဆို"

"ဒေါ်လေး ဝင်မပါပါနဲ့၊ ဒီအိမ်က စိမ့်မိဘတွေအိမ်ပဲ၊ စိမ် လာချင်လာမယ်၊ မလာချင် မလာဘူး"

"နှင်လာလာ မလာလာ ငါမပြောဘူး၊ ရိုးအတဲ့ ငါ့တူမ လေး သိမ်မွေ့သူကိုတော့ အနိုင်မကျင့်နဲ့"

"ဒေါ်လေးချို့ မွေ့တို့ညီအစ်မကိစ္စ ဝင်မပါပါနဲ့နော်၊ မမစိမ့်က မွေ့ကို အနိုင်မကျင့်ပါဘူး"

"ပြီးရော နှင် လာလာအနိုင်ကျင့်ရင်တော့ ငါ့အဆိုး မဆိုနဲ့နော်၊ အခုလည်း တို့သားအမိ စာအုပ်အငှားဆိုင်လေးဖွင့်ပြီး အဲဒီမှာပဲနေတော့မှာ၊ နှင်သိအောင် ပြောထားတာပဲ"

စိမ့် အရာရာကို သတိထားဆင်ခြင်ရတော့မည်။ မိသားစု တစ်ခုလုံးကလည်း စိမ့်ဘက်မှာမရှိကြ။ ဒေါ်လေးက စိမ့်အဖေရဲ့ ညီမ စိမ့်အဒေါ်အရင်းပါ။ ဒါပေမဲ့ စိမ့်အကြောင်းတွေ အသိဆုံး

ဖြစ်နေလေတော့ စိမ့်ဘက်ကပဲ လျှော့ပေးရမလို ဖြစ်နေရပြီး စိမ့် စိတ်တွေကလည်း ကင်းကင်းရှင်းရှင်း နေချင်နေသည်။ ဒီတစ်ခါ တော့ စိမ့် အထူးသတိထားသင့်၏။ ကိုမိုးတိမ်စံက ယောကျ်ား ပီသစွာ ချောမောခန့်ညားကာ လူကြီးလူကောင်းပီသသည်။ ပြီးတော့ ချမ်းသာကြွယ်ဝသော လုပ်ငန်းရှင်ကြီးတစ်ယောက်။ စိမ့် ဘယ် လိုနည်းနှင့်မှ အလွှတ်မပေးနိုင်ပေ။ မိသားစုဝင်တွေကို ရန်မပြုဘဲ ပြန်သွားတာကောင်းသည်ဟု ဆုံးဖြတ်လိုက်သည်။

"သမီးကြီး ဒီအချိန်ကြီးကျမှ ဘာလာလုပ်တာလဲကွယ်၊ ဘယ်အချိန်ရှိနေပြီလဲဟင်၊ သမီးကြီး ဘယ်ကိုပြန်မှာလဲ၊ အသွား နဲ့တွေ့သွားဦးလေ၊ သမီးကြီး ထွက်သွားတာသိလို့ အိပ်ရာထဲ လဲနေတယ်"

"နောက်မှပဲ တွေ့တော့မယ် ဖေဖေ၊ သမီးအတွက် စိတ်မပူနဲ့လို့ ပြောပေးပါ"

"စိမ့်"

ဘယ်သူ့ကိုမှ သံယောဇဉ်တွယ်မနေချင်တော့ဘဲ စိမ့် လျှောက်လှမ်းမယ့်ခရီးကို ပြတ်ပြတ်သားသား လျှောက်လှမ်းရ မှာပဲ။ သံယောဇဉ်တွေကြောင့် စိမ့်ဘဝ ထိခိုက်နစ်မွန်းရမှာမျိုး

လက်မခံနိုင်ပေ။ မိသားစုကို ကျောခိုင်းစွန့်ခွာ ခဲ့စ်မှာပဲ။ စိမ့် ထွက်လာခဲ့သည်။

"သမီး စိမ့် ထင်ရာတွေလျှောက်မလုပ်နဲ့နော်၊ အမှားအယွင်းတွေ တွေ့လိမ့်မယ်၊ ဖေဖေ့ဆီကိုတော့ အချိန်မရွေး ပြန်လာခဲ့နော်"

စိမ့် အငှားကားနှင့်လာသည်ဖြစ်၍ ခြေလှမ်းခပ်သွက်သွက်လှမ်းကာ နောက်သို့ တစ်စက်လေးပင် လှည့်မကြည့်တော့ဘဲ အငှားကားပေါ်ပြန်တက်ကာ မောင်းထွက်သွားခဲ့သည်။

"မွေ့"

"ရှင် မမေ"

"ဟိုဟာမလေး သမီးဆီ ဘာလာလုပ်တာလဲ၊ အပြစ်မရှိ အပြစ်ရှာပြီး အနိုင်လာကျင့်နေတာဆိုရင်တော့ ခေါင်းငုံ့မခံနဲ့နော်"

မေစိမ့်သူက သမီးလေး သိမ်မွေ့သူဆီ အကြောင်းမဲ့လာတွေ့တာတော့ မဖြစ်နိုင်ပေ။ မေစိမ့်သူမျက်နှာက တင်းမာနေသည်။ သမီးလေးမွေ့ကို ပြဿနာလာရှာတာပဲ ဖြစ်နိုင်၏။ ဒီကောင်မလေးက သမီးမွေ့အပေါ် အနိုင်ကျင့်လွန်းနေတာကိုတော့

ဒေါ်ခင်ခင်သွယ်သည် မခံနိုင်ပေ။ သမီးမွေ့က အစ်မအပေါ် သံယောဇဉ်တွယ်တာနေတာ မိမိအသိဆုံးပင်။ အခြောက်တိုက် စိတ်ကြီးဝင်ပြီး ဘဝင်မြင့်နေတဲ့ဟာမလေး။ မုန်းလိုက်တာ။ ခင်ပွန်းဖြစ်သူ ကိုမောင်မောင်ကတော့ သူ့သမီးကြီးဘက်မှ ကာကွယ်နေသည်။

"ခင်ရယ် သမီးကြီးကို နားလည်ပေးလိုက်ပါကွာ၊ အမိမဲ့လေးပါ၊ ပြောမနေပါနဲ့တော့၊ စိမ့်လေး နေချင်သလို နေပါစေ"

"ခင်က မေစိမ့်သူ နေချင်သလို နေတာကို ပြောနေတာမဟုတ်ပါဘူး၊ ရိုးသားဖြူစင်တဲ့ ကျွန်မသမီးလေးကိုပဲ လာလာအနိုင်ကျင့်နေလို့ပါ"

"မွေ့ ဘာမှမဖြစ်ပါဘူး မေမေ၊ စကားတွေများမနေပါနဲ့တော့၊ မမစိမ့်နဲ့ မွေ့ ကိစ္စတွေရှိနေလို့ လာပြောတာပါ"

"မွေ့"

"ရှင်"

"လာဦး"

"မွေ့ အိပ်တော့မယ် မေမေ"

"လာပါဦး"

"ရှင်"

"လာ"

မေမေက မွေ့လက်လေးကိုဆွဲပြီး မေမေက အတင်းပဲ အိပ်ခန်းထဲသို့ခေါ်လာသည်။ မွေ့ အိပ်ချင်နေပြီ။ မနက်လည်း အလုပ်သွားရမယ်။ မမစိမ့်နှင့် ပတ်သက်တာတွေလည်း ပြောချင်တဲ့ ဆန္ဒတွေ ရှိမနေခဲ့ပေ။ မေမေက မွေ့အား အခန်းထဲခေါ်လာပြီး ရွှေဆွဲကြိုးလေးတစ်ကုံးကို ပေးနေသည်။

"မေမေ ဒါ ဘာလုပ်တာလဲ ဒီဆွဲကြိုးလေးက"

"မေမေ မဲစုပြီး စောစောနံပါတ်ပေါက်လို့ ဆွဲကြိုးလေး ဝယ်လိုက်တာလေ၊ ရော့ ဝတ်ထား မေမေ တစ်သက်တာ သမီးလေးအတွက် ဝယ်ချင်နေတဲ့ ဆန္ဒပဲလေ"

"မေမေ"

"ဟင်"

"အကြွေးတွေ အတင်ခံပြီး ဝယ်တာမျိုး မွေ့မလိုချင်ပါဘူး။ မွေ့က ရွှေတွေ ဘာတွေလည်း မကြိုက်တာပါ"

မမစိမ့် မရှိမှ မွေ့ကို ရွှေဆင်တာမျိုး မဖြစ်ချင်ပေ။ မမစိမ့်က နဂိုကမှ အထင်အမြင်လွဲနေတာပါ။ ရွှေတွေ ဘာတွေ

မွေ့အတွက် မလိုအပ်ဘူးဟု ထင်မိသည်။

"မွေ့"

"ရှင်"

"ဝတ်ထား၊ ညည်းက ဘာကိုများ ငဲ့ညှာထောက်ထားနေရတာလဲ၊ ဝတ်ထား"

"မေမေကလည်း"

"ဝတ်ထားစမ်း မွေ့၊ သမီးအပျိုလေးတစ်ယောက်ကို မေမေ ဘယ်လောက်အထိ ဝတ်စားပြင်ဆင်စေချင်မလဲ၊ ဝတ်ထားပါ၊ မေမေ အရမ်းပျော်နေတာသိလား၊ တဖြည်းဖြည်း လက်ကောက်လေး လက်စွပ်လေးတွေ လုပ်ပေးမယ်၊ မေမေကတော့ ကြိုးစားနေတာပဲ၊ မွေ့ကို ဆေးတက္ကသိုလ်ထားနိုင်ဖို့လေ"

မမစိမ့်မရှိမှ မွေ့ကိုဆင်တာ မေမေကို မမစိမ့်က ဘယ်လိုထင်မလဲ။ ပြီးတော့ မွေ့နဲ့ မမစိမ့်က ကုမ္ပဏီတစ်ခုတည်း ဖြစ်နေသည်။ မွေ့ စိတ်ညစ်လိုက်တာ။ မေမေ့မှာ အကြွေးတွေ တင်နေမှာပဲ မွေ့ စိတ်ပူမိသည်။

"မွေ့ ဝတ်ထား၊ ဘယ်သူ့ကိုမှ ငဲ့မနေနဲ့၊ မေမေ့ချွေးနဲ့စာလေ၊ ဝတ်ထား"

သမီးက အကြီး မေစိမ့်သူအပေါ် ငဲ့ညှာနေတာသိသည်။ မိမိက ဟိုဟာမလေးကိုလည်း မဆင်ချင်လို့ မဟုတ်ပါဘူး။ အဆင်မှ မပြေတာပဲ။ ပြီးတော့ ဘဝင်မြင့်နေတဲ့ ကောင်မလေး။ မိသားစုဝင်တွေအပေါ် အထင်သေးနေတတ်သည်။ သမီးလေး မွေ့ကိုလည်း သနားတယ်။ ရိုးသားဖြူစင်သူလေး။ အစ်မအပေါ်ပဲ သံယောဇဉ်ကြီးမားသူ။ ဟိုဟာမလေးက အဖက်မတန်သလို နေခဲ့၏။ ကိုမောင်မောင်က ဝင်ငွေမှမရှိတာပဲ။ အခုမှ နည်းနည်းအဆင်ပြေလာခဲ့သည်။

"ဝတ်ထားနော် မွေ့၊ မချွတ်နဲ့၊ မေမေ ကြည့်မှာနော်"

"အင်းပါ"

သူမ အလွယ်တကူ ခေါင်းညိတ်ပြလိုက်ပြီး ဆွဲကြိုးလေး ဆွဲကာ မေမေ့အနားကနေ ပြန်ထွက်လာခဲ့သည်။

❄ ❄ ❄

အခန်း (၁၂)

"ကိုမိုးတိမ်စံ"

"ပြောပါ စိမ့်"

"စိမ့် စိတ်ထဲမှာလေ လက်ထောက်အကူဝန်ထမ်းသိမ်မွေ့သူကို သိပ်ပြီး သဘောမတွေ့ချင်သလိုပဲ"

"ဟင် ဘာဖြစ်လို့လဲ စိမ့်၊ ဒီကောင်မလေးက ရိုးသားတယ်၊ ပြီးတော့ သူ့ဆယ်တန်းအောင်စာရင်းအမှတ်က ဆေးတက္ကသိုလ်အထိ ဝင်ခွင့်ရနေတယ်လေ"

ကိုမိုးတိမ်စံက မွေ့အပေါ် သံယောဇဉ်များ တွယ်နေပြီလား။ စိမ့် ထိတ်ထိတ်ပြာပြာ ဖြစ်သွားရသည်။ မွေ့က စိမ့်ထက် ချောမောလှပ၏။ မွေ့မှာ ယောကျ်ားတွေကို ညှို့ယူဖမ်းစားနိုင်

သော အလှတွေကို စိမ့် ဘယ်လိုမှ မယှဉ်နိုင်ပေ။ မွှေ့ကို ကုမ္ပဏီကနေ ပထုတ်ပစ်ရမယ်။ မဖြစ်ဘူး။ မွှေ့ စာတော်တာတွေ ရိုးသားဖြူစင်တာတွေတောင် ကိုမိုးတိမ်စံက သိနေပြီပဲ။ အပြင်မှာ မွှေ့ ရှိနေသည်။ ကိုမိုးတိမ်စံက မွှေ့ကို ဂရုတစိုက်ကြည့်တာ စိမ့် တွေ့ရသည်။ ပြီးတော့ မွှေ့လည်ပင်းမှာ ဆွဲကြိုးလေးနှင့် မိထွေးက စိမ့်မရှိမှ ရွှေဆင်နေသည်။ မုန်းလိုက်တာ။ မွှေ့ နင်ကရော ငါ့ထက် သာချင်နေတာ မဟုတ်လား။ သူမ ကုမ္ပဏီမှာ ကိုယ်ရေးရာဇဝင်တွေကြိမ်၍ အတွင်းရေးမှူးရာထူး ရယူထားတာ မွှေ့ပဲသိတယ်။

"စိမ့်ကတော့ အကူဝန်ထမ်းကို ယောကျ်ားလေးပဲ ခန့်စေချင်တယ်၊ မိန်းကလေးက မသွက်ဘူးလားလို့လေ"

"သိမ်မွှေ့သူနဲ့ ကိုယ်တို့ ကုမ္ပဏီစာချုပ် ချုပ်ထားပြီးပြီလေ"

"ဖျက်သိမ်းလိုက်ပါ ကိုမိုးတိမ်စံ၊ သိမ်မွှေ့သူပုံစံက နေးကွေးလေးလံနေသလိုပဲ"

"ထားလိုက်ပါ စိမ့်၊ ဒီကောင်မလေးကို ကိုယ်ကူညီချင်လို့ပါ"

"ဟင်"

"ပညာတော်တဲ့ ကောင်မလေးကို ကိုယ်က ပညာရေး ထောက်ပံ့ပေးချင်တယ် စိမ့်၊ မင်းကနေ တစ်ဆင့်ပေါ့"

စိမ့် မကူချင်ပါဘူး။ မွှေ့ကို စိမ့်ထက်သာမယ့် ဘဝ တစ်ခုကို ဘယ်တော့မှမပိုင်စေရပါဘူး။ စိမ့် ရင်ထဲမှကြိတ်၍ ဒေါသတွေ ဖြစ်နေရသည်။ ကိုမိုးတိမ်စံက မွှေ့ကို စိတ်ဝင်စားနေပြီလား။ မွှေ့ နင့်ဟာနင် ကုမ္ပဏီကနေ ထွက်သွားပါလား။ မွှေ့အတွက် လျှော်ကြေးကို စိမ့် စိုက်ပေးချင်သည်။ လောလောဆယ် စိမ့်မှာ ပိုက်ဆံက မရှိပေ။ စိမ့် ဘာဆက်လုပ်ရမှန်းမသိအောင် ဖြစ်နေရ၏။ မွှေ့ နင်က ငါ့ကို ဘယ်လောက်အထိ လိုက်ပြီး နှောင့်ယှက်နေဦးမှာလဲ။ ကိုမိုးတိမ်စံ ရှေ့မှာတော့ သူမ နှုတ်ခမ်းသားလေးပေါ်မှာ အပြုံးလေးတွေ ဟန်ပြတင်ထားရသည်။

"စိမ့်"

"ရှင်"

"ကူညီလိုက်ပါ၊ ကိုယ် မွှေ့ကို တကယ်သိလ်တက်စေချင်တယ်"

မွှေ့တဲ့လား။ ကိုမိုးတိမ်စံနဲ့ မွှေ့ အတော်လေးရင်းနှီးကျွမ်းဝင်နေပြီလား။ စိမ့် ရင်ထဲမှာ ပူလောင်လာရသည်။ မွှေ့နှင့်

မှလာပြီး ယှဉ်ပြိုင်ဖက် ဖြစ်နေရတာလဲ။ စိမ့်မှာက နာမည်ပျက်တွေနှင့်။ အလုပ်ဝင်တာတောင် စိမ့်မှာက လိမ်လည်လှည့်ဖျားမှုတွေနှင့်ဖြစ်သည်။

"သိမ်မွေ့သူရဲ့ မိဘတွေကရောဟင်"

"ဒီမှာ စိမ့်၊ သိမ်မွေ့သူရဲ့ ကိုယ်ရေးရာဇဝင်"

သိမ်မွေ့သူရဲ့ ကိုယ်ရေးရာဇဝင်က ကိုမိုးတိမ်စံရဲ့ အနားမှာ အဆင်သင့်ရှိနေသည်။ ရှင် တော်တော်ပဲ စိတ်ဝင်စားနေတာပါပဲလား။ စိမ့် ရင်တွေ ဒေါသတွေကြောင့် အသက်ရှူပင်မြန်ချင်လာရသည်။ မွေ့ရဲ့ ကိုယ်ရေးရာဇဝင်မှာတော့ အမှန်တွေပဲ။ မွေ့ နင်ကတော့ သတ္တိရှိမှာပေါ့။ ရိုးသားချင်ယောင် ဆောင်နေလိုက်တာ။ ဟိုလူကရော အဆင့်နိမ့်တဲ့ ဂေါ်လီမလေးတစ်ယောက်ကိုမှ စိတ်ဝင်စားနေရတယ်လို့။ စိတ်ထဲမှာ ဒေါသတွေနှင့် ပေါက်ကွဲချင်နေရသည်။

"အင်းလေ သိမ်မွေ့သူက စာတော်တယ်ဆိုတော့လည်း စိမ့် ကူညီထောက်ပံ့ပေးရတော့မှာပေါ့၊ ကိုမိုးတိမ်စံက ဘယ်လိုဖြစ်စေချင်တာလဲ"

"ကျေးဇူးပဲ စိမ့်ရယ်၊ ကိုယ်က ဒီကောင်မလေး ပညာ

ဆက်သင်ဖို့စရိတ်ကို စိမ့်ကတစ်ဆင့် ကူညီထောက်ပံ့ပေးချင်တာပါ"

"စိမ့် မေးမယ်နော်"

"အင်း"

"ရည်ရွယ်ချက်က"

"ဘာမှမရှိပါဘူး၊ ကိုယ်က ပညာတော်တဲ့ ကောင်မလေးတစ်ယောက် ဖြစ်နေလို့ ပညာဒါနကုသိုလ်လုပ်ချင်တာပါပဲလေ"

ကိုမိုးတိမ်စံ စကားကြားရမှ စိမ့် စိတ်တွေထဲမှာ အလိုမကျမှုတွေ မွန်းကြပ်နေမှုတွေ ပြေလျော့သွားရသလိုပင်။ တော်ပါသေးရဲ့။ ကိုမိုးတိမ်စံလို ယောကျ်ားတစ်ယောက်က မွေ့လို နိမ့်ကျတဲ့ မိန်းကလေးတစ်ယောက်ကို မမှန်းပါဘူး။ နင့်ကို အပျော်ပဲကြံမှာနော် မွေ့။ ကိုမိုးတိမ်စံ ဆန္ဒလေးကို ဖြည့်ဆည်းပေးသလိုနှင့် မွေ့ကို ပညာရေးထောက်ပံ့မယ့်အစီအစဉ်တွေ ပျက်ပြယ်သွားအောင် လုပ်ပစ်ရမယ်။ ကိုမိုးတိမ်စံ အထင်ကြီးစေရန် စိမ့် အပြုံးတွေနှင့် ဖြားယောင်းသွေးဆောင်ရမည် ဖြစ်သည်။

"သိမ်မွေ့သူနဲ့ ခင်မင်ရင်းနှီးအောင် စိမ့် လုပ်မယ်၊ ကိုမိုးတိမ်စံ ဆန္ဒတွေအားလုံး စိမ့် ဖြည့်ဆည်းပေးပါမယ်လေ"

"ကျေးဇူးပဲ စိမ့်ရယ်၊ မင်းလို ဉာဏ်ရည်ထက်မြက်ပြီး သွက်လက်တဲ့ အတွင်းရေးမှူးမလေးတစ်ယောက်ကို ရလိုက်တာ ကိုယ် ကံကောင်းတာပဲလေ"

"တကယ်"

"တကယ်ပေါ့ကွာ"

မေစိမ့်သူကတော့ သူနှင့်ဂုဏ်ဒြပ်တူတဲ့ မိန်းကလေးပဲ။ နိုင်ငံခြားသားတွေနှင့် ပြောဆိုဆက်ဆံတဲ့နေရာမှာလည်း စိမ့်က တော်လွန်းသည်။ နိုင်ငံခြားသားတွေ စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်စွမ်းရှိသည်။ သူ အားကိုးရနိုင်၏။ သူ့စိတ်တွေကို သူ နားမလည်နိုင်တာက သိမ်မွေ့သူဆိုတဲ့ ကောင်မလေးကို မေ့ပစ်လို့မရနိုင်တာပဲ။ ကိုယ်ရေးရာဇဝင်နှင့် ဆယ်တန်းအောင်သော အမှတ်စာရင်းတွင် ထူးချွန်တဲ့ မိန်းကလေးဖြစ်နေသည်။ သူ့စုံစမ်းသိရသလောက် သိမ်မွေ့သူ မိဘတွေက ဆင်းရဲပြီး ပညာတော်တဲ့သူ့ကို ကျောင်း ပညာဆက်သင်ဖို့ ခက်ခဲနေသည်တဲ့။ ဘာပဲဖြစ်ဖြစ် သိမ်မွေ့သူ ကိုတော့ သူ မေ့ပစ်ရမှာပဲလေ။ မိုးတိမ်စံက သူ့မိဘအသိုင်းအဝိုင်း အတွက်ရော၊ သူ့အတွက်ရော ဂုဏ်သိက္ခာကို နည်းနည်းလေးမှ အပွန်းအပဲ့မရှိရအောင် စောင့်ထိန်းတတ်သူ ဖြစ်သည်။

"စိမ့်"

"ဟင်"

"ညနေကျရင် ကိုယ့်မာမီက စိမ့်ကို ညစာနဲ့ဧည့်ခံ ကျွေးမွေးချင်တယ်တဲ့။ ကိုယ့်အနားမှာ အနီးကပ်နေထိုင်တဲ့ မိန်းကလေးတွေနဲ့ တရင်းတနှီးနေထိုင်ပြီး လေ့လာတတ်တာ ကိုယ့်မာမီအကျင့်ပဲလေ"

"ဘာဆိုင်လို့လဲနော်"

"ဒီလိုပဲလေ၊ ကိုယ့်ကိုလည်း မာမီက အမြဲတမ်း ဂုဏ် သိက္ခာတွေ ထိန်းသိမ်းတတ်ဖို့ ငယ်ငယ်လေးကတည်းက ဆုံးမ သွန်သင်နေတာပဲ"

"ကောင်းတာပေါ့နော်၊ မိခင်တစ်ယောက်ရဲ့ ကြီးမားတဲ့ မေတ္တာနဲ့ ဆန္ဒပဲလေ၊ သားသမီးတွေအပေါ် မျှော်လင့်ချက်တွေ ကြီးကြီးမားမား ထားတတ်ကြတာပဲ"

"စိမ့်က ကိုယ့်ကို အားပေးကူညီနိုင်တဲ့ မိန်းကလေး တစ်ယောက်ဖြစ်နေလို့ တော်သေးတယ်ကွာ၊ တစ်ခါတလေ ကိုယ် အလုပ်တွေအရမ်းများပြီး စိတ်ထဲမှာ မွန်းကြပ်နေတတ်တယ်၊ ကိုယ်နဲ့ ဘိုင်ပင်ဖော် တိုင်ပင်ဖက် အားပေးနိုင်မယ့်သူတော့ လိုအပ်တယ်

လေ"

"ကိုမိုးတိမ်စံကို အကူအညီပေးနိုင်မယ့် အားပေးဖော်အဖြစ် စိမ့် ရှိနေပေးချင်ပါတယ်နော်"

"ကျေးဇူးပဲ စိမ့်ရယ်"

သိမ်မွေ့သူ ကိုယ်လေ မင်းကို မေ့ပျောက်ပစ်ရမှာပဲ။ မင်းက ကိုယ့်ဘဝထဲမှာ ဘယ်လိုမှ ဝင်ဆန့်နိုင်မှာ မဟုတ်လို့ပါ။ ကိုယ်မေ့ပစ်ရမယ်။ မစိမ့်သူလို မိန်းကလေးတစ်ယောက်ပဲ ကိုယ်နဲ့ လိုက်ဖက်တင့်တယ်နိုင်မယ့် မိန်းကလေးတစ်ယောက် ဖြစ်မှာပါ။ သူ မိန်းကလေးတွေကို စိတ်ဝင်စားဖို့ အချိန်မပေးခဲ့။ စီးပွားရေးလုပ်ငန်းတွေမှာပဲ အာရုံကို နစ်မြှုပ်ထားခဲ့သည်။ ဒါပေမဲ့ သိမ်မွေ့သူကိုတော့ မေ့ပစ်၍မရ ဖြစ်နေရသည်။

"ကိုမိုးတိမ်စံ"

"ပြောလေ စိမ့်"

"စိမ့် ကော်ဖီဖျော်ပေးရမလားဟင်"

"အင်း"

"လုပ်ငန်းတွေအတွက်လည်း ဘာမှစိတ်မပူနဲ့နော်၊ စိမ့်ရှိပါတယ်၊ ကိုမိုးတိမ်စံ ရင်ထဲမှာ မွန်းကြပ်နေတာတွေရှိရင်လည်း

ဖွင့်ပြောလေ၊ စိမ့်ကို တိုင်ပင်ဖော် တိုင်ပင်ဖက်အနေနဲ့ သဘောထားပါနော်"

"အင်း"

"စိမ့် ကော်ဖီသွားဖျော်လိုက်ဦးမယ်နော်၊ ဩော် ဒါနဲ့ ကိုမိုးတိမ်စံ မာမီရော ဘာကြိုက်နှစ်သက်တတ်လဲဟင်"

"ကိုယ့်မာမီက အရမ်းကို ဇီဇာကြောင်တဲ့ အမျိုးသမီးကြီးတစ်ယောက်ပဲ၊ မင်းတွေ့ရမှာပါ စိမ့်၊ ဘာကြိုက်သလဲဆိုရင် သူများတကာ ကျေးမွေးတာဆိုရင် လုံးဝ မကြိုက်ဘူး"

ကိုမိုးတိမ်စံရဲ့ မာမီက စည်းစနစ်ကြီးပြီး ဇီဇာကြောင်မည့်မိန်းမကြီးဖြစ်မယ်ဆိုတာ စိမ့် ကြိုတင်အကဲခတ်မိသည်။ သူ့သားအနားမှာနေမယ့် အတွင်းရေးမှူးမလေးကိုပင် ရှိသင့်ရှိအပ်တဲ့ အရည်အချင်းတွေက ကိုမိုးတိမ်စံရဲ့ မာမီ ဆန္ဒအတိုင်း ဖြစ်နေသည်။ ချွေးမအဖြစ် မှန်းတာပဲမဟုတ်လား။ စိမ့် ကော်ဖီဖျော်ရန် အပြင်သို့ ထွက်လာခဲ့သည်။

"ဟဲ့ မွေ့"

"ရှင် မမစိမ့်"

"နင့်အမေက ငါမရှိမှ နင့်ကို ဆွဲကြိုးတွေ ဘာတွေ

ဆင်တယ်နဲ့တူတယ်''

''မဟုတ်ပါဘူး မမစိမ့်၊ မဲစုငွေလေးရလို့တဲ့၊ မဝတ်ချင်ပါဘူး၊ မမ ယူသွားပါ''

''တော်စမ်းပါ၊ နှင့်ဟာနှင် ဘာပဲဝတ်ဝတ် ငါ စိတ်မဝင်စားဘူး၊ အရေးကြီးတာက နှင် နှုတ်လုံဖို့ပဲ''

''စိတ်ချပါ မမရယ်၊ မွေ့က မမစိမ့် စိတ်တွေပျော်ရွှင်ချမ်းမြေ့ဖို့က အဓိကပါနော်''

''တော်စမ်းပါ၊ ငါက ကိုမိုးတိမ်စံနဲ့ အရမ်းနီးစပ်နေပြီနော်၊ အခု ညနေ ငါ ကိုမိုးတိမ်စံရဲ့အိမ်ကို ညစာစားဖို့ သွားရမယ်လေ၊ အဲဒါ ငါ့ကို ချွေးမလောင်းအဖြစ် ကြည့်ဖို့ပဲ''

''မမစိမ့်''

''နှင် ဘာမှ စိုးရိမ်ပူပင်စရာ မလိုဘူးနော် မွေ့၊ နှုတ်ဆိတ်နေစမ်းပါ၊ ငါ့ဘဝ အိုကေနေပြီ၊ နှင် ဝင်ပြီးမနှောင့်ယှက်ဖို့ပဲ လိုတယ်''

''ဟုတ်ကဲ့''

ကိုမိုးတိမ်စံက မွေ့အပေါ် စိတ်ဝင်စားမှုရှိနေသည်ဆိုတာ စိမ့် သိနေသည်။ စိမ့် တားဆီးရမှာပဲ။ စိမ့် ကော်ဖီဖျော်ဖို့

အကြောင်းရှာပြီး အပြင်ထွက်လာခဲ့ခြင်းဖြစ်သည်။ စိမ့်ဘဝ ကောင်းနေပြီဖြစ်ပေမယ့် မွေ့က ရှိနေသည်။ ကိုမိုးတိမ်စံကလည်း မွေ့အပေါ် စိတ်ဝင်စားမှုရှိနေသည့်အပြင် အလုပ်ကနေ ထုတ်ပစ်ဖို့ ဆန္ဒမရှိပေ။ မွေ့ကိုတောင် ထောက်ပံ့ချင်နေသေးသည်။ စိမ့် နှုတ်ခမ်းသားတွေပေါ်မှာ အပြုံးတွေ ဝင်းလက်တောက်ပနေပေမယ့်လည်း ရင်ထဲမှာတော့ ဒေါသတွေက ပေါက်ကွဲလွင့်စင်ထွက်ချင်နေသည်။

❊ ❊ ❊

အခန်း (၁၃)

ကိုမိုးတိမ်စံရဲ့ မာမီ မျက်ဝန်းတွေက စူးရှတောက်ပနေသည်။ သူ့သားဘေးမှာ အနီးကပ်ဆုံးရှိနေရသည့် မိန်းကလေးကို အကဲဖြတ်နေပုံပင်။ စိမ့်မျက်နှာလေးပေါ်မှာ ဟန်ဆောင်အပြုံးတွေနှင့် ကိုမိုးတိမ်စံရဲ့မာမီကို တရင်းတနှီး တလေးတစား ဆက်ဆံပြောဆိုနေရသည်။

"သမီးလေးက ပညာလည်းတတ်တယ်၊ မိဘအသိုင်းအဝိုင်းကလည်း ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံနေတယ်၊ ကုမ္ပဏီလုပ်ငန်းကြီးတွေလုပ်ဖို့ ပညာသင် ဝင်လုပ်တာဆိုတော့လည်း အန်တီမာလာက အားပေးရမယ်လေ၊ သမီးက အောင်မြင်တဲ့လုပ်ငန်းရှင်မလေး ဖြစ်မှာ သေချာပါတယ်ကွယ်"

"ကျေးဇူးပါပဲ အန်တီမာလာရယ်၊ စိမ့်က အိမ်မှုကိစ္စတွေလည်း ဝါသနာပါတယ်၊ စီးပွားရေးလုပ်ငန်းတွေလည်းပြီးရင် ပိုင်းပြီးပြင်ပေးမယ်နော်"

"ကောင်းတယ် သမီး၊ အန်တီမာလာက အိမ်မှာ အလုပ်သမားတွေရှိနေပေမယ့် ကိုယ်တိုင်ချက်ပြုတ်ပြင်ဆင်ရမှ ကျေနပ်တာလေ၊ မိန်းကလေးဆိုတာ အိမ်ရှင်မကောင်းလည်း ပီသရမယ်လေ"

ကိုမိုးတိမ်စံရဲ့မာမီက အရွယ်နှင့်မလိုက်အောင် နုပျိုနေပြီး ချောမောသည်။ တော်တော်လေး စည်းစနစ်ကြီးပြီး မာနတွေခေါင်ခိုက်နေမည့်ပုံပဲ။ တော်ရုံမိန်းကလေးတစ်ယောက်ကိုတော့ ချွေးမတော်မှာမဟုတ်ပေ။ စိမ့် အောက်ကျခံရတာ ဘာဖြစ်လဲ။ စိမ့်ဘဝ မိုးပေါ်ရောက်ပြီပဲလေ။ ကျယ်ဝန်းသော ခြံကြီးနှင့်အိမ်ကြီးက တစ်ဦးတည်းသောသား ကိုမိုးတိမ်စံ အတွက်ပဲ။ ဒေါ်ခင်မာလာ ဝတ်ဆင်ထားသော စိန်တွေက အလွန်တန်ဖိုးကြီးမားနေကြောင်း သိသာသည်။ ကိုမိုးတိမ်စံ လက်ထပ်မည့် ဇနီးလောင်းက မစိမ့်သူပဲ ဖြစ်ရမယ်။

ဒေါ်ခင်မာလာ စိတ်တိုင်းကျ စိမ့် အလိုက်သိသိလုပ်

ဆောင်နေသည်။ အိမ်မှုကိစ္စတွေက စိမ့် ဘယ်တုန်းကမှ လုပ်ဆောင်ခဲ့ခြင်းမရှိပေ။ အတော်လေးသတိထားပြီး အမှားအယွင်းမရှိအောင် လုပ်ပြနေရသည်။ စိတ်တော့ အမောသားပဲ။ ဟန်ဆောင်နေရလို့လေ။ ဒေါ်ခင်မာလာပုံစံက ငွေကြေးချမ်းသာပြည့်စုံပေမယ့် အိမ်ထောင်ရှင်မပီသမှ နှစ်သက်မည့်ပုံပင်။ စိမ့်လည်း အိုက်တင်အပြည့်နှင့် ဒေါ်ခင်မာလာ အကြိုက် ဆောင်နေရသည်။

"အန်တီမာလာကို စိမ့် ဦးချမယ်နော်"

"အင်းကွယ်"

စိမ့် တစ်သက်လုံး ဘယ်လူကြီးမိဘကိုမှ သိတတ်ခဲ့တာမဟုတ်ပေ။ အဘွားကိုပင် ဦးချထားတာမျိုးတွေ မလုပ်ခဲ့။ မိသားစုဝင်အားလုံးက စိမ့်အတွက်ပဲ ဦးစားပေး ချန်ထားပေးကြရသည်။ ဖေဖေက ချမ်းသာအောင် မကြိုးစားခဲ့လို့ စိမ့် မျက်နှာငယ်နေရတာပါ။ စိမ့်လည်း ကိုမိုးတိမ်စံလို ချမ်းသာကြွယ်ဝတဲ့ မိသားစုအသိုင်းအဝိုင်းကနေ မွေးဖွားလာခဲ့ရင် ဘယ်လောက်ကောင်းမလဲ။ စိမ့်ဘဝက အမှားအယွင်း အမည်းစက်တွေနှင့် ဖြစ်နေသည်။ ဒါဘာဖြစ်လဲ။ အရေးကြီးတာက စိမ့် မြင့်မားတဲ့ဘဝတစ်ခုကို တင့်တယ်ဖို့ပဲလေ။ ယောက္ခမလောင်းကြီး နှစ်သက်သဘောကျစေဖို့

လည်း စိမ့် လုပ်ဆောင်နေရသည်။

"စိမ့်ရယ် သမီးက အန်တီမာလာရဲ့ စည်းစနစ်တွေနဲ့ ကိုက်ညီတဲ့ မိန်းကလေးပဲကွယ်၊ သားအနားမှာ စိမ့်လို မိန်းကလေး တစ်ယောက်ရှိနေတော့ အန်တီ စိတ်အေးရတယ်လေ"

သားက လူပျိုဆိုတော့ အနီးကပ်နေထိုင်ဆက်ဆံရတဲ့ အတွင်းရေးမှူးမလေးက အစွမ်းအစရှိတဲ့ မိန်းကလေးတစ်ယောက်ပဲ ဖြစ်နေသင့်တယ်။ တစ်နေ့ မိမိတော်ရမယ့် ချွေးမလောင်း ဖြစ်လာနိုင်တယ် မဟုတ်လား။ မေစိမ့်သူက မျိုးရိုးရော ပညာရော ပြည့်စုံနေသည်။

"စိမ့်"

"ရှင်"

"အန်တီမာလာ မေးခွန်းတစ်ခု မေးလို့ရမလား"

"မေးပါ အန်တီမာလာ၊ စိမ့်မှာ အမေမရှိတော့ အန်တီမာလာ့ကို မိခင်တစ်ယောက်လိုပဲ ချစ်ပါတယ်နော်"

"စိမ့်အမေက ကွယ်လွန်သွားပြီပဲ၊ အန်တီ သိချင်တာက သမီးလေးမှာ ချစ်သူရည်းစားများ ရှိနေလားလို့ပါ"

"မရှိပါဘူး အန်တီရယ်၊ စိမ့်က ငယ်ငယ်လေးကတည်း

က ပညာပဲ ကြိုးစားခဲ့တာလေ၊ စိမ့် ရည်ရွယ်ချက်က အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ဖြစ်ချင်တယ်၊ နိုင်ငံတကာနဲ့ဆက်ဆံပြီး စီးပွားရေးလုပ်ချင်တာပါ၊ ချစ်သူထားဖို့ စိတ်ကူးထဲမှာတောင် မရှိခဲ့ပါဘူး"

"ကောင်းတယ်ကွယ်၊ အန်တီမာလာ ငယ်စဉ်ကလိုပဲ ရည်မှန်းချက်တွေ ကြီးလိုက်တာ"

ကိုဆန်နီ ရှင့်ကြောင့်ပဲ။ စိမ့်ဘဝကို ရှင် ရိုက်ချိုးဖျက်ဆီးပစ်လိုက်တာ။ လူယုတ်မာ။ စိမ့်ကို မက်လုံးတွေပေးပြီး လိမ်ညာလှည့်ဖြား လက်ထပ်ခဲ့သည်။ စိမ့်ရဲ့ အပျိုစင်ဘဝလေးအား ဖျက်ဆီးပစ်ခဲ့၏။ ဒါပေမဲ့ စိမ့် နောင်တရမနေပါဘူး။ ကိုယ်ဖြစ်ချင်တဲ့ ဘဝတစ်ခုကို ရယူပိုင်ဆိုင်နိုင်ဖို့ ကြိုးစားရမည်ဖြစ်သည်။ ကိုမိုးတိမ်စံကို စိမ့် ရအောင်ယူပြမယ်။ လက်ထပ်ပြီးမှ ဘဝမှန်သိတော့ရော ဘာဖြစ်လဲ။ အနည်းဆုံး နစ်နာကြေးတော့ ရမှာပဲလေ။ ပြီးတော့ ကိုမိုးတိမ်စံတို့ အသိုင်းအဝိုင်းက အရက်သိက္ခာကို စောင့်ထိန်းကြတဲ့သူတွေ။ အရက်ကွဲခံမှာ မဟုတ်ကြ။ ဒေါ်ခင်မာလာလည်း စိမ့်ကို သဘောကျနေသည်။

"သားရေ စိမ့်လေးကို လိုက်ပို့လိုက်ပါကွယ်"

"ဟုတ်ကဲ့ မာမီ"

"စိမ့်က သားရဲ့အတွင်းရေးမှူးမလေး ဖြစ်နေတာ သားကံကောင်းတာပဲ၊ အဘက်ဘက်ကနေ ပြည့်စုံလွန်းတဲ့ မိန်းကလေးပဲလေ"

မိုးတိမ်စံကတော့ စိမ့်ထက် သူ့ သတိတရရှိနေတာက သိမ်မွေ့သူပင်။ နူးညံ့အိစက်နေတဲ့ ခန္ဓာကိုယ်လေးကို သူ့လက်တွေနှင့် ထွေးပွေ့ခဲ့ရတာကို မေ့ပစ်၍မရပေ။ မာနလေးနှင့် မျက်ဝန်းတောက်တောက်လေးတွေက သူ့လို ယောက်ျားတစ်ယောက်အား မျှဆွယ်ဖြားယောင်းခြင်းမရှိဘဲ အလုပ်တာဝန်တွေပဲ စိတ်ဝင်စားထမ်းဆောင်နေတတ်တဲ့ ပုံစံလေးကပဲ သူ့ကို ဖြားယောင်းသွေးဆောင် ညှို့ယူဖမ်းစားနိုင်နေတာပဲလား။ သိမ်မွေ့သူ မင်းကို ကိုယ်ဘာဖြစ်လို့များ မေ့ပစ်လို့မရနိုင် ဖြစ်နေရတာလဲကွာ။ စိမ့်ကို ပြန်ပို့ဖို့ ကားမောင်းထွက်လာခဲ့သည်။

"ကိုမိုးတိမ်စံ"

"ပြောလေ စိမ့်"

"ကိုမိုးတိမ်စံကို ကြည့်ရတာ တစ်ခုခု ဆွေးဆွေးမြည့်မြည့် စဉ်းစားနေသလိုပဲ၊ ဘာအကြောင်းတွေလဲဟင်"

ကိုမိုးတိမ်စံရဲ့ စိတ်တွေက စိမ့်အနားမှာရှိမနေကြောင်း သိသာနေသည်။ မွေ့အကြောင်း စဉ်းစားနေတာများလား။ စိမ့် စိတ်ပူနေရပါသည်။ မွေ့ ဒီကောင်မလေးက ရိုးသားဖြူစင်တဲ့ အမူအရာလေးက စိတ်ဝင်စားစရာကောင်းနေ၏။ မုန်းလိုက်တာ လူတွေအထင်ကြီးအောင် လုပ်ပြနေတာ။ နင် ဆယ်တန်းမှာ ဂုဏ်ထူး တွေနဲ့အောင်ကြောင်း တမင် ကုမ္ပဏီပိုင်ရှင် လူပျိုတစ်ယောက်ကို အသိပေးလိုက်တာပဲ။ ကိုမိုးတိမ်စံက အဝေးကို ငေးမောနေသည်။

"ကိုမိုးတိမ်စံ"

"ဟင်"

"ဘာတွေ ဒီလောက်တောင် အတွေးတွေဝင်နေတာလဲ ဟင်၊ စိမ့် အနားမှာရှိနေတာရော သတိရသေးရဲ့လားဟင်"

"ဩော် စိမ့်၊ ကိုယ် အမှန်အတိုင်းဝန်ခံရရင်တော့ မွေ့ ဆိုတဲ့ ကောင်မလေးအကြောင်း စဉ်းစားနေမိတာလေ"

"ဟင်"

"သိမ်မွေ့သူကို ကိုယ် ဘာဖြစ်လို့ သတိရနေမှန်း မသိ ဘူး စိမ့်၊ မိန်းကလေးတွေနဲ့ ကင်းကင်းရှင်းရှင်းနေတတ်တဲ့ ကိုယ် မွေ့တို့ ဝင်တိုက်မိသွားတာကပဲ ကိုယ်တို့တွေ့ဆုံမှုက ထူးခြား

တယ်လို့ မထင်မိဘူးလား စိမ့်"

"ကိုမိုးတိမ်စံက သိမ်မွေ့သူကို စိတ်ဝင်စားနေတာလား၊ ဒီကောင်မလေးက ကုမ္ပဏီက အကူဝန်ထမ်းနော်"

"ကိုယ် ပထမဆုံး စိတ်ဝင်စားမိတဲ့ မိန်းကလေးက သိမ်မွေ့သူပဲ စိမ့်၊ ဒါပေမဲ့ ကိုယ့်အသိုင်းအဝိုင်းထဲမှာတော့ ဝင်ဆန့် နိုင်မယ့် မိန်းကလေးမဟုတ်ဘူး၊ သိမ်မွေ့သူကိုတော့ ကိုယ်စောင့် ရှောက်ချင်တယ်၊ စိမ့် တာဝန်ယူပေးပါ"

"အိုကေလေ စိမ့် တာဝန်ယူပေးပါတယ်၊ အရေးကြီး တာက ကိုမိုးတိမ်စံက ကင်းကင်းနေဖို့ပဲလေ၊ အန်တီမာလာက ဘယ်လိုမိခင်တစ်ယောက်လဲဆိုတာ ကိုမိုးတိမ်စံ သိပါတယ်လေ"

ကိုယ့်မာမီက မင်းလို ကောင်မလေးတစ်ယောက်ကို ဘယ်လိုနည်းနဲ့မှ ချွေးမတစ်ယောက်အဖြစ် လက်ခံမှာမဟုတ်ပါဘူး သိမ်မွေ့သူရယ်။ မာမီက ကိုယ့်ကို ဂုဏ်သိက္ခာထိနိုက်မှာ၊ လူပုံ အလယ်မှာ မတင့်တယ်မှာ အလွန်အမင်း စိုးရိမ်ပူပန်နေခဲ့တာပါ။ ကိုယ့်အနားမှာ ရှိနေရမယ့် ဝန်ထမ်းကောင်မလေးဆိုရင် အဘက် ဘက်က ပြည့်စုံနေမှ လက်ခံတာလေ။ စိမ့်လို မိန်းကလေးမျိုး လေ။ ဒါပေမဲ့ ကိုယ့်စိတ်တွေကတော့ သိမ်မွေ့သူဆိုတဲ့

ကောင်မလေးကိုပဲ သတိရတမ်းတနေမိတယ်။ သူ့စိတ်တွေ မွန်းကြပ်နေရသည်။

"မင်း ကိုယ့်အနားရှိနေလို့ ကိုယ်ရင်ဖွင့်နိုင်တာပဲ စိမ့်ရယ်၊ နားထောင်ပေးစမ်းပါ၊ ကိုယ့်စိတ်တွေကို သိမ်မွေ့သူဆိုတဲ့ကောင်မလေးက လွှမ်းမိုးနေပြီထင်တယ် စိမ့်၊ ကူညီပါနော်"

"ဘုရားရေ"

စိမ့် တကယ်ပဲ အထိတ်တလန့် ဖြစ်သွားရကာ ကိုမိုးတိမ်စံရဲ့ ရီဝေကြေကွဲနေတဲ့ မျက်ဝန်းတွေအား နားမလည်နိုင်စွာ ငေးမောကြည့်မိသည်။ နင်နဲ့ငါမှ ဘာဖြစ်လို့များ ပြိုင်ဘက်တွေ ဖြစ်နေရတာလဲ မွေ့။ တည်ကြည်ခန့်ညားပြီး မိန်းကလေးတွေကို စိတ်မဝင်စားတတ်တဲ့ ယောကျ်ားတစ်ယောက်က နင့်ကို တမ်းတမ်းတတနဲ့ ငါ့ကိုရင်ဖွင့်ပြနေတာ ငါ အရမ်းမုန်းတီးတာပဲ။ နင်နဲ့တန်လို့လားမွေ့။ နင် တမင်တကာ ကုမ္ပဏီပိုင်ရှင်ရဲ့ရင်ခွင်ထဲကို ကြိုတင်အကွက်ကျစီစဉ်ပြီး ဝင်တိုက်လိုက်တာပဲ မဟုတ်လားဟင်။ မဖြစ်ဘူးမဖြစ်ဘူး။ နင့်ကို ဒီကနေ ပထုတ်ပစ်ရမယ်။ ကိုမိုးတိမ်စံက ကန်တော်ကြီးစောင်းမှာ ကားကိုရပ်လိုက်ပြီး နင့်အကြောင်းတွေ ကြေကြေကွဲကွဲပြောနေတာ ငါ ဒေါသဖြစ်လိုက်တာ။ နင်နဲ့ယှဉ်

ပြိုင်ပြီး ကျဆုံးရတာ ငါ အနာကျင်ဆုံးပဲ။ ချောမောခန့်ညားပြီး အစွမ်းအစရှိသေ ယောကျ်ားတစ်ယောက်ကို မွေ့ မရစေရဘူး။ စိမ့် အကြံဉာဏ်တွေ ထုတ်နေမိသည်။

"ကိုယ် ဘယ်လိုလုပ်ရမလဲ စိမ့်၊ သိမ်မွေ့သူကို ကိုယ်မေ့ပစ်ချင်တယ်၊ ဒီကောင်မလေးကိုပဲ ကိုယ် အမြဲတမ်း သတိရနေတယ်"

တော်ပါတော့ ကိုမိုးတိမ်စံရယ်။ သိမ်မွေ့သူက ရှင့်ဘဝအတွက် ဘယ်လိုမှမအပ်စပ်ပါဘူး။ မေ့ပစ်လိုက်စမ်းပါ။ အန်တီမာလာရဲ့ မျှော်လင့်ချက်တွေကို ဖျက်ဆီးပစ်တော့မလို့လားဟင်။ အန်တီမာလာလို မိခင်တစ်ယောက်ရဲ့ ကြေကွဲမှုတွေ ဖန်တီးတော့မှာလားဟင်။

"သွားစို့ စိမ့်"

"ကိုမိုးတိမ်စံ"

"နောက်ကျနေပြီ စိမ့်၊ စောစောက ကိုယ်ပြောခဲ့တာတွေကို မေ့ပစ်လိုက်တော့နော်၊ ကိုယ့်စိတ်တွေ ခဏလောက် လွတ်ထွက်သွားတာပဲဖြစ်မယ်"

သူ ကားပေါ်တက်လိုက်သည်။ စိမ့်နှင့်အတူနေပြီး မွေ့

ကို တမ်းတနေတာ အားနာမိ၏။ မိုးတိမ်စံ စိတ်တွေ တစ်ချက် တစ်ချက် လွတ်ထွက်သွားတာ မကောင်းပါဘူးလေ။ စိမ့်ကို ပြန်ပို့ ခဲ့သည်။

❈ ❈ ❈

အခန်း (၁၄)

"မွေ့"

"ဟင် မမ"

"နင့်ကို ငါ ပြောစရာရှိတယ်"

"ရှင်"

ကိုမိုးတိမ်စံ ပြန်ထွက်သွားသည်နှင့် မွေ့ဆီသို့ စိမ့် သွားခဲ့သည်။ အချိန်မတော်တာတွေ ဘာတွေ မစဉ်းစားတော့။ စိမ့် စိတ်တွေ ဟန်ဆောင်နေရတာတွေ လွတ်ထွက်သွားပြီး ဒေါသ တွေ ဗလောင်ဆူပွက်လာကာ မွေ့ဆီ ရောက်လာခဲ့သည်။

"နင်ရတဲ့အမှတ်က ဆေးတက္ကသိုလ်မီတယ်မဟုတ် လား"

"အင်း"

"နင် ကုမ္ပဏီကနေထွက်ပြီး ကျောင်းပဲဆက်တက်၊ ငါ ထောက်ပံ့မယ်"

"ဟင် မမစိမ့်က မွေ့ကိုတောင် ကျောင်းထားနိုင်တဲ့ ဝင်ငွေ ရှိနေပြီလား"

"ရှိတယ်၊ ငါပြောသားပဲ မွေ့၊ ငါ့ဘဝရှေ့ရေးအတွက် အိုကေနေပါပြီလို့၊ နင် အလုပ်ကထွက်ပြီး ကျောင်းပဲတက်တော့"

"ဒီအလုပ်ကထွက်ရင် လျော်ကြေးပေးရမယ်လေ မမစိမ့်"

"မလိုဘူး၊ နင် အလုပ်ကထွက်ပြီး ကျောင်းပြန်တက်မယ့် အကြောင်းသာ ပြောလိုက်"

"မမစိမ့်"

"ဘာလဲ၊ နင်က ကုမ္ပဏီပိုင်ရှင် သူဌေးအနားမှာ ကပ်ချင်တာလား"

"မွေ့အတွက် မမစိမ့်တာဝန်တွေ ပိုနေမှာစိုးလို့ပါ"

"ရတယ်ဟဲ့၊ ငါက နင့်ကို ထောက်ပံ့နိုင်တဲ့ အခြေအနေ ရှိတယ်၊ နင် ရှိနေတော့ ငါ့စိတ်တွေ မလုံခြုံဘူး၊ နင့်ကို ငါ ပြော

ရဦးမယ်၊ ငါနဲ့ကိုမိုးတိမ်စံက လက်ထပ်ဖြစ်ချင် ဖြစ်မှာ"

"ဟင်"

"ဟဲ့ နင် မနာလိုမဖြစ်ဘူးမဟုတ်လား မွေ့"

"မဖြစ်ပါဘူး မမ၊ မွေ့က ဝမ်းသာပါတယ်"

"အေး ဒါဆိုရင် နင် ကုမ္ပဏီက ထွက်တော့၊ ကျောင်း တက်စရိတ်ကို ငါပေးမယ်၊ ကတိတစ်ခုပဲ ပေးပါ မွေ့၊ ပေးမလား"

"ရှင်"

"ကိုမိုးတိမ်စံနဲ့ လုံးဝမပတ်သက်ပါဘူးလို့၊ ဘယ်လိုလဲ မွေ့၊ အဲဒီကတိ ပေးနိုင်မလား"

"ကတိပေးနိုင်ပါတယ် မမ၊ ကိုမိုးတိမ်စံနဲ့ မွေ့ ဘာမှ ပတ်သက်စရာအကြောင်းမှမရှိတာဘဲ၊ မပတ်သက်ပါဘူး၊ မွေ့ရဲ့ ခဲအို ဖြစ်လာမှာလေ"

"နင် တကယ်ပြောနေတာလား မွေ့"

"ဟုတ်ကဲ့ဝါ"

"ဘာလဲ၊ နင်က ကျောင်းစရိတ်ရအောင် ဒီကတိကို အလွယ်တကူ ပေးတာလား"

ကိုမိုးတိမ်စံလို ယောကျ်ားတစ်ယောက်ကို မမစိမ့်

လက်ထပ်ခွင့်ရမယ်ဆိုရင်တောင် ကံကောင်းတာပါပဲ။ မွေ့ ဝမ်းသာသည်။

မမစိမ့် ဘာတွေလုပ်နေတာလဲ။ မဟုတ်မဟတ်တွေနှင့် ပြဿနာတွေတက်မှာရော။ မွေ့ ကျောင်းစရိတ်အတွက် မသမာတဲ့ နည်းတွေနဲ့ ငွေရှာနေမှာရော။ ပြီးတော့ မွေ့ကိုမယုံလို့ ကုမ္ပဏီကနေ ဖယ်ထုတ်ချင်တာနဲ့ ဒုက္ခအခက်အခဲတွေနဲ့ ရင်ဆိုင်တွေ့ရမှာရော မွေ့ တွေးပြီး ရင်ထဲမှာ လေးလံလာရသည်။

"ကုမ္ပဏီကနေ လျော်ကြေးမပေးရဘဲ အလုပ်ထွက်ခွင့်ရအောင်ပဲ ပြောပေးပါနော် မမစိမ့်၊ ကျောင်းစရိတ်က ပေးစရာမလိုပါဘူး၊ မွေ့ဘဝကို မွေ့ နားလည်ပါတယ်၊ စိတ်မပူပါနဲ့နော်"

"ဟဲ့ နင်စကားမရှည်စမ်းပါနဲ့၊ ငါ ထောက်ပံ့ပေးမယ်လို့ ပြောပြီးပြီပဲ၊ အပိုတွေ လျှောက်ပြောမနေနဲ့၊ လက်ခံလိုက်"

"မမစိမ့်မှာ မွေ့ကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်မှာစိုးလို့ပါ"

"ရတယ်၊ နင် ငါ့စကားကိုပဲ နားထောင်ပါ"

"အင်းလေ မမစိမ့် ဆန္ဒအတိုင်းပါပဲ၊ မွေ့ ကုမ္ပဏီကနေ ထွက်ခွင့်ရရင်ပဲ ကျေနပ်ပါပြီလေ"

မွေ့လည်း မမစိမ့်နှင့်အတူ ကုမ္ပဏီတစ်ခုထဲမှာ အလုပ်

တာဝန်တွေ မထမ်းဆောင်ချင်ပေ။ ကုမ္ပဏီပိုင်ရှင်ကလည်း မွေ့ကို အဖက်မတန်သလိုနဲ့။ မမစိမ့် စိတ်မသက်မသာဖြစ်နေရတာလည်း မွေ့ မလိုလားပေ။ မွေ့ ဒေါ်လေးရဲ့ စာအုပ်အငှားဆိုင်လေးမှာ ထိုင်ရင်း ကျောင်းဆက်တက်ဖို့ပဲဖြစ်ဖြစ် တခြားအလုပ်တစ်ခုခု လုပ်ဖို့ပဲဖြစ်ဖြစ် စီစဉ်၍ရသည်။

"နင် မနက်ဖြန်ကစပြီး အလုပ်ကိုမလာနဲ့တော့၊ ကျန်တာ ငါ့ကိစ္စပဲ"

"ဟုတ်ကဲ့"

မေမေ ဈေးဆိုင်သိမ်းပြီး ပြန်လာတော့ မမစိမ့် ရောက်နေသဖြင့် မွေ့ကို အနိုင်ကျင့်နေပြန်ပြီထင်ကာ အကြည့်တွေက တင်းမာနေသည်။

"စိမ့် ညည်း ဒီအချိန်ကြီး ရောက်လာပြန်ပြီလား၊ ငါ့သမီးလေးနဲ့ စာရင်းရှင်းစရာ ဘာအကြောင်းတွေရှိနေလို့လဲ"

"မွေ့ကို တက္ကသိုလ်ဆက်တက်ဖို့ ကျွန်မ လာပြောတာပါ အန်တီခင်၊ စိမ့် ထောက်ပံ့မှာပါ"

"ဘာအေ့"

"ကုမ္ပဏီကနေ အလုပ်ထွက်ပြီး ဆေးတက္ကသိုလ်တက်

ဖို့လေ''

''ဘာ''

မေစိမ့်သူ စကားကြောင့် ဒေါ်ခင်ခင်သွယ် မယုံသလို ဖြစ်နေရသည်။ ဘာတွေ လာကြံစည်နေပြန်ပြီလဲ။ သမီးမွေ့အပေါ် ဘယ်တုန်းကမှ စေတနာ မေတ္တာမရှိတဲ့ ဟာမလေးကများ ကြီးကြီးကျယ်ကျယ်နှင့် ကျောင်းထားပေးဦးမယ်တဲ့။ မေစိမ့်သူ မျက်ဝန်းတွေက မာထန်နေသည်။

''စိမ့် ဘာမှထပ်ပြီး ရှင်းပြမနေတော့ဘူး၊ လက်ခံကြပါလို့ပဲ ပြောပါရစေ''

မိထွေးဖြစ်သူက မယုံသလိုလို။ စိမ့် မဟုတ်တာတွေ လုပ်နေပြီလားဟု အဓိပ္ပါယ်ဖော်ဆောင်တဲ့ မျက်ဝန်းတွေဖြစ်သည်။

''ညည်း ဘာတွေလုပ်နေလဲဆိုတာ ပြောပြပါဦး စိမ့်''

''မပြောပြနိုင်ဘူး၊ စိမ့်ပြောတာပဲ လက်ခံပါ၊ မွေ့ကို ဆရာဝန်တစ်ယောက်ဖြစ်စေချင်တာ မဟုတ်လား အန်တီခင်''

''နေပါဦး''

''စဉ်းစားထားပါ၊ စိမ့် ဘာမှထပ်ပြီး ရှင်းပြနိုင်မှာမဟုတ်ဘူး''

''ညည်းက ကျုပ်သမီးအပေါ် ဘယ်တုန်းကမှ စေတနာ ရှိတာမဟုတ်ဘဲ ဘာဖြစ်လို့များ ငွေကြေးကို ထောက်ပံ့ပေးရတာလဲ၊ ကျုပ် သမီးက ညည်းထက်သာသွားမှာစိုးလို့ ဆေးတက္ကသိုလ်တောင် မတက်ဘဲနေတာလေ''

စိမ့် ဘာမှတုံ့ပြန်ပြောမနေတော့ဘဲ ချာခနဲ လှည့်ထွက်လာခဲ့သည်။

''မြေး မေစိမ့်သူရယ်၊ ဘွားကိုထားခဲ့ပြီး ဘယ်ကိုထွက်သွားတာလဲဟင်၊ ဘွား အရမ်းလွမ်းတယ်''

စိမ့်ခြေလှမ်းတွေ တုံ့ခနဲရပ်သွားပြီး အားလုံးကို သံယောဇဉ်ဖြတ်ကာ ချာခနဲ လှည့်ထွက်လာခဲ့သည်။

''မြေးကြီး''

''ဒီဟာမလေးက သူ့အတွက်ပဲ သူကြည့်တတ်တာပဲ အမေ၊ ကြည့်ပါလား လှည့်တောင်မကြည့်ဘူး''

''ခင်ခင်သွယ် ငါ့မြေးကြီးကို အပြစ်မတင်ပါနဲ့အေ၊ မိထွေးနဲ့နေရတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ခံစားချက်ကို ညည်း စာနာတတ်ရဲ့လားအေ့''

''ခင်က မိထွေးဆိုပြီး ဘယ်တုန်းကမှ စိမ့်ကို မနှိပ်စက်

ခဲ့ပါဘူး အမေ၊ ရှာဖွေကျွေးမွေးခဲ့တာပဲ၊ မေစိမ့်သူ ကိုယ်တိုင်က မိထွေးလို့သတ်မှတ်ပြီး ရန်ရှာနေတာပါ”

“တော်ပါတော့အေ”

အဘွားက မမစိမ့်အပေါ် သံယောဇဉ်ကြီးမားခဲ့ပေမယ့် မမစိမ့်ဘက်မှ ရက်စက်စွာ ဥပေက္ခာပြုနေသည်။ အဘွား အခန်းထဲ ပြန်ဝင်သွား၏။ ဒေါ်လေးကတော့ စာအုပ်ဆိုင်မှာ ပြောင်းနေ၍ မရှိပေ။ မွေ့က ပြဿနာတွေဖြစ်နေကြလည်း မိသားစုဝင်တွေ ချစ်ခင်စွာ နေစေချင်သည်။

“မွေ့”

“ရှင် မေမေ”

“ဟိုဟာမလေး ဘာလာပြီး အကောက်ကြဲစည်နေပြန် ပြီလဲ၊ မေမေ့ကို အမှန်အတိုင်း ဖွင့်ပြောစမ်း”

“ဘာမှမဟုတ်ပါဘူး မေမေ၊ ညီမဆိုတော့ ပညာရေး အားပေးတာပါပဲ”

“မွေ့နော် မေစိမ့်သူ အနိုင်ကျင့်တိုင်း ခေါင်းငုံ့ခံမနေနဲ့ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ မေစိမ့်သူက မွေ့အပေါ် ဒီလောက် မကောင်းနိုင်ဘူးဆိုတာ မေမေ သိတယ်”

“ဘာမှမဟုတ်ပါဘူး မေမေ၊ မမစိမ့် ဘယ်လောက်ပဲ တင်းမာနေပါစေ၊ မွေ့နဲ့က သွေးသားတော်စပ်သေးတာပဲလေ”

“မေမေကတော့ လန့်တယ်၊ အလိုရမှုက်တွေကြီးပြီး အတ္တကြီးတဲ့ဟာမလေးက ညည်းအပေါ် ဒီလောက်ကောင်းပြလာ တာ အန္တရာယ်ရှိတယ်နော်”

“မွေ့အတွက် စိတ်မပူပါနဲ့ မေမေ၊ မမစိမ့်က စေတနာ နဲ့လည်း ဖြစ်မှာပါ၊ ဘာဖြစ်လဲ မွေ့ ဆရာဝန်ဖြစ်ရမှာပဲဟာ”

မေမေ့ရှေ့ကနေ မွေ့ ထွက်လာခဲ့သည်။ မွေ့က မမစိမ့် မှာ အပြစ်အနာအဆာတွေရှိနေတာ သိထားတော့ ကိုမိုးတိမ်စံကို ပြောလိုက်မှာ စိုးရိမ်စိတ်တွေနှင့် မွေ့ကို အလုပ်က ထွက်သွားအောင် လုပ်တာပဲဖြစ်နိုင်သည်။ ပြီးတော့ မမက ကိုယ်ရေးရာဇဝင်တွေ လိမ်ညာဖြည့်စွက်ထားတာဆိုတော့ မွေ့ ရှိနေသဖြင့် စိတ်မလုံတာ လည်း ဖြစ်နိုင်၏။ မေမေတို့ကို ပြောမပြမိ။ မမစိမ့်ဘဝလေး ပျော်ရွှင်အေးချမ်းစေချင်သည်။ စည်းစိမ်ချမ်းသာတွေနှင့် ပြည့်စုံ စေချင်နေမိ၏။ မမစိမ့်အပေါ် မွေ့ ဘယ်တော့မှ အကောက်မကြံ ဖို့လည်း ဆုံးဖြတ်ထားမိသည်။

“သိမ်မွေ့သူ မင်း အလုပ်ကနေ ထွက်ချင်တိုင်း ထွက်

လို့မရဘူးနော်၊ ကုမ္ပဏီစည်းကမ်းဆိုတာ ရှိတယ်၊ ကုမ္ပဏီမှာ အလုပ်လျှောက်ပြီး ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်ခွင့် မပေးနိုင်ဘူး၊ စာချုပ်စည်းကမ်းအရ မင်းလျော်ကြေးပေးရမယ်''

မွေ့ အလုပ်ကနေ ထွက်မည်ပြောစဉ်က ကုမ္ပဏီဥက္ကဋ္ဌ ကိုမိုးတိမ်စံက ပြောခဲ့သည်။ အလုပ်စတင်ဝင်ရောက်ကတည်းကပဲ မွေ့ ထွက်ပစ်ချင်နေတာပါ။ ကိုမိုးတိမ်စံက မျက်နှာထားတည်တည်နှင့် မွေ့ကို မတူမတန်သလို ဆက်ဆံနေသည်။ မွေ့လည်း မလုပ်ချင်တော့ပါဘူး။ မွေ့က ရှင့်လို ကုမ္ပဏီပိုင်ရှင်သူဌေးကို အထင်ကြီးမယ်ထင်လို့လား ဝေးသေးတယ်။ မမစိမ့် ဆန္ဒတွေအတိုင်း မွေ့ အလုပ်ကနေ ထွက်လိုက်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

❋ ❋ ❋

အခန်း (၁၅)

''သိမ်မွေ့သူကို စိမ့် ပြောလိုက်ပြီ ကိုမိုးတိမ်စံ၊ လက်ခံတယ်၊ သူ အလုပ်ကနေထွက်ပြီး ကျောင်းတက်ခွင့်ရလို့လေ၊ ကျေးဇူးတင်ပါတယ်တဲ့''

ကုမ္ပဏီကပါ ထွက်လိုက်တာဆိုတော့ စိတ်တွေ နာကျင်ထိခိုက်သွားရသလို ရင်ထဲမှာဟာပြီး လွမ်းဆွတ်ကြေကွဲမှုတွေ ခံစားရသည်။ ဒါပေမဲ့ မွေ့အလုပ်ကနေ ထွက်သွားတာ ကောင်းပါတယ်လေ။ မွေ့ကို သန့်ရှင်းဖြူစင်စွာ ကူညီထောက်ပံ့ပေးချင်သည်။

''ကျေးဇူးပါပဲ စိမ့်၊ သိမ်မွေ့သူကို မြင်မြင်ချင်းပဲ သံယောဇဉ်တွယ်မိနေသလိုပဲ၊ ဒါပေမဲ့ ကိုယ်မေ့ပစ်ရမယ်လေ၊ မေ့ပစ်သင့်တယ်၊ မွေ့ ဆရာဝန်မလေးဖြစ်တဲ့အထိတော့ စိမ့်ပဲ

တာဝန်ယူပေးပါ''

''စိတ်ချပါ ကိုမိုးတိမ်စံ၊ စိမ့် အစွမ်းကုန် အကူအညီ ပေးပါ့မယ်''

''စိမ့်ရယ် မင်း ကိုယ့်အနားရောက်လာတာ ကံကောင်းခြင်း လက်ဆောင်ပဲကွာ''

''ကိုမိုးတိမ်စံကိုလည်း စိမ့် အကူအညီပေးချင်ပါတယ်၊ စိမ့်ကို လိုအပ်တဲ့အကူအညီတွေသာ ပြောပါနော်၊ အားမနာပါနဲ့ စိမ့်ကိုလည်း စီးပွားရေးပညာတွေ သင်ပေးပါဦး''

''စိမ့်ရယ်၊ ကိုယ်သင်ပေးရမယ်လေ၊ စိမ့်က ကိုယ်နဲ့ အတူ လက်တွဲလုပ်ရမှာပဲ''

''ကိုမိုးတိမ်စံ''

''စံလို့ပဲ ခေါ်ပါကွာ၊ ကိုယ်တို့ အတူတူလက်တွဲ လုပ်ကိုင်ကြရမှာ၊ ရင်းရင်းနှီးနှီးပဲ ခေါ်ပါ''

''စံ''

''စိမ့်''

''စိမ့် အရမ်းဝမ်းသာတာပဲ၊ စံနဲ့အတူတူ လက်တွဲ လုပ်ကိုင်ရလို့လေ''

စံနဲ့ ရင်းနှီးမှုကို အမြန်ရယူဖို့ စိမ့် ကြံစည်နေမိသည်။ မွေ့ အပေါ် စိတ်ဝင်စားမှုတွေ လွှန်ကဲနေသော စံက စိမ့်အား အစားထိုးသံယောဇဉ် တွယ်တာမယ်ဆိုရင်လည်း စိမ့်အတွက် အခွင့်အရေးကို စိမ့် အသုံးချရမယ်။ စံ့အတွက် စားသောက်စရာတွေကအစ စိမ့် စီစဉ်ပေးခဲ့သည်။

''ညနေရုံးဆင်းရင် အန်တီမာလာဆီ စားစရာတွေ သွားပို့ရဦးမယ်၊ စိမ့်ကိုယ်တိုင် ငါးပိကြော်တွေ ကြော်ယူလာခဲ့တယ်''

''စိမ့်ရယ် ကိုယ့်မာမီကို ဂရုစိုက်ပေးတာ ကျေးဇူးတွေ အရမ်းတင်တယ်ကွာ''

စိမ့်ကို သူ ချစ်သူအဖြစ် ရွေးချယ်ဖို့ စိတ်ကူးနေမိပေမယ့် သူ့စိတ်ထဲမှာ လက်မခံနိုင်ပေ။ ဘာကြောင့်လဲဆိုတော့ မွေ့ကြောင့်ပဲ။ မွေ့ ကုမ္ပဏီအလုပ်ကနေ ထွက်သွားသည်။ ကျောင်းစရိတ်အတွက် စိမ့်အား လိုသလောက်ထုတ်ယူရန် ပြောထားခဲ့သည်။ တကယ်တော့ စံ လက်ထပ်သင့်တာ စိမ့်ပဲထင်တယ်။ စံ့တစ်သက်တာမှာ မိန်းကလေးတစ်ယောက်ကို ချစ်မိခဲ့တာက မွေ့ထံမဆုံးပဲ။ သူချစ်ရတဲ့ မွေ့နဲ့ သူက ဘဝချင်း အလှမ်းဝေးကွာ

လွှန်းသည်။

"လူ့လောကကြီးထဲမှာ ဂုဏ်သိက္ခာမြင့်မြင့်မားမား နေထိုင်တတ်တာ လူဖြစ်ရကျိုးအနပ်ဆုံးပဲ သား၊ မာမီ့ချွေးမက လူများကဲ့ရဲ့ရှုံ့ချစရာ မိန်းကလေးတော့ လုံးဝမဖြစ်စေနဲ့နော်"

မာမီ စိတ်အပူဆုံးနှင့် စိုးရိမ်ကြောင့်ကြအဖြစ်ရဆုံးကလည်း သားရဲ့ဇနီးလောင်းပဲ။ ပတ်ဝန်းကျင်အမြင်မှာ မဟင့်တယ်၊ ဝေဖန်ကဲ့ရဲ့ ပြောဆိုခံရမည့် မိန်းကလေးတစ်ယောက် မဖြစ်စေလိုပေ။ မာမီက စိမ့်ကို သဘောကျသည်။ သားအနားမှာ နေရသောအတွင်းရေးမှူးမလေးသည် ဂုဏ်ဒြပ်တွေနှင့် ပြည့်စုံသော မိန်းကလေး ကိုသာ ရွေးချယ်ခဲ့သည်။

"စိမ့်"

"ဟင်"

"မွေ့အတွက် ကျောင်းစရိတ်ရော အသုံးအဆောင် ပစ္စည်းတွေအတွက် ငွေရော အလုံအလောက် ထုတ်ပေးလိုက်ပါ"

"ကောင်းပါပြီ စံ၊ ရှင် စိတ်ချပါ၊ မွေ့အတွက် စိမ့်အားလုံးတာဝန်ယူပါတယ်နော်"

ဘာမဟုတ်တဲ့ကိစ္စကိုများ ရှင်က သည်းသည်းလှုပ်ပြ

နေတာ စိမ့် နည်းနည်းမှမကျေနပ်မိ။ စိမ့်ဘက်က သဘောကောင်းချင်ယောင် ဆောင်ပြရမှာပဲ။ စံစိတ်တွေက မွေ့ဆီမှာပဲ။ အနံ့တီမာလာသိအောင်တော့ ပြောပြရမယ်။ မဖြစ်ဘူး။ မွေ့အပေါ်သံယောဇဉ်ကြီး အလွန်အမင်းတွယ်တာသွားမှာကိုတော့ တားဆီးရမယ်လေ။ စံအတွက် မနက်စာကို စိမ့် တယ[illegible]တာယပြင်ဆင်ကျွေးမွေးနေရင်း စိမ့်က အိမ်ရှင်မပီသကြောင်း၊ စံဘဝအတွက် အတင့်တယ့်ဆုံး မိန်းကလေးဖြစ်ကြောင်း မသိမသာ ပြသနေမိသည်။

"စိမ့်ဘဝမှာလေ စံဆိုတဲ့ ယောကျ်ားတစ်ယောက်နဲ့ပဲ တရင်းတနှီး ဆက်ဆံခဲ့ဖူးတာပါနော်၊ စိမ့်က စာပဲကြိုးစားခဲ့တာ၊ အမြင့်မားဆုံး ရည်ရွယ်ချက်တွေပဲ ထားခဲ့တယ်၊ အချစ်အကြောင်းတွေကို လုံးဝမစဉ်းစားခဲ့တာတော့ စံနဲ့တူနေတယ်"

ဝမ်းနည်းပါတယ် စိမ့်ရယ်။ စံ နှလုံးသားထဲမှာ မွေ့ပဲရှိနေတယ်။ စံ ဘယ်လိုမှ မေ့ပစ်လို့မရတာပါ။ ကိုယ် မွေ့ကိုချစ်နေမိပြီ။ ကိုယ့်ရင်ခွင်မှာ ပထမဆုံး တွေးမွေ့မိသွားတဲ့ မိန်းကလေးက မွေ့ပဲလေ။ စံ စိတ်က မွေ့ကို တွေ့မြင်ချင်နေသည်။ စိမ့်ကို မိတ်ဆွေသူငယ်ချင်းတစ်ယောက်အဖြစ်ပဲ သူ ခံစားလို့ရသည်။

"စံ"

"ဟင်"

"ညနေ မာမီဆီ စားစရာတွေသွားပို့ပြီးရင် စိမ့်နဲ့စံ KTV ခန်းမကို သွားမလား"

"ဟင်"

"စံစိတ်တွေ အလုပ်တွေနဲ့ရော တခြား လူမှုရေးကိစ္စတွေနဲ့ပါ မွန်းကြပ်ပြီး ပင်ပန်းနွမ်းနယ်နေတာပဲ မဟုတ်လား"

"သီချင်းသွားဆိုဖို့လား စိမ့်"

"အင်းလေ"

"ဟာကွာ ကိုယ် လုံးဝသီချင်းမဆိုတတ်ဘူး၊ ကိုယ်ဝါသနာလည်းမပါဘူးလေ"

"စိမ့် ဆိုမယ်လေ၊ စံ နားပဲထောင်၊ ပြီးတော့ ဆိုလို့လွယ်တဲ့ သီချင်းတွေလည်းရှိတယ်၊ လိုက်ဆိုပေါ့"

"ကိုယ်ရတဲ့သီချင်း ဘာမှမရှိဘူးထင်တယ်"

"မြန်မာသီချင်းရော"

"အင်း"

သူ့စိတ်တွေက မွန်းကြပ်နေပေမယ့် စိမ့်နှင့်သွားရမှာကို စိတ်မပါသလို ဖြစ်နေသည်။ မေ့ ကုမ္ပဏီကို မလာတော့ဘူး

ဆိုတော့လည်း တမ်းတရပြီး ရင်ထဲမှာ ဟာနေသည်။ မေ့ နေထိုင်တဲ့ ရပ်ကွက်လေးဆီ သွားချင်နေ၏။ စိမ့်ကို မာမီ့ဆီ တစ်ယောက်တည်းပဲ သွားဖို့ပြောလိုက်သည်။

"စံ ဘယ်သွားမလို့လဲ၊ မာမီ့ဆီပဲ သွားကြမယ်လေ၊ ညစာကို ပျော်ပျော်ပါးပါး စားကြမယ်"

"ကိုယ့်မှာ အစည်းအဝေးကိစ္စတွေ ရှိတယ်"

"စိမ့်လည်း မသိပါလား၊ စိမ့်က စံရဲ့အတွင်းရေးမှူးလေးလေ"

"ကိုယ်တစ်ယောက်တည်း သွားရမယ့်ကိစ္စ ဖြစ်နေလို့ပါ"

ရှင် မေ့ဆီ သွားမလို့မဟုတ်လား စိမ့် ဘယ်လို တားဆီးရမလဲ။ မေ့နဲ့တွေ့လို့မဖြစ်ဘူး။ မေ့အတွက် ကျောင်းစရိတ်တွေ စံ ဘဏ်စာရင်းမှ ပိုထုတ်ထားပြီး မေ့ကိုတော့ လိုအပ်သလောက်ပဲ ပေးခဲ့သည်။ မေ့ကိုအကြောင်းပြပြီး စိမ့် ကိုယ်ရေးကိုယ်တာအတွက် သုံးရသည်။ တိုက်ခန်း အပိုင်ဝယ်ရမယ်။ လက်ကိုင်ဖုန်းလည်း ဝယ်ရမယ်။ တကယ်တော့ စိမ့်က ဘာမှရှိတာမဟုတ်။ မေ့ကို အသုံးချရမှာပဲ။ စံ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။

"စိမ့်"

"ဟင်"

"မာမို့ဆီ စိမ့်ပဲ သွားလိုက်ပါကွာ၊ ကိုယ့်မှာ အလုပ်ကိစ္စ တွေ ရှိနေလို့လေ"

"အင်းလေ စုံသဘောပါပဲ၊ စိမ့်က စုံလိုအပ်ချက်တွေကို ဖြည့်စွမ်းပေးရမှာပေါ့လေ"

"ကျေးဇူးပဲ စိမ့်ရယ်"

သူမစကားနှင့်သူမဗို့ စိမ့် စားသောက်စရာတွေယူပြီး ယောက္ခမလောင်းကြီးအိမ်ပဲ သွားရသည်။ စိတ်ထဲမှာတော့ ဒေါသ တွေ ပေါက်ကွဲနေရ၏။ မွေ့ နှင်ကတိတည်နော်။ စုံကို လုံးဝ ပတ်သက်ဆက်ဆံဖို့ စိတ်မကူးနဲ့။ ယောက္ခမလောင်းကြီးရဲ့ ဝေယျာ ဝစ္စတွေလည်း လုပ်ပေးနေရသည်။ စိမ့် တစ်သက်လုံး ပေကပ် ပြီး ဘာအလုပ်မှ လုပ်တာမဟုတ်ပေ။ မာနတွေ ခေါင်းခိုက်နေတဲ့ စိမ့်ယောက္ခမလောင်းကြီးကို ဖားနေရသည်။

"စိမ့်လေး လက်ရာ ကောင်းလိုက်တာကွယ်၊ ကိုယ်တိုင် လည်း ကြော်လှော်ချက်ပြုတ်တတ်သားပဲ"

"စိမ့်က အိမ်မှုကိစ္စတွေကို ငယ်ငယ်လေးကတည်းက

အလုပ်သမားတွေရှိနေပေမယ့် စိမ့်ပဲ ကိုယ်တိုင်လုပ်ရမှ ကျေနပ် တာလေ"

"ဟုတ်တယ်နော်"

စုံ ဘယ်ရောက်နေပြီလဲ။ မွေ့ အိမ်လိပ်စာကို မွေ့ရဲ့ ကိုယ်ရေးရာဇဝင် ဖြည့်ထားတဲ့ ပုံစံမှာရှိနေသည်။ မွေ့ နှင်က လည်း စုံလို ယောကျ်ားတစ်ယောက်ကိုရရင် ယူမှာပဲမဟုတ်လား။ ငါ့အကြောင်း နှင် ကောင်းကောင်းသိစေရမယ်။ စိမ့်ဒေါသတကြီး စိတ်ထဲကနေ ကြိမ်းဝါးနေသည်။

"စိမ့်"

"ရှင်"

"သားရော"

"ဟို ကုမ္ပဏီကိစ္စတွေရှိလို့ သွားနေပါတယ်"

"ဟင် သမီးက သူ့အတွင်းရေးမှူးပဲ၊ သမီးလည်း သားနဲ့ အတူတူပါရမှာလေ"

"စိမ့်က ဒီကိုလာချင်တာနဲ့ မလိုက်တာပါ"

"သားက မခေါ်တာများလားကွယ်"

"မဟုတ်ပါဘူး အန်တီမာလာ"

"အန်တီမာလာ စိတ်ပူတာက သားရဲ့ဇနီးလောင်းဖြစ်လာမယ့် မိန်းကလေးပဲ၊ အန်တီ သဘောမတူတဲ့ မိန်းကလေးမျိုး ဖြစ်နေမှာလေ"

"စံက မိန်းကလေးတွေ စိတ်ဝင်စား အထင်ကြီးတတ်တဲ့ ယောကျ်ားတစ်ယောက်လေ၊ စိမ့်ကတော့ အန်တီမာလာကြိုတင်စီစဉ်တာ ကောင်းမယ်ထင်တယ်"

"စိမ့်လေးဆိုရင်ရော"

"ရှင်"

အန်တီမာလာက စိမ့်ကို ပြုံးပြုံးကြီး ကြည့်နေသည်။ စိမ့် ရင်တွေ တဒိန်းဒိန်းခုန်ပြီး အထိတ်တလန့်နှင့် မော့ကြည့်မိသည်။

"သားအနားမှာနေတဲ့ မိန်းကလေးက တစ်နေ့ သားနဲ့ နီးစပ်နိုင်တာပဲလေ စိမ့်၊ ဒါကြောင့် အန်တီမာလာက ဇီဇာကြောင်ပြီး ရွေးချယ်ပေးတာပဲ"

"စိမ့်ကို"

"အင်း"

"ဟာ မဖြစ်နိုင်တာပဲ အန်တီမာလာရယ်၊ စံက စိမ့်ကို

ချစ်ခင်နှစ်သက်မှ ဖြစ်မှာပါလေ၊ စိမ့် စိမ့်လေ အန်တီမာလာကိုလည်း မိခင်တစ်ယောက်လို ခင်တယ် ချစ်တယ်၊ စိမ့်က အမေတော်နေတဲ့သူပါ"

"သားကိုပြောရမယ်၊ စိမ့်လေးဘက်က မငြင်းလိုက်ပါနဲ့နော်၊ သားကို စိမ့်လို ဂုဏ်ဒြပ်တူတဲ့ မိန်းကလေးတစ်ယောက်နဲ့ပဲ လက်ထပ်စေချင်တာပါကွယ်"

စိမ့် ထခုန်ပစ်ချင်လောက်ပင် ဝမ်းသာပျော်ရွှင်သွားရသည်။ တွေ့လား မွေ့၊ ငါ့အတွက် အခွင့်အရေးလေ။ ငါနဲ့ စံတို့ လက်ထပ်ပြီးရင် ငါ့ဘဝအမှန်တွေပဲ ပေါ်သွားဦး။ သူတို့က ဂုဏ်သိက္ခာတွေကို ထိန်းသိမ်းကြသူတွေဖြစ်လို့ ဖုံးဖိနေကြမှာပဲ။ ဘာပဲဖြစ်ဖြစ် ငါ ပိပိရိရိနဲ့ စံကို လက်ထပ်ရယူဖို့ ကြိုးစားမယ်။ စိမ့် ယောက္ခမလောင်းကြီး အလိုကျ လိုလေသေးမရှိအောင် ပြုစုပေးနေရသည်။

❊ ❊ ❊

အခန်း (၁၆)

မိုးတိမ်စံရဲ့ကားလေးက သိမ်မွေ့သူနေတဲ့ ရပ်ကွက်လေး ဆီ ဦးတည်နေသည်။ သိမ်မွေ့သူနေတဲ့ လိပ်စာကို သူရှာဖွေထား ရ၏။ ကိုယ် ဘာတွေဖြစ်သွားရပြီလဲ မသိဘူး မွေ့။ ကိုယ် လက်တွေနဲ့ ထွေးပွေ့မိတဲ့ ကောင်မလေးကို မေ့ပစ်လို့ လုံးဝမရတာ ခက်နေတယ်ကွာ။ မင်းကို ချစ်သွားမိပြီ။ အရမ်းချစ်နေတယ်။ ကိုယ့်နှလုံးသားတွေထဲမှာရော ကိုယ့်ဘဝရော မင်းစိုးမိုးထားနိုင် ပြီပဲလေ။ မွေ့ကိုမမြင်ရရင် မနေနိုင်လောက်အောင် စွဲစွဲလမ်းလမ်း တမ်းတမ်းတတ ဖြစ်နေတယ် မွေ့။ ကိုယ့်နှလုံးသားတွေက မွေ့ ကို ပိုင်ဆိုင်ချင်တယ်။ မွေ့က ကိုယ့်ဘဝရဲ့ အရှင်သခင်ပဲ။ မွေ့ကို အရမ်းချစ်တယ်။

သူ့ကားလေးက မွေ့တို့လမ်းထိပ်မှာ ရပ်လိုက်တော့ လမ်းထိပ်က စာအုပ်ဆိုင်လေးမှာ သိမ်မွေ့သူ ထိုင်နေတာ တွေ့ လိုက်ရသည်။ သူ့ကားကို စာအုပ်ဆိုင်လေးရှေ့မှာ ရပ်လိုက်ပြီး အောက်သို့ဆင်းလိုက်၏။ လူက ရှင်းနေသည်။

"ဒီမှာ"

"ရှင်"

"စာအုပ်ငှားချင်လို့ပါခင်ဗျာ"

"ဟင်"

သူ့ကိုတွေ့တော့ မွေ့ မျက်ဝန်းလေးတွေ အထိတ်တလန့် နှင့် ပြူးသွားရသည်။ ဘုရားရေ သူပဲ။ ကိုမိုးတိမ်စံပဲ။ မွေ့ အမြင်တွေ မှားနေတာလားဆိုပြီး မျက်လုံးတွေကို ပြူးပြဲကြည့်ရ သည်။ သူပဲ။ ဆိုင်လေးရှေ့မှ မားမားကြီးရပ်နေတဲ့ သူ့ကိုကြည့် ပြီး တဒင်္ဂတော့ မွေ့ အသိမဲ့သွားသလို ငေးကြောင်ကြည့်သွားရ သည်။

"ရှင် ရှင်"

"မွေ့"

"ဟင်"

"မွေ့က စာအုပ်ဆိုင် ထိုင်နေတာလား"

"ဒီ ဒီကို ဘာလာလုပ်တာလဲဟင်၊ ဟို လျှော်ကြေး လာတောင်းတာလား"

"အင်း"

"ရှင်"

"ကုမ္ပဏီကနေ မင်းထွက်ချင်တိုင်း ထွက်သွားလို့မရဘူး"

ထူးဆန်းအံ့သြဖွယ်ကောင်းစွာ ကိုမိုးတိမ်စံရဲ့ မျက်ဝန်းတွေထဲမှာ တင်းမာခက်ထန်မှုတွေမရှိဘဲ အပြုံးလဲ့လဲ့ကို တွေ့နေရသည်။ မွေ့တော့ အိပ်မက်များမက်နေလားဟုပင် ထင်မှတ်ရ၏။ မွေ့ကိုယ်မွေ့ပင် မယုံချင်။ သူလိုလူတစ်ယောက်က မွေ့ဆီ ရောက်လာစရာ အကြောင်းမှမရှိတာဘဲ။ ပြီးတော့ ကုမ္ပဏီမှာလို တည်တည်ခန့်ခန့်ကြီးနှင့် ဝတ်စားပြင်ဆင်မှုကမစ သေသေသပ်သပ် လူကြီးလူကောင်းစတိုင်လ် အပြည့်မရှိတော့ဘဲ စပို့ရှပ် အနက်စင်းကို ဂျင်းဘောင်းဘီအပြာရောင်နှင့် တွဲဝတ်ထား၍ လူငယ်စတိုင်လ် ဆန်နေသည်။ မွေ့ကိုပင် ခင်မင်ရင်းနှီးကျွမ်းဝင်သော အပြုံးတွေနှင့် ခုံမှာဝင်ထိုင်၏။ မွေ့ မျက်ဝန်းလေး ပြူးသွားရပြီး သူ့ကို

အထိတ်တလန့် ကြည့်မိသည်။

"ရှင် ရှင် ဘာလာလုပ်တာလဲ၊ မွေ့ မွေ့ဆီမှာ လျှော်ကြေးလာတောင်းတာဆိုရင်တော့ ပေးစရာမရှိပါဘူး၊ ကုမ္ပဏီစည်းကမ်းအရပဲ အရေးယူပါတော့နော်"

"မွေ့"

"ရှင်"

"ကိုယ်က အခု ကုမ္ပဏီဥက္ကဋ္ဌ ဦးမိုးတိမ်စံအဖြစ် လာတာမဟုတ်ဘူးနော်"

"ရှင်"

"ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ကို လာတွေ့တာပါ"

"ရှင်"

"ကိုယ်ရောက်လာတာ မင်းဘာဖြစ်လို့ ဒီလောက် အထိတ်တလန့် တုန်လှုပ်နေရတာလဲ မွေ့"

မမစိမ့်က မွေ့ကို သူနှင့် လုံးဝမပတ်သက်ဖို့ ကတိတွေ တောင်းထားသည်။ မွေ့ မမစိမ့်ကို ကြောက်တယ်။ မမစိမ့်ရဲ့ လျှောက်လှမ်းမယ့် ဘဝခရီးလမ်းမှာ မွေ့ ခလုတ်ကန်သင်း

တစ်ခုတော့ အဖြစ်မခံနိုင်ပေ။ သူ သူက မမစိမ့် လက်ထပ်မည့်သူ။ မွေ့ မျက်ဝန်းလေးတွေက တင်းမာသွားရသည်။

"ကျွန်မ ကိုမိုးတိမ်စံနဲ့ မိတ်ဆွေမဖြစ်နိုင်ပါဘူး၊ ပြန်ပါနော်၊ ကျွန်မတို့က ဆင်းရဲနွမ်းပါးသူတွေပါ၊ ဦးမိုးတိမ်စံနဲ့ မိတ်ဆွေဖြစ်သင့်တဲ့ အဆင့်အတန်းလည်း မဟုတ်ပါဘူး"

"မွေ့"

"ဟင်"

"မင်း ဆေးတက္ကသိုလ် တက်ခွင့်ရလား၊ မင်း တက်မယ် မဟုတ်လား မွေ့"

"ဟုတ်ကဲ့၊ ကျွန်မမှာ ထောက်ပံ့ကူညီမယ့်သူ ရှိပါ တယ်၊ ရှေ့လဆို ကျွန်မ ကျောင်းတက်ရမှာပါ၊ လျော်ကြေးကတော့ ကျွန်မ လုံးဝမတောင်းနိုင်ပါဘူး၊ ကုမ္ပဏီစည်းကမ်းအရ ဦးမိုးတိမ်စံ ဆန္ဒအတိုင်းပဲ အရေးယူပါလေ"

မွေ့ ဆေးတက္ကသိုလ်တက်ခွင့်ရမည် ဆို၏။ စံ စိတ်အေးသွားရသည်။ စိမ့်မှတစ်ဆင့် ထောက်ပံ့ခွင့်ရ၍လည်း ကျေနပ်နေမိ၏။ ကျေးဇူးပါပဲ စိမ့်ရယ်။ ကိုယ်အဖြစ်ချင်ဆုံး ဆန္ဒတစ်ခုကို စိမ့် ဖြည့်ဆွမ်းပေးခဲ့လို့ပါ။ မွေ့ မျက်ဝန်းလေးတွေက စိုးရွံ့ ထိတ်

လန့်စွာ။ သူနှင့်လည်း ပတ်သက်ဆက်ဆံရမှာ ကြောက်ရွံ့တုန်လှုပ်နေသည်။

"မင်း ကျောင်းတစ်ဖက်နဲ့ ဒီစာအုပ်ဆိုင် ထိုင်လို့ ဖြစ်မလား မွေ့ရယ်၊ ငွေကြေးက ထောက်ပံ့ပေးမယ့်သူ ရှိတယ်မဟုတ်လား"

မွေ့အတွက် လိုအပ်တာတွေကို ပြည့်စုံအောင် ထောက်ပံ့ပေးဖို့ သူ စိမ့်အား ညွှန်ကြားပေးပြီးသားဖြစ်သည်။

"ဒီစာအုပ်ဆိုင်က ကျွန်မ ဒေါ်လေးဆိုင်ပါ၊ ကျွန်မ ကျောင်းမတက်ရသေးခင် ကူညီတာပါ၊ ဒါပေမဲ့ အဲဒါ ကျွန်မ ကိစ္စပဲ၊ ဦးမိုးတိမ်စံနဲ့ မဆိုင်ပါဘူး၊ ပြန်ပါတော့"

မမစိမ့်ကို မွေ့ ကြောက်တယ်။ ဦးမိုးတိမ်စံ ရောက်လာတာသာ သိသွားရင် မွေ့ကို အသေသတ်မလားပဲ။ သူဌေးဖြစ်ချင်လွန်းတဲ့ ဆန္ဒက မမစိမ့်ရဲ့ အကြီးမားဆုံး ဆန္ဒတွေပါပဲ။ မမစိမ့်က ဘဝကို အကောင်းဆုံးအနေအထားနဲ့ ပြောင်းလဲသွားမယ် ဆိုရင် ဘာမဆိုလုပ်ပစ်မည့်သူဖြစ်သည်။ အဖေရော၊ အဘွားရော အားလုံးကို သံယောဇဉ်ဖြတ်၍ ကျောခိုင်းသွားနိုင်သူ။ အဘွားဆိုလျှင် မမစိမ့်ရဲ့ ဥပေက္ခာပြုမှုကြောင့် စိတ်သောကတွေ ခံစားရပြီး အိပ်ရာ

ထဲမှာ လဲနေသည်။

"ကျွန်မ ဆိုင်သိမ်းတော့မယ်"

"မွေ့"

"ဟင်"

"ဆိုင်သိမ်းလိုက်လေ၊ ကိုယ်တို့ အေးအေးဆေးဆေး စကားပြောကြရအောင်"

"ရှင်"

"ကိုယ့်ရင်ထဲမှာ မွေ့ကို ပြောစရာတွေရှိလို့ပါ"

"အို မဟုတ်တာပဲ၊ ဦးမိုးတိမ်စံ ကျွန်မကို ဘယ်လို မိန်းကလေးမျိုးလို့ထင်နေလဲ၊ ကျွန်မ လုံးဝနားမထောင်နိုင်ဘူးနော် ပြန်ပါ၊ ဦးမိုးတိမ်စံရဲ့ကားကြီး ဒီဆိုင်ရှေ့မှာ ရပ်နေတာလည်း ကျွန်မအတွက် သိက္ခာကျပါတယ်၊ ပတ်ဝန်းကျင် ဘာထင်မလဲ ပြန်ပါနော်"

မွေ့ ကြောက်ကြောက်ကန်ကန်နှင့် ဖွတ်အတင်းပဲ နှင် ထုတ်နေမိသည်။ ဒေါ်လေးချိုနဲ့ မောင်လေးမိုးထိတို့ ရောက်လာ ကြတော့မယ်။ သူ့ကားကြီး မွေ့ဆိုင်ရှေ့မှာ ရပ်ထားတာလည်း မွေ့ သဘောမကျမိပေ။ ပတ်ဝန်းကျင်က မွေ့ကို အထင်သေးတော့

မည်။ မမစိမ့် သိသွားမှာ မွေ့ အကြောက်ဆုံးပါပဲ။ စိတ်တွေ မလုံမလဲနှင့် မွန်းကြပ်လာပြီး သူ့ကို ပြန်သွားဖို့ပဲ မွေ့ အထပ်ထပ် အခါခါ ပြောမိနေသည်။

"မွေ့ မင်းကို ကိုယ်ချစ်တယ်၊ လက်ထပ်ချင်တယ်၊ ကိုယ် အပျော်ကြံနေတာ မဟုတ်ဘူးဆိုတာ ယုံကြည်ပေးပါကွာ၊ ကိုယ့်ရင်ခွင်ထဲမှာ ပထမဆုံးတွေ့ဆုံဖူးတဲ့ မိန်းကလေးက မင်းပါ ပဲ၊ အဲဒါကို ကိုယ် ဘယ်လိုမှ မေ့ပစ်လို့မရဘူး၊ ဘယ်လိုအခြေ အနေမျိုးပဲဖြစ်ဖြစ် မင်းကို လက်ထပ်ရဲတဲ့သတ္တိတွေ ကိုယ့်မှာရှိ တယ်၊ မင်း ယုံကြည်ပေးပါ မွေ့ရယ်နော်"

ဘုရားရေ သူ သူ မွေ့ကို ဘာတွေများလာပြောနေရ တာလဲ။ မွေ့ မယုံမိ။ မွေ့ ရူးသွပ်ချင်သွားလောက်အောင် ထိတ် လန့်တုန်လှုပ်မိနေသည်။

"မကြောက်ပါနဲ့ မွေ့၊ မင်းရဲ့ထက်မြက်မှုကို ကိုယ်မြတ် နိုးတယ်၊ မင်းရဲ့ ရိုးသားဖြူစင်မှုတွေကို ကိုယ်ချစ်တယ်"

"ပြန်ပါ၊ ရှင်ပြောတာတွေကို ကျွန်မ စိတ်မဝင်စားဘူး၊ ပြန်ပါ၊ နောက်ထပ် ကျွန်မကို လာမပတ်သက်ပါနဲ့၊ ပြန်သွားပါ တော့၊ ကျွန်မတို့ရပ်ကွက်မှာ ရှင် ဒုက္ခမရောက်ချင်ရင် ပြန်သွား

ပါတော့''

မွှေ့အသံတွေ တုန်ရီလိုက်ခါပြီး ရှူးသွပ်ပေါက်ကွဲချင်လာရသည်။ မွှေ့ အော်ဟစ်ငိုကြွေးမိတော့မလားပဲ။ ကျွန်မကလည်း ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ဝင်မိတာ ရှင်က ပထမဆုံးပဲလေ။ ကျွန်မရော ရင်မခုန်ဘဲ မေ့ပျောက်သွားပြီလို့ ရှင်ထင်နေလား။

''ကိုယ် ပြန်မယ် မွှေ့၊ မင်းကိုတော့ ကိုယ်ချစ်တယ်၊ ကိုယ်ရယူပိုင်ဆိုင်အောင် ကြိုးစားမယ်၊ ကိုယ့်ကိုယုံပါ''

သူ ပြန်ထွက်သွားတော့ မွှေ့ ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက် အသိမဲ့စွာ ကျန်ရစ်ခဲ့သည်။ သူ့ကား သူမမျက်ဝန်းတွေအောက်မှာ ပျောက်ကွယ်သည်အထိ မျက်ရည်တွေဝဲနေတဲ့ မျက်ဝန်းတွေကို မလွှဲဖယ်ဘဲ ကြည့်မိနေခဲ့၏။ ရှင် မသိဘူး မဟုတ်လား။ မွှေ့ရင်ထဲက နာကျင်ကြေကွဲမှုတွေကိုလေ။ ဒေါ်လေးနှင့် မောင်လေး မိုးထိ ရောက်လာမှ မွှေ့ အသိတွေ ဝင်လာသည်။

''ဟဲ့ မွှေ့ စောစောက ကားနဲ့လာတာ ဘယ်သူလဲ၊ တော်တော်ချောတဲ့ ကောင်လေးပဲ၊ မွှေ့ ရည်းစားလား၊ ချမ်းသာပုံပဲ၊ မွှေ့နဲ့ ပြဿနာတွေဖြစ်နေတာလား''

''တော်ပါတော့ ဒေါ်လေးရယ်၊ မွှေ့ပြန်တော့မယ် မိုးထိ မမမွှေ့ကို လိုက်ပို့ပါ''

ဒေါ်လေးနှင့် မိုးထိက ဆိုင်မှာပဲနေကြသည်။ မွှေ့ကို စာအုပ်အငှားဆိုင်လေး ခဏအပ်ပြီး အပြင်ထွက်သွားကြတာပါ။ မွှေ့ ဆက်ပြီးထိုင်မနေချင်တော့၍ အိမ်ပဲပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

''စာအုပ်ဆိုင်ပိတ်ဖို့ အစောကြီးရှိသေးတယ်လေ၊ မွှေ့နေပါဦး၊ မွှေ့လေးထိုင်ပေးတာ စာအုပ်အငှားဆိုင်လေး စည်တယ်လေ''

''အမေကလည်းဗျာ မမမွှေ့မှ မထိုင်ချင်တော့တာ ပြန်ပါစေ၊ လာ ကျွန်တော်လိုက်ပို့မယ်''

ဒေါ်လေးချိုကိုလည်း မွှေ့ ဘာမှပြောပြမနေတော့ဘဲ စာအုပ်ဆိုင်ကနေ ထပြန်လာခဲ့သည်။ မွှေ့ခြေလှမ်းတွေ တုန်ရီနှေးကွေးနေပြီး ခြေလှမ်းတွေက ဆက်မလှမ်းချင်တော့လောက်အောင် လေးလံချိနဲ့ နေ၏။ ရင်တွေလည်း ဆတ်ဆတ်ခါအောင် တုန်ရီနေသည်။

''မမမွှေ့''

''ဟင်''

''စောစောက ကားနဲ့လာတဲ့လူက မမမွှေ့နဲ့ ဘယ်လိုပတ်

သက်နေတယ်ဆိုတာ မသိပေမယ့် မမမွှေ့ကိုတော့ ချစ်ပုံပဲနော်"

"မိုးထိ မမမွှေ့နဲ့သူက ဘာမှမဆိုင်ဘူး မမရဲ့ကုမ္ပဏီပိုင်ရှင်ပါ အလုပ်ကထွက်သွားလို့ လျော်ကြေးလာတောင်းနေတာလေ"

"ဗျာ"

မွှေ့ စိတ်တွေကိုတင်းပြီး အိမ်ကိုပဲ ပြန်လာခဲ့သည်။ အိမ်ရှေ့ရောက်တော့ မောင်လေးမိုးထိ ပြန်သွား၏။ မေမေက ဆီးကြိုပြီး စောလှချည်လားမွှေ့။ မျက်နှာလေးလည်း ညှိုးနေတယ်။ နေမကောင်းဘူးလားဟု မေးနေသည်။ အင်းဟုပဲဖြေပြီး မွှေ့ အိပ်ခန်းထဲဝင်လာခဲ့၏။ အဘွားကလဲနေသည်။ မွှေ့ဝင်လာတာကို မေးမြန်းခြင်းပင်မရှိ။ မမစိမ့်ရဲ့ ရက်စက်စိမ်းကားနိုင်မှုပဲ မွှေ့အိပ်ရာပေါ်လှဲအိပ်ချပြီး သူ့အကြောင်း မတွေးဘူးဆိုပြီး စိတ်ကို တင်းထားမိသည်။

❋ ❋ ❋

အခန်း (၁၇)

"မွှေ့"

"ရှင် မမ"

"ညက ကိုမိုးတိမ်စံ နင့်ဆီလာတယ်မဟုတ်လား"

"ဟင်"

"ပြောလေ"

"ရှင်"

"စံ နင့်ဆီလာတယ်မဟုတ်လား၊ ဘာတွေပြောသွားလဲ သိပါတယ်၊ နင့်ကိုချစ်တယ်လို့ ပြောသွားတယ်မဟုတ်လား ပြောလေ"

စိမ့်သိပြီးသားဖြစ်သည်။ စံက စိမ့်ဆီဖုန်းဆက်ပြီး ရင်ဖွင့်

ပြခဲ့၏။ မွေ့ကိုချစ်သည်ဟု ပြောခဲ့တဲ့အကြောင်းပြောသည်။ စိမ့် ဒေါသတွေ ပေါက်ကွဲထွက်ချင်လာရ၏။ အန်တီမာလာက စိမ့်နဲ့ သဘောတူနေပြီပဲ။ ငါ ဒီလိုအခွင့်အရေးကို အရယူရမယ်။ မွေ့ နင်ကတော့ ငါ့ရဲ့သားကောင်ပဲ။ စိမ့်မျက်ဝန်းအကြည့်တွေက စိမ်း လွှန်းနေသည်။

"မမစိမ့်"

"ဟုတ်တယ်မဟုတ်လား မွေ့၊ နင့်ကို စံက ဘယ်လို အခြေအနေပဲဖြစ်ဖြစ် လက်ထပ်ယူမယ်၊ သူ့ကို ယုံကြည်ပေးပါလို့ ပြောခဲ့တယ်မဟုတ်လား"

"ဦးမိုးတိမ်စံကို မွေ့ဘယ်တော့မှ ချစ်သူအဖြစ်လည်း မရွေးချယ်ပါဘူး၊ မွေ့ကတိပေးထားပြီးပြီပဲလေ"

"နင်ရွေးချယ်ရမယ်"

"ရှင်"

"စံကို ချစ်သူအဖြစ် ရွေးချယ်လိုက်လို့ပြောတာလေ"

"မမစိမ့်"

"ချစ်သူအဖြစ်ပဲ ရွေးချယ်ရမယ်၊ လက်ထပ်ပိုင်ခွင့်တော့ မရှိရဘူး သိလားမွေ့"

"ရှင်"

"ဘာရှင်လဲ၊ နင် ငါ့ကို သံယောဇဉ်ရှိတယ်ဆို အစ်မ တစ်ယောက်အဖြစ်ချစ်တယ်ဆို ငါ့ဘဝကောင်းစားရေးအတွက် နင် ဖြည့်စွမ်းပေးချင်တယ်ဆို မွေ့"

မမစိမ့် အကြည့်တွေက ရက်စက်ခြင်း။ စိမ်းကားခြင်း။ မုန်းတီးခြင်းတွေနှင့် လိုချင်စောက်ကြီးဌာ မွေ့အား မဖြစ်မနေ ဖြည့် စွမ်းပေးရမယ်ဟူသော အဓိပ္ပါယ်တွေ ပြည့်နှက်နေသည်။ မွေ့အား ဘယ်တုန်းကမှ ကြင်နာညင်သာစွာ ပြောဆိုဆက်ဆံခြင်းမရှိခဲ့သလို အဖက်ပင်မလုပ်ခဲ့။ မိထွေးနှင့်ရသော သမီးအဖြစ်ရော ပြိုင်ဖက် တစ်ယောက်အနေနဲ့ရော အမြဲတမ်း မလိုမုန်းထား အမြင်ကပ်ရန်လို နေခဲ့သည်။

"နင် စံကိုချစ်သူအဖြစ် လက်ခံလိုက်၊ ပြီးတော့ သူမုန်း တီးရွံရှာသွားအောင် ငါပြောဆိုခိုင်းစေတဲ့အတိုင်း နင်လုပ်ရမယ်မွေ့"

"မမစိမ့်"

"ဘာလဲ နင်က ငြင်းချင်လို့လား၊ နင်ပဲ စံကို ဘယ်တော့မှ ချစ်သူအဖြစ် မရွေးချယ်ဘူးဆို၊ လက်မထပ်ဘူးဆို၊ ငါ့အတွက်ပဲ ဖြည့်စွမ်းပေးချင်တာပါဆို နင့်ကို ငါဆရာဝန်ဖြစ်တဲ့အထိ ကျောင်း

ထားပေးမယ်၊ မွေ့ ဘယ်လိုလဲ၊ နင် ငါ့အပေါ် သက်သေပြလေ''

''မွေ့ မွေ့လေ ယောကျ်ားတစ်ယောက်ကိုတော့ လိမ်ညာလှည့်ဖြားမှုတွေ မလုပ်ပါရစေနဲ့ မမရယ်၊ ကြောက်လို့ပါ ရှက်လည်းရှက်တယ်၊ မွေ့မှာ သပ္ပဒ္ဒိမရှိလို့ပါ''

''မရဘူး နင်လုပ်ရမယ် ငါ့အတွက်ပဲ နင်ဖြည့်စွမ်းပေးရမယ်ဆို မွေ့၊ နင်လိမ်ညာတာလား နင်ငါ့ကို ဘာသံယောဇဉ်ရှိတာလဲ''

''မွေ့ တောင်းပန်ပါတယ် အခုလည်း မွေ့ကို မမစိမ့်ကျောင်းစရိတ်မပေးချင်လည်းနေပါတော့ မွေ့လေ ဦးမိုးတိမ်စံနဲ့ ကင်းရှင်းအောင် နေပါ့မယ်၊ လုံးဝမပတ်သက်စေရပါဘူး''

''မွေ့''

''ရှင်''

''နင်လုပ်ပေးရမယ်၊ ငါ့အတွက် လုပ်ပေးပါဟာ၊ ငါ့ဘဝကို မြင့်မားတိုးတက်အောင် နင်လုပ်မပေးနိုင်ဘူးလား၊ နင် နင်စံကို မချစ်ဘူးမဟုတ်လား စံက နင့်ကို မုန်းတီးသွားမှ ငါ့ကို အထင်ကြီးပြီး ချစ်လာမှာပါ''

မမစိမ့် စိတ်တွေရော ပုံမှန်အနေအထားမှာရှိသေးရဲ့လား။

ရူးသွပ်သွားပြီလားပင်မသိတော့ ပြူးကြောင်စွာ မွေ့ကိုကြည့်ပြီး အတင်းအကြပ်ပင် တောင်းဆိုနေသည်။ မမစိမ့်မျက်ဝန်းတွေထဲတွင် အလိုရမက်ဆန္ဒတွေ ပြင်းပြနေကာ ဝင်းဝင်းတောက်တောက်ကြီးဖြစ်နေသည်။ မွေ့ပင် ကြောက်ရွံ့ထိတ်လန့်နေခဲ့၏။ မမစိမ့်လက်တွေက မွေ့လက်လေးကို တင်းကြပ်စွာ ဆုပ်ကိုင်ဖြစ်ညှစ်ထားသည်။

''မွေ့ နင်ကူညီပါဟာ၊ ငါ့ဘဝမှာက အစွန်းအထင်းအမဲစက်တွေနဲ့ပါဟာ၊ ဆင်းရဲနွမ်းပါးတဲ့ဘဝကို မုန်းတယ်၊ အရမ်းပဲမုန်းတီးရွံ့ရှာတယ်၊ နင် ဒီတစ်ခါပဲလုပ်ပေးပါ၊ အရေးကြီးတာက ငါ့ကို အထင်ကြီး ချစ်မြတ်နိုးလာစေဖို့ပဲနော် မွေ့''

မွေ့ယောကျ်ားတစ်ယောက်ကို မြူဆွယ်ဖြားယောင်းသွေးဆောင်ရမည့်အလုပ်ကို အရှက်ရွံ့ဆုံးပါပဲ။ မချမ်းသာချင်ရင်လည်းနေပါစေတော့။ မွေ့ကိုယ်ကျင့်တရားနှင့် အရှက်သိက္ခာပဲ တန်ဖိုးထားချင်သည်။ မမစိမ့်ရဲ့ဆန္ဒကို မွေ့သိနေသည်။ အဲ့ဒီလို မွေ့မလုပ်နိုင်ပါဘူး။ မမစိမ့်က မွေ့အား အတင်းအကြပ်ပင် လုပ်ခိုင်းနေသည်။

''အဲဒီလိုပဲ လုပ်ပေးရမယ်မွေ့ လုပ်ပေးပါနော်၊ နင်ပဲဆန္ဒတွေကို ဖြည့်စွမ်းပေးချင်တယ်ဆိုဟဲ့''

မွေ့ကို ကိုယ်ကျင့်တရားမကောင်းတဲ့ ကောင်မလေး

တစ်ယောက်ဟု စံထင်မှတ်သွားဖို့ပဲဖြစ်သည်။ နင်ဘာဖြစ်လို့ အေးစက်နေရတာလဲ" မလုပ်ပေးချင်လို့မဟုတ်လား မွေ့။ နင် အလကားဟာမလေးပဲ။ လိမ်ညာဟန်ဆောင်နေတာ ငါ့ကို အစ်မတစ်ယောက်အဖြစ် သံယောဇဉ်တွယ်ရပါတယ်ဆို။ နင် လိမ်ညာနေတာပဲ။ မရဘူး။ ငါလုပ်နိုင်းတဲ့အတိုင်း လုပ်ရမှာပဲ။ လုပ်ကိုလုပ်ရမယ် မရဘူး။ ငါ့ပဲ စံ့ကို ပိုင်ဆိုင်ရမယ် ငါပဲ ပိုင်ဆိုင်ရမယ်။ စိမ့်ဆောက်တည်ရာမရအောင် ပေါက်ကွဲချင်နေသည်။

"မွေ့ နင်မငြင်းနဲ့နော်၊ ငါပြောတဲ့အတိုင်းလုပ်စမ်းပါ၊ နင်လုပ်ပေးမယ် မဟုတ်လား"

"မွေ့ မွေ့လေ"

"လုပ်ပေးပါဟယ်၊ ငါနဲ့ စံနီးစပ်ဖို့ နင်က ဗီလိန်ဝင်လုပ်ပေးစမ်းပါ၊ နင်ပဲ ငါ့ကို သံယောဇဉ်တွယ်တယ်ဆို လုပ်ပေးရမယ်၊ နင်ငြင်းလို့မရဘူးနော်"

မမစိမ့်ကိုကြည့်ရတာ ရူးသွပ်သွားတော့မတတ် ကြောင်စီစီနှင့် မွေ့ကို အတင်းအကြပ် လှုပ်ခါတောင်းဆိုနေသည်။ မွေ့လက်မခံလို့မဖြစ်တော့ပါဘူး။ မမရူးသွပ်သွားမတတ်လားပဲလေ မွေ့ ခေါင်းညိတ်လက်ခံလိုက်သည်။

"အင်း အင်းပါ မွေ့လက်ခံပါ့မယ်နော်၊ လွှတ်ပါ မမဆန္ဒအတိုင်း မွေ့လုပ်ပါ့မယ်"

"နင် နင်တကယ်ပြောတာလားဟင် မွေ့"

"အင်း"

"မွေ့ရယ်"

စိမ့်ပျော်ရွှင်လွန်း၍ အတိုင်းအဆမရှိအောင်ပင် အော်ဟစ်ရယ်မောပြစ်ချင်လာမိသည်။ မွေ့လက်တွေကို လွှတ်ပေးလိုက်၏။ စိတ်ထဲမှာ မွန်းကြပ်နေသည်။

"မွေ့"

"ရှင်"

"စံက မွေ့ဆီကိုလာမှာပဲ နင့်ကိုချစ်တယ်လို့ပြောရင် လက်ခံလိုက်၊ နောက်ထပ် နင် ဘာဆက်လုပ်ရမလဲဆိုတာ ငါပြောမယ်"

"ဟုတ်ကဲ့"

"မွေ့ နင်ကတိတည်နော်၊ ငါ့ကိုချမ်းချမ်းသာသာနေစေချင်တယ်ဆို"

"နေစေချင်ပါတယ်၊ မမစိမ့်ဆန္ဒတွေအတိုင်း မွေ့ လုပ်ပါ့

မယ်နော်"

မွေ့ မစိမ့်ကို စိတ်ချမ်းသာစေချင်ပါတယ်လေ။ မွေ့ဘဝ ဘာပဲဖြစ်ဖြစ်ပါ။ မမစိမ့်မျက်ဝန်းတွေက ဝင်းလက်တောက်ပနေ သည်။ ဆင်းရဲနွမ်းပါးတဲ့သူတွေကို မမစိမ့် အထင်သေးတာ။ ရုန်း ထွက်ဖို့ အမြဲတမ်းကြိုးစားနေတာ မွေ့အသိဆုံးပင်။ မေမေ့ကိုတော့ မွေ့လုပ်ရပ်တွေ အသိပေးလို့မဖြစ်ပါဘူး။ မမစိမ့်ဆန္ဒတွေ ပြည့် စေရပါ့မယ်။ မွေ့ဘဝဘာပဲဖြစ်ဖြစ်ပါ မမစိမ့်ရယ်။ ဒေါ်လေးစာအုပ် ဆိုင်ကို မွေ့အသွားမှာ မမစိမ့်နှင့် လမ်းမှာတွေ့ခြင်းဖြစ်သည်။

"မွေ့ နင့်ဘဝက ကောင်းစားမှာပါဟာ၊ နင်က မစိမ့် ထက်တောင် ချောသေးတာပဲ၊ အနာဂတ်မှာ နင်က ဆရာဝန်မလေး တစ်ယောက်အဖြစ် တင့်တယ်မှာပါ"

"မမစိမ့်ရယ်"

မမစိမ့်လေသံတွေက ယခင်ကထက်မတူအောင် ညင်သာ နေသည်။ ရင်ထဲကမပါဘူးဆိုတာ မွေ့သိပါတယ်လေ။ မမစိမ့် အပေါ် အကူအညီပေးဖို့နှင့် ကတိတည်ဖို့ပဲ အထပ်ထပ်မှာကြားနေ သည်။ မမစိမ့်ပြန်ထွက်သွားတော့မှ မွေ့ မွန်းကြပ်နေသည့်စိတ်ကို ဖြေလျှော့လိုက်ရသည်။ မွေ့ဘာဆက်လုပ်ရတော့မလဲဟင်။ ဦး

တိမ်စံအပေါ် ကောက်ကျစ်ယုတ်မာမှုတွေ မွေ့ လုပ်ဆောင်ရတော့ မည်။

"မွေ့ ငါ့ကို ယောက္ခမလောင်းကြီးကလည်း ချွေးမအဖြစ် လက်ခံနေတယ်၊ ဒါပေမယ့် စံက နင့်ကို ချစ်နေတာလေ၊ နင်က ငါ့ကိုပဲ ကောင်းစားစေချင်တာမဟုတ်လား မွေ့ရယ်"

မမစိမ့်ပြောတဲ့စကားတွေကို မွေ့ပြန်၍ ကြားယောင်နေမိ သည်။ မွေ့ရင်ထဲမှာ မောပန်းနွမ်းနယ်နေသလိုပင်။ ဆိုင်ရောက်တော့ ဒေါ်လေးချိုက မွေ့မျက်နှာလေးညှိုးနေတယ်။ နေမကောင်းဘူးလား ဟု မွေ့နဖူးလေးကို စမ်းရင်းမေးသည်။

"မွေ့နေကောင်းပါတယ် ဒေါ်လေးရယ်၊ မောင်လေးရော ဒေါ်လေးသွားစရာရှိတာသွားလေ"

"ဒေါ်လေး အမေ့ကိုသွားကြည့်မယ် သားမိုးထိကတော့ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်သွားတယ်၊ ပြန်လာလိမ့်မယ်"

"ဟုတ်ကဲ့"

ဒေါ်လေးထွက်သွားသည်။ မမစိမ့်ကြောင့် အသွားလည်း အိပ်ရာပေါ်မှာလဲနေသည်။ မမစိမ့်လာ၍ပင် မကြည့်။ မမစိမ့် အတ္တကြီးစွာ ကိုယ့်ကောင်းကျိုးအတွက်ပဲ လုပ်နေသည်။ မွေ့ကို

လည်း ဘယ်လိုအသုံးချဦးမည်မသိပေ။ မမစိမ့်ဘ၀အတွက် မွေ့ အစွမ်းကုန်ဖြည့်စွမ်းပေးပါမယ်လေ။ စာအုပ်အငှားဆိုင်လေးက မွေ့ထိုင်ပြီဆိုလျှင် ငှားတဲ့လူတွေနှင့် စည်ကားနေတတ်သည်။ ဆိုင်ပိတ်ခါနီးနားအထိ ဒေါ်လေးချိုရော မောင့်လေးမိုးထိရော ပြန်မလာကြ။ လူကတော့ တဖြည်းဖြည်းရှင်းသွား၏။ မွေ့စာရင်းကွေကို သေသေချာချာလုပ်ပေးနေသည်။

"မွေ့"

"ဟင်"

"ဆိုင်သိမ်းတော့မှာလား"

"ဟို ဟို"

"အတော်ပဲ ကိုယ်လူရှင်းတဲ့အချိန် ရောက်လာလို့ပဲ"

မွေ့ ငြင်းဆန်အော်ဟစ်ပစ်ဖို့ စိတ်ကူးမိပေမယ့် မမစိမ့်ကြောင့် အသာတကြည်ပဲ လက်ခံခဲ့ရသည်။ ရှင် မွေ့ကို ဘာဖြစ်လို့ များလာပြီး ချစ်နေရတာလဲဟင်။ မွေ့ စိတ်ညစ်ပေမယ့် အပြုံးမပျက်လေး ဆက်ဆံရသည်။

"မွေ့"

"ဟင်"

"ကိုယ့်ကိုအဖြေပေးဖို့"

"မွေ့ မွေ့လေ"

"ကိုယ့်ကို ယုံတယ်မဟုတ်လားမွေ့၊ ကိုယ့်အချစ်ကို မွေ့ လက်ခံတယ်မဟုတ်လား"

"မွေ့လေ မွေ့"

မွေ့လက်မခံနိုင်ဘူးလို့ အော်ဟစ်မောင်းတုတ်ပြစ်ချင်တာပါ။ ကျွန်မကိုမှ ဘာဖြစ်လို့ လာချစ်နေရတာလဲ။ ကျွန်မက ရှင့်အသိုင်းအဝိုင်းထဲကို ဘယ်လိုမှ မဝင်ဆံ့နိုင်ဘူးဆိုတာသိသိကြီးနဲ့ ဘာဖြစ်လို့ ချစ်ရတာလဲဟင်။ ရှင်က ကျွန်မကို ဒုက္ခပေးချင်လို့ ပဲမဟုတ်လား။ မုန်းလိုက်တာ ရှင်ဒီလောက်တောင် ကျွန်မကို ချစ်ချင်နေတာ ကျွန်မအကြောင်း ကောင်းကောင်းပြရသေးတာ ပေါ့လေ။ မွေ့ မမစိမ့်လုပ်နိုင်းတဲ့အတိုင်း လုပ်ပစ်ဖို့ ဆုံးဖြတ်လိုက်သည်။

"ဦးမိုးတိမ်စံ"

"ကိုမိုးတိမ်စံလို့ပဲ ခေါ်ပါမွေ့ရယ်"

"ကျွန်မဆိုင်သိမ်းပြီးရင် တစ်ယောက်ထဲပြန်လာခဲ့မယ်၊ ဟိုလမ်းထိပ်က ကော်ဖီဆိုင်လေးမှာပဲ စောင့်နေပါနော်"

"ကောင်းပြီလေ မွေ့"

သူ့ကားလေးထွက်သွားသည်။

မွေ့ရင်တွေတုန်ပြီး ပင်ပန်းနွမ်းနယ်နေရ၏။ ဒေါ်လေးနှင့် မောင်လေးမိုးထိတို့သိလို့မဖြစ်ပေ။ မမစိမ့်နှင့် လုံးဝမသင့်မြတ်ကြပေ။ ဒေါ်လေးက မွေ့ဘက်က ဘာပဲဖြစ်ဖြစ် မွေ့ကတော့ မမစိမ့်အတွက် အသက်တောင်ပေးရမှာပဲ။ မောင်လေးမိုးထိရောက်လာတော့ မမမွေ့ အိမ်ပြန်တော့မည်ဟု ပြောလိုက်သည်။

"မိုးထိလိုက်ပို့ပေးမယ်လေ၊ မမမွေ့ အမေလာတဲ့အထိ ခဏလေးစောင့်ပေးပါ"

"ရပါတယ်ကွယ် မမမွေ့မှာ လုပ်စရာအလုပ်တွေ အများကြီးရှိနေလို့ပါ၊ ကျောင်းက တက်ရတော့မယ်လေ"

"သွားတော့လေ အမေ့ကိုသာ မြန်မြန်ပြန်လွှတ်လိုက်ပါ မမမွေ့"

"အင်း"

မောင်လေးကို နှုတ်ဆက်ပြီး မွေ့ပြန်လာခဲ့သည်။

❋ ❋ ❋

အခန်း (၁၈)

"မွေ့"

"ဟင်"

"ကိုယ့်အချစ်တွေကို မွေ့လက်ခံပါ၊ ယုံကြည်ပေးပါ မွေ့ရယ်နော်"

မွေ့ခန္ဓာကိုယ်လေး ပူနွေးလာသလို သူမမျက်နှာလေးလည်း ထူအမ်းနေသည်။ ရက်လို့သေတော့မယ်။ မမစိမ့်ရဲ့ ဆန္ဒတွေကိုလည်း မဖြစ်မနေဖြည့်ဆွက်ပေးရမှာပဲလေ။ မွေ့က သားကောင်ပါ။ ဦးမိုးတိမ်စံရဲ့ အထင်သေးမှုတွေ နာကြည်းမုန်းတီးမှုတွေပဲ ခံယူဖို့ပဲ မဟုတ်လား။ မွေ့ရင်တွေ နာကျင်စူးရှနေသည်။

"ကိုယ် မွေ့ကို လက်ထပ်ပါ့မယ်၊ ကိုယ့်ကိုယုံပါ၊ ကိုယ့်ကို

ချစ်တယ်မဟုတ်လားဟင်၊ မွှေ့ ကိုယ့်အချစ်တွေကို လက်ခံမယ် မဟုတ်လား မွှေ့ရယ်''

မွှေ့လက်လေးကို သူ့လက်တွေက ဆတ်ခနဲဆုပ်ကိုင်လိုက်သည်။ မွှေ့ရင်တွေပမ်းတွေတုန်ပြီး အထိတ်တလန့်လေးနှင့် ငြင်းဆန်ရုန်းဖယ်ပစ်ချင်ပေမယ့် မမစိမ့်ဆန္ဒတွေအရ မွှေ့ သူ့အချစ်တွေကို ငြိမ်သက်လက်ခံရတော့မည်ဖြစ်သည်။ ရှက်စိတ်တွေနှင့် မွှေ့ အသားလေးတွေ တဆတ်ဆတ်တုန်ရီချင်လာရ၏။ မွှေ့သူ့ကို မကြည့်ရဲတော့ဘဲ ခေါင်းလေးက သူ့အလိုလို ငုံ့ကျသွားရသည်။

''မွှေ့''

''ရှင်''

''ကိုယ့်အချစ်တွေကို လက်ခံပါကွယ်''

မွှေ့မင်းလေးကို ကိုယ်ချစ်တယ်။ ကိုယ်လက်ထပ်မှာပါ။ မာမီကလည်း ကိုယ့်ဆန္ဒပဲ အဓိကထားတတ်သူပါ မွှေ့ရယ်။ ကိုယ့်ကိုဘယ်တော့မှ သားအဖြစ်ကနေ မစွန့်လွှတ်ပါဘူး။ မွှေ့ရိုးသားဖြူစင်တဲ့ မိန်းကလေးကိုပဲ မလွှတ်တမ်း ဆုပ်ကိုင်ထားသည်။ မွှေ့လက်ကိုဆွဲပြီး တစ်ခါထဲပဲ အဝေးဆုံးကို ခေါ်သွားချင်မိ၏။ မွှေ့လက်ဖျားလေးက အေးစက်နေသည်။

''ကြောက်နေလား မွှေ့''

''ရှင်''

''မကြောက်ပါနဲ့ကွာ၊ ကိုယ့်ကိုယုံပေးပါ မွှေ့ရယ်နော် ကိုယ့်ရင်ခွင်ထဲမှာ ပထမဆုံးတွေ့မွေ့မိတဲ့ မိန်းကလေးက မင်းပါပဲ၊ ကိုယ့်မာနတွေကို ရိုက်ချိုးပစ်လိုက်တာလေ၊ ကိုယ် မွှေ့လက်လေးကိုဆွဲပြီး အရာအားလုံးကို ရင်ဆိုင်ဖြေရှင်းရဲပါတယ်၊ ကိုယ်ဘာလုပ်ပေးမှ မင်းယုံကြည်မှာလဲမွှေ့''

''ရှင်''

''မင်းအတွက် ကိုယ်ဘာလုပ်ပေးရမလဲ၊ မင်းလက်ကိုဆွဲပြီး ကိုယ့်မာမီရှေ့ခေါ်သွားပေးရမလား၊ ဒါသားချစ်သူ သားလက်ထပ်မယ့် မိန်းကလေးလို့လေ''

''အို မလုပ်ပါနဲ့ အဲ့ဒီလောက်အထိ မလိုပါဘူးနော်''

''ဘာပဲဖြစ်ဖြစ် မွှေ့ကို ကိုယ်ပိုင်ဆိုင်ချင်တယ်၊ မွှေ့ကောင်းဆိုသမျှ ကိုယ်ဖြည့်စွမ်းပေးပါ့မယ်''

မွှေ့ကို သူ့နှလုံးသားတွေထဲ စူးနစ်တိုးဝင်နက်ရှိုင်းစွာချစ်နေမိသည်။ မွှေ့ကိုယ်လုံးလေးအား သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထားမိ၏။ မွှေ့က အထိတ်တလန့်နှင့် ရုန်းဖယ်ပစ်လိုက်ပေမယ့်

ငြိမ်သက်သွားသည်။ သူ့အချစ်တွေကို မွေ့ လက်ခံတဲ့သဘောပဲ။ သူ ဝမ်းသာပျော်ရွှင်သွားရပြီး မွေ့ခန္ဓာကိုယ်လေးအား တင်းကြပ်စွာ ရစ်သိုင်းဖက်ထားမိသည်။

"ကိုယ်မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ပြောမိတာ ပထမဆုံးပဲလေ၊ မွေ့ ကိုယ့်ဘဝမှာ စီးပွားရေးက အဓိကပဲ၊ မွေ့ ဆိုတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ ကိုယ်ပိုင်ဆိုင်ချင်တယ်"

မွေ့ငြိမ်သက်နေမိသည်။ မွေ့လည်း ယောကျ်ား တစ်ယောက်နှင့် နီးကပ်ရင်းနှီးစွာ နေထိုင်ခဲ့ဖူးတာ ဦးမိုးတိမ်စံ တစ်ယောက်ပါပဲ။ ဒါတောင် မမှီမှဲ့ကြောင့်ပါ။ မွေ့ဒူးလေးတွေပင် တုန်ရီချင်လာရ၏။ မွေ့စိတ်တွေလှုပ်ရှားလွန်း၍ အသက်ရှူပင် မဝတော့။ အပျိုစင်မလေး မွေ့ရဲ့ရင်တွေ တုန်ရီလှိုက်ဖိုနေတာ မွေ့ပဲသိသည်။

"မွေ့ မွေ့ ပြန်ပါရစေတော့နော်"

"မွေ့"

"ဟင်"

"စိတ်အားတွေမငယ်ပါနဲ့ကွာ ကိုယ်လေ မွေ့ရှေ့ကနေ မားမားမတ်မတ် အကာအကွယ်ပေးပါ့မယ်၊ ကိုယ်ကြောင့် မွေ့

ပျော်ရွှင်စေရပါ့မယ်နော်"

"အင်း"

"မွေ့ဘာလိုအပ်လဲ ကိုယ့်ကိုပြောပါ၊ မွေ့ကျောင်းဘာကို မယ်မဟုတ်လား၊ လိုအပ်တာတွေ ကိုယ်ဖြည့်စွမ်းပေးပါရစေ"

"ဟင့်အင်း မွေ့ဘာမှမလိုအပ်ပါဘူးနော်၊ ကျောင်းကိစ္စ လည်း ထောက်ပံ့ကူညီမယ့်သူရှိပါတယ်၊ မလိုပါဘူးနော်"

မွေ့ယောကျ်ားတစ်ယောက်ရဲ့ အထောက်အပံ့ကို မြ လက်မခံချင်ပါဘူး။ မွေ့ကိုယ်ကျင့်တရားတွေကို ဘယ်တော့မှ အထိ အခိုက်မခံနိုင်ခဲ့။ ဦးမိုးတိမ်စံရဲ့ အယုအယတွေက မွေ့အပေါ်က တုန်လှုပ်ချောက်ချားလာရကာ ရက်စွဲ့ဖွယ်ဖြစ်နေသည်။

"မွေ့ပြန်ပါရစေနော်၊ နောက်ကျနေပြီ၊ မွေ့ ဒေါ်လေးကို မြန်လာဖို့ပြောရဦးမယ်"

"ကားပေါ်တက်လေ မွေ့၊ ကိုယ်လိုက်ပို့ပေးမယ်"

"နေ နေပါစေတော့၊ မွေ့ လမ်းလျှောက်ပဲပြန်ပါ့မယ် ပြန်တော့နော်"

"မွေ့အရင်ပြန်လေ"

"ကိုယ်အရင်ပြန်ပါ"

"ဟင် ကိုယ်တဲ့လား၊ မွေ့ရယ် ကိုယ်ရင်ခုန်လိုက်တာ၊ ကိုယ်အရမ်းပျော်သွားပြီ"

ဘုရားရေ မွေ့ဘာဖြစ်လို့များ ကိုယ်ဆိုတဲ့ အသုံးအနှုန်းက မွေ့နှုတ်ခမ်းလေးတွေကြားကနေ အလွယ်တကူ ခုန်ထွက်သွားရတာလဲဟင်။ ကိုယ်တဲ့။ မွေ့ သူ့ကိုကျောခိုင်းပြီး ထွက်လာခဲ့သည်။ အမလေး မွေ့ ဆောက်တည်ရာမရအောင် ကြောက်ရွံ့တုန်လှုပ်နေရ၏။ စိတ်တွေ လှုပ်ရှားလွန်းလို့ မွေ့သေတော့မလားပဲ။ အိမ်ထဲမြန်မြန်ဝင်ရအောင် ခြေလှမ်းတွေကို ခပ်သွက်သွက်လှမ်းနေမိသည်။

"မွေ့"

"ဟင် မမစိမ့်"

"စံ ပြန်သွားပြီလား"

"ဟင်"

"နင်တို့နှစ်ယောက်အခြေအနေကို ငါအဝေးကနေ အကဲခတ်နေတာလေ"

မမစိမ့်မျက်ဝန်းတွေက ကြောက်စရာကောင်းလောက်အောင် ဝင်းလက်နေသည်။ မွေ့ကြောက်လာမိ၏။ မနာလိုဝန်တိုသော အကြည့်တွေဆိုတာ မွေ့သိနေသည်။

"မွေ့"

"ဟင်"

"စံဆီကနေ တိုက်ခန်းတစ်ခန်းလိုချင်တဲ့အကြောင်း ပြောလိုက်တော့"

"ရှင်"

"ဟဲ့ ဘာရှင်လဲ၊ ငါပြောတာလုပ်မယ်ဆို နင်ပြောလေ မွေ့ကို တိုက်ခန်းတစ်ခန်းဝယ်ပေးပါလို့"

"အင်း"

"ပြီးတော့ နင်လိုချင်တာလေးတောင်းလိုက်၊ စံက ဝယ်ပေးမှာပဲ နင်ရှက်ကြောက်သလိုနဲ့ လူရိုးလူအကြီး လုပ်ပြမနေနဲ့နော်"

"အင်းပါ"

"နင် စံကို မချစ်ဘူးမဟုတ်လား၊ နင်နဲ့လည်း မတန်ပါဘူး မွေ့ရယ်၊ အခုဆို ယောက္ခမလောင်းကြီးက ငါ့ကို အရမ်းပဲ မွေးမတော်ချင်နေတယ်၊ နင့်ကြောင့် စံက နင့်အပေါ် တဒင်္ဂစွဲလမ်းသွားလို့လေ၊ ဒါပေမယ့် နင်စဉ်းစားကြည့်စမ်း မွေ့၊ စံက ဂုဏ်သိက္ခာပိုင်းကို အရမ်းပဲ စောင့်ထိန်းတတ်တဲ့ ယောကျ်ား

တစ်ယောက်လေ နင့်ကိုတော့ တရားဝင်မယူဘူးသိလား"

မမစိမ့်ရယ် မွေ့ကိုပြောရက်လိုက်တာနော်။ ဘာပဲဖြစ်ဖြစ် မွေ့က မမစိမ့်ရဲ့ ညီမလေးပဲမဟုတ်လား။ မွေ့ငယ်စဉ်လေးထဲက မမစိမ့်ရဲ့ နှိမ်ချပြောဆိုမှုတွေ အဖက်မတန်သလို ပြောဆိုဆက်ဆံမှုတွေခံခဲ့ရသည်။ မွေ့ငိုချင်သွားရ၏။ မမစိမ့်က မွေ့ကို မုန်းတီးစွာ အနိုင်ကျင့်တတ်တာ ငယ်စဉ်လေးကပါပဲလေ။ မွေ့စိတ်တွေကို တင်းထားပြီး သည်းခံနေမိသည်။

"ဟဲ့မွေ့ နင်တောင်းနော်၊ ဒါမှငါယုံကြည်မှာ နင်အပိုင်သိမ်းဖို့တော့ မကြိုးစားနဲ့နော်၊ ငါ့အကြောင်း သိတယ်မဟုတ်လား"

"သိပါတယ် မမစိမ့်"

"ငါ့ကိုကူညီစမ်းပါ၊ မွေ့ နင်ကူညီမယ်လို့ပြောထားပြီးပြီနော်၊ ကူညီရမယ်၊ ငါ့ဘဝရေ့ရေးအတွက် နင် ဒါလေးတစ်ခုပဲလုပ်ပေးပါ"

မမစိမ့်မျက်ဝန်းတွေက ပြူးကျယ်ဝိုင်းစက်စွာ အလိုရမ္မက်တွေ တဝင်းဝင်းတောက်ပနေသည်။ မွေ့ကြောက်လာမိ၏။ မမစိမ့်လက်တွေက အေးစက်နေကာ မွေ့လက်မောင်းတွေကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။

"မမ"

"ဘာလဲ"

"မွေ့ ကူညီမှာပေါ့၊ မမစိမ့်ဆန္ဒတွေပြည့်အောင် မွေ့လုပ်ပေးပါ့မယ်၊ မွေ့ဆီ ခဏခဏမလာပါနဲ့၊ အိမ်ကလူတွေ စပ်စုကြမှာ စိုးလို့ပါနော်"

"အင်းပါ စုံကို လက်ကိုင်ဖုန်းတစ်လုံးလောက် ဝယ်နိုင်းလိုက်၊ စံကပေးချင်တယ်လို့ ငါ့ကိုပြောနေတယ်၊ နင်တောင်းလိုက်"

"ဟုတ်ကဲ့"

"ငါစိတ်ချပါရစေ မွေ့ရယ်၊ ငါ ဒီလို အခြေအနေတစ်ခုကို ရယူပိုင်ဆိုင်နိုင်ဖို့ ဘယ်လောက်အထိ ဆန္ဒတွေကြီးမားခဲ့ရလည်းဆိုတာ နင်အသိဆုံးပဲလေ မွေ့"

"ဟုတ်ကဲ့ပါ မမစိမ့် မွေ့ကိုယုံပါ၊ မွေ့က ချမ်းသာကြွယ်ချင်တဲ့လူတစ်ယောက်လည်း မဟုတ်ပါဘူး၊ မမစိမ့်အတွက်ပဲ မွေ့ ဘာမဆို လုပ်ဆောင်ပေးမှာပါ စိတ်ချပါနော်"

"နင် ငါ့အပေါ် အကောက်ကြံရင်တော့ နင့်ဘဝ အဖတ်ဆယ်လို့မရအောင် ဖြစ်သွားစေရမယ်၊ သတ်ပစ်မှာသိလားဟဲ့"

"မမစိမ့်ရယ်"

မွေ့ကတော့ အလိုရမွက်တွေကြောင့် မမစ်မှ့် ရူးသွပ်သွားတော့မလားဟုပင် ထင်မိလာသည်။ မမဒိမ့်ဒုက္ခရောက်မှာကို မွေ့လုံးဝမကြည့်ရက်နိုင်တာပါ။ မမစိမ့်အတွက် မွေ့စိတ်ပူသွားရ၏။ မမစိမ့်လာတာ ဒေါ်လေးချိုတွေ့သွားမှာလည်း စိုးရိမ်မိနေသည်။

"မမစိမ့် ပြန်တော့နော်၊ စိတ်မပူပါနဲ့ မွေ့ကိုယုံပါ၊ ခဏနေရင် ဒေါ်လေးချိုလာတော့မယ်"

"အေး ငါပြန်မယ် တွေ့ရင်လည်း နင့်ဘက်ကလိုက်ပြီး ငါ့အပေါ်ပဲ အပြစ်တွေပုံချပြောဆိုဦးမှာပဲ၊ သူတို့အမြင်မှာ နင်ကလိမ္မာရိုးသားပြီး ငါ့ကိုတော့ အတ္တကြီးတဲ့မိန်းမလို့ သတ်မှတ်နေကြတယ်လေ မုန်းလိုက်တာ"

မမစိမ့်ပြောဆိုပြီး အငှားကားနှင့်ပြန်သွားသည်။ မွေ့ရင်ထဲမှာ မွန်းကြပ်နေတဲ့ စိတ်တွေ ပြေလျော့သွားရ၏။ မွေ့ အိမ်ပြန်ဖို့ပဲ ခြေလှမ်းပြင်လိုက်သည်။

"ဟဲ့ မွေ့ ဆိုင်ကနေ အစောကြီးပြန်လာတာလား"

လမ်းမှာ ဒေါ်လေးချိုနဲ့ဆုံသည်။ မမစိမ့်ပြန်သွားလို့တော်သေး၏။ ဒေါ်လေးချိုက မမစိမ့်ရဲ့ အပြုအမူ အနေအထိုင်တွေကို ကြည့်မရ။ တူမချင်းအတူ မွေ့ကိုပဲသနားပြီးချစ်သည်။

"မွေ့ ကျောင်းကိစ္စတွေရှိနေသေးလို့ပါ၊ ဒေါ်လေးချို ပြန်ပြီနော်"

မွေ့ခပ်သွက်သွက်လေးလျှောက်ပြီး အိမ်လေးထဲဝင်လာခဲ့မိသည်။ စိတ်တွေညစ်ပြီး သေတော့မယ်။ မွေ့ခန္ဓာကိုယ်လေး တုန်ရီလိုက်ခါနေ၏။ မေမေက မွေ့ပြန်လာပြီလားဟုမေးသည်။ အင်းကျောင်းကိစ္စတွေရှိလို့ စောစောပြန်လာတာဟုဖြေပြီး မွေ့အိပ်ခန်းလေးထဲဝင်လာခဲ့မိသည်။ မမစိမ့်မနေတော့၍ မွေ့တစ်ယောက်ထဲ အခန်းတစ်ခန်းရသည်။ အခန်းလေးထဲဝင်လာပြီး မွေ့ငုတ်တုတ်လေးထိုင်ချမိ၏။ မွေ့စိတ်တွေ ထိန်းချုပ်၍မရအောင် လှုပ်ရှားနေဆဲပင်ဖြစ်နေသည်။

"မွေ့ နင်လိုချင်တာတွေတောင်းလိုက်နော် နင်သိထားရမှာက စံရဲ့အထင်သေးမှုတွေကို လုပ်ဆောင်ဖန်တီးဖို့ပဲ၊ နင်စံ့ကို မချစ်ဘူးမဟုတ်လား၊ စံက နင့်ကို မုန်းတီးရွံရှာသွားဖို့ နင်လုပ်ရမှာနော်"

မွေ့ ရူးသွပ်စွာဖြင့် အသံကုန်အော်ဟစ်ပစ်ချင်လာရသည်။ ဦးမိုးတိမ်စံကို မွေ့ချစ်ခွင့်မရှိဘူးတဲ့ မွေ့မျက်ဝန်းလေးတွေထဲမှ မျက်ရည်တွေသာ ပြည့်လျှံလိမ့်ဆင်းကျလာသည်။

❈ ❈ ❈

အခန်း (၁၉)

နက်ပြာရောင်ဟန်းဖုန်းလေးကို ဆုပ်ကိုင်ထားတဲ့ မွေ့လက်တွေ တဆတ်ဆတ်တုန်ရီနေသည်။ မွေ့တောင်းဆိုသမျှ သူကဖြည့်စွမ်းပေးခဲ့၏။ မွေ့ကြောက်လာရ၏။ တိုက်ခန်းတစ်ခန်းကိုလည်း မွေ့နာမည်နှင့်ဝယ်ပေးခဲ့သည်။ ဖေဖေရောမေမေရော ဒေါ်လေးချို တို့မသိကြ။ မမစိမ့်က အသိမပေးနဲ့တဲ့ ဦးမိုးဇာိမ်စံဝယ်ပေးသမျှ ပစ္စည်းတွေအားလုံးကိုတော့ မမစိမ့်က ထိန်းချုပ်ထားသည်။ ပစ္စည်းတွေသာ မွေ့ထဲတွင်ရှိနေပြီး စာရွက်စာတမ်းတွေက မမစိမ့်ဆီမှာပါ။ ဟမ်းဖုန်းကို မွေ့ဖွက်ပြီးကိုင်ရသည်။ ဦးမိုးဇာိမ်စံရဲ့ အချစ်တွေ အကြင်နာတွေက မွေ့အပေါ် အပျော်အပျက်ကြံခြင်းမဟုတ်ကြောင်း မွေ့ တဖြည်းဖြည်းလက်ခံယုံကြည်မိသည်။

"မွေ့"

"ဟင် ကို"

"မွေ့ ကျောင်းတက်ဖို့အတွက် ကားတစ်စီးဝယ်ပေးမယ်နော်"

"ဟို ဟို မွေ့အငှားကားနဲ့ပဲ တက်လို့ရပါတယ်"

မွေ့လက်ခံရမယ်ဆိုတဲ့ အသိရှိနေပေမယ့် ရုတ်တရက် အသိမဲ့စွာ ငြင်းဆန်လိုက်မိသည်။ မွေ့ကြောက်တယ်။ သူများပစ္စည်းတွေကို လက်ခံနေရတာ စိတ်မလုံမိ။ မွေ့ကျောင်းစရိတ်ကို မမစိမ့် ထောက်ပံ့တာပဲ အိမ်ကသိသည်။

"မွေ့လက်ခံပါ ကိုယ်နဲ့မွေ့က လက်ထပ်ကြမှာပဲလေ၊ မွေ့ စိတ်လုံစွာ လက်ခံပါ"

မွေ့ဘဝလိုလေသေးမရှိအောင် ပြည့်စုံနေပေမယ့် မွေ့ စိတ်က မလုံပေမယ့် မမစိမ့်ရဲ့ စေခိုင်းချင်တွေအတိုင်း မွေ့လုပ်ဆောင်နေရတာပင် စိတ်တွေမွန်းကြပ်လာရသည်။

"မွေ့"

"ဟင်"

"ချစ်တယ်"

"ရှင်"

သူ့လက်တွေက မွေ့ခန္ဓာကိုယ်လေးအား ရစ်ခိုင်းပွေ့ဖက်လာတော့ မွေ့ရင်တွေ တဆတ်ဆတ်တုန်ရီလှိုက်ခါနေရသည်။ မွေ့နှုတ်ခမ်းလေးကို ကိုက နမ်းရှိုက်တော့ မွေ့ခေါင်းတွေ ခါယမ်းရုန်းဖယ်ပြစ်လိုက်ချင်ပေမယ့် မွေ့အင်အားတွေမဲ့နေ၏။ သူက မွေ့အပေါ် ချစ်ခင်ကြင်နာမြတ်နိုးလွန်းစွာ ဂရုတစိုက်ယုယနေသည်။ မွေ့မပျော်နိုင်ပေ။ မွေ့နှလုံးသားတွေ နာကျင်နေရ၏။ မွေ့ကျောင်းစတက်သည့်နေ့တွင် သူကို မွေ့အား ကျောင်းပို့ကျောင်းကြိုလုပ်ပေးခဲ့သည်။ အိမ်ကလူတွေပင် မွေ့အခြေအနေပြောင်းလဲမှုကို သတိပြုမိပြီး မေးမြန်းလာရတော့ မွေ့က မမစိမ့် အားလုံးထောက်ပံ့ပေးထားတာဟုပဲ ဖြေခဲ့သည်။

"မွေ့ အားမငယ်နဲ့ကွယ် ကိုယ်က မွေ့ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ပေက်ထပ်မှာပါ ယုံပါမွေ့ရယ်"

မွေ့ရှင့်ကို ချစ်လို့မရဘူးလားဟင်။ လက်ထပ်ခွင့်ရော ဘာဖြစ်လို့ မရှိရတာလဲ။ ရှင့်ရဲ့ အမုန်းဆုံးမိန်းမတစ်ယောက်အဖြစ် မွေ့ရပ်တည်ခွင့်ရှိနေတာလား။ မမစိမ့်က နစ်နာကြေးအဖြစ် မွေ့ဆရာဝန်ဖြစ်တဲ့အထိ ကျောင်းစရိတ်ထောက်ပံ့မယ်တဲ့။ ဒါပေမယ့် မွေ့

ဘယ်အရာကိုမှ မျှော်လင့်မနေပါဘူး။ မမစိမ့်ရဲ့ ဆန္ဒတွေ ပြည့်ဝဖို့ပါပဲလေ။ မွေ့ပေးဆပ်ချင်ပါတယ်၊ မွေ့ခံနိုင်ရည်မရှိတာက ဦးမိုးတိမ်စံအား မွေ့ချစ်မြတ်နိုးသွားနေတာပါပဲ။ မွေ့ရဲ့ချစ်ဦးသူပဲ။ ဦးမိုးတိမ်စံကို မွေ့ချစ်ခွင့်မရှိဘူးတဲ့။ မွေ့ရင်တွေ နာကျင်ကြေကွဲနေရသည်။

"မွေ့"

"ရှင်"

"ဒီတိုက်ခန်းမှာ မွေ့မိဘတွေကို ခေါ်ထားတော့လေ ကိုယ့်ကိုအားမနာပါနဲ့ကွာ၊ မွေ့မိဘတွေက ကိုယ့်မိဘတွေဖြစ်တော့မှာပဲဟာ၊ လက်ထပ်ပြီးတော့ မွေ့ကို ကိုယ်ကခေါ်သွားမှာ မဟုတ်လား၊ မိဘတွေ ကြေကွဲဝမ်းနည်းနေမြောတာသပြီး မကျန်စေချင်ဘူး မွေ့ရယ်"

"ရပါတယ် ကိုရယ်၊ လူကြီးတွေကို ဘယ်အရာမှ မသေချာသေးဘဲနဲ့ မွေ့အသိမပေးချင်တာပါ၊ မွေ့အတွက်က ကိစ္စမရှိပါဘူးနော်"

ကို့ဆီက အကြင်နာတွေက မွေ့ရင်ကို နာကျင်ကြေကွဲမှုတွေအဖြစ် ပြောင်းလဲသွားရသည်။ ကို့အနမ်းတွေက နာကျင်ခါးသက်နေရ၏။ မွေ့ထွက်ပြေးချင်ပေမယ့် မမစိမ့်အတွက် မွေ့ပေး

ဆပ်ရမယ်လေးဆိုတဲ့အသိက မွေ့ခန္ဓာကိုယ်လေးအား ထိန်းချုပ်ထားသည်။

"မွေ့ရယ် ကိုယ်အရမ်းချစ်တယ် မွေ့ကိုပျော်ရွှင်စေချင်တယ်၊ မွေ့လိုအပ်ချက်တွေကို ဖြည့်စွမ်းပေးချင်တယ်၊ ကိုယ့်ကို မကြာခင် လက်ထပ်ခွင့်ရဖို့ ကြိုးစားနေတယ်လေ"

ကိုယ့်မာမီဆီက ခွင့်ပြုချက်ရယူဖို့ ကြိုးစားနေသည်ဟု ပြောတော့ မွေ့ကြေကွဲစွာ ငိုပြစ်ချင်လာရသည်။ မမစိမ့်ရဲ့ လှည့်ကွက်ထဲမှာ မွေ့နေထိုင်လှုပ်ရှားနေရတာပါ။ ရှင့်ကို မွေ့ ဘယ်လိုနည်းနဲ့မှ လက်ထပ်ခွင့်မရှိပါဘူး။ မမစိမ့်ကို စိတ်သောကရောက်အောင် မမစိမ့်လိုအင်ဆန္ဒတွေ ပျက်ပြားသွားအောင် မွေ့ဘယ်တော့မှ မလုပ်ဘူး။ ကို့အကြင်နာတွေ အချစ်တွေ ယုယမှုတွေကို မွေ့မခံစားတတ်အောင် ကြိုးစားထိန်းချုပ်နေခဲ့ရသည်။

"သိမ်မွေ့သူက အရမ်းချောမောလှပတော့ စပွန်ဆာကြီးတယ်နော်၊ လိုလေသေးမရှိဘဲ ကားတွေ တိုက်တွေ ဟမ်းဖုန်းတွေ အလန်တွေပဲ"

မွေ့ခြေလှမ်းလေးတွေပင် တုန့်ခနဲရပ်ပစ်ချင်သွားရသည်။ မွေ့လက်ထဲမှာရှိနေတဲ့ လက်ကိုင်ဖုန်းလေးကို တင်းကြပ်စွာဆုပ်ကိုင်

ရင်း သစ်ပင်ကြီးတစ်ပင်အောက်မှာရှိနေသော ခုံတန်းလေးပေါ် ဝင်ရောက်ထိုင်လိုက်ရသည်။ ကျောင်းမှာ မွေ့နာမည်ဂုဏ်သတင်းက မကောင်း။ သတင်းတွေနှင့် မွှေးပျံ့နေခဲ့၏။ မုန်းလိုက်တာ ရှက်လိုက်တာ။ မွေ့ အရှက်သိက္ခာတွေ ဘာတစ်ခုမှ မရှိတော့ပါဘဲလား။ မွေ့ကိုတွေ့ဆုံကြတိုင်း မကြားတကြားပြောတတ်သည်။

"သိမ်မွေ့သူက အရမ်းတောင့်ဖြောင့် အိစက်နေတော့ ဖန် ထားတဲ့ကောင်ကလည်း အလန်စားပဲ တရားဝင်ယူမယူတော့ မသိဘူး၊ သိမ့်မွေ့သူရဲ့မိဘတွေက ဆင်းဆင်းရဲရဲတွေတဲ့ စုတ်ပြတ်နေကြတာပဲတဲ့ သမီးလေးတန်ဘိုးရှိလိုက်တာကွာ"

ရှင့်ကားကြီးနဲ့ ကျွန်မကို လာမကြိုနဲ့တော့ဟု အော်ဟစ်ပြောပစ်ချင်လာရသည်။ သူနှင့်ဝေးရာကို မွေ့ထွက်သွားချင်လာရ၏။ မွေ့ဆန္ဒနှင့် ခန္ဓာကိုယ်က တစ်ထပ်ထဲမလာနိုင်ခဲ့ပေ။ သူ့ဆီကနေ မွေ့အသုံးအဆောင်ပစ္စည်း အတော်များများ လက်ခံရရှိနေခဲ့ပေမယ့် မွေ့အသုံးမပြုခဲ့ပေ။ မမစိမ့်က အသုံးအဆောင်ပစ္စည်းတွေက ငါပြန်မယူဘူး။ နင်သုံးဆိုပေမယ့် မွေ့ရွံ့ရှာနေသည်။

"မွေ့"

"ဟင်"

"ငြိမ်လှချည်လား၊ ဘာတွေစဉ်းစားနေရတာလဲကွာ။ ကိုယ်ကလက်ထပ်ယူဖို့ သတ္တိမှရှိပါ့မလားလို့ စဉ်းစားနေတာလား ကွာ"

"ရှင်"

တစ်ခါတစ်ရံ မွှေ ငေးကြောင်ပြီး ပတ်ဝန်းကျင်မှာ အသိမဲ့စွာ မေ့လျော့နေတတ်သည်။ သူက ဘာကိုမှ မစဉ်းစားနဲ့။ ကိုယ့်က တာဝန်ယူရဲတဲ့ ယောကျ်ားပါတဲ့ မွှေ သူ့လိုယောကျ်ားတစ်ယောက်နှင့် ပျော်ရွှင်လက်ထပ်စွာ တွေ့ဆုံခွင့်မရှိရတာလဲ။ ကံကြမ္မာပဲလား ဟင်။ သူက မွှေ့မျက်နှာလေးတည်နေလျှင် မနေတတ်မထိုင်တတ် အောင် ပြာပြာသလဲ ဂရုတစိုက်လိုအပ်ချက်တွေ မေးမြန်းနေတတ် သည်။

"မွှေ ဘာဖြစ်လို့လဲ၊ ကိုယ့်ကိုစိတ်မချလို့လားကွာ၊ မွှေ ဘဝလေးကို အမဲစက်တွေစွန်းထင်းသွားအောင် ကိုယ်ဘယ်တော့မှ မလုပ်ပါဘူး မွှေ့ရယ်နော်"

သူ့လက်မောင်းတွေက တယုတယထွေးပွေ့လာကာ မွှေ့ခန္ဓာကိုယ်လေးကို သူ့ရင်ခွင်မှာ ကပ်ထားတတ်သည်။ မွှေ ကြေကွဲဝမ်းနည်းစွာ ငိုကျွေးပြစ်ချင်လာရ၏။ မွှေ့လက်လေးတွေက

သူ့ကို ပြန်လည်ပွေ့ဖက်နိုင်စွမ်းပင်မရှိခဲ့။ မွှေ့ဘဝမှာ အချစ်တွေက ခါးသီးနာကျင်မှုတွေပဲဖြစ်နေသည်။

"ကိုယ့်မာမီက ကိုယ့်ဆန္ဒပေ ့ပဲ အမ်ကပါ မွှေ့ရယ်၊ ကိုယ့်အတွင်းရေးမှူးမလေးစိမ့်နဲ့ သဘောတူနေတာကွ၊ ဒါပေမယ့် စိမ့်က ကိုယ့်ဘက်ကလေ၊ ကိုယ်ကံကောင်းတယ် မွှေ့ရယ်၊ တိုင်ပင် ဖော်တိုင်ပင်ဖက်ဖြစ်ရလို့ပါ"

မမစိမ့်ကိုတော့ ကိုယ်က ချီးမွမ်းနေတတ်သည်။ သူ့ရင်ထဲမှာ မွန်းကြပ်နေတဲ့ ခံစားချက်တွေကို ရင်ဖွင့်ရတယ်တဲ့။ စိမ့်က စိတ်သဘောထားပြည့်ဝသူတဲ့။ မိဘက လည်း ငွေကြေးချမ်းသာတော့ ကိုယ်ယုံကြည်စိတ်ချတဲ့ အတွင်းရေးမှူးမလေးတဲ့ မွှေ ရှုးသွပ်စွာ ထွက်ခွာပြေးချင်နေရသည်။

"မွှေ့"

"ဟင်"

"စိမ့်ကငြင်းတယ်၊ ကိုယ်ချစ်တဲ့မိန်းကလေးကိုပဲ လက်ထပ်ပါတဲ့ မာမီဆန္ဒကို သူ့ဘက်ကမဖြစ်နိုင်ပါဘူးလို့ ငြင်းပယ် တယ်လေ"

မမစိမ့်ရယ် မွှေ့ကိုအသုံးချပြီး ကိုယ့်အကျိုးအတွက် လုပ်

ရက်တယ်။ မွေ့ဘဝလေး အဖတ်ဆယ်လို့မရတော့ဘူး။ မွေ့ကြောက်လာမိသည်။

"စိမ့်က မွေ့နဲ့ပဲလက်ထပ်ပါတဲ့၊ စိမ့်ကိုယ့်ဘက်မှာ ရပ်တည်ပေးလို့ တော်သေးတယ်မွေ့ရယ်"

မွေ့ကြောက်ရွံ့စွာ ငိုပစ်ချင်လာရသည်။ ဦးမိုးတိမ်စံအပြုံးတွေက မွေ့အတွက် ခါးသည်းလာရ၏။ သူက မွေ့ခန္ဓာကိုယ်လေးအား သိုင်းဖက်လာလေတိုင်း မွေ့ တွန်းကန်ရုန်းဖယ်ပစ်ချင်သောစိတ်တွေကို ထိန်းချုပ်ထားရသည်။

"မွေ့မိဘတွေက ဆင်းရဲနွမ်းပါးတယ်လို့လည်း ကိုယ့်မာမီကိုပြောပြလိုက်တယ်မွေ့၊ သားလက်ထပ်မယ့် ချစ်သူမိန်းကလေးက ဆေးကျောင်းတက်နေတယ်ဆိုတော့လည်း သားဂုဏ်သိက္ခာမငယ်နိုင်ပါဘူးလေတဲ့၊ မာမီသဘောတူနေတာက စိမ့်ပဲ"

သူ့မာမီက စည်းစနစ်ကြီးပြီး မာန်မာနတွေရှိပေမယ့် သားအတွက်တော့ ပျော်ရွှင်ချမ်းမြေ့စေချင်တာတဲ့။ ကိုယ်က မဖြစ်မနေကိုယ်ချစ်တဲ့ သူကိုပဲ လက်ထပ်မယ်လို့ ဆုံးဖြတ်ထားကြောင်းပြောတော့ မာမီက လိုက်ကြည့်မယ်တဲ့ သားရွေးချယ်တဲ့ကောင်မလေးက ခပ်ညံ့ညံ့တော့မဖြစ်နိုင်ဘူးတဲ့ သူပျော်ရွှင်တက်ကြွစွာ ပြောနေသည်။

"မွေ့"

"ဟင်"

"စိတ်မပူနဲ့နော်၊ မွေ့က အရမ်း

ရှိတယ်၊ ပြီးတော့ ပညာရေးလည်

ဘာပဲဖြစ်ဖြစ် ကိုယ်တို့လက်ထ

မတ်မတ်ရပ်တည်ပေးမှာ

သူက ‌ေ

လေးမှ မညှိ

မွေ့ဘ

ချစ်မိနေပါပြီ''

မွေ့စိတ်ထဲကနေ သူ့ကိုချစ်နေမိတဲ့အကြောင်း တတွတ်တွတ် ပြောနေမိသည်။ မွေ့နဲ့သူ ခွဲခွာရမည့်အချိန်ကာလတွေ နီးကပ်လာပြီဆိုတာ မွေ့သိနေ၏။ မွေ့စည်းစိမ်ဥစ္စာတွေ မမက်ပေမယ့် ရှင့်ကိုတော့ ချစ်တယ်။ မခွဲနိုင်တော့ဘူး။ မွေ့ဘာဖြစ်လို့များ ကို့လို လူတစ်ယောက်နဲ့ ချစ်သူဖြစ်တမ်း ကစားခဲ့ရတာလဲ။ သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်ဝိုင်းချင်လာရသည်။ ချစ်သူနှင့်တွေ့ပြီး မွေ့ အိမ်ပြန်လာရတဲ့ ခြေလှမ်းတွေက နုံးချွေလေးလံနေရ၏။ သူမကို နွေးထွေးစွာ ဆီးကြိုနေသူက မေမေပဲဖြစ်သည်။

''မွေ့လေ သမီးကြည့်ရတာ ပင်ပန်းနေသလိုပဲကွယ်၊ ဘာဖြစ်လို့လဲ၊ သမီး ဘာတွေဖြစ်နေလဲဟင်၊ သမီးအတွက် မေမေက ရင်ဖွင့်တိုင်ပင်သူဖြစ်သင့်တယ်လေ''

''မွေ့ ဘာမှမဖြစ်ပါဘူး မေမေ၊ စာတွေများလို့ နည်းနည်းလေး ပင်ပန်းနေလို့ထင်တယ်''

''ဟိုဟာမလေးက မွေ့လေးကိုထောက်ပံ့နေတာ မေမေ လန့်နေတယ်ကွယ်၊ စိတ်ထဲမှာ မအေးရသလိုပဲ၊ ဒီဟာမလေးက မွေ့လေးကို အမြဲတမ်း အနိုင်ကျင့်နေကျပဲလေ''

''မမစိမ့်က အရင်လိုမဟုတ်တော့ပါဘူး၊ ပြောင်းလဲနေပါပြီ မွေ့က သူ့ညီမပဲဟာ''

''ဒီဟာမလေး ဘာတွေလုပ်နေလဲ၊ ပိုက်ဆံတွေ ဘယ်ကနေရနေတာလဲမွေ့၊ ရိုးမှရိုးရဲ့လား၊ စိမ့် အထောက်အပံ့လည်း သိပ်မယူနဲ့နော်၊ ကြောက်စရာကောင်းတယ်၊ အတ္တကြီးတယ်၊ ရက်စက်တယ်၊ မွေ့လေးကရိုးသားတော့ စိတ်မချဘူးကွယ်''

မွေ့ ဟန်ဆောင်နေနိုင်ခြင်းမရှိတော့သဖြင့် မေမေ့အနားကနေ ထွက်လာခဲ့သည်။

❊ ❊ ❊

အခန်း (၂၀)

"စံ"

"ဟင်"

"မွေ့ဆိုတဲ့ကောင်မလေးကို လက်ထပ်ဖို့ စိမ့်လည်း မာမီ လက်ခံလာအောင် ကူပြောပေးနေရတယ်သိလား"

"ကျေးဇူးပါပဲ စိမ့်၊ ကိုယ် တကယ်ကို အံ့သြရတာက မွေ့ကို ကိုယ်အရမ်းချစ်မိသွားတာပဲလေ၊ ကိုယ် အရမ်းလည်း တန်ဘိုးထားမိတယ်၊ စိမ့်လိုအတွင်းရေးမှူးမလေးတစ်ယောက် ကိုယ့်အနားမှာရှိနေတာ ကိုယ်ကံကောင်းတာပဲ စိမ့်ရယ်"

စံက မွေ့ကို အရူးအမူးပဲ ချစ်နေပြီဆိုတာ စိ

မွေ့ နှင့်ဘက်က စံ့အပေါ် သံယောဇဉ်မတွယ်ငြိခင် အပြုပ ရမှာပဲ။ စံက မွေ့အတွက် အရာရာဖြည့်စွမ်းပေးနေတာ စိမ့် မနေ

မရှုစိမ့်တော့။ မွေ့မှမွေ့ပဲ နှင်က ဖြားယောင်းသွေးဆောင်နေတာများလား မွေ့။ စံ့ကိုပိုင်ဆိုင်ရလိမ့်မယ်လို့တော့ ထင်မှတ်မထားနဲ့နော်၊ စံ့ကို ငါပဲပိုင်ဆိုင်ရစေမယ်။ သူမှာမီက စိမ့်ကို အထင်ကြီးနေသည်။ ချွေးမတော်ချင်နေသည်။ စိမ့်က ငြင်းပယ်လေ သဘောကျနှစ်သက်လေပဲ။ စံကလည်း စိမ့်ကိုယုံကြည်ပြီး ရင်ဖွင့်ပြတ်၏။ စိမ့်ကလည်း အပြစ်ဆို၍ မြူမှုန်လေးလောက်ပင် မရှိစေရ။ အရာအားလုံး ပြည့်စုံချမ်းသာနေတဲ့ မိန်းကလေးအဖြစ် စိမ့် အပိုင်သရုပ်ဆောင်နိုင်သည်။

"ပြောလေ စိမ့်"

"စိမ့် တစ်ခုတော့ပြောမယ်နော်၊ လူဆိုတာ မယုံကြည်သင့်ဘူး၊ မရှုးသွပ်သင့်ဘူးလေ"

"မွေ့ကိုလား စိမ့်၊ ကိုယ်ကတော့ မွေ့ကိုအကြွင်းမဲ့ယုံကြည်တယ်လေ၊ မွေ့က ရိုးသားတယ်"

"စံ့ဆီက မွေ့ရဲ့တောင်းဆိုမှုတွေက များလွန်းလို့ စိမ့်တောင်လန့်တယ်၊ တစ်ခါတလေ ဒီကောင်မလေး လောဘကြီးလွန်းတယ်လို့ ထင်နေမိတယ်လေ"

"စိမ့်"

"ရိုးသားစွာချစ်တတ်သူက စံပဲဖြစ်နေမလားဟင်"

စိမ့်ပြောမှ သူ့ဆီကနေ မွေ့သောင်းဆိုမှုတွေ ကြီးမားနေတာ သူ သတိထားမိသည်။ မွေ့က သူ့ကို မြူဆွယ်ဖြားယောင်းနေတာ များလား။ မဖြစ်နိုင်ပါဘူး။ မွေ့က ရိုးသားတယ်။ မွေ့မျက်ဝန်း လေးတွေက ဖြူစင်နေတယ်။ မွေ့ဘဝလေးက မပြည့်စုံတော့လည်း တောင်းဆိုမှုအတွက် သူကျေနပ်မိသည်။

"မွေ့ရဲ့တောင်းဆိုမှုတွေက ကိုယ်ဖြည့်စွမ်းပေးချင်တာ တွေပဲ စိမ့်၊ မွေ့လက်ခံပေးလို့ ကိုယ်ကျေနပ်ရတာပဲ"

"စံ"

"ကိုယ် မွေ့အပေါ် အကြွင်းမဲ့ယုံကြည်တယ် စိမ့်၊ အဲဒီ သံသယတွေ မာမိဆီမှာ သွားမပြောပြနဲ့နော် စိမ့်၊ ကိုယ် မွေ့ကိုပိုင် ဆိုင်ချင်တယ်၊ ချစ်တယ်၊ ကိုယ် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် မွေ့နဲ့ လက်ထပ်မယ်"

မွေ့ နင်က ကံကောင်းနေတာပဲ။ စံ့လို ယောကျ်ား တစ်ယောက်က ချစ်နေတာ နင် အရမ်းကံကောင်းတယ်။ နင့်ဘဝ က ဖြူစင်တယ်။ ငါ့ဘဝက အမဲစက်တွေနဲ့။ ယောကျ်ား တစ်ယောက်က တစ်လလောက်ပဲ လက်ထပ်ပေါင်းသင်းပြီး စွန့်ပစ်ခံ

ရတာမျိုး နင့်မှာမရှိဘူးမွေ့။ ငါလည်း လိမ်ညာဟန်ဆောင်နေရ တဲ့ဘဝကို မုန်းတာပါပဲ။ ဒါပေမယ့် ငါ ချမ်းသာချင်တယ်။ သူများ တန်းတူဝတ်စားပြင်ဆင်ချင်တယ်။ ငါ အတ္တကြီးတာလားမွေ့။ စံ့လိုယောကျ်ား တစ်ယောက်နဲ့ လက်ထပ်ခွင့်ရဖို့ စိမ့်ကြိုးစားရမှာပဲ။ စံ့ဝေယျာဝစ္စတွေကို စိမ့်လုပ်ပေးနေသည်။

"စိမ့်ကိုလည်း ကိုယ် လုပ်ငန်းတွေ ကိုယ်ပိုင်ထူထောင် နိုင်အောင် ကူညီမယ်၊ စိမ့်ကထက်မြက်တာပဲလေ"

"စံ"

"ဟင်"

"ညနေ စိမ့် အန်တီမာလာနဲ့တွေ့ဖို့ လိုက်မယ်"

"ကိုယ်က မွေ့နဲ့တွေ့ဖို့ရှိတယ်၊ မွေ့ ကျောင်းကိုလည်း သွားကြိုရမယ်"

ရှင့်စိတ်ထဲမှာ မွေ့ပဲရှိနေတော့တာလားဟင်။ မုန်းလိုက် တာ။ မဖြစ်တော့ပါဘူး။ စံ့အနားမှာ မွေ့ကိုကြာကြာထားလို့ မဖြစ် တော့ဘူး။ အပြတ်ရှင်းရမယ်။ စံ့အနားကနေ ထွက်လာခဲ့ပြီး စိမ့် ကျေမနပ်နှင့် ဒေါသတွေပေါက်ကွဲချင်နေသည်။ စိမ့်စိတ်တွေ မထိန်းချုပ်နိုင်ဘဲ မွေ့ဆီဖုန်းဖြင့်ဆက်သွယ်လိုက်၏။ မွေ့၏ ချိုသာ

အေးစက်သောအသံကို စိမ့် အမုန်းတီးဆုံးဖြစ်နေသည်။

"မွေ့"

"ရှင် မမ"

"နင့်ကိစ္စတွေပြီးပြီ"

"ရှင်"

"ဘာရှင်လဲ၊ နင်နဲ့စံတို့ကိစ္စ ရပ်တော့၊ နင့်ကို ကျောင်းဆက်တက်ဖို့ပဲ ငါထောက်ပံ့မယ်၊ ကျန်တာတွေ နင်အားလုံးစွန့်လွှတ်လိုက်တော့"

တစ်နေ့ကျရင် မွေ့ကြားရမည့် မမစိမ့်ရဲ့စကားတွေဖြစ်လည်း မွေ့ မတုန်လှုပ်တော့ပေ။ ကိုကို မွေ့စွန့်လွှတ်ရမှာအစောကြီးတည်းက မွေ့သိပြီးသားပဲလေ။ မွေ့လည်း ရပ်ပစ်သင့်ပြီဟု ထင်မှတ်နေခဲ့သည်။

"ကောင်းပါပြီ မမစိမ့်၊ ဦးမိုးတိမ်စံဆီက ရထားတဲ့ ပစ္စည်းတွေနဲ့ စာချုပ်စာတမ်းတွေက မမဆီမှာပဲလေ၊ မွေ့ အားလုံးစွန့်လွှတ်ပါတယ်"

မတရားတဲ့နည်းလမ်းတွေနဲ့ ရထားတဲ့ပစ္စည်းတွေကို မွေ့လည်း မယူထားချင်ပါဘူး။ အားလုံးစွန့်လွှတ်ဖို့ မွေ့ဆုံးဖြတ်ထားပြီးသားဖြစ်သည်။ မွေ့အတွက် လက်လွှတ်ဆုံးရှုံးဖို့ အခက်အခဲဖြစ်နေရတာက မထင်မှတ်ဘဲ မွေ့နှလုံးသားထဲမှာ သံယောဇဉ်တွယ်ငြိသွားရသော ဦးမိုးတိမ်စံကိုပါပဲ။ ဒါပေမယ့် မွေ့ စွန့်လွှတ်ရမှာပဲဖြစ်သည်။

"နင် ပစ္စည်းတွေအပြင် စံက နင့်ကို မုန်းတီးနာကျင်အောင်လည်း လုပ်ရမယ်လေ မွေ့၊ နင့်ကတိအတိုင်းပဲလေ၊ ငါ့ဘဝကောင်းစားရေးအတွက် ဒီလောက်တော့ နင်လုပ်ပေးမယ်မဟုတ်လားဟင်"

အရာအားလုံးကတော့ မမစိမ့်ဆန္ဒတွေအတိုင်းပဲ ဖြစ်စေရမှာပဲမဟုတ်လား။ မွေ့ ရင်တွေနာကျင်သွားရပေမယ့် ငြင်းဆန်ပိုင်ခွင့်မရှိတာပဲ။ မမစိမ့်သဘောပါပဲလို့သာ မွေ့ ပြောလိုက်သည်။

"ကျေးဇူးပဲ မွေ့၊ နင်က မမစိမ့်အပေါ် သံယောဇဉ်ထားတယ်ဆိုတာ မမစိမ့် လက်ခံပါပြီကွယ်၊ နင်က နှုတ်လည်းလုံတယ်၊ ဘာပဲဖြစ်ဖြစ် နင်က ဆရာဝန်ဖြစ်မယ့် မိန်းကလေးပါဟယ်၊ ရုပ်ကလည်းချောတော့ စုံလိုယောကျ်ားမျိုးကို ခေါင်းခေါက်ယူနိုင်မှာပါ မွေ့ရယ်"

မမစိမ့် စိတ်ချမ်းသာမယ်ဆိုရင် မွေ့လည်း ပျော်ရွှင်ရပါတယ်လေ။ မွေ့ ဘာပဲဖြစ်ဖြစ် ညီမလေးမွေ့က မမစိမ့်အပေါ်

စိုးမိုး - စာပေ

ကောင်းပါတယ်လေဟု ထိုအတွေးမျိုးလေးပဲ ရှိစေရ သည်။

"မွေ့"

"ရှင်"

"စံ နင့်ဆီကိုလာလိမ့်မယ်၊ နင် ခပ်ပြတ်ပြတ် မာမာ ထန်ထန်လေး ဆက်ဆံလိုက်တော့နော်"

"ဟုတ်ကဲ့"

"ကျန်တာတွေ ငါဆက်ပြီးစီစဉ်မယ် မွေ့"

"ဟုတ်ကဲ့ပါ မမစိမ့်"

"နင် ကတိမတည်လို့ကတော့ ငါ့အကြောင်း နင်သိပါ တယ်နော် မွေ့"

"စိတ်ချပါ မမစိမ့်ရယ်၊ မွေ့ အရာအားလုံး မမစိမ့်ဆန္ဒပဲ ဖြစ်စေရမှာပါ၊ မမစိမ့်က မွေ့အစ်မအရင်းပါ"

"ဒါဆိုလည်း ငါစီစဉ်တော့မယ်၊ နင့်ကို ကျေးဇူးအများ ကြီးတင်ပါတယ် မွေ့"

မွေ့ပစ္စည်းတွေအားလုံး မမစိမ့်ဆီပေးအပ်ရတော့မည်ဖြစ်၍ စိတ်ထဲမှာတော့ နည်းနည်းသက်သာသွားသည်။ မွေ့ စိတ်ပျော့လို့ မဖြစ်ဘူး။ ဦးမိုးတိမ်စံကိုလည်း စွန့်လွှတ်ရမယ်။ မမစိမ့်ပြောသည့်

မွေ့နဲ့မတန်ပါဘူးလေ။ မွေ့ကျောင်းကို ထွက်လာခဲ့သည်။ ပညာသင် စရိတ်လည်း မမစိမ့်မထောက်ပံ့ရင်လည်း နေပါစေတော့။ မမေရှိ နေတာပဲ။ မွေ့ ဆရာဝန်မလေးတစ်ယောက်ဖြစ်အောင်တော့ ကြိုးစား မယ်။ မွေ့ ရိုးသားဖြူစင်ပြီး တရားသဖြင့်ရတဲ့ အခွင့်အရေးတွေပဲ ပိုင်ဆိုင်ချင်ပါတယ်။ မွေ့ အတန်းတွေပြီးလို့ အိမ်ပြန်မယ်လုပ်တော့ သူရောက်လာသည်။ သူ့အပြုံးတွေကို နာကျင်စွာ ရင်ဆိုင်တွေ့ဆုံ လိုက်ရ၏။ မွေ့မျက်ဝန်းလေးတွေက မာထန်သွားရသည်။

"မွေ့ ဘာဖြစ်လို့လဲ၊ ဘယ်သူနဲ့ပြဿနာတွေတက်လို့လဲ ဟင်၊ ကိုယ် ဘာလုပ်ပေးရမလဲ မွေ့၊ နေမကောင်းလို့လားကွာ"

"မွေ့ကို မေ့ပစ်လိုက်ပါတော့ ဦးမိုးတိမ်စံ"

"ဘာပြောတယ် မွေ့၊ ကိုယ်က ဘာဖြစ်လို့ မွေ့ကို မေ့ပစ်ရမှာလဲ၊ အဲဒါ မဖြစ်နိုင်ဘူး၊ ကိုယ် မွေ့ကိုတော့ ဘယ်လို အကြောင်းနဲ့မှ စွန့်လွှတ်မှာမဟုတ်ဘူးနော်"

သူ ထိတ်ထိတ်ပျာပျာနှင့် မွေ့လက်ကလေးကို ဆုပ်ကိုင် လှုပ်ခါရင်း ပြောနေသည်။ မွေ့စိတ်တွေကို ထိန်းချုပ်ထားရ၏။ တစ်နေ့ကျရင် ဦးမိုးတိမ်စံကို စွန့်လွှတ်ပါ့မယ်လို့ မွေ့ ကတိပေးထား ခဲ့ရတာပဲ။ မွေ့လက်ကို ရုန်းဖယ်ပစ်လိုက်သည်။

"ကျွန်မလိုချင်တဲ့ပစ္စည်းတွေလည်းရပြီလေ၊ ရှင့်ကို ကျွန်မ အဲဒီအတွက်ပဲလက်ခံတာ၊ ဒါပဲ"

မွေ့ ရှေ့ဆက်ပြီး သူနှင့်ရင်ဆိုင်ပြောဆိုနိုင်ခြင်းမရှိတော့၍ စကားကို ခပ်ပြတ်ပြတ်လေးပြောပြီး ထွက်လာမိသည်။ မွေ့ မျက်ဝန်းအိမ်ထဲမှာ မျက်ရည်တွေ လိမ့်ဆင်းကျလာ၏။ ဘာဖြစ်တာလဲ မွေ့။ မမစိမ့်အတွက် နင်ပဲဖြည့်ဆွမ်းပေးချင်တယ်ဆို၊ နင့်ဘဝမှာ အလုပ်ချင်ဆုံးဆန္ဒပဲ မဟုတ်လား။ ဦးမိုးတိမ်စံကို အပိုင်သိမ်းပိုက်ရ နင်ဘယ်တုန်းကများ ကြံစည်စိတ်ကူးမိခဲ့လို့လဲဟယ်။ ဘာဖြစ်လို့များ ဒီလောက်အထိ ကြေကွဲဝမ်းနည်းနေရတာလဲ သိမ်မွေ့သူရယ်။ ခြေလှမ်းလေးကို ခပ်သွက်သွက်လေး လှမ်းနေမိသည်။

"မွေ့ ကားပေါ်တက်ပါ၊ ကိုယ်နဲ့ အေးအေးဆေးဆေး ဆွေးနွေးကြမယ်၊ ဘာဖြစ်လို့ ရုတ်တရက်ကြီး ကိုယ့်ကို စိမ်းကား သွားရတာလဲ၊ ရှင်းပြပါ၊ အကြောင်းပြချက်ကဘာလဲ၊ မွေ့ ပစ္စည်း တွေရဖို့အတွက် ကိုယ့်ကိုလက်ခံတယ်ဆိုတာတော့ ကိုယ်အလွယ် တကူ မယုံကြည်နိုင်သေးဘူး ရှင်းပြပါ"

သူ့ကားလေးက သူမရှေ့တွင် ဝိတ်၍ရပ်သည်။ ပတ်ဝန်း ကျင်မှာလည်း လူတွေကကြည့်နေကြ၍ မွေ့ သူ့ကားအပေါ်တက်

လိုက်၏။ သူက ကားကို လူရှင်းသောနေရာတွင်ရပ်လိုက်သည်။

"မွေ့"

"ကျွန်မ ဘာမှရှင်းပြစရာမလိုပါဘူး ဦးမိုးတိမ်စံ၊ ကျွန်မ မှာ ပြဿနာတွေကအများကြီးပဲလေ၊ ရှင်သိမှာပါ၊ တစ်နေ့သိလာမှာ ပါ၊ ကျွန်မကို ထပ်ပြီးမပတ်သက်ဖို့ဘဲ ပြောချင်တယ်၊ ကျွန်မ အစောကြီးထဲက ရှင့်ကိုမချစ်ဘူး၊ ပစ္စည်းတွေကြောင့်ပါပဲ၊ ရှင် လက်ခံလိုက်ပါ၊ ကျွန်မကို ရိုးအေးတယ်လို့ ရှင်ထင်ထားတာ မှားနေ ပြီနော်၊ ကျွန်မဘက်ကတော့ ရှင့်ကိုစွန့်ခွာပြီးထားခဲ့တော့မယ်လေ၊ အဲဒါပါပဲ၊ အကြောင်းပြချက်က ရှင့်ကို အစောကြီးတည်းက မချစ် လို့ပဲ၊ ရှင်းပါတယ်နော်"

"မွေ့"

သူ အော်ဟစ်သည်။ မွေ့လက်တွေကို ဆုပ်ကိုင်ဖျစ်ညှစ် ကာ အံ့ဩတုန်လှုပ်စွာကြည့်နေသော သူ့မျက်ဝန်းတွေက ကြေကွဲ နေသည်။ မွေ့ဆက်ပြီး ရင်ဆိုင်နိုင်စွမ်းမရှိတော့လို့ ကားပေါ်မှ ဆင်း လိုက်သည်။

"မွေ့ အဲဒီလိုမလုပ်ပါနဲ့၊ ကိုယ် လက်မခံနိုင်ဘူး၊ ကိုယ် မယုံနိုင်ဘူးကွာ၊ ခဏလေးနေပါဦး မွေ့"

မွေ့လှည့်မကြည့်တော့ဘဲ အငှားကားလေးပေါ်တက်လိုက်သည်။ မွေ့ တောင်းပန်ပါတယ်နော်။ မွေ့ကို စွန့်လွှတ်ပေးပါ။ မမစိမ့်နဲ့ လက်ထပ်လိုက်ရင်လည်း ရှင် ပျော်ရွှင်ချမ်းမြေ့ရမှာပါ။ မမစိမ့် မက်မောတဲ့ဘဝကို ရှင်ကပေးနိုင်မှာ မဟုတ်လား။ မွေ့ အိမ်ကိုပြန်ရောက်လာသည်။

"ဟဲ့...မွေ့ ဘာဖြစ်လာတာလဲ၊ နင်ငိုလာတာလား ဘယ်သူနဲ့ပြဿနာဖြစ်လာတာလဲ မွေ့လေး"

ဒေါ်လေးချိုက အိမ်ကိုရောက်နေတာနှင့် ဆုံမိသည်။ ကားပေါ်မှမွေ့ကို ဆီးပွေ့ပြီးမေးနေ၏။ မမစိမ့်ထက် မွေ့ကို ဒေါ်လေးချိုက ချစ်သည်။ ဂရုတစိုက်ရှိ၏။ မွေ့ အခန်းထဲပဲ ဝင်လာခဲ့သည်။

"မွေ့ ဟိုဟာမလေးက ညည်းကို အနိုင်ကျင့်လို့လား သူ ထောက်ပံ့ထားရတယ်ဆိုပြီး ဘာတွေ မတရားလုပ်နေလဲ ပြောစမ်း ဒေါ်လေး သွားပြီးဆုံးမမယ်၊ မိစိမ့်မထောက်ပံ့လည်း စိတ်မပူနဲ့ ဒေါ်လေးရှိပါတယ်၊ မွေ့မောင်လေးမိုးထိလည်း အလုပ်ရှိ လေ"

မွေ့ ဘာတစ်ခုမှ ရှင်းပြမနေချင်တော့။ မမစိမ့်ကြောင့် မဟုတ်ပါဘူးဟုပဲ ပြောလိုက်သည်။ အဘွားနေမကောင်းဘူးတဲ့

မိစိမ့်ကြောင့်တဲ့။ ဖေဖေနဲ့မေမေက ဆိုင်ထွက်နေ၏။ မွေ့ကို ကျောင်းဆက်ထားနိုင်ဖို့တဲ့။ မမစိမ့်အထောက်အပံ့ကို ဘယ်သူမှ လက်မခံစေချင်ကြပေ။ မွေ့ အငိုရပ်သွားတော့မှ ဒေါ်လေးချိုပြန်သွားသည်။

❄ ❄ ❄

အခန်း (၂၁)

"စံ"

"ဟင်"

"စုံကောင်မလေးမွေ့က နာမည်ပျက်တွေနဲ့နော်"

"စိမ့်"

"ဒီကောင်မလေးက အိမ်ထောင်ကျဘူးတယ်တဲ့"

"ဘာပြောတယ် စိမ့်"

"ယောကျ်ားကို ချိုင်လိုက်တာသိလို့ တစ်လလောက်ပဲ ပေါင်းတယ်တဲ့ စံ"

"စိမ့် ဘယ်ကနေသိလာတာလဲ၊ ဟုတ်လို့လား၊ ကိုယ့်ကို ပြောစမ်းပါ"

"စိမ့်လည်း စုံစမ်းကြည့်တာပါ၊ သိမ်မွေ့သူက စုံဆီမှာ တောင်းဆိုမှုတွေများလို့ မယုံမကြည်ဖြစ်လာလို့ပါ"

သူ့စိတ်က မွေ့လုပ်ရပ်တွေအတွက် လက်မခံနိုင်အောင်ပဲ ဖြစ်နေရသည်။ မွေ့က ယောကျ်ားတွေကို မြူဆွယ်ဖြားယောင်းတတ်တဲ့ မိန်းမလား။ သူလက်မခံနိုင်ပေ။ မွေ့ အိမ်ထောင်ကျဘူးသည်တဲ့။ စိမ့်ကိုကြည့်မိသည်။

"အမှန်တွေပါ စံ၊ ယုံပါ၊ မွေ့က မာယာများတယ်လေ၊ ရှိးအချင်ယောင်ဆောင်တဲ့လူက ကြောက်စရာကောင်းတယ် စံ၊ စုံကို ဘာဖြစ်လို့ဖြတ်ရတာလဲ"

"ကိုယ်စဉ်းစားနေတာက ကိုယ်နဲ့လက်ထပ်ရင် ဒီထက်တောင် ချမ်းသာကြွယ်ဝမှာ မဟုတ်လားစိမ့်၊ အဲဒါ ဘာဖြစ်လို့ ကိုယ့်ကိုစွန့်ပစ်ရတာလဲ"

"သူ့မှာအိမ်ထောင်ရှိတယ်လေ၊ တရားဝင်မကွာရှင်းရသေးလို့ဖြစ်မှာပေါ့ စံ"

မွေ့နှင့် ပတ်သက်တာတွေကို အခုထိ လက်မခံနိုင်သေးဘဲ ဖြစ်နေသည်။ မွေ့က ဒီလောက်ထိ ကိုယ်ကျင့်တရားတွေ ပျက်ပြားပါ့မလား။ သူ့စိတ်တွေ တွေဝေကာ မွေ့ကိုမေ့ပစ်၍မရနိုင်

ခဲ့။ သူသေချာအောင်တော့ စုံစမ်းရမည်ဖြစ်သည်။ ကိုယ်လက်မခံနိုင်ဘူး။ ကိုယ့်ကို မင်းရဲ့ရက်စက်မှုတွေအတွက် မင်းနောင်တတွေ ရနေမှာပါမွေ့ရယ်၊ သူ့စိတ်တွေ လှုပ်ရှားနေရသည်။ စိမ့်ပြောတဲ့အကြောင်းအရာတွေ သေချာအောင် မွေ့ဆီဖုန်းဆက်တော့ မွေ့က မကိုင်ပေ။ သူထိန်းချုပ်နိုင်စွမ်းကင်းမဲ့စွာဖြင့် ကျောင်းကိုလိုက်သွားသည်။

"မွေ့"

"ဟင်"

"ကိုယ့်ကို သေသေချာချာပြောစမ်းပါ၊ မင်း ကိုယ့်ကို စွန့်ခွာရတဲ့အကြောင်းရင်းက ဘာလဲ၊ ကိုယ်နဲ့လက်ထပ်ရင် မင်း စည်းစိမ်ချမ်းသာတွေ အများကြီးပိုင်ဆိုင်ရမှာလေ"

မွေ့ ဘာမှမဖြေချင်ပေ။ ဖြေနိုင်တဲ့အင်အားလည်း မရှိတော့။ သူ့ဆီကရသည့် ပစ္စည်းတွေအားလုံး မမစိမ့်လက်ထဲ အပ်လိုက်ရပြီလေ။ မွေ့ နှုတ်ဆိတ်နေသည်။

"မွေ့ မင်း ယောက်ျားတစ်ယောက်နဲ့ လက်ထပ်ဖူးတယ်ဆို၊ မင်း ငါ့လိုပဲချိုင်လိုက်တာမဟုတ်လား ပြောပါမွေ့၊ မင်း အဲဒီယောက်ျားနဲ့ ပြတ်ပြတ်သားသား မကွာရှင်းရသေးဘူးလား

မင်းဘဝအမှန်ကို ဖုံးကွယ်ထားပြီး မင်းကိုယ်မင်း အပျိုစင်မလေးလို ဟန်ဆောင်နေတာလား"

မမစိမ့် ဒီလောက်အထိတောင် မွေ့ကို သိက္ခာကျစေရန် ပြောဆိုလိုက်ပြီပဲ။ မွေ့မျက်နှာလေးကို ဘယ်လိုထားရမှန်းပင် မသိ။ ရှက်လိုက်တာ မွေ့ ထွက်ပြေးချင်လာရသည်။

"ပြောလေ မွေ့၊ ငါမယုံဘူးကွာ၊ မင်းက အဲဒီလို မိန်းကလေးတစ်ယောက်လို့ မယုံနိုင်ဘူး၊ မင်း အဲဒီလိုမိန်းကလေးလားဟင်၊ ကိုယ်မယုံနိုင်ဘူး၊ လုံးဝမယုံနိုင်ဘူး၊ မယုံဘူးကွာ"

"ဟုတ်ပါတယ် ဦးမိုးတိမ်စံ၊ ကျွန်မ အဲဒီလိုမိန်းကလေးမျိုးပဲလေ၊ ကျွန်မ အိမ်ထောင်ကျဖူးတယ်၊ ယောက်ျားနဲ့ မကွာရှင်းရသေးဘူး၊ ကျွန်မအိမ်ထောင်ရှင်မလုပ်ဖို့လည်း ဝါသနာပါဘူးလေ ရှင်းပြီလား"

"မွေ့"

"ကျွန်မအရှက်ကွဲအောင် ကျောင်းကိုမလာပါနဲ့၊ ရှင် မမစိမ့်သူနဲ့ပဲ လက်ထပ်ပါ၊ ရှင်နဲ့အလိုက်ဖက်ဆုံးပဲ"

ပြောပြီး မွေ့ ပြေးထွက်လာခဲ့သည်။ မွေ့က ဒီလို မိန်းကလေးမျိုးမဟုတ်ဘူးတဲ့။ မယုံဘူးတဲ့။ မွေ့ခြေလှမ်းတွေက

သွက်နေ၏။ သူ့ကားက လိုက်မလာပေ။ တော်ပါသေးရဲ့ မွေ့ သူနဲ့မတွေ့ချင်တော့ဘူး။ မွေ့က ရှင်နဲ့ကန့်တဲ့ မိန်းကလေးမှမဟုတ်တာပဲ။ မွေ့ကို မေ့ပစ်လိုက်ပါ။ ကျောင်းမှာလည်း မွေ့ အတော်လေး ကဲ့ရဲ့ဝေဖန်နေကြသည်။

"ဒီလောက်ငထောကြီးတောင် စွန့်လွှတ်လိုက်တာ၊ ဘယ်လောက်ထောတဲ့ကောင်ကြီးနဲ့ တွေ့နေလည်းမှမသိတာပဲ"

မွေ့ ကျောင်းပင်ဆက်တက်ချင်တဲ့ ဆန္ဒမရှိတော့ပေ။ မေမေ့ကြောင့်ပါ မွေ့အတွက် မျှော်လင့်ချက်တွေ ကြီးမားနေသည်။

"သမီးလေးမွေ့ မေမေ့ရဲ့မျှော်လင့်ချက်က သမီးလေး ဆရာဝန်မလေးဖြစ်ဖို့ပဲကွယ်"

"မွေ့လေး ကြိုးစားနော်၊ ဒေါ်လေးချိုလည်း ထောက်ပံ့မယ်၊ မွေ့ ဆရာဝန်ဖြစ်ဖို့ပဲ ဒေါ်လေးတို့မျိုးရိုးအတွက် ဂုဏ်တက်စရာပဲမဟုတ်လားကွယ်"

သူနှင့်ဝေးရာကိုရောက်တော့ မွေ့ခြေလှမ်းတွေ ရပ်သွားသည်။ ရင်ထဲမှာ မောပန်းနွမ်းနယ်နေရ၏။ မွေ့ကိုလာပြီး မပတ်သက်ပါနဲ့တော့ မွေ့ဘဝကို ဖျူစင်ရိုးသားစွာ ဖြတ်သန်းချင်တာပါ။ မွေ့ကံကြမ္မာကိုက ဆိုးဝါးလွန်းနေသည်။

"ဟဲ့ မွေ့"

"ဟင် မမစိမ့်"

"နင့်အကြောင်းတွေ ငါပြောလိုက်ပြီ၊ ဒါမှ ငါ့ကိုအထင်ကြီးမှာလေ မဟုတ်ဘူးလား မွေ့၊ ငါ့အတွက် နင်လုပ်ပေးတာ ကျေးဇူးပါပဲဟယ်နော်"

မမစိမ့်ရဲ့ လေသံကပျော့ပျော့လေးနှင့် နူးညံ့နေပေမယ့် မျက်ဝန်းတွေက တောက်တောက်ပပကြီး ဖြစ်သည်။ မွေ့ ကြောက်လာမိ၏။ မမစိမ့် အထောက်အပံ့တွေလည်း မွေ့လက်ခံရမှာ စိတ်တွေမလုံတော့။ မွေ့ကိုယ်မွေ့ပင် ရွံ့ရှာလာရသည်။

"နင် နှုတ်လုံပေးနော် မွေ့၊ ငါ့ဘဝအတွက် ပေးဆပ်စမ်းပါ၊ ဒီလောက်လေးတော့ နင်လုပ်ပေးပါဟယ်၊ ငါ့ဘဝက ဘယ်တော့မှ မပြည့်စုံခဲ့ဘူး၊ နင့်ဘဝက လှပတင့်တယ်နေပါပြီဟယ်နော်"

"အင်း"

"ငါနဲ့စိ လက်ထပ်တော့မယ်၊ ယောက္ခမကြီးက ငါ့ကို အရမ်းသဘောကျနေတာဟ"

"မမစိမ့်"

"ပြော"

"တကယ်လို့လေ တကယ်လို့ မမစိမ့်အတိတ်က အဖြစ်အပျက်တွေအားလုံး တစ်နေ့နေ့သိသွားရင်ရော"

"လက်ထပ်ပြီးသွားဖို့ပဲ အဓိကပဲမွေ့၊ သူတို့က ဂုဏ်ဒြပ်တွေ အရှက်သိက္ခာတွေ အရမ်းပဲရှေ့တန်းတင်ထားတတ်ကြတာလေ၊ ကြိတ်မှိတ်နေကြမှာပဲ၊ သူနဲ့လက်ထပ်ပြီးမှ ကွာရှင်းရင်လည်း နစ်နာကြေးက မျိုးမျိုးမြက်မြက်တောင်းနိုင်တယ်"

မမစိမ့်ရယ် ဘာဖြစ်လို့များ လောဘရမ္မက်တွေ ကြီးနေရတာလဲဟင်။ မမစိမ့် ဘဝတစ်လျှောက်လုံး ပူလောင်မြိုက်နေရတော့မှာပါလေ။ မွေ့ ဘာမှမတတ်နိုင်တော့ပါဘူး။ အရာအားလုံး မမစိမ့်ဆန္ဒတွေအတိုင်းပဲ ဖြစ်ပါစေတော့။ မွေ့ လှည့်ထွက်သွားဖို့ ခြေလှမ်းတွေ ပြင်လိုက်သည်။

"ဟဲ့ မွေ့ နင်ကတိတော့တည်နော်၊ ငါ့အပေါ် စေတနာရှိတာမဟုတ်ဘူး၊ ငါ့ဘဝကို အေးချမ်းစေချင်တယ်မဟုတ်လား မွေ့ရယ် ဟင်"

"ဟုတ်ကဲ့ပါ"

"မွေ့ နင်ကအရမ်းပဲချောတယ်၊ ပြီးတော့ ဆရာဝန်မလေး

အဖြစ် တင့်တယ်နေမှာပါဟယ်၊ ငါ့ဘဝကိုပဲ နင်အကူအညီပေးစမ်းပါ"

"မွေ့တာဝန်ပြီးပြီပဲ၊ မမစိမ့်ဖြစ်စေချင်သလို ဖြစ်နေပြီပဲလေ၊ သူ့ကိုလည်း ဝန်ခံထားပြီးပြီ၊ အားလုံးပြီးသွားပြီ မဟုတ်လားဟင်"

"အင်း ပြီးပြီ၊ နောက်ပိုင်း စံနဲ့ကင်းရှင်းအောင်နေပြနော်၊ နှုတ်လုံပါ"

"စိတ်ချပါ မမစိမ့်၊ မွေ့ဘာပဲဖြစ်နေဖြစ်နေပါ မမစိမ့် ပျော်ရွှင်ပြည့်စုံပါစေနော်"

"မွေ့ နင့်ကို ငါယုံပါတယ်၊ နင်က ရိုးသားဖြူစင်သူပါ၊ နင့်ကို ယုံကြည်မယ်နော်"

"အင်း"

မွေ့ ကျန်ရစ်ခဲ့သည် မတတ်နိုင်ဘူးမွေ့။ ငါက အတ္တကြီးတယ်။ ငါ့ဘဝကို ဒီလိုသေးသေးသိမ်သိမ်နဲ့ အဆုံးမသတ်နိုင်ဘူးဟာ။ စံကို လက်ထပ်ရမယ်။ ငါ ဘယ်လိုနည်းနဲ့မဆို စံနဲ့လက်ထပ်ရမယ်။ နိမ့်ကျတဲ့ဘဝကို ငါအရမ်းမုန်းတာပဲ မုန်းတယ်။ စိမ့် ကုမ္ပဏီကို ပြန်လာခဲ့သည်။

"စိမ့်"

"ဟင်…ရှင် ရှင်"

"မင်းက အရမ်းကို အဆင်ပြေနေတာပဲလား"

ကားလေးပေါ်တက်မည်ဟု ပြင်လိုက်စဉ် သူမအနားတိုးကပ်လာသော လူတစ်ယောက်အသံကြောင့် မော့ကြည့်လိုက်တော့ ကိုဆန်နီဖြစ်နေသည်။

"ရှင် ရှင် ဘယ်ကနေပေါ်လာရတာလဲ၊ ကျွန်မဘဝကို ဖျက်စီးပစ်ပြီး ဘာဖြစ်လို့ ကျွန်မဆီလာရတာလဲ"

"ဒေါသတွေမကြီးပါနဲ့ စိမ့်ရယ်၊ မင်းက အရမ်းကိုထောနေတော့ ကိုယ့်ကိုများ ထောက်ပံ့ပေးကမ်းမလားလို့ပါ"

"ကျွန်မ ဘာမှမထောဘူး၊ ဝန်ထမ်းပဲလုပ်တာ၊ ဒါတွေ ကုမ္ပဏီရဲ့ပစ္စည်းတွေပဲ"

"ဟင်း…ဟင်း ဟင်း မင်းက သိပ်ရယ်ရတာပဲစိမ့်ရယ်၊ မင်း မိုးတိမ်စံဆိုတဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးကို အမိဖမ်းထားနိုင်နေတာ ပဲ"

"ရှင်…ရှင်"

ကိုဆန်နီစကားကြောင့် စိမ့်မျက်ဝန်းတွေ ပြူးကျယ်ပိုင်းစက်

သွားရပြီ။ ထိတ်လန့်တုန်လှုပ်သွားရသည်။ စိမ့်ကို ဒုက္ခပေးမယ့်သူကို စိမ့် မေ့လျော့နေခဲ့၏။ စိမ့်ထက် အကောက်ဉာဏ်များသူဖြစ်သည်။

"ကျွန်မကို အနှောင့်အယှက်မပေးပါနဲ့၊ တောင်းပန်ပါတယ်၊ ရှင်ပြန်ပါ၊ ကျွန်မဘဝ ရှင့်ကြောင့် အ[illegible]ဆယ်လို့မရတော့ဘူး၊ ကျေနပ်ပါတော့"

"မင်းကလည်း ငါ့ကို အသုံးချခဲ့တာပဲမဟုတ်လား၊ မင်းက အရမ်းချောတဲ့ အပျိုစင်မလေးလေ၊ ငါ့မှာ ဘာမှမရှိရင် မင်းလက်ခံမှာမှ မဟုတ်တာပဲစိမ့်ရယ်"

သူ့လက်တွေက စိမ့်မေးစေ့လေးကို လာထိတော့ စိမ့် ဒေါသတကြီး ဖယ်ရှားပစ်လိုက်မိသည်။ မွေ့နဲ့ အဆင်ပြေလာပြီးမှ ဒီလူယုတ်မာက နှောင့်ယှက်ဖို့ရောက်လာခဲ့သည်။ စိမ့် ဒေါကန်လာရ၏။ စိမ့် ကံကြမ္မာက ဆိုးလိုက်တာ။ ကိုဆန်နီရဲ့ မျက်ဝန်းတွေက အလိုရမ္မက်ကြီးစွာ လောင်ပြောင်ရယ်မောကာ အတွဲမျက်ဝန်းတွေပဲ စိမ့်စိတ်ကို ထိန်းချုပ်လိုက်ရသည်။

"ကိုဆန်နီ"

"ဒီလိုမှပေါ့ စိမ့်ရယ်၊ ကိုဆန်နီက စိမ့်နဲ့ ပူးပေါင်းချင်

လာတာပါ၊ အခုအိမ်ထောင်ပျက်တာ မင်းညီမပါလို့ ကိုမိုးတိမ် ကို မင်းပြောထားတယ် မဟုတ်လားစိမ့်"

"ရှင်…ရှင် ဘာတွေလာပြောနေတာလဲ"

"ကိုယ်ကြားတယ်လေ၊ ဟုတ်ပါတယ် ကိုယ့်ရဲ့ထက်မြက်မှုကို မင်းအသိဆုံးပါ စိမ့်ရယ်နော်"

"ရှင်…ရှင်"

ကိုဆန်နီ့အား စိမ့် ဘယ်လိုမှ လှည့်ပတ်လို့မရဘူးဆိုတာ စိမ့်သိလိုက်သည်။ ကောင်းပြီလေ ရှင်ကြီးယုတ်မာပေါ့။ စိမ့်ရဲ့ ထက်မြက်မှုတွေကိုလည်း ရှင်တစ်နေ့ကောင်းကောင်းသိစေရမယ်။ စိမ့် ရယ်ပစ်လိုက်သည်။

"ဟင်း…ဟင်း…ဟင်း ကိုဆန်နီကို စိမ့် အရှုံးပေးပါတယ်လေ၊ ပူးပေါင်းဆောင်ရွက်ကြတာ ကောင်းတာပဲဟာ"

"ဒီလိုမှပေါ့ စိမ့်ရယ်"

ကိုဆန်နီ့လက်တွေက စိမ့်လက်မောင်းတွေကို ဆုပ်ကိုင်လိုက်တော့ စိမ့် ခါးသီးနာကြည်းသွားရသည်။ စံ တွေ့သွားရင် ဘယ်လိုလုပ်မလဲဆိုပြီး ထိတ်ထိတ်ပြာပြာ ဖြစ်သွားရသည်။

"မကြောက်ပါနဲ့စိမ့်ရယ်၊ ကိုမိုးတိမ်စံရဲ့ စည်းစိမ်ဥစ္စာတွေ

စိမ့်လက်ထဲရောက်စေရပါ့မယ်လေ၊ ကိုယ်လုပ်ပေးမှာပေါ့နော်"

"စိမ့်ကို အဲဒီလိုမလုပ်ပါနဲ့ ကိုဆန်နီ၊ လွှတ်ပါ၊ လောလောဆယ်တော့ စိမ့် အနေအထိုင်ဆင်ခြင်မှဖြစ်မှာမို့လို့ပါ"

"စိမ့်"

"မောင်လို့ခေါ်ပါဦး၊ စိမ့်ရဲ့ ခပ်ညည်းညည်းချွဲချွဲအသံလေးနဲ့လေ"

သေလိုက်ပါလား။ ရှင့်ကို ကျွန်မက အသေတောင်သတ်ပစ်ချင်နေတာသိလား။ မုန်းလိုက်တာ။ ရှင်လိုချင်တာ ငွေပဲမဟုတ်လား။ လိုချင်သလောက် ကျွန်မပေးမယ်ဟုပြောပြီး ပြန်ထွက်လာခဲ့သည်။

❈ ❈ ❈

အခန်း (၂၂)

"မင်းလက်ထပ်ဖို့ကိစ္စက ဘယ်လိုဖြစ်သွားပြီလဲသား၊ မာမီက သားကို အမြန်ဆုံးလက်ထပ်စေချင်နေပြီကွယ်၊ ဘယ်လိုလဲ မင်းရဲ့ချစ်သူဆရာဝန်မလေးကို ခေါ်လာခဲ့လေ၊ ဆင်းရဲတာ ချမ်းသာတာကတော့ သိပ်အရေးမကြီးပါဘူးလေ၊ အရေးကြီးတာက ဂုဏ်ခြင်ပဲ သား"

မွေ့ကို စံ ချစ်မြတ်နိုးခဲ့ရသလောက် သူ့အပေါ် နာကြည်းမုန်းတီးသွားမိသည်။ စံ့အမှားတွေပါပဲ။ မွေ့ကို အရူးအမူးချစ်ပြီး တန်ဘိုးထားခဲ့တာတွေအတွက် နောင်တရလို့မဆုံးပေ။ မာမီက လက်ခံသဘောတူနေပြီပဲ။ မွေ့ မင်းကိုငါရွံတယ်။ ငွေကြေးအတွက် ကိုယ့်ဘဝလေးကိုတောင် တန်ဘိုးမထားတဲ့မိန်းမပဲ။ အရှက်မရှိလိုက်

တာ။ မာမီကို သူနှင့်မွေ့ အဆင်မပြေတော့၍ လက်မထပ်လိုကြောင်း ပြောလိုက်သည်။

"ဟင်...ဘယ်လိုဖြစ်ရတာလဲသားရယ်၊ မာမီက စိမ့်လေးနဲ့ သဘောတူတာပါ၊ သားကိုလည်း စိတ်ချမ်းသာစေချင်လို့ လက်ခံလိုက်တာပဲ၊ မင်းပဲချစ်လွန်းတဲ့ မိန်းကလေးဆို"

"သား စိမ့်ကိုပဲ လက်ထပ်တော့မယ် မာမီ၊ စိမ့်ပဲ သားအပေါ် နားလည်မှုအရှိဆုံး မိန်းကလေးဖြစ်နေတယ်၊ မာမီ့ဆန္ဒအတိုင်းပဲ စိမ့်ကို လက်ထပ်တော့မယ်"

"သားရယ်"

လိမ္မာလိုက်တဲ့သားရယ်ဆိုပြီး မာမီက သူ့ကိုဖက်ထားသည်။ မင်းကို မေ့ပစ်ချင်လို့ပဲ မွေ့။ ငါ့ဘဝထဲကို မင်းမာယာတွေ မြူဆွယ်ဖြားယောင်းမှုတွေနဲ့ တိုးဝင်လာခဲ့ပြီး ဘာဖြစ်လို့ ရက်ရက်စက်စက် စွန့်ခွာသွားရတာလဲ။ မင်းကို ဒီလိုမိန်းကလေးတစ်ယောက်ဖြစ်နေလိမ့်မယ်လို့ ငါမထင်ခဲ့ဘူး။ ငါညံ့ဖျင်းမှုတွေပဲလေ။ မွေ့ကို မေ့ပစ်နိုင်ဖို့အတွက် စိမ့်နှင့် လက်ထပ်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။ မာမီကတော့ ဝမ်းသာပျော်ရွှင်သွား၏။ စိမ့်လည်း ရောက်လာသဖြင့် သားနှင့်လက်ထပ်ဖို့ စိမ့်ကိုပြောနေသည်။

“စိမ့်လေး...မာမီ့သား စံကို လက်ထပ်ပါကွယ်၊ ဟိုဟာ မလေးနဲ့ အဆင်မပြေဘူးတဲ့၊ မာမီထင်ထားသားပဲ၊ ဒီလိုကောင်မလေးမျိုးက လောဘကြီးပြီး ယောကျ်ားတစ်ယောက်ကို ခြစားမြစားချင်ကြတာပါပဲလို့”

“စံ ရှင်တကယ်ပဲ စိမ့်ကို လက်ထပ်မှာလားဟင်၊ စိမ့် မယုံနိုင်ဘူး၊ မာမီ့ရွေးချယ်မှုထက် စံ့နှလုံးသားထဲက ရွေးချယ်မှုတွေပဲ စိမ့် မျှော်လင့်တောင့်တတာပါနော်”

စိမ့် တမင် ချည်နှောင်ပစ်လိုက်ခြင်းဖြစ်သည်။ တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ စိမ့် သိသားပဲလေ။ ယောက္ခမလောင်းကြီးကတော့ မင်္ဂလာပွဲကို မာမီအမြန်ဆုံးစီစဉ်မယ်ဆိုပြီး ရှောင်ထွက်သွားသည်။

“စံ”

“ဟင်”

“ဖြစ်ရဲ့လားဟင်၊ စိမ့်ကို စံရွေးချယ်မှာလား၊ စဉ်းစားပါဦးနော် မွေ့က”

“တော်ပါတော့ စိမ့်၊ ဒီနာမည်ကို ကိုယ်မကြားချင်ဘူး ကိုယ့်နှလုံးသားတွေထဲက စိမ့်ကို ရွေးချယ်တာပါ၊ စိမ့်ကိုပဲ ကိုယ်

လက်ထပ်သင့်တယ်၊ ကိုယ်မှားသွားတယ်စိမ့်ရယ်၊ တကယ်ဆို ကိုယ်နဲ့ ဂုဏ်ဒြပ်တူတဲ့ စိမ့်ကိုပဲ ရွေးချယ်ရမှာပါ၊ နောက်ဆို စိမ့် စိတ်သောကတွေ မရောက်စေရတော့ပါဘူး၊ စိမ့် ပျော်ရွှင်စေရမှာပါ”

“ကိုယ်ရယ်”

စံ့ရင်ခွင်ထဲကို တိုးဝင်ဖက်တွယ်လိုက်တော့ စံက အလိုက်သင့် ပြန်၍ပွေ့ဖက်ထားသည်။ အောင်ပြီ။ စိမ့်ဖြစ်ချင်နေတဲ့ ဘဝလေးတစ်ခုကို ပိုင်ဆိုင်ရတော့မယ်။ စံက ခန့်ညားချောမောပြီး အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ပဲ။ စိမ့်ဘဝ ကြီးကျယ်ခမ်းနားမှုပဲလေ။ ဒါပေမယ့် စံ့ကို တရားဝင်လက်ထပ်ထားဖို့ အရေးကြီးတယ်။ အမြန်ဆုံးလုပ်ပစ်ရမယ်။ မွေ့ထက် ဟိုလူ သန်နီက ဝင်ဖျက်မှာကြောက်နေရသည်။

“ကိုယ်ရယ် စိမ့်မယုံရဲသေးဘူးသိလား၊ တကယ်ပဲ မယုံတာပါ၊ ကိုယ့်ကို ပိုင်ဆိုင်ခွင့်ရလိမ့်မယ်လို့လေ”

စိမ့် ယုံကြည်သွားအောင် အနမ်းလေးပေးဖို့ပင် သူဝန်လေးနေမိသည်။ စိမ့်ရဲ့ နှုတ်ခမ်းသားဖူးဖူးလေးက သူ့အနမ်းတွေကို မျှော်လင့်စွာ မော့မော့လေးဖြစ်နေ၏။ သူ ဘာဖြစ်နေရတာလဲ။

နမ်းချင်တဲ့ ဆန္ဒမရှိ။ မွေ့ကိုပဲ ပထမဆုံး နမ်းရှိုက်ခဲ့မိတာကို အမှတ်တရပဲ သိမ်းဆည်းချင်မိနေသည်။

"စိမ့် ကိုယ်တို့လက်ထပ်ကြမယ်၊ မာမီနဲ့တိုင်ပင်ပြီး အမြန်ဆုံး စီစဉ်ကြပါ"

"ကို"

"ပြော"

"စိမ့်နဲ့ကိုယ် တရားရုံးမှာ မနက်ဖြန်ပဲသွားပြီး လက်မှတ်ထိုးကြမယ်၊ နောက်မှ မင်္ဂလာပွဲကျင်းပကြမယ်လေ"

"စိမ့်ဆန္ဒပဲလေ၊ ကိုယ်က စိမ့်ကျေနပ်ပျော်ရွှင်ဖို့ပဲ လုပ်ပေးရမှာလေနော် စိမ့်"

"စိမ့်ကတော့ စိတ်မချဘူး၊ သိမ်မွေ့သူကို ကြောက်နေတယ်"

"ဒီနာမည်ကို မသုံးပါနဲ့တော့ စိမ့်ရယ်၊ ကိုယ်ယောက်ျားပါ၊ စိမ့်ကိုပဲ လက်ထပ်မယ်၊ ဒီမိန်းမကို ကိုယ်မုန်းသွားပါပြီ၊ စိမ့် သဘောကျ မင်္ဂလာပွဲကို ပြင်ဆင်ပါကွာ"

"ကိုယ်ရယ်"

စံက သူမခန္ဓာကိုယ်လေးအား အလိုက်သင့်ပွေ့ဖက်ထား

ပေမယ့် အင်အားတွေမရှိပေ။ ရှင် မွေ့ကိုပဲချစ်နေဆဲပဲ မဟုတ်လား။ စံနှင့် တရားဝင်လက်ထပ်ဖြစ်ဖို့ စိမ့် ကြိုးစားရမည်ဖြစ်သည်။ စိမ့်ကို ထားခဲ့ပြီး စံအပြင်ထွက်သွား၏။ မာမီနှင့်တိုင်ပင်ပြီး မနက်ဖြန်ပဲ တရားဝင်လက်မှတ်ထိုးဖို့ စီစဉ်လိုက်သည်။

"ဟိုဟာမက စိတ်မချရဘူး၊ မာမီ မင်္ဂလာပွဲကို နောက်မှလုပ်ကြတာပေါ့နော်၊ စိမ့်လေစံကို ဟိုမိန်းမလည်မရဲ့ လက်ထဲပါသွားမှာ အရမ်းစိတ်ပူနေတယ်လေ"

"ဟုတ်တယ်သမီး၊ မာမီလည်း မလွဲသာလို့သာ သဘောတူရတာလေ၊ အမြန်ဆုံးလက်မှတ်ထိုးကြတော့၊ မနက်ဖြန်ညပဲ စိမ့်မာမီတို့ အိမ်ပြောင်းနေလေ လင်မယားဖြစ်ကြပြီပဲဟာ"

"စိမ့်ကတော့ တရားဝင်လက်မှတ်ထိုးပြီးရင် ကျေနပ်ပါပြီ မာမီရယ်၊ နောက်ပိုင်းက စံဆန္ဒတွေပါပဲလေ"

"ဘာပဲဖြစ်ဖြစ်ပဲ မနက်ဖြန်ပဲ စိမ့်ပြောင်းနေတော့၊ မင်္ဂလာပွဲအတွက် စီစဉ်ကြတာပေါ့လေ၊ အရေးကြီးတာက တရားဝင်လက်ထပ်ပြီး အတူနေကြဖို့ပဲ၊ သားကို မာမီပြောမယ်၊ ဒီနေ့ပဲ သားရဲ့ အိပ်ခန်းကို မင်္ဂလာအိပ်ခန်းအဖြစ် ပြောင်းလဲပစ်ရမယ်လေ"

စိမ့်အတွက် ဘာလိုသေးလို့လဲ။ အရေးကြီးတာက စံနဲ့

စိုးမိုး - တာပေ

တရားဝင်လက်ထပ်လိုက်ဖို့ပဲ။ အရေးကြီးတာက ဟိုလူ စိမ့်ဘဝကို လိမ်လည်လှည့်ဖျားပြီး စိမ့်အပျိုစင်ဘဝကို ဖျက်စီးသွားတဲ့ ကိုဆန်နီပဲ စိမ့်ကို နှောင့်ယှက်ဖို့ရောက်နေပြန်ပါပြီ၊ စိမ့်ဘယ်လိုလုပ်ရမလဲ။ ဒီနေ့ ကိုဆန်နီနဲ့ ချိန်းထားတယ်။ သူတောင်းတဲ့ငွေပေးရဦးမယ်။ မာမိုကိုပြောပြီး စိမ့် ထွက်လာခဲ့သည်။

"စိမ့် မင်းကတိတည်သားပဲ၊ စိမ့်က အရင်ကထက်တောင် ပိုလှလာသလိုပဲ"

ကိုဆန်နီက သူမမေးစေ့လေးကို ဆွဲလိုက်၍ ခပ်ကြမ်းကြမ်းဖယ်ထုတ်ပစ်လိုက်မိသည်။ သူကရယ်နေ၏။ မနက်ဖြန် စိမ့်နဲ့စံ တရားဝင်လက်ထပ်ကြတော့မယ်။ ကိုဆန်နီအား စိမ့် ရွံမုန်းတီးနေမိသည်။

"ရှင်လိုချင်တဲ့ ငွေပေးထားပြီးပြီနော်၊ ကတိတည်ပါ၊ ဟိုလေ စိမ့်ကို တစ်ခုလောက်တော့ ထပ်ပြီးကူညီပါဦး"

"ဘာလဲပြောလေ စိမ့်၊ မောင် အစွမ်းကုန်ကူညီမှာပါ"

"တော်စမ်းပါရှင်၊ မောင်ဆိုတဲ့ အသုံးအနှုန်းကို လုံးဝမသုံးပါနဲ့၊ စိမ့်နဲ့ မိတ်ဆွေအဆင့်ပဲ သတ်မှတ်ထားပါ ကိုဆန်နီ"

"ရပါတယ်စိမ့်ရယ်၊ ကိုဘာကူညီရမလဲပြော"

"မွေ့ကို စံကပိုပြီး အထင်လွဲသွားအောင် လုပ်ပေးဦး"

"အိုကေ"

"ပိုရိပါစေနော်၊ စိမ့်ကိစ္စပြီးရင် ရှင့်ကို ဒီထက်ပိုပြီး ထောက်ပံ့မှာပါ ကိုဆန်နီ"

"အိုကေ ဆန်နီတို့က ပိုက်ဆံသာရမယ်ဆိုရင် အားလုံးလုပ်တယ်၊ စိမ့်လေးအတွက်လည်း ပါတယ်လေ"

"ဖယ်စမ်းပါ"

စိမ့် မင်းက တော်တော်လေးအတ္တကြီးပြီး လောဘရမ္မက်ကြီးတဲ့ဟာမပဲ။ အပြစ်မဲ့တဲ့ ညီမလေးကိုတောင် ယုတ်မာတဲ့အကြံအစည်တွေ ကြံစည်နေတာပဲ။ ဆန်နီကတော့ ငွေပဲ။ မတတ်နိုင်ဘူးလေ စိမ့်ဆိုတဲ့ ငွေတွင်းကြီးထဲကနေ ရသလောက်တော့ နှိုက်ရမှာပဲ။ စိမ့်က မွေ့ဆိုတဲ့ ကောင်မလေးကိုတွေ့ဖို့ ညွှန်ကြားနေသည်။

"စိမ့် မင်းအတွက် ကိုယ်အားလုံးလုပ်ပေးမယ်၊ ဟုတ်တယ်နော်"

"အင်းပါ"

မွေ့ကို အထင်လွဲသထက်လွဲအောင် လုပ်ပစ်ရမယ်။ စုံစိတ်တွေက မွေ့ဆီမှာ ရှိနေသေးသည်။ မယုံသေးပေ။ ငါလည်းမတတ်

နိုင်တော့ဘူး မွေ့ရယ်။ နင့်ဘဝက ဖြူစင်အေးချမ်းပြီး ဖြောင့်တန်းပါတယ်ဟာ၊ ငါဖြစ်ချင်တဲ့ဘဝကို ပိုင်ဆိုင်နိုင်အောင် လုပ်ရမှာပဲလေ။ ကိုဆန်နီက မွေ့ကျောင်းကို လိုက်သွားသည်။ စိမ့်က စံကို မသိမသာနှင့် ခေါ်လာခဲ့သည်။

"စံ တွေ့လား၊ ဟိုဟာမလေး သူ့ယောကျ်ားယောင်းနဲ့ တွေ့နေတာလေ"

"ဟင်"

ယောကျ်ားယောင်းနဲ့တွဲပြီး လျှောက်သွားတဲ့မွေ့ကို သူတွေ့လိုက်သဖြင့် ကားမောင်းနေတဲ့ စံခြေထောက်တွေက ဘရိတ်ကို ဆောင့်နင်းပစ်လိုက်မိသည်။ မတွေ့ချင်ပါဘူးဆိုမှကွာ မွေ့ မင်းတော်တော်အကျင့်ပျက်တဲ့မိန်းမပဲ။ သူ့အကြည့်တွေကို လွှဲပစ်လိုက်သည်။

"ရုပ်ကလေးချောသလောက် အကျင့်မကောင်းဘူးနော်၊ အဲ့ဒီဟာမလေးက လောဘအရမ်းကြီးတာတဲ့၊ စံလောက် စာမဖွဲ့ဘူးလေ"

"စိမ့်က သိမ်မွေ့သူ့အကြောင်းတွေ အတော်များများသိနေတာပဲ"

"စံအတွက်လေ၊ စိမ့်သတိထားပြီး စုံစမ်းရတာပါ၊ မာမီကလည်း စိမ့်ကို အားကိုးတာမဟုတ်လား၊ ရှင့်အတွက်ပါ"

"စိမ့်ရယ်"

"စံ"

"ဟင်"

"မနက်ဖြန် စိမ့်တို့ တရားဝင်လက်ထပ်ကြမယ်လေ၊ မာမီက စိမ့်ကိုပြောင်းပြီးနေတော့တဲ့၊ စံ ဘယ်လိုသဘောရလဲဟင်"

စံလက်မောင်းကို ဆွဲရိုက်ပြီး စိမ့် ချွဲချွဲပြစ်ပြစ်လေး ပြောမိသည်။

"စိမ့် မိဘတွေရော ခေါ်လိုက်တော့လေ၊ ကိုယ်တို့ လက်ထပ်ပွဲအတွက် တိုင်ပင်ဆွေးနွေးကြရမယ်လေ"

"အင်း ဖုန်းဆက်ထားလိုက်ပါပြီ၊ ရောက်လာလိမ့်မယ်"

"စိမ့်ဆန္ဒအတိုင်း ကိုယ်တို့လက်မှတ်ထိုးပြီး လက်ထပ်ထားမယ်၊ မင်္ဂလာဧည့်ခံပွဲပြီးမှပဲ အတူနေကြမယ်နော်"

"စံ"

"ကိုယ်ကတော့ အဲဒီလိုပဲဖြစ်ချင်တယ်၊ စိတ်ချပါ စိမ့်ရယ်၊ ကိုယ်တို့ မနက်ဖြန်ပဲ တရားဝင်လက်ထပ်ကြတော့မှာလေ"

သူ စိမ့်နှင့်အတူ နေထိုင်ဖို့အတွက် စိတ်ကမလုံပေ။ နေချင်တဲ့ဆန္ဒတွေမရှိဘဲ ဖြစ်နေခဲ့သည်။ ဘာဖြစ်လို့လဲ သိမ်မွေ့သူကိုပဲ မေ့ပစ်လို့မရသေးဘူးလား။ မွေ့ မင်း၊ ဂ တော်တော်အရှက်မဲ့တာပဲ။ မင်းကိုယ်ကျင့်တရားတွေ ဒီလောက်အထိ ပျက်ပြားနေမယ်လို့ မထင်မိဘူးကွာ။ တွေးမိတိုင်း ဒေါသတွေထွက်ပြီး အခဲမကျေဖြစ်နေသည်။ ဒေါသတွေက ပေါက်ကွဲချင်လာ၏။ စိမ့်နဲ့လက်ထပ်မယ်။ မင်းကိုမေ့ပစ်ရမယ်။ ငါ့နှလုံးသားတွေကို စော်ကားခဲ့တဲ့မိန်းမ ရှုံတယ်ကွာ။ သူကားကို ဒရကြမ်းမောင်းထွက်လာခဲ့သည်။

"စံ ဘာဖြစ်လို့ အရမ်းမောင်းနေရတာလဲ၊ အရှိန်လျှော့ပါ၊ စိတ်ကိုထိန်းချုပ်နိုင်မှပေါ့ စံရယ်"

စိမ့်သတိပေးမှ စံ ကားအရှိန်ကို လျှော့ပစ်လိုက်သည်။

မွေ့ ငါမင်းကို အရမ်းမုန်းတယ်။ စိမ့်ကို မချစ်မိတာ ငါ့အမှားပဲ။ ငါ့လို သစ္စာတရားကြီးမားပြီး တာဝန်ယူရဲတဲ့ယောကျ်ားတစ်ယောက်အပေါ်မှ မင်းမြူဆွယ်ဖြားယောင်းပြီး ကြံစည်ရက်တယ်။ နှလုံးသားမရှိဘဲ စဉ်းစားမိတိုင်း အခဲမကျေနိုင်ဘဲ ဒေါသတွေ ပေါက်ကွဲနေရသည်။

"ကိုရယ် ဒေါသတွေဖြစ်မနေပါနဲ့တော့၊ မေ့ပစ်လိုက်ပါ

စိမ့်ရှိနေပြီပဲလေ၊ ကိုယ်တို့ ပျော်ရွှင်ချမ်းမြေ့အောင် စိမ့်ကြိုးစားမှာပါနော်"

"စိမ့်ရယ်"

ကိုယ့်နှလုံးသားတွေက အစားထိုးလို့ မရသေးတာ ခွင့်လွှတ်ပါစိမ့်ရယ်။ မွေ့ဆိုတဲ့မိန်းမကို ကိုယ့်နှလုံးသားတွေက ရူးသွပ်စွာ ချစ်မြတ်နိုးနေဆဲဖြစ်နေတယ်။ အဲဒါ ကိုယ့်ရဲ့မိုက်မဲမှုပဲလေ။ စိမ့်ကိုချစ်နိုင်အောင် ကိုယ်ကြိုးစားမှာပဲ။ အချိန်လေးတော့ လိုမယ်ထင်တယ်။ စိမ့်နှင့်အတူ နေထိုင်ဖို့အတွက် အဆင်သင့်မဖြစ်သေးတာတော့ သေချာသည်။

❊ ❊ ❊

အခန်း (၂၃)

"ကျွန်မ ရှင့်ကိုမသိဘူး၊ မနှောင့်ယှက်ပါနဲ့နော်၊ ကျွန်မ ဘာပဲဖြစ်နေဖြစ်နေ မမစိမ့်ကို လုံးဝအနှောင့်အယှက်မပေးချင်ပါဘူး"

ကိုဆန်နီဟု သူက မွေ့ကိုလာပြီး မိတ်ဆက်ထဲက မမစိမ့်ရဲ့ယောကျ်ားဟောင်းဆိုတာ မွေ့သိသည်။ ဒီနာမည်ကို မွေ့ကောင်းကောင်းသိနေတာပဲ။ မမစိမ့်နဲ့ ဦးမိုးတိမ်စံတို့ မနက်ဖြန်မှာ တရားဝင်လက်မှတ်ရေးထိုးကြမယ်တဲ့ ကောင်းပါတယ်လေ။ မွေ့တာဝန်ကျေသွားပြီပဲ။ စိတ်ထဲမှာပေါ့သွားရသည်။ ဒီလူက မမစိမ့်ကို နှောင့်ယှက်မှာစိုး၍ မွေ့ တင်းတင်းမာမာလည်း မငြင်းဆန်ရဲပေ။ အလိုက်အထိုက်ပြောနေရသည်။

"ကျွန်မတောင်းပန်ပါတယ်၊ မမစိမ့်ကို မနှောင့်ယှက်ပါနဲ့

နော်၊ မမစိမ့် ပျော်ရွှင်စွာနေပါစေတော့၊ ကိုဆန်နီကို မွေ့ တောင်းပန်တာပါ"

"မွေ့ မင်းလေးက စိမ့်နဲ့တော့ လုံးဝဆန့်ကျင်ဘက်ပဲကွာ၊ တကယ်ပဲ ရိုးသားတယ်၊ မင်းအစ်မအပေါ်လည်း သံယောဇဉ်ကြီးသားပဲ"

သိမ်မွေ့သူက စိမ့်ထက်ပင် ပို၍ချောမောနုဖတ်နေသည်။ ရိုးသားဖြူစင်တဲ့ မျက်ဝန်းနက်နက်လေးက အစ်မအတွက် စိုးရိမ်ပူပန်မှုတွေနှင့် ပြည့်နှက်ရီဝေနေသည်။ ဆန်နီလို မိန်းမတွေအပေါ် တန်ဖိုးမထားတတ်ဘဲ အပျော်ပဲ ကြံစည်ချင်သေး လူတစ်ယောက်ပင် သနားချစ်ခင်သွားမိသည်။

"သိမ်မွေ့သူ"

"ရှင်"

"မင်း ကိုမိုးတိမ်စံလို ယောကျ်ားတစ်ယောက်ကို ဘာဖြစ်လို့ အလွယ်တကူ စွန့်ပစ်ရတာလဲ"

"ကျွန်မမှ သူ့ကိုမချစ်တာ၊ အဲဒါကလည်း ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ ဦးဆန်နီ"

"မင်းအစ်မရဲ့ အကြံအစည်ပဲမဟုတ်လား သိမ်မွေ့သူ၊

မင်းကို ဟိုလူဆီက ချူနိုင်းပြီး မင်းအစ်မပဲ သိမ်းပိုက်သွားတာ မဟုတ်လား”

“မဟုတ်ပါဘူး၊ ကျေးဇူးပြုပြီး မမစိမ့်ကို မနှောင့်ယှက်ပါနဲ့နော်၊ ရှင်လည်း လိုချင်တာတွေရပြီးပြီပဲ၊ တော်ပါတော့နော်”

ကိုဆန်နီဆိုတဲ့လူကို မွေ့ အနူးအညွတ်တောင်းပန်နေမိသည်။ မမစိမ့်ဘဝ ပြည့်စုံနေပါစေ မွေ့တို့ အကျိုးခံစားခွင့်မရရင်လည်း နေပါစေလေ။ ကိုဆန်နီနှောင့်ယှက်မှာ အရမ်းကြောက်နေမိသည်။

“ဦးဆန်နီ လိုအပ်တာရှိရင် မွေ့ကိုပဲပြောပါနော်၊ မမစိမ့် သနားပါတယ်၊ ဘဝက မပြည့်စုံခဲ့ဘူးမဟုတ်လား”

“သိမ်မွေ့သူ”

“ရှင်”

“မင်းက အရမ်းပဲချောမောတဲ့မိန်းကလေးပဲ”

“ရှင်”

“မေစိမ့်သူအတွက် ကိုယ်လိုအပ်တာ မင်းဆီကတောင်းရမှာလား”

“ဟုတ်…ဟုတ်ကဲ့ပါ”

“မင်းကို ငါက ချစ်တယ်ဆိုရင်ရော သိမ်မွေ့သူ”

“ရှင်”

မွေ့ မျက်ဝန်းလေးတွေ အထိတ်တလန့်နှင့် ပြူးကျယ်ဝိုင်းစက်သွားရသည်။ မမစိမ့်ရဲ့ အပျိုစင်ဘဝလေးကို ဖျက်စီးပစ်လိုက်တဲ့လူပဲ။ မွေ့ သူနှင့်ခွာပြီး ရပ်ပစ်လိုက်သည်။

“ဘယ်လိုလဲမွေ့၊ မင်းလေးကိုတော့ ကိုယ်က အတည်တကျ လက်ထပ်မှာပါ၊ ကိုယ် မင်းကို မမျှော်လင့်ဘဲတွေ့ပြီး ချစ်မိသွားတာပါ၊ မင်းအစ်မစိမ့်က ကိုမိုးတိမ်စံအထင်လွဲအောင် လုပ်ပေးဖို့ ငါ့ဆီမှာ အကူအညီတောင်းလို့လေ၊ စောစောက မင်းနဲ့ငါ အတွဲကို ဟိုလူမြင်သွားတယ်”

“ရှင်”

“မင်းကို မုန်းသထက်မုန်းသွားပြီလေ၊ ထားလိုက်ပါတော့လေ၊ ကိုယ်လိုချင်တဲ့အရာကို တောင်းဆိုရမယ်ဆိုရင် ကိုယ် မင်းနဲ့ လက်ထပ်ချင်တယ်”

“ဘာရှင့်”

မွေ့ အရမ်းပဲ ကြောက်သွားရသည်။ လူယုတ်မာကြီး ဘာတွေလာတောင်းဆိုနေရတာလဲ။ မွေ့ နှုတ်ခမ်းသားလေးတွေပင်

တဆတ်ဆတ်တုန်ရီချင်လာရ၏။ သူ့အကြည့်တွေက ဝင်းတောက်မှေးဝင်နေသည်။ မမစိမ့်ကြောင့် မွေ့ရဲ့ စိတ်သောက အခက်အခဲတွေက မပြီးဆုံးနိုင်တော့ပါလား။ မွေ့ချစ်ရတဲ့ သံယောဇဉ်တွယ်မိသွားတဲ့ ယောကျ်ားတစ်ယောက်ကိုလည်း နာမည်ပျက်တွေ တစ်ပုံတပင်ကြီးနဲ့ မွေ့ ရွှန်းခွာလာခဲ့ရပြီပဲ။ အခု မွေ့ တွေးပင်မတွေးရဲတော့ပေ။ ဒီလူကြီးအနားကနေ ထွက်ခွာသွားဖို့ပဲ ဆုံးဖြတ်လိုက်မိသည်။

"သိမ်မွေ့သူ မင်းပဲ ငါလိုချင်တာရှိရင် မင်းဆီကတောင်းဆို၊ ဘာလဲ မင်းအစ်မဆီမှာ သွားပြီးတောင်းဆိုရမှာလား"

"ရှင်…ရှင်"

"မွေ့"

"ဟင်"

"ကိုယ့်ကိုလက်ထပ်ပါ၊ မင်းက စိမ့်ထက်တောင် ပိုပြီးချစ်စရာကောင်းတဲ့ မိန်းကလေးပဲ၊ ကိုယ်တကယ်ပဲ မွေ့ကို ချစ်မိသွားရတာပါ၊ ကိုယ့်ကိုယုံပေးပါလား မွေ့ရယ်"

"ဟို…ဟို မဖြစ်နိုင်ပါဘူး၊ ကျွန်မ ဘယ်သူနဲ့မှ လက်မထပ်နိုင်လို့ပါ၊ တောင်းပန်ပါတယ်၊ မမစိမ့်ကိုတော့ မနှောင့်ယှက်ပါနဲ့နော်၊ ဟို ရှင်လိုချင်ရင် ငွေလေငွေ၊ ကျွန်မတတ်နိုင်သလောက် ပေးပါ့မယ်"

"မင်းအစ်မကို မင်းအရမ်းချစ်တယ်ဆို၊ ကိုယ့်ကို မင်းက လက်ထပ်မယ်ဆိုရင် မင်းအစ်မကို မနှောင့်ယှက်တော့ဘူးလေ"

"ရှင်"

"ဘယ်လိုလဲ မွေ့"

မွေ့လက်ကို ဆွဲယူဆုပ်ကိုင်လိုက်သဖြင့် မွေ့ ကြောက်ရွံ့စွာ ရုန်းဖယ်ပစ်လိုက်ရင်း ထွက်ပြေးလာခဲ့မိသည်။ မဖြစ်နိုင်တာပဲ ဒီလူကြီးကိုတော့ မွေ့ လက်မထပ်နိုင်ပါဘူး။ ကြောက်လိုက်တာ လူယုတ်မာကြီးပဲ။ မွေ့ အငှားကားနှင့်ပဲ အိမ်ကို ပြန်ရောက်လာခဲ့သည်။ မွေ့ ခန္ဓာကိုယ်လေး မောပန်းတုန်ရီနေ၏။ ဦးဆန်နီဆိုတဲ့ လူကြီးကို လက်မထပ်နိုင်ပါဘူး။ မုန်းတယ်၊ ကြောက်တယ်။ ရွံလိုက်တာ။ မမစိမ့်ရဲ့ အထောက်အပံ့တွေကို လက်မခံတော့ဘဲ မမစိမ့်နှင့် ဝေးရာကို ထွက်သွားချင်သည်။

"မွေ့"

"ရှင် မေမေ"

"သိမ်မွေ့သူတဲ့၊ ဟိုဘက်အိမ်က ဖုန်းလာတယ်တဲ့"

"ဟုတ်ကဲ့"

မွေ့ အိမ်ရောက်လို့တောင် မကြာသေးဘူး မွေ့နာမည်နှင့် ဖုန်းလာသည်ဟု မေမေကလာပြောသည်။ မွေ့လက်ကိုင်ဖုန်းက မမစိမ့်ဆီမှာ အပ်လိုက်ရ၏။ သေးအိမ်ဖုန်းကနေခေါ်တာ မမစိမ့်ပဲ ဖြစ်နိုင်သည်။

“ဟဲလို”

“မွေ့”

“မမစိမ့်”

ထင်ထားတဲ့အတိုင်းပင် မမစိမ့်ဖြစ်နေသည်။ မွေ့ ကြောက်ရွံ့စွာ မမစိမ့်ပြောမယ့်စကားကို နားထောင်နေရ၏။ မွေ့ ဆိုတဲ့အသံပင် ပျော့နွဲ့ချိုသာနေသည်။

“ဟဲ့ မွေ့”

“ရှင် မမစိမ့်”

“ဖနက်ဖြန် မမနဲ့စံတို့ လက်ထပ်ကြတော့မယ်”

“ဟုတ်လား၊ ဝမ်းသာပါတယ်မမရယ်”

မွေ့အပေါ် မမစိမ့် ဘယ်လောက်ပဲ အကြင်နာမဲ့စွာ ရက်စက်နေပါစေ မမစိမ့်လိုအင်ဆန္ဒတွေ ပြည့်ဝသွားတဲ့အတွက် ဝမ်းသာမိသည်။ ရှင်က မမစိမ့်နဲ့ပဲ သင့်တော်ပါတယ်လေ။ ချစ်ဦး

သူအား စွန့်လွှတ်လိုက်ရ၍တော့ မွေ့ နှလုံးသားတွေထဲမှာ နာကျင် စူးရှနေရသည်။

“ဟဲ့ မွေ့”

“ရှင်”

“နင့်ဆီ ဟိုလူကိုဆန်နီ လာတွေ့တယ်မဟုတ်လား”

“ဟုတ်ကဲ့ပါ မမစိမ့်”

“အခုပဲ ငါ့ဆီဖုန်းဆက်တယ် မွေ့၊ နင့်ကိုချစ်လို့တဲ့”

“ဟင်”

“နင်နဲ့လက်ထပ်ခွင့်ရရင် သူ့က နင့်ကို အပြီးအပိုင် နိုင်ငံခြားကိုခေါ်သွားပြီး ငါ့ကိုလည်း မနှောင့်ယှက်တော့ဘူးတဲ့မွေ့”

“ရှင်”

“အဲဒါကောင်းတာပဲ၊ သူချစ်မြတ်နိုးတဲ့ မိန်းကလေး တစ်ယောက်ကို လက်ထပ်ပြီးရင် ဘဝမှာ တိုးတက်အောင်မြင်လာ အောင် ကြိုးစားတော့မယ်တဲ့ဟဲ့”

“ရှင်”

“ကောင်းတာပဲ၊ ကိုဆန်နီက အစွမ်းအစတော့ ရှိပါတယ် ဟယ်၊ နင်လက်ခံလိုက်ပါ၊ ဒီတစ်ခါ နင့်ကူညီမှုက အရေးပါတယ်

မွေ့၊ ကိုဆန်နီသာ မနှောင့်ယှက်တော့ရင် ငါ့ဘဝက အေးချမ်းပြီ လေ၊ ငါ့နောက်ကြောင်းရာဇဝင်လည်း စံသိသွားစရာမလိုတော့ဘူး နော်”

မမစိမ့် ရက်စက်လိုက်တာ။ မွေ့ကို ဒီလောက်အထိ အသုံး မချသင့်ဟု ထင်မိသည်။ မွေ့ မချစ်မနှစ်သက်နိုင်တဲ့ မမစိမ့်ရဲ့ ယောကျ်ားယောင်းနဲ့တော့ လက်ထပ်ဖို့ သဘောမတူသင့်ပေ။ မမစိမ့် ကတော့ မွေ့အတွက် ကိုယ်ချင်းစာနာတတ်မှာမဟုတ်။ ဒီတစ်ခါ တော့ မွေ့မလိုက်လျောနိုင်သဖြင့် ငြင်းဆန်ဖို့ပဲ ဆုံးဖြတ်မိသည်။

“မွေ့ နင်လက်ခံလိုက်၊ ကိုဆန်နီနဲ့လက်ထပ်ပြီး နိုင်ငံခြား ကို လိုက်သွား၊ ငါ့ကိုကူညီမယ်ဆိုရင်လည်း ပြီးဆုံးအောင်ကူညီ လေ၊ ဘာလဲ ငါကောင်းစားရေးအတွက် နင်က မနာလိုဖြစ်ပြီး မကူညီချင်တော့ဘူးလားမွေ့”

“ဟို…အဲဒီလိုမဟုတ်ပါဘူး မမစိမ့်၊ ဒီလူနဲ့မွေ့ လက်မထပ်ချင်လို့ပါ၊ မိဘဆွေမျိုးတွေနဲ့ ဝေးရာကိုလည်း မွေ့ လိုက်မသွားနိုင်လို့ပါ၊ သူ့ကိုလည်း မွေ့ကြောက်တယ်”

“ဘာ…နင့်ဘဝကောင်းစားမှာပဲဟာ၊ နင့်ကိုတကယ်ခ ချစ်တာပါလို့ ပြောတယ်၊ လက်ထပ်လိုက်ပါမွေ့ရယ်နော်၊ ဒါမှ

ငါစိတ်အေးရမှာလေ၊ ကိုဆန်နီဆိုတဲ့လူက ငါ့ကို အမြဲတမ်း ခြိမ်းခြောက်နေလို့ ငါစိတ်မအေးနိုင်ဘူးမွေ့၊ တစ်နေ့ ငါ့အကြောင်း တွေကို ဖော်ထုတ်မှာပဲ၊ နင် ငါ့ကိုကူညီပါဟယ်နော်”

မမစိမ့်က အတင်းအကြပ် လက်ထပ်ခိုင်းလို့ မွေ့ သေပစ်ချင်လောက်အောင် စိတ်ညစ်သွားရသည်။ မမစိမ့် အတ္တကြီး တတ်တာ ငယ်ငယ်လေးထဲကပဲ။ မွေ့ ရှောင်လွှဲလို့မရနိုင်တော့ ကြောင်း သိလိုက်သည်။

“ဟဲ့ မွေ့ နင်က သူ့ကိုလက်ထပ်လိုက်လို့ ဘာနာမှာလဲ၊ ဟိုက နင့်ဘဝကို မြှင့်တင်ပေးမှာလေ၊ ဒါမှ ငါလည်းစိတ်အေးရမှာ မို့ပါလို့ ပြောနေတာပဲ၊ လက်ထပ်လိုက်၊ ငါ့ကိုကူညီမယ်ဆို၊ ဘာလဲ နင်က မကူညီချင်တာလားဟဲ့”

“ဟို…ဟို”

“နင်လက်ခံလိုက်ပါ၊ အဖေတို့ကို ငါထောက်ပံ့မယ်”

“ဟို မမစိမ့် အဘွား အရမ်းနေမကောင်းဖြစ်နေတယ်၊ မမစိမ့်ကိုလွမ်းလို့တဲ့၊ ခဏလောက်ပဲဖြစ်ဖြစ် လာတွေ့လိုက်ပါလား ဟင်”

“မတွေ့ဘူး ရှုပ်တယ်၊ ဒီမှာတောင် ငါ့ကိစ္စတွေ ရှုပ်နေ

တာဟဲ့၊ အမေ အမေအတုတောင် ရှာရဦးမယ်၊ အငှားလေ၊ နင်သာ မိသားစုကောင်းစားစေချင်ရင် ကိုဆန်နီကို လက်ထပ်လိုက်''

''မမစိမ့်''

မမစိမ့် ဖုန်းချသွားသည်။ မွေ့ အားအင်ချိနဲ့စွာဖြင့် အိမ်ကို ပြန်လာခဲ့ပါ၏။ မေမေက အိမ်ဝမှဆီးကြိုနေသည်။

''ဟဲ့…ဘယ်သူလဲ၊ ဟိုဟာမလေးစိမ့်လား၊ ပြောစမ်း သမီးကို ဘာတွေအနိုင်ကျင့်ပြောဆိုလိုက်လဲ၊ အဘွားနေမကောင်း ဘူးလို့ ပြောလိုက်လား၊ ဘာတဲ့လဲ''

''ပြောလိုက်ပါတယ်၊ မမစိမ့်က အလုပ်မအားသေးလို့တဲ့၊ လာတွေ့မှာပါ''

''မွေ့''

''ရှင်''

''ညည်းလေးနော် မေစိမ့်သူကို သံယောဇဉ်တွယ်မနေနဲ့၊ အလကားဟာမလေး၊ ညည်းကိုမုန်းနေတာနော်၊ သူ့အတွက် ဘာမှ အနစ်နာမခံနဲ့၊ မေမေက သူ့အထောက်အပံ့တောင် မယူတော့ဘူးလို့ ဆုံးဖြတ်ထားတယ်''

''မေမေ''

''ဘာမှမပူနဲ့စိမ့်၊ မေမေလည်း ဈေးရောင်းကောင်းလာ ပါပြီ၊ ချိုကလည်း မွေ့လေးကျောင်းစရိတ် ထောက်ပံ့မယ်တဲ့၊ မိစိမ့် အထောက်အပံ့တွေ လက်မခံနဲ့တော့၊ မေမေစိတ်ပူနေတယ်မွေ့ရယ်၊ မိစိမ့် အကျင့်ယုတ်မှာကိုလေ''

မွေ့ ဘာမှမပြောချင်တော့ပေ။ မမစိမ့်ရဲ့ ဘဝအတွက် မွေ့ ပေးဆပ်ချင်မိသည်။ မေမေသာသိသွားရင် ရင်ကျိုးမှာပါပဲ။ မွေ့လက်ထပ်မှာက မမစိမ့်ရဲ့ခင်ပွန်းဟောင်း ကိုဆန်နီဆိုတာ သိသွား ရင် ရင်ကွဲမလားပဲ။ မေမေက မမစိမ့်အပေါ်လည်း သံယောဇဉ် ကြီးပြီး ကျွေးမွေးစောင့်ရှောက်ခဲ့တာ မွေ့သိနေသည်။ မမစိမ့်ကိုက ရထားတဲ့ဘဝကို မကျေနပ်နေတာပါ။ မိထွေးဆိုတာကိုလည်း လက်မခံပေ။ မွေ့က ညီမတော်တာတောင် မိထွေးကမွေးတာဆိုပြီး မမစိမ့်က မုန်းတီးနေသည်။

''ဟဲ့ မွေ့ နင် ကိုဆန်နီနဲ့ လက်ထပ်လိုက်၊ နင့်ဘဝ ကောင်းစားရေးလေ၊ သူက နင့်ကိုတကယ်ချစ်တယ်တဲ့၊ နိုင်ငံခြားကို လိုက်သွား၊ ဒါမှ ငါ့ဘဝလည်း လွတ်မြောက်ပြီး ပျော်ရွှင်ရမှာလေ''

မမစိမ့်ပြောတဲ့စကားတွေကို မွေ့ ပြန်ကြားယောင်ပြီး စိတ် တွေလှုပ်ရှားနေရသည်။ ကြောက်ရွံ့လာရ၏။ မိသားစုကို ခွဲခွာပြီး

နိုင်ငံခြားကို မွေ့ လိုက်သွားရမယ်တဲ့။ မမစိမ့် ရက်စက်တယ်။ မွေ့ ဘယ်လိုများလုပ်ရမလဲဟင်။ ကိုဆန်နီဆိုတဲ့လူကြီးနဲ့တော့ မွေ့ လက်မထပ်ချင်ပါဘူး။ မွေ့ဘဝ အဖတ်ဆယ်လို့မရအောင် ဖြစ်သွားရပြီပဲ ကျေနပ်သင့်နေပါပြီ မမစိမ့်ရယ်။ မွေ့တစ်ယောက်တည်း ကြေကွဲဝမ်းနည်းစွာ ကြိတ်ပြီး ငိုကြွေးမိနေသည်။

❊ ❊ ❊

အခန်း (၂၄)

စိမ့် မျက်ဝန်းတွေက ဒေါသတွေနှင့် ဝင်းဝင်းတောက်နေသည်။ ကိုဆန်နီ ရှင်လူယုတ်မာပဲ။ မွေ့နဲ့လက်ထပ်ပြီးရင်လည်း စိမ့်ကို အမျိုးမျိုးနှောင့်ယှက်နေမှာပဲ။ စိတ်မချရဘူး။ အပြတ်ရှင်းပစ်ရမယ်။ မနက်ဖြန်ဆို စိမ့်နဲ့စံ တရားဝင်လက်မှတ်ထိုး လက်ထပ်ကြတော့မယ်။ မွေ့ကလည်း လက်မထပ်ချင်ဘူး။ ပြဿနာတွေက မအေးနိုင်ဘူး။ အဓိက ကိုဆန်နီကို အပြတ်ရှင်းပစ်ရမယ်။ စိမ့်စိတ်တွေ ဆောက်တည်ရာမရအောင် ပေါက်ကွဲနေသည်။ စိမ့်နဲ့တွေ့ဖို့ ကိုဆန်နီက ချိန်းထားသည်။

"ရှင်က လူယုတ်မာပဲ၊ ရှင် အသက်ထင်ရှားရှိနေသရွေ့ ဘွန်မဘဝ နောက်ကြောင်းမအေးရဘူးလေ၊ ဟုတ်တယ်၊ ရှင်မရှိမှ

အေးမယ်''

စိမ့် နှုတ်ခမ်းသားလေးတွေကို ဟင်းတင်းလေး စေ့ထားမိသည်။ အခုတလော စိမ့် အအိပ်ပျက်အစားပျက်နှင့် အားတွေနည်းနေ၏။ ရင်တွေတုန်လိုက်တာ။ စိမ့်ဘဝတစ်လျှောက်လုံး စိတ်သောကတွေပဲ ခံစားလာခဲ့ရသည်။ မောလိုက်တာ မျက်လုံးတွေထဲမှာလည်း မိုက်ခနဲ မိုက်ခနဲ ပြာဝေချင်နေ၏။ မဖြစ်ဘူး စိမ့် စိတ်ကိုတင်းထားရမယ်။ လုပ်စရာရှိတာကို ပြတ်ပြတ်သားသား လုပ်ပစ်ရမယ်။ သူမနှင့်ချိန်းထားတဲ့ ကိုဆန်နီ ရောက်လာသည်။

''စိမ့် စောင့်နေတာကြာပြီ ကိုဆန်နီ၊ သတင်းကောင်းပဲ သိလား၊ မွေ့က ရှင်နဲ့လက်ထပ်မယ်တဲ့၊ နိုင်ငံခြားကို အပြီးအပိုင် လိုက်ရမယ်ဆိုလို့ ဝမ်းသာနေတာလေ''

ဆန်နီကတော့ မွေ့ကလက်ခံတယ်ဆိုတာကို မယုံကြည်နိုင်ပေ။ မွေ့ကသာ လက်ထပ်မယ်ဆိုရင် ဆန်နီ ရိုးရိုးသားသားနှင့် စီးပွားရေးပဲ လုပ်တော့မည်ဟု ဆုံးဖြတ်ထားမိသည်။ စိမ့်က ယုံရပါ့မလား။ အင်းလေ အစ်မအတွက် သိမ်မွေ့သူက အနစ်နာခံချင်လည်း ခံလိုက်မှာပဲမဟုတ်လား။ မွေ့ကလည်း လက်ခံမယ်ဆိုတော့လည်း ဆန်နီ ဝမ်းသာကျေနပ်သွားမိသည်။

''မွေ့ဆီကိုသွားလိုက်ပါ၊ ရှင့်ကိုစောင့်နေမယ်တဲ့၊ မွေ့ ထိုင်တတ်တဲ့ ဒေါ်လေးချိုစာအုပ်ဆိုင်ကိုသွားနော်၊ မွေ့က စိမ့်အတွက် လက်ခံပေးတာပါ ကိုဆန်နီ''

''ကောင်းပြီလေ စိမ့် ကိုယ်သွားမယ်၊ မွေ့ တကယ်ပဲ လက်ခံမှာနော်''

''အင်းပါ၊ စိမ့်နဲ့ဖုန်းပြောထားပြီးပါပြီ၊ မွေ့က အစ်မကို ဘယ်လောက်အထိ ချစ်မြတ်နိုးတယ်ဆိုတာ ရှင်အသိဆုံးပဲဟာ''

''ဒါဆို အခုပဲ ကိုယ်သွားတွေ့မယ်၊ မွေ့နဲ့ကိုယ် လက်ထပ်ပြီးတာနဲ့ နိုင်ငံခြားကို အပြီးအပိုင်သွားမှာပါ၊ မင်းဘဝ အေးအေးဆေးဆေးထူထောင်တော့လေ''

''ကျေးဇူးပါပဲ ကိုဆန်နီ၊ မွေ့ကလက်ခံပါတယ်၊ ကျွန်မအတွက်ပါပဲလေ၊ ရှင်သွားတွေ့လိုက်၊ ရှေ့ လမ်းမှာစိတ်ငြိမ်အောင် ဒီဘီယာဗူးလေးယူသွားပြီး မော့လိုက်နော်''

''အိုကေ''

ရှင် ဘယ်လောက်ပဲလည်ပတ်ပြီး လူတွေအပေါ် အကောက်ကြံနိုင်မလဲ ကိုဆန်နီ စောင့်ကြည့်ကြသေးတာပေါ့။ ကျွန်မက မနက်ဖြန်ဆိုရင် စံနဲ့ တရားဝင်လက်မှတ်ရေးထိုး လက်ထပ်

တော့မယ်လေ။ စုံအိမ်ကို ပြောင်းနေရမှာပဲ။ ဘယ်လောက်ပျော်စရာကောင်းလဲလို့။ ရှင့်မရှိတော့ရင် ကျွန်မဘဝ အားလုံးအေးချမ်းသွားပြီလေ။ မေ့က ဘယ်တော့မှ ကျွန်မအကြောင်း ထုတ်ဖော်ပြောဆိုမှာမဟုတ်ဘူး။ မေ့ ကျွန်မအပေါ် ဘယ်လောက်အထိ သံယောဇဉ်ကြီးမားလည်းဆိုတာ သိလိုက်လို့ ရှင်နဲ့လက်မထပ်နိုင်းတော့ဘူး။ ရှင်ကမယုံရဘူး။ မေ့ဘဝကိုလည်း ဖျက်ဆီးပစ်မှာပဲ။ ပြီးတော့ ကျွန်မကိုပဲ ခြိမ်းခြောက်နေဝင့်ယှက်နေမှာပဲ။ ဘီယာဘူးထဲမှာ အိပ်ဆေးတွေ ထည့်ထားတယ်။ ရှင်သောက်လို့ကတော့ ကားမောင်းရင်း အိပ်ပျော်သွားမှာပဲ။ စိမ့် သဘောကျစွာ ပြုံးပစ်လိုက်သည်။

"ကျွန်မကတော့ မနက်ဖြန် စံနဲ့လက်ထပ်ပြီးရင် သူဌေးကတော်ဆိုတဲ့ ဂုဏ်ဒြပ်ကို ပိုင်ဆိုင်ရတော့မယ်လေ"

မိဘအတုတွေလည်း စိမ့်စီစဉ်ထားပြီးပြီ။ စံဆိုက…တဲ့ ပစ္စည်းတွေနဲ့ အဖေအမေအတုတွေ ဖန်တီးထားခဲ့သည်။ မေ့ဆေးကျောင်းတက်ဖို့ ထောက်ပံ့မယ်ဆိုပြီး ပိုက်ဆံတွေ တောင်းယူထားခဲ့သည်။ မေ့ကို ကျောင်းစရိတ်ပဲပေးခဲ့တာပါ။ ဒါပေမယ့် မေ့ရယ် နင်က ငါ့အပေါ် အနစ်နာခံခဲ့တယ်လေ။ နင့်ကို ဆရာဝန်မလေးဖြစ်အောင်တော့ ငါစောင့်ရှောက်မှာပါမေ့။ အဘွားကိုတော့

ငါခေါ်ထားမယ်။ အဖေနဲ့ နင့်အမေကိုလည်း ငါ အဝေးကနေထောက်ပံ့ပေးမှာပါဟယ်။ စိမ့် ကျေနပ်ပီတိတွေနှင့် နှစ်ခြိုက်စွာ အိပ်စက်ခဲ့သည်။ မနက်မိုးလင်းတော့ စိမ့် အလှပဆုံးပြင်ဆင်ကာ ယောက္ခမလောင်းကြီးအိမ်ကို ရောက်လာခဲ့သည်။

"စံရော မာမီ"

"မပြောချင်တော့ပါဘူးသမီးရယ်၊ မနက်အစောကြီး ဆေးရုံကဖုန်းလာတယ်၊ ကားအက်စီးဒင့်ဖြစ်တဲ့ လူနာတစ်ယောက်က သားနဲ့တွေ့ချင်တယ်ဆိုပြီး တောင်းဆိုလို့တဲ့"

"ရှင်"

ကားအက်စီးဒင့်ဖြစ်တဲ့လူဆိုတော့ ကိုဆန်နီများလား။ စိမ့် အထိတ်တလန့်နှင့် စိတ်ပူသွားရသည်။

"မာမီ အဲဒီလူနာမည်က ဘယ်သူလဲ၊ စံကို လိမ်ညာခေါ်မှာစိုးလို့ပါ"

"ကိုဆန်နီဆိုလားပဲ စိမ့်၊ အက်စီးဒင့်ဖြစ်တာက ညဦးပိုင်းကတဲ့၊ လူနာက ဒီမနက်မှ သတိရလာတာတဲ့၊ သတိရရခြင်း သားနဲ့တွေ့ချင်တယ်ဆိုပြီး တောင်းဆိုတာလေ"

"ရှင်"

ကိုဆန်နီပဲ။ ဘုရားရေ သူ သူကမသေပဲကိုး။ စံကိုတွေ့ချင်တာ ဘာသဘောလဲလို့။ သေချာတာက စိမ့်အကြောင်းတွေ ပြောပြဖို့ပဲဖြစ်နိုင်လေသည်။ မဖြစ်ဘူး စိမ့်လိုက်သွားမှပဲ။ စိမ့် ထိတ်ထိတ်ပြာပြာနှင့် မာမီ့ကိုနှုတ်ဆက်ကာ ဆေးရုံသို့လိုက်လာခဲ့သည်။

""စိမ့်""

""ဟင်…စံ ဆေးရုံသွားတယ်ဆိုလို့ စိမ့်လိုက်လာတာပါ၊ ဟိုလူရော ဆန်နီဆိုတဲ့လူလေ သူကလူယုတ်မာပဲ စံ၊ သူ သူဘာတွေပြောလဲ မယုံနဲ့နော်""

""ကိုဆန်နီက ဆုံးသွားပြီ စိမ့်""

""ဟင်""

""ကိုယ်ကတော့ သူ့စကားတွေကိုလက်ခံတယ်၊ ဒါပေမယ့် မင်းကို ကိုယ်ခွင့်လွှတ်တယ်၊ ခွင့်မလွှတ်တာက သက်ဆိုင်ရာတွေပဲ""

""ဟင်""

""ကိုဆန်နီက ရဲကိုအကြောင်းကြားပြီး တိုင်ချက်ဖွင့်တယ်၊ သူ့ကားထဲက ဘီယာဗူးကိုလည်း သက်သေအဖြစ် သိမ်းထားပြီ စိမ့်""

""ဟင်""

""ရဲတွေက မင်းကိုဖမ်းဖို့စောင့်နေကြပြီ၊ မင်းဆေးရုံကိုလာမယ်ဆိုတာသိလို့လေ၊ မင်းတော်တော် အကြံပက်စက်တာပဲ စိမ့်၊ ကိုယ့်ညီမအရင်းဖြစ်တဲ့ ဖြူစင်ရိုးသားတဲ့ မွေ့ကို အသုံးချရက်တယ်ကွာ""

""ဟင်…စံ စံ လုပ်ပါဦး၊ စိမ့်ကိုကယ်ပါဦးနော်၊ စိမ့်ကြောက်တယ်၊ ကြောက်တယ် စံရယ်၊ စိမ့်ကိုပစ်မထားပါနဲ့""

သက်ဆိုင်ရာတွေရောက်လာပြီး မေစိမ့်သူအား ဖမ်းလေသည်။ ရှန်းကန်အော်ဟစ်နေတဲ့ မေစိမ့်သူကို လက်ထိပ်ခတ်လိုက်တော့၏။ အချုပ်ကားပေါ် အတက်တွင် စိမ့် သတိလစ်ပျော့ခွေကျသွားလေတော့သည်။

""စိမ့်""

မင်းအပြစ်ဒဏ်တွေအတွက် မင်းခံယူရတော့မယ် စိမ့်။ ကိုဆန်နီက စိမ့်က မွေ့အပေါ် လုပ်ကြံဖန်တီးမှုတွေကို ဖွင့်ဟသွားခဲ့သည်။

""မွေ့က အပြစ်ကင်းစင်တဲ့ မိန်းကလေးတစ်ယောက်ပါ ကိုမိုးတိမ်စံ၊ အားလုံး စိမ့် လုပ်ကြံဖန်တီးနေတာပါ၊ အိမ်ထောင်ကျ

ဖူးတာလည်း စိမ့်ပါပဲ၊ မွေ့အပေါ် အနိုင်ကျင့်ပြီး မတရားခိုင်းစေနေတာပါ''

စိမ့်ကို ပွေ့ချီပြီး ဆေးရုံကြီးပေါ်တင်ကြသည်။ စိမ့်ရဲ့ လုပ်ရပ်တွေက ကြောက်စရာကောင်းလွန်းနေ၏။ ရိုးသားဖြူစင်တဲ့ မွေ့က တန်ဆာခံပါပဲ။ သူ့ခြေလှမ်းတွေက လေးလံနေသည်။ စိမ့်ကို မုန်းတီးပေမယ့် သတိလစ်မေ့မြောနေသဖြင့် ဆေးရုံကြီးပေါ် ပြန်တက်လာခဲ့သည်။

''စိမ့်က မွေ့ကိုအသုံးချခဲ့တာပါ၊ မွေ့နဲ့က အဖေတူအမေကွဲ ညီအစ်မပါ၊ ဆင်းရဲကြတယ်၊ စိမ့်က အရမ်းချမ်းသာချင်တဲ့ မိန်းကလေးပဲ''

ကိုဆုန်နီက စိမ့်လုပ်ကြံခဲ့ကြောင်း သက်ဆိုင်ရာအား ဖွင့်ဟ တိုင်ကြားခဲ့သည်။ ဘီယာဗူးထဲတွင် အိပ်ဆေးတွေပါသည်တဲ့။ မင်းတော်တော်ရက်စက်တဲ့ မိန်းကလေးတစ်ယောက်ပဲစိမ့်။ ရက်စက်တယ်ကွာ။ မွေ့အပေါ် အကြင်နာကင်းမဲ့လွန်းတယ်။ ကိုယ်ချစ်မြတ်နိုးရတဲ့ မိန်းကလေးကိုမှကွာ သူတွေးမိတိုင်း ရင်ထဲမှာ ပေါက်ကွဲနေရသည်။ မွေ့ကို တွေ့ချင်လာရ၏။ ကိုယ့်ဘဝအတွက် မင်းက အလိုအပ်ဆုံးပါပဲ မွေ့။ သူ့ခြေလှမ်းတွေက စိမ့်လဲလျောင်းနေသည့်

ခုတင်ဆီရောက်လာသည်။

''လူနာမေစိမ့်သူ ဆုံးသွားပါပြီ''

''ဗျာ''

''သူဆုံးသွားပြီ''

တာဝန်ကျဆရာဝန်က စစ်ဆေးပြီး ထွက်သွားသည်။ စိမ့်က မျက်ဝန်းတွေမှိတ်ကာ ငြိမ်သက်နေ၏။ ကိုယ်စိတ်မကောင်းပါဘူးစိမ့်။ လူတစ်ယောက်ရဲ့ အတ္တက ကြောက်စရာကောင်းတယ်။ မင်းက ဆင်းရဲတာကို မုန်းတဲ့သူ။ အထင်သေးတဲ့သူပဲ။ ထောင်ထဲမှာ မင်းဘယ်နေချင်ပါ့မလဲ စိမ့်။ မင်းဘဝပြောင်းလဲသွားတာကောင်းတာပဲလေ။ မာမီလည်းရောက်လာသည်။ စိမ့်အကြောင်းတွေသိတော့ မာမီလည်း နောင်တရပါတယ်ဟု ကြေကွဲစွာပြောနေ၏။ စိမ့်နှင့် ပတ်သက်တဲ့သူတွေလည်း ရောက်လာကြသည်။

''မမစိမ့်ရယ် ဘယ်လိုဖြစ်ရတာလဲဟင်၊ မွေ့ ဘာမှမကူညီနိုင်တော့ဘူးလား၊ ဒီလိုနည်းနဲ့ပဲ ဘဝပြောင်းသွားတာလား''

မွေ့တစ်ယောက် မမစိမ့်ကိုဖက်၍ ကြေကွဲစွာ ငိုကြွေးနေမိသည်။ ဖေဖေလည်း သူ့သမီးဖြစ်ချင်တာတွေကို လုပ်ဆောင်မပေးနိုင်တဲ့ ဖခင်တစ်ယောက်အဖြစ် ကြေကွဲလို့မဆုံးတော့။ မေမေနှင့်

ဒေါ်လေးချိုလည်း မမစိမ့်ကိုဖက်ပြီး ငိုကြွေးနေကြသည်။ မမစိမ့် လုံးဝနေထိုင်လို့ခြင်းမရှိသော မွှေ့တို့အိမ်လေးသည် မမစိမ့်ရဲ့ အသုဘ အိမ်လေးဖြစ်နေ၏။ မမစိမ့်ရုပ်အလောင်းကို အအေးတိုက်မှာထားပြီး သင်္ဂြိုဟ်ရန်တစ်ရက်အလိုတွင် မွှေ့ကို အိပ်မက်လာပေးသည်။

“မွှေ့ နင် စံ့ကိုလက်ထပ်ပါဟာ၊ ငါသဘောကျပါတယ်၊ နင်လက်ခံနော်၊ စံလက်ထဲမှာပဲ နင့်ကိုစိတ်ချတယ်၊ ခေါင်းမမာနဲ့ နော် မွှေ့၊ ငါ့စကားကိုနားထောင်ပြီး စံနဲ့လက်ထပ်လိုက်ပါဟယ်”

အိပ်မက်ထဲမှာ မမစိမ့်ရဲ့မျက်ဝန်းတွေက မွှေ့ကို အကြင်နာ တွေ ပြည့်ဝစွာ အစ်မတစ်ယောက်ရဲ့ သံယောဇဉ်တွေ ပြည့်ဝနေ သည်။ မွှေ့ကို နှုတ်ဆက်နေ၏။ စံ့ကို လက်ထပ်ပါဟုပဲ ပြောနေ၏။ မွှေ့နိုးလာပြီး ကြေကွဲစွာငိုမိသည်။

“မငိုပါနဲ့သမီးရယ်၊ သမီးကြီးစိမ့်ဘဝက သောကတွေနဲ့ မကောင်းတော့ပါဘူးလေ၊ စိမ့်အတွက်က ဘဝပြောင်းသွားတာပဲ အကောင်းဆုံးမဟုတ်လား”

မေမေက မွှေ့ပခုံးလေးကိုဖက်ပြီး နှစ်သိမ့်နေသည်။ မမစိမ့် လိုအင်ဆန္ဒတွေအားလုံး မွှေ့ ဖြည့်စွမ်းပေးခဲ့တာပါပဲ။ မမစိမ့် ရုပ်အလောင်းအား အုတ်ဂူလှလှလေးဆောက်ပြီး အထဲမှာ လှဲလျောင်း

နေစေခဲ့၏။ မမစိမ့်က စုတ်စုတ်ပြတ်ပြတ်နှင့် ဆင်းရဲတာကို မကြိုက် ဘူးမဟုတ်လား။ မမစိမ့် လှဲလျောင်းနေတဲ့ အုတ်ဂူလေးပေါ်မှာ တန်ဘိုးကြီးမားသော ပန်းတွေ အမျိုးစုံအောင် ဖြန့်ကျဲတင်ထားလိုက် သည်။

“မမစိမ့်က အကောင်းဆုံးတွေပဲ နှစ်သက်တာလေ၊ မွှေ့ နောက်ဆုံးအထိ ဖြည့်စွမ်းပေးတာပါ”

မမစိမ့်ရဲ့ အုတ်ဂူလေးအနားမှာ မွှေ့တစ်ယောက်တည်း အချိန်ကြာမြင့်စွာ နေခဲ့သည်။ ကိုဆန်နီကို လုပ်ကြံခဲ့တဲ့ ပြစ်မှု အတွက် မမစိမ့်ဝိညာဉ် အပြစ်ဒဏ်ခံရဦးမှာလား။ မွှေ့ရင်တွေ နာကျင်စူးရှနေသည်။

“မွှေ့”

“ဟင်”

“ပြန်သင့်နေပါပြီ၊ အားလုံးက ကံကြမ္မာတွေပဲမွှေ့ရယ်နော်”

ဦးမိုးတိမ်စံက သူမပခုံးလေးကို ဆုပ်ကိုင်ပြီး ထစေသည်။ မွှေ့ခန္ဓာကိုယ်လေး တစ်ခုလုံး ယိုင်ခွေလဲကျချင်နေ၏။ သူက မွှေ့ခန္ဓာကိုယ်လေးအား ထိန်းမတ်ပေးထားသည်။

“မတတ်နိုင်ဘူးလေ မွှေ့၊ မစိမ့်သူ့အတွက် မင်း အစွမ်း

ကုန်ဖြည့်စွမ်းပေးခဲ့တာပဲ၊ သူ့ကံကြမ္မာပဲပေါ့"

အချိန်တွေက တဖြည်းဖြည်းနှင့် အမှောင်ရိပ်သန်းနေ၍ မွေ့ပြန်ဖို့ သင့်နေသည်။ မမစိမ့်ရေ မွေ့နှုတ်ဆက်ခဲ့ပါတယ်နော်။ အရာအားလုံးကတော့ ကံကြမ္မာပါပဲလေ။ ဖြစ်ချင်တိုင်း ဖြစ်မှမဖြစ်ရတာပဲ။ မမစိမ့်ရဲ့ စိတ်ထဲမှာ မွေ့ကို တာဝန်ကျေတဲ့ ညီမလေးအဖြစ် လက်ခံသွားခဲ့တာတော့ မွေ့သိသည်။

"ကိုယ်တို့ ကျန်တဲ့မိသားစုဝင်တွေအားလုံးအတွက်ပဲ စဉ်းစားကြရအောင်နော် မွေ့ရယ်၊ မင်းက စိမ့်အပေါ် တာဝန်ကျေတဲ့ ညီမလေးပါကွာ"

မိုးတိမ်စံကတော့ ချစ်မြတ်နိုးရသောမွေ့အား ဖေးမတွဲကာ သူ့ကားဆီသို့ ခေါ်ဆောင်ခဲ့သည်။ မွေ့က မငြင်းဆန်ပေ။ သူ့ကားလေး မွေ့တို့အိမ်လေးထဲရောက်တော့ မာမီပါ ရောက်နေသည်။

"သားရေ အံ့ဩစရာကောင်းတာက စိမ့်အဖေက မာမီရဲ့ ငယ်သူငယ်ချင်းတွေ ဖြစ်နေတယ်လေ၊ ဒီကောင် အရင်က မိဘအမွေတွေရပြီး ချမ်းသာတာလေ၊ အရမ်းပေတေတဲ့ကောင်ပဲ၊ လက်ကြောမတင်းလို့လေ"

မာမီက မွေ့ကိုလည်း ကြင်နာစွာပွေ့ဖက်ထားရင်း အားပေး

နေသည်။ မွေ့လေးကျောင်းပြီးသွားရင်တော့ သားနဲ့လက်ထပ်ပေးဖို့ မာမီက စတင်တောင်းဆိုနေ၏။ လူကြီးမိဘတွေကတော့ မွေ့လေးသဘောဆန္ဒအတိုင်းပါပဲတဲ့။ သူ့အကြည့်တွေက မွေ့ မျက်ဝန်းလေးကို စူးစိုက်စွာ ကြည့်မိ၏။ ကိုယ့်ကိုလက်ထပ်ဖို့ အလောတကြီး မတောင်းဆိုပါဘူးကွာ။ မွေ့ကျောင်းပြီးသွားမှပါနော်။ မွေ့ ရိုးသားဖြူစင်တဲ့ မွေ့မျက်ဝန်းလေးတွေက ငြင်းဆန်ကန့်ကွက်ခြင်းမရှိပေ။ စိမ့်အတွက်ပဲ စိတ်ထိခိုက်ကြေကွဲနေရပြီး ကျန်သောမိသားစုဝင်တွေရဲ့ အနာဂတ်က လှပအေးချမ်းကာ ပျော်ရွှင်စရာတွေပဲ ဖြစ်နေလေသည်။

ရင်ခုန်သံစေရဲ့သခင်ရွှေ့ အမြဲချစ်တော်စေမယ့်
ရှင်မြတ်နိုး